မန္တလေးမြို့ ရွှေရေးဆောင်တိုက်

## သူဌေးကျောင်းဆရာတော်

ဦးစန္ဒိမာ စီရင် ရေးသားသည့်

## ရွှေရေးဆောင်ကျောင်းတိုက်ကြီး ၏

# ခေတ်(၃)ခေတ်သမိုင်းစာပေ

---

မန္တလေးမြို့ တောင်ပြင်
ရွှေရေးဆောင်တိုက်ကြီး၏ ဦးစီးမဟာနာယက
သူဌေးကျောင်းဆရာတော်၏
စိန်ရတုမွေးနေ့မင်္ဂလာဓမ္မဒါန

ဣန္ဒာသယပိဋကတ်စာပုံနှိပ်တိုက်
၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။

သာသနာ-၂၅၁၈။ ကောဇာ-၁၃၃၆။

မန္တလေးမြို့

ရွှေရေးဆောင်တိုက်

## သူဓွေးကျောင်းဆရာတော်

ဦးစန္ဒိမာ စီရင်ရေးသားသည့်

# ရွှေရေးဆောင် ကျောင်းတိုက်ကြီး၏

# ခေတ်(၃)ခေတ်စာပေ

---

ဣဋ္ဌာသယ ပိဋကတ် စာပုံနှိပ်တိုက်

၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။

သာသနာ-၂၅၁၀။ ကောဇာ-၁၃၃၆။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ်(၇၀၅၇)

ကင်းလွတ်ခွင့်အမှတ်(၀၂၄၁၉)

ထုတ်ဝေသူ — ဦးသောဘိတ
သူဌေးကျောင်း ရွှေရေးဆောင်တိုက်၊
မန္တလေးမြို့။

ပုံနှိပ်သူ — ဦးသန်းမောင်
ပုံနှိပ်သူမှတ်ပုံတင်အမှတ် (၀၇၉၄)
ဣစ္ဆာသယ ပိဋကတ် စာပုံနှိပ်တိုက်
၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။

# ဓမ္မဒါန

ပထမအကြိမ် စာအုပ်ရေ (၁၀၀၀)

၁၃၃၆-ခု၊ ဝါဆိုလ။ ၁၉၇၄-ခု၊ ဇူလိုင်လ။

အလွယ်တကူ ကြည့်ရှုနိုင်ရန် ဤခေတ်သုံးခေတ် စာစောင်ပါ

# အခန်းကဏ္ဍများ

---

၁။ စန္ဒသူရိယမင်းကြီးသည် မဇ္ဈိမဒေသမှ ဓညဝတီ ရခိုင်ပြည်သို့ မြတ်စွာဘုရားအား ပင့်ဘိတ်တော်မူခြင်းအကြောင်း။

၂။ စန္ဒသူရိယမင်းကြီး လျှောက်ထားသဖြင့် ပုံတူ သွန်းလုပ်ရန် ဗျာဒိတ်ပေးတော်မူခြင်းအကြောင်း။

၃။ မဟာမုနိ ရုပ်ရှင်တော်မြတ် သွန်းလုပ်ခြင်းအကြောင်း။

၄။ သံတွဲမြို့သို့ ကြွတော်မူခြင်း အကြောင်း ၁-ကစ၍ ၄-တိုင်အောင်အခန်းကဏ္ဍတို့သည် ရခိုင်ရာဇဝင်သစ် စတုတ္ထတွဲပါ စကားရပ်တို့သာဖြစ်ပါသည်။

၅။ ဆင်ဖြူရှင် ဘိုးတော်ပဒုံမင်းတရားကြီး၏သားတော် အိမ်ရှေ့ ဥပရာဇာသည် ဓညဝတီရခိုင်ပြည်ကြီးကိုသိမ်းယူပြီးနောက် မဟာမုနိ ရုပ်ရှင်တော်မြတ်ကိုလည်း ရေကြောင်း, ကုန်းကြောင်း ခရီးတို့ဖြင့် မြန်မာပြည် အမရပူရ မြို့တော်သို့ ပင့်ဆောင်ခဲ့ပြီး ခမည်းတော်မင်းတရားကြီးအား ကိုးကွယ်ပူဇော်ရန် ၁၁၄၇-ခုနှစ်ကလှူအပ်တော်မူခြင်းအကြောင်း။

၆။ အမရပူရမြို့တော်သို့ရောက်သောအခါ ယခုတည်ထားဆဲဖြစ်သော နေရာ၌ ဂန္ဓကုဋီတိုက်တော်ကြီး တည်ဆောက်လျက် ကိုးကွယ်တော်မူခြင်းအကြောင်း။

၇။ ဘုရားကြီး ပတ်ဝန်းကျင်၌ ဘုရား, တန်ဆောင်း, သိမ်, ကျောင်း, ဇရပ်, ပြာသာဒ်, စောင်းတန်းတို့ကို ၁၁၅၃-ခုနှစ်၌ ကိုယ်တော်တိုင်ဆောက်လုပ်တော်မူခြင်း,မိဖုရားကြီး အသီးအသီးတို့ အားလည်း ဆောက်လုပ်တော် မူစေ၍ နိဗဒ္ဓအဖြစ် ကိုးကွယ်တော်မူစေခြင်းအကြောင်း။

၈။ အထက်ပါ ဘုရင်မင်းမြတ်နှင့် မိဖုရားတို့ ဆောက်လုပ်ကိုးကွယ်ကြသော အဆောက်အဦတို့တွင် မဟာမုနိ ရုပ်ရှင်

တော်မြတ်၏ အနောက်မြောက်ယွန်းကျသော အနောက်စောင်းတန်း မြောက်ဘက်၌ တန်တိုင်းမီးတားနှင့်တကွ တောင်ရွှေရေးဆောင် မိဖုရားက သုံးထပ် ဇေတဝန်ရွှေကျောင်းတော်ကြီးကို ဆောက်လုပ်ပြီးနောက် ဘုရင်မင်းမြတ်နှင့် တောင်ရွှေရေးဆောင် မိဖုရားကြီးတို့ ကိုယ်တော်တိုင် ထွက်တော်မူ၍ ကျောင်းတိုက်ကိုဝေယန်စံလွှတ်ကမ္ပည်းတပ်လျက် ရေစက်သွန်းချပြီးနောက် ရှင်ဩဘာသမ္မထေရ်အား တင်လှူတော်မူခြင်းအကြောင်း။

၉။ အာဒိကမ္မိက အရှင်ဩဘာသမ္မ ရေးသော စာစောင်ငယ်မှ အရှင်ဩဘာသမ္မ၏ အဌုပ္ပတ္တိအကျဉ်း။

အထက်ပါ ၅-မှစ၍ ၉-တိုင်အောင်သော အခန်းကဏ္ဍတို့သည် ကုန်းဘောင်ရာဇဝင်ပါ စကားတို့သာဖြစ်ပါသည်။

၁၀။ အထက်ပါ မိဖုရားကြီး ဆောက်လုပ်သော သုံးထပ်ဇေတဝန် ရွှေကျောင်းတော်ကြီး မီးလောင်ပြီးနောက် နှစ်အတော်ကြာ ၁၂၅၃-ခုနှစ်လောက်က မြို့သစ်မြို့စားအတွင်းဝန်ကြီး ဦးဖိက အလည်ကျောင်းကြီး နေရာ၌ အနာဂတ် သာသနာရေးကို မျှော်ခေါ် တွေးတောလျက် ပြင်သစ်နိုင်ငံမှ လွှတ်ရုံးကြီးတရုံး၏ပုံစံအတိုင်း အလည်အုဌ်ကျောင်းကြီးကို တည်ဆောက်ခဲ့ခြင်းအကြောင်း။

၁၁။ မှိုင်းခိုင်းဆရာတော်အား စလင်းမှ ပင့်ဆောင်ပြီးနောက် အလည်အုဌ်ကျောင်းကြီးကိုတင်လှူတော်မူခြင်းအကြောင်း။

၁၂။ မှိုင်းခိုင်းဆရာတော် ရေးသော တိပိဋကဝိနိစ္ဆယကျမ်းမှ ဆရာတော်ကြီး၏ အဌုပ္ပတ္တိအကျဉ်း။

၁၃။ မှိုင်းခိုင်း ဆရာတော် နောက်, တပည့်ကြီး ဖြစ်သော အာဒိစ္စရံသီ ဘွဲ့ထူးချီသော ဆရာတော်ဦးကြည် ဦးစီးမဟာနာယက အဖြစ် အုပ်ချုပ်တော်မူခြင်းနှင့် ဆရာလွန်းကြီး ရေးသားသော ဆရာတော်ကြည်၏ အဌုပ္ပတ္တိအကျဉ်း။

၁၄။ ဒုတိယ ကမ္ဘာစစ်မီးကြောင့် ရွှေရေးဆောင် အလည် အုဋ်ကျောင်းကြီးနှင့် ကျောင်းပေါင်း (၂၇) ကျောင်း မီးလောင် ပျက်စီးရခြင်းအကြောင်း။

၁၅။ မီးလောင်သဖြင့် နံရံသာ ကျန်ရှိနေသော အုဋ်ကျောင်း ကြီးကို မဟာဗန္ဓုလ တိုက်ပိုင်ရှင် ဗန္ဓုလ ဦးဆိုင်- ဒေါ်စောတင်တို့က ၃-၄-သိန်းအကုန်ခံ၍ ပြင်ဆင်မွမ်းမံ ဆောက်လုပ်ပြီးနောက် ပရိယတ္တိဓမ္မပါလ သံကျောင်း ဆရာတော်အားတင်လှူခြင်းနှင့် ထိုဆရာတော်၏ အတ္ထုပ္ပတ္တိ အကျဉ်း။

အထက်ပါအမှတ် ၁၀-မှ ၁၅-တိုင်အောင်သော အခန်း ကဏ္ဍတို့သည် မြို့သစ် အတွင်းဝန်မင်း သမီး သီလရှင် ဆရာကြီးနှင့် အုဋ်ကျောင်းကြီး ဆောက်လုပ်စဉ်က ရှိနေ ကြသော ဆရာတော်ကြီး အသက်အရွယ် ကြီးသော လူပုဂ္ဂိုလ်တို့ ပြောကြားကြသော စကားတို့ကို မှတ်သား နာယူလျက် ရေးသားလိုက်ပါသည်။

၁၆။ ဤစာစောင်ငယ်ကို စုဆောင်း ရေးသားသော ပုဂ္ဂိုလ်၏ အသက်ဝိညာဏ်ရှိစဉ် ကိုယ်ရေးဘဝဖြစ်စဉ် မှတ်တမ်း။

၁၇။ ဤစာစောင်ငယ်ကို တာဝန်ခံ ထုတ်ဝေသူက ဓမ္မဒါန အဖြစ်ဖြင့် ထုတ်ဝေရန်သာဖြစ်ပါသည်။

# ရွှေရေးဆောင် ကျောင်းတိုက်ကြီး၏

# ခေတ်သုံးခေတ်စာပေ

---

ဇေယတု သဗ္ဗမင်္ဂလံ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

တိရတနံ၊ ပဌမံ၊ အဟံ ဝန္ဒာမိ။
ဇိနသာသနံ၊ တိခေတ္တံ၊ စိရံ တိဋ္ဌတိ။
ရွှေရေးဆောင်ဝံသံ၊ တိခေတ္တံ အဟံ၊ လိခါမိ။

## နိဒါန-မူလအကြောင်းရင်းနိဒါန်း

၁၁၄၅-ခုနှစ် နယုန်လဆန်း(၁၀)ရက်နေ့ ရတနာပူရ အဝ ရွှေမြို့တော်မှ ထွက်တော်မူ၍ အမရပူရရွှေနန်းတော်ကို သိမ်းတော်မူပြီးနောက် ထီးဆောင်းမင်္ဂလာ မဟာဦးကင်သ ဖွင့်တော်မူလျက် (သိရိပဝရတိလောကပဏ္ဍိတ မဟာဓမ္မရာဇာ) ဘွဲ့တံဆိပ်နာမံတော်ကို ခံတော်မူသော ဘိုးတော်ပဒုံ မင်းတရားကြီးသည် သားတော်ကြီး အိမ်ရှေ့မဟာဥပရာဇာကို ဓညဝတီရခိုင်ပြည်ကြီးကို သိမ်းတော်မူစေလျက် မဟာမုနိ ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်တော်မူစေခြင်း၊ စန္ဒသူရိယ မင်းကြီးသည် ဗုဒ္ဓ၏ ဗျာဒိတ်တော်ညွှန်ကြားချက်အရ မဟာမုနိရုပ်ရှင်တော် သွန်းလုပ်တော်မူခြင်း

ရန္တာသယ ၅၃၇-၁

တို့သည် ဤခေတ်သုံးခေတ် စာစောင်နှင့် ဆက်စပ်နေသဖြင့်၊ လူ ရှင် ရဟန်း အပေါင်းတို့သည် လေ့လာ ဆည်းပူးနိုင်စေခြင်း အကျိုးငှာ ရေးသားလိုက်ပါသည်။

---

## စန္ဒသူရိယမင်းကြီးသည် မဇ္ဈိမဒေသမှ ဓညဝတီရခိုင်ပြည်သို့ မြတ်စွာဘုရားအား ပင့်ဘိတ်တော်မူခြင်းအကြောင်း

ခမည်းတော်သီရိရာဇာမင်း နတ်ရွာစံတော်မူလျှင် သားတော် စန္ဒသူရိယမင်းကြီးသည် သက္ကရာဇ် (၉၇)ခုနှစ်တွင် ကာလသေန အမည်ရှိသော ဘုမ္မစိုးနတ်မင်းကြီး၏ သမီးတော် ဇန္ဒီမာလာနှင့် ရွှေထီးရွှေနန်းကို သိမ်းမြန်းစိုးအုပ်တော်မူပြီးနောက် နန်းစည်းစိမ် (၂၆)နှစ် သက္ကရာဇ် (၁၂၃)ခုနှစ် ရောက်သောအခါ လောကာဓိပတိ မုနိထွတ်ထား သဗ္ဗညုမြတ်စွာဘုရား ဖြစ်ပွားပေါ်ထွန်းတော်မူကြောင်း သတင်းစကား ကြားသိတော်မူသည်ဖြစ်၍ ဖူးမြင်လှူဒါန်းလိုသဖြင့် အမတ်ပညာရှိတို့အား မြတ်စွာဘုရားကြွရောက်တော်မူလာရန် မည်ကဲ့သို့ စီမံသင့်ကြောင်း မေးမြန်းတော်မူရာ ပညာရှိအမတ်တို့က ပန်းနံ့သာ ပေါက်ပေါက်တို့ဖြင့် ကြဲမြှောက်ပူဇော် ပင့်ဘိတ်တော်မူလျှင် ကြွရောက်တော်မူရန် ရှိပါကြောင်းနှင့် တင်လျှောက်လေသော် မင်းကြီးသည် အမတ်တို့ လျှောက်တင်သည့်အတိုင်း ပန်းနံ့သာ ပေါက်ပေါက်တို့ဖြင့် ကြဲမြှောက်ပူဇော် ပင့်ဘိတ်တော်မူသောအခါ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကျွတ်ထိုက်သော ဝေနေယျသတ္တဝါတို့ကို ကရုဏာရှေ့ရှု ကြည့်တော်မူသည် အခိုက် ကြုံကြိုက်တော်မူသဖြင့် စန္ဒသူရိယ မင်းကြီး ပင့်ဘိတ်တောင်းပန်သည်ကို မြင်တော်မူလေလျှင် ငါဘုရားကြွတော်မူက စန္ဒသူရိယမင်းကြီးနှင့်တကွ မောင်းမမိဿံ ခြွေရံအပေါင်းတို့သည် သောတာပတ္တိဖိုလ်၌ တည်အံ့သော အကြောင်း၊ တိုင်းနေပြည်သူအပေါင်းတို့၏ သရဏဂုံ ပဥ္စသီ အစရှိသည်တို့၌ တည်အံ့သော အကြောင်း၊ ငါ၏ကိုယ်စား ရုပ်ပွားဆင်းတုတော် မဟာမုနိကို ခွင့်ပြုတော်မူသဖြင့် သွင်းလုပ် တည်ထား ကိုးကွယ် စေသော၊

အားဖြင့် ငါ့ဘုရား ထားတော်မူလတ္တံ့သော သာသနာတော် (၅၀၀၀)ပတ်လုံး နတ်လူမြဟ္မာ သတ္တဝါအပေါင်းတို့ ကောင်းမှု တရား တိုးပွားအံ့သောအကြောင်းတို့ကို မြင်တော်မူ၍ ကြွတော် မူအံ့ဟု ကြံလေသော် သိကြားမင်းသည် အကြောင်းစုံကို သိ၍ ဝိသကြုံ နတ်သားအား စေခိုင်းအပ်သည် ဖြစ်၍ ဖန်ဆင်းကာ အသင့် ထားအပ်သော ပြာသာဒ်(၅၀၀)၌ မြတ်စွာဘုရားသည် တပည့်သံဃာ(၅၀၀)နှင့်တကွ ဝိသကြုံနတ်သားသည် ဖန်ဆင်း၍ ထားအပ်သော ပြာသာဒ်(၅၀၀)တွင် ကိန်းဝပ် စမွယ်တော် မူလျက် ကောင်းကင်ခရီးဖြင့် ဒေသစာရီ ကြွချီတော်မူလာ၍ ဓညဝတီမြို့၏ အနောက် မျက်နှာ ကစ္ဆပနဒီ အမည် ရှိသော ကုလာတန်းမြစ်၏ အရှေ့ဘက်ကမ်းထိပ်ဝယ် သေလာဂိရိ အမည်ရှိ သော ကျောက်တောင်ထိပ်၌ သက်ဆင်းရပ်တန့်တော်မူလေ၏။

မှတ်ချက်။ ။မဇ္ဈိမဒေသ ရာဇဂြိုဟ်ပြည်သည် ဓညဝတီ ရခိုင်ပြည် အဆုံးနှင့် ကာလကတ္တား ဘင်္ဂလားဝင်္ဂတိုင်းမှ . မိုင်ပေါင်း (၂၅၆)မိုင်သာ ဝေးသဖြင့် သာဝတ္ထိပြည်မှ ကြွလာသည် ဆိုသော စကားသည် မသင့်လှ၊ 'ရာဇဂြိုဟ်' ပြည်သာ ဖြစ်ရမည်။

ထိုသို့ သက်ဆင်း ရပ်တန့်တော်မူလျက် အရပ် ထက်ဝန်းကျင်ကို ကြည့်ရှုတော်မူ၍ ပြုံးတော်မူ၏၊ မြတ်စွာဘုရား ပြုံးတော်မူလျှင် စွယ်တော် လေးချောင်းအကြားမှ ထန်းလုံးခန့်မျှရှိသော ရောင်ခြည် တော်သည် အရပ်ဆယ်မျက်နှာသို့ ရှေ့ရှု ထွက်တော်မူသည်ကို ညီတော် အာနန္ဒာ မြင်လေလျှင် ငါးပါးသော ရှိခိုးခြင်းဖြင့် ရှိသေစွာ ရှိခိုးလျှောက်ထားသော် မြတ်စွာဘုရား မိန့်တော်မူသည် မှာ ချစ်သား အာနန္ဒာ မဇ္ဈိမဒေသ သောဠသ တိုင်းပြည်ကြီးတို့၏ အနီးအစပ် အရှေ့တောင် အရပ်ဖြစ်သော ဤဓညဝတီ ပြည်ကြီး သည် အလွန်ထင်ရှား မြင့်မြတ်သော တိုင်းပြည် ဖြစ်၏၊ အကြောင်း မှာ (၅၀၅) စင်းသော မြစ်တို့တွင် အကျုံးဝင်သော ကစ္ဆပနဒီ ကုလားတန်မြစ်၏ အရှေ့ဘက်၌ (၉၉) မြို့၊ အနောက်ဘက်၌ (၉၉)

မြို့တို့သည် ငါတို့၏ အသမ္ဘိန္နခတ္တိယ သာကီဝင် မင်းမျိုးတို့ စိုးစံရာ မြို့ကြီးများဖြစ်သောကြောင့် အလွန်ထင်ရှား မြင့်မြတ်သောပြည်ကြီး ဖြစ်ပေ၏။ ဤသို့ ညီတော် အာနန္ဒာအား ဗျာဒိတ်စကား ကြားလေလျှင် မြင်းမိုရ်သတ္တရဘန် ခုနစ်တန်သော သီတာ စကြဝဠာတိုက် အလုံးသည် အိုးထိန်းစက်ကဲ့သို့ လည်လျက် တုန်လှုပ်သဖြင့် သမုဒ္ဒရာ လှိုင်းတံပိုး ထလေ၏။

## စန္ဒသူရိယမင်းကြီး မြတ်စွာဘုရားထံသွားရောက်ဖူးမျှော်ခြင်း

ဤကဲ့သို့ တိတ်နိမိတ် ကြီးစွာ ဖြစ်သည်ကို စန္ဒသူရိယမင်းကြီး မြင်တော်မူလေလျှင် အလွန်ထိတ်လန့် တုန်လှုပ်ခြင်း ရှိသည်ဖြစ်၍ အမတ်အပေါင်းတို့အား ကြီးကျယ်သော တိတ်နိမိတ်အကြောင်းကို မေးတော်မူသော် အရှင်မင်းကြီး-တိမ်ဦး ပြိုးပြက် တခဲနက်သော သော အရောင်အဝါ တို့သည် သေလာဂီရိ ကျောက်တောင်မှ ထွက်ပေါ်ပြီးနောက် မကြာမီ ဤသို့သော တိတ်နိမိတ်တို့သည် ထင်ရှား ဖြစ်ပေါ်လာသည်ကိုထောက်သော် အရှင်မင်းကြီး ပင့်ဖိတ်တောင်းပန်သည်ကို အကြောင်းပြု၍ မြတ်စွာဘုရား ကြွရောက်တော် မူသည် ထင်ကြောင်း သံတော်ဦးတင်ကြလေလျှင် စန္ဒသူရိယမင်းကြီးသည် အလွန် ဝမ်းမြောက် ဝမ်းသာ ဖူးမြင် လိုသော စိတ်တော် ရှိသည်ဖြစ်၍ အမတ်အပေါင်းတို့ကို ရွေ့ထားလျက် ဆင်-မြင်း-ရထား-ယာဉ် စသည်များကို မစီးမူ၍ ကြည်ညိုသဒ္ဓါ လွန်စွာ ပြင်းပြသဖြင့် အဖျော်ယမကာ ပန်းနံ့သာ အမွှေးအထုံတို့ကို ယူဆောင်စေလျက် မြတ်စွာဘုရားအား ဖူးမြင်အံ့သောငှာ ဆောလျင်စွာ ကြွသွားတော်မူလေ၏။

မင်းကြီး ကြွသွားတော်မူလေသော် အလွန်ပင်ပန်းနွမ်းနယ်တော်မူသောကြောင့် မွတ်သိပ် ဆာလောင်သဖြင့် ခေတ္တ ရပ်တန့်လျက် ပွဲတော်စာကိုစားတော်ခေါ် ရာမြတ်စွာဘုရား၌ သဒ္ဓါကြည်ညိုသဖြင့် ရောက်လိုသော စိတ်အားကြီးသည်ဖြစ်၍ ပွဲတော်စာ ထမင်းကိုသာ စား၍ ဟင်းလျာကို မစားမိဘဲ ဖြစ်လျက် ဆက်လက်၍ ကြွသွားတော် မူလေလျှင် တခုသော မြေပြင်သို့ ရောက်လေသော် ထက်ဝန်း

ကျင် မြေမှုန့်တို့ ထလတ်၍ မှောင်အတိဖြစ်လေလျှင် သွားအံ့သော လမ်းခရီးကို မမြင်သောအခါ မြတ်စွာဘုရားအား ညွတ်တွား ရှိကျိုး ရှိခိုးခြင်းပြုသည်ကို မြတ်စွာဘုရား သိတော်မူ၍ ရောင်ခြည် တော်အလင်းကို လွှတ်တော်မူမှ အလင်းရောင်ရသဖြင့် ကြွသွား တော်မူရာ မြတ်စွာဘုရား သိတင်းသုံးတော်မူရာ သေလာဂိရိ ကျောက်တောင်ထိပ်သို့ရောက်တော်မူ၍ မြတ်စွာဘုရား၏ ခြေတော် အစုံကို ဦးတိုက်လျက် ကရမက်-စမ္ပါ-ပန်းနံ့သာ-တံခွန်-ကုက္ကား- မလေးပွား-ကြက်လျှာ အဖြာဖြာတို့ဖြင့် များစွာ ပူဇော်ကြကုန်၏၊ မြတ်စွာဘုရားသည် စန္ဒသူရိယ မင်းကြီးနှင့်တကွ မှူးမတ်ဗိုလ်ပါ အပေါင်းတို့အား-

(၁) လှူဒါန်းပေးကမ်းခြင်းဟု ဆိုအပ်သော ဒါန၊
(၂) ကျင့်သုံး ဆောက်တည်ခြင်းဟု ဆိုအပ်သော သီလ၊
(၃) စွန့်ကြဲခြင်းဟု ဆိုအပ်သော ပရိစ္စာဂ၊
(၄) ဖြောင့်မတ်စွာကျင့်ခြင်းဟု ဆိုအပ်သော အဇ္ဇဝ၊
(၅) နူးညံ့သိမ်မွေ့စွာ ပြုခြင်း ပြောဆိုခြင်းဟု ဆိုအပ်သော မဒ္ဒဝ၊
(၆) ဥပုသ်သီတင်း ကျင့်သုံးခြင်းဟု ဆိုအပ်သော တပ။
(၇) အမျက်မထွက်ခြင်းဟု ဆိုအပ်သော အကောဓ၊
(၈) မညှဉ်းဆဲခြင်းဟု ဆိုအပ်သော အဝိဟိံသ၊
(၉) သည်းခံခြင်းဟုဆိုအပ်သောခန္တိ၊
(၁၀) တိုင်းသူပြည်သားတို့နှင့် မဆန့်ကျင်အောင် ကျင့်ခြင်းဟု ဆိုအပ်သော အဝိရောဓန၊

ဤသို့မင်းတို့အား ‹ကျင့်အပ် ကျင့်ထိုက်သော ဆယ်ပါးသော တရားတော်တို့ကို ဟောကြားဆုံးမတော်မူလေ၏။

### မင်းကြီးပင့်ဘိတ်သဖြင့် နန်းတော်သို့ ကြွလာတော်မူခြင်းအကြောင်း

စန္ဒသူရိယမင်းကြီးသည် နှစ်သက်ဝမ်းမြောက်သော စိတ်ရှိသည် ဖြစ်၍ ဘုန်းတော်ခြောက်စုံ ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်

မူသော မြတ်စွာဘုရား- အကျွန်ုပ်နှင့်တကွ မင်းမိန်းမ မင်းယောကျ်ား တိုင်းနိုင်ငံသူနိုင်ငံသားအပေါင်းတို့အား သနားတော်မူသည်ကို အကြောင်းပြု၍ ဧည္စဝတီမြို့တော်သို့ ကြွရောက်တော်မူပါမည့်အကြောင်း လျှောက်ထား တောင်းပန်လေသော် မြတ်စွာဘုရားသည် သနားသဖြင့် ပဋိညာဉ်ပေးတော်မူ၍ ရတနာအတိချယ်လှယ်သဖြင့် ရှုချင်စဖွယ် အရောင်တို့ဖြင့် တောက်ပြောင်သော ပြာသာဒ်ယာဉ်ငါးရာနှင့် ရဟန္တာ အပေါင်းခြံရံ၍ ဘုရားတို့၏ တင့်တယ် စမွယ်ခြင်းဖြင့် ကြွတော်မူလာပြီး ဧည္စဝတီမြို့ မင်းကြီး၏ နန်းတော်သို့ ဝင်ရောက်သက်ဆင်း သီတင်းသုံးတော်မူလေ၏။

ထိုအခါ စန္ဒသူရိယ မင်းကြီးသည် မြတ်စွာဘုရားနှင့်တကွ ဟပည့် ရဟန္တာ အပေါင်းတို့အား ရေမရောသော နို့ဖြင့်ချက်အပ်သော သလေးဆွမ်းနှင့်တကွ အထူးထူးသော ခဲဘွယ်ဘောဇဉ်ချိုချဉ် အမြိန်အရသာတို့ဖြင့် ကောင်းမွန်စွာ စီမံချက်ပြုတ်လျက် ခုနစ်ရက်ပတ်လုံး လှူဒါန်းကျွေးမွေးတော်မူ၏။

မြတ်စွာဘုရားသည် စန္ဒသူရိယ မင်းကြီးမှစ၍ မင်းမိဖုရားမောင်းမမိဿံ မှူးမတ်သေနာပတိတို့နှင့်တကွ တိုင်းသူပြည်သားတို့အား သင့်လျော်ကောင်းမြတ်သော ဒေသနာ အမြိုက်ဆေးကို တိုက်ကျွေးဟောကြားတော်မူရာ တရားတော်၏အဆုံး၌ မင်းမိဖုရားမောင်းမမိဿံ ခြွေရံမိုလ်ပါ အပေါင်းတို့သည် သောတာပတ္တိဖိုလ်၌ တည်ကြလေကုန်၏၊ တိုင်းနေပြည်သူ ခပ်သိမ်းလူတို့သည် သရဏဂုံ ပဥ္စသီလတရား၌ တည်ကြလေကုန်၏။

### စန္ဒသူရိယမင်းကြီးလျှောက်ထားသဖြင့် ပုံတူသွင်းလုပ်ရန် ဗျာဒိတ်ပေးခြင်း

ထိုအခါ စန္ဒသူရိယမင်းကြီးသည် မြတ်စွာဘုရားကြွသွားတော်မူသဖြင့် ကွဲကွာရအံ့သည်ကို တခဏမျှ အလိုမရှိသည် ဖြစ်၍ ဤသို့လျှောက်ထားပေ၏၊ သုံးပါးဘုံသူတို့၏ မကိုဋ်တန်ဆောင်ဦးသျှောင်မှန်ကင်း တရားမင်းဖြစ်တော်မူသော မြတ်စွာဘုရား- အရှင်ဘုရားသည် အရပ်တပါးသို့ ဒေသစာရီ ကြွချီတော်မူခဲ့သော်

အကျွန်ုပ်သည် ကိုးကွယ်ရာမဲ့ဖြစ်ပါတော့သည်၊ ကိုးကွယ်ရာမဲ့ ဖြစ်သော အကျွန်ုပ်နှင့်တကွ တိုင်းနေပြည်သူ လူအပေါင်းတို့အား သနားတော်မူသည်ကို အကြောင်းပြု၍ ရုပ်ထုကိုယ်စား ထားတော် မူစေခြင်း အကြောင်းနှင့် လျှောက်ထား တောင်းပန် အသနား ခံလေလျှင် သဗ္ဗညု မြတ်စွာဘုရားသည် ဉာဏ်တော် စက္ခုဖြင့် ကြည့်ရှုဆင်ခြင်တော်မူလေသော်- ကောသလမင်းကြီး တောင်းပန် အပ်သည်ကို အကြောင်းပြု၍ ထုလုပ် ကိုးကွယ်စေအပ်သော စန္ဒကူးနှစ် ရုပ်ထုတော်ကို နောင်သောအခါ မိစ္ဆာဒိဋ္ဌိလူမျိုးတို့ ကြီးစိုး အုပ်ချုပ်သော နိုင်ငံဖြစ်၍ ပျက်စီးအံ့သည်ကို မြင်တော်မူ သဖြင့် သိကြားမင်းသည် ရွှေပလ္လင်နှင့်တကွ သိုဝှက်၍ ထားလတ္တံ့ သည်ကို မြင်၍ အလွန်ရှည်ကြာ မင်းများစွာတို့ ကိုးကွယ် ဆည်းကပ်ရာမရ ဖြစ်အံ့သော အကြောင်းရှိချေသည်၊ ငါဘုရား အလောင်းတော်သည် ဘဝပေါင်းများစွာ ကျင်လည်ရာဖြစ်သော ဤဓညဝတီပြည်ကြီးသည် ဇမ္ဗူဒိပ်ကျွန်း၌ မြို့ကြီးပေါင်းရှစ်သောင်း လေးထောင်တို့တွင် အလွန်မြင့်မြတ်သော တိုင်းပြည်မြို့ကြီးဖြစ် လေသည်၊ ဤဓညဝတီမြို့ကြီး၌ ငါ၏ကိုယ်စား ရုပ်ထုတော်ကို ထားသည်ရှိသော် ငါဘုရား ပရိနိဗ္ဗာန် စံတော်မူသည့်နောက် ထားလတ္တံ့သော သာသနာ (၅၀၀၀)ပတ်လုံး တည်လတ်၍ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ချမ်းသာစီးပွား များအံ့သော အကြောင်းကိုမြင်တော်မူလျက် စန္ဒသူရိယမင်းကြီး၏ လျှောက်ထား တောင်းပန်အပ်သည်ကို ဝန်ခံပဋိညာဉ်ပေးတော်မူ၏။

## မဟာမုနိ နိမ္မိတရုပ်ပွားတော်သွန်းလုပ်ခြင်းအကြောင်း

စန္ဒသူရိယမင်းကြီးသည် အလွန် ဝမ်းမြောက်တော်မူသည်ဖြစ်၍ နိမ္မိတရုပ်ပွားတော် ကိုယ်တော်စား သွန်းလုပ်ရန် ရတနာကိုးပါး တို့ကို စုပုံလျက် မြတ်စွာဘုရားအား လျှောက်ကြားလေလျှင် မြတ်စွာဘုရားသည် ဝိသကြုံနတ်သား သိကြားမင်းတို့ကို ခေါ်တော် မူ၍ ငါကိုယ်တော်နှင့် မယုတ်မလွန် အတိုင်းအရှည်ပမာဏရှိသော ရုပ်ထုတော်ကို ဤမျှသော ရတနာအစုဖြင့် ပြုလုပ်၍ ပြီးစေဟု

လက်တော်ဖြင့် ခုနစ်လက်ဆုပ်ယူပြီးသော် တကုဋေ မျှသော ရတနာရွှေငွေကို ဝိသကြုံနတ်သား သိကြားမင်းတို့အား အပ်နှင်းတော်မူလေ၏။

စန္ဒသူရိယမင်းကြီးသည်လည်း ရုပ်ထုတော် သွင်းလုပ်ပြီးမြောက်အောင် ဆိုင်းငံ့ သိတင်းသုံးတော်မူပါရန် လျှောက်ထား တောင်းပန်၍ ကျောင်းရံ (၅၀၀) နှင့်တကွ မဏ္ဍပ်ကို ဆောက်လုပ်လှူဒါန်းပြီးလျှင် သိတင်းသုံးတော် မူစေ၍ သိကြားမင်းသည် စန္ဒသူရိယမင်း အမှူးရှိသော ဗိုလ်ပါအပေါင်းတို့နှင့်တကွ အကုဋေမျှလောက်သော ရတနာရွှေငွေတို့ကို ရတနာအတိပြည့်သော ရွှေပန်းတောင်းနှင့် ထည့်၍ ရတနာ ဆင်ဖြူတော်ထက် တင်ပြီးလျှင် ထီးဖြူတော် အုပ်မိုးလျက် သီရိဂုတ္တ အမည်ရှိသော တောင်သို့ ဆောင်ယူတော်မူပြီးလျှင် တောင်ထိပ်ပြင်ဝယ် မဏ္ဍပ်ကနား ဖန်ဆင်း၍ အထူးထူးသော ပန်းနံ့သာတို့ဖြင့် တင့်တယ်လျောက်ပတ်စွာ ဆင်ယင်ပြီးလျှင် တူရိယာ မျိုးစုံတို့ဖြင့် တီးမှုတ်ကခုန် မြူးတူးပျော်ပါး ကုန်သော အသံတို့ဖြင့် တာဝတိံသာ နတ်ပြည်ဝယ် သုဓမ္မာ နတ်ပွဲသဘင် ကဲ့သို့ အလွန်လျှင် ပျော်ရွှင်မွေလျော်ရာ ကြီးစွာသော သဘင်ကို ခုနစ်ရက်ပတ်လုံး ကျင်းပကြလေ၏။

ထိုအခါ စကြဝဠာအပေါင်း တိုက်တသောင်းမှ သောင်းသောင်း အုံအုံ နတ်ဗြဟ္မာတို့သည်လည်း ရောက်လာ စည်းဝေးကြကုန်၍ နတ်တို့၏ စည် စောင်းညှင်း တီးမှုတ်ခြင်းတို့ဖြင့် သင်းပင်းညီညာ တီးမှုတ်၍ လာကြကုန်၏၊ ဤသို့ ခုနစ်ရက်ပတ်လုံး လူနတ်တို့၏ တီးမှုတ်ကခုန် ပွဲသဘင်စုံတို့ဖြင့် ခင်းကျင်းပြီးမှ ဝိသကြုံ နတ်သား သိကြား ဗြဟ္မာတို့သည် စန္ဒသူရိယ မင်းကြီးနှင့် တကွ တရာ့တပါးသော မင်းအပေါင်းတို့ဖြင့် ခြံရံလျက် အဋ္ဌနမင်းကြီး ဖြိုခွင်း သက္ကရာဇ် (၁၂၃) ခု ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့မှ စ၍ ရုပ်ပွားတော် မဟာမုနိကို သွင်းလုပ်တော်မူ၍ နံနက် မိုးသောက်သို့ ရောက်သောအခါ မြတ်စွာဘုရားအား ပင့်ဘိတ် လျှောက်ထားတော်မူလေလျှင် ကြွလာတော်မူ၍ ဝိသကြုံနတ်သား သိကြားမင်းတို့

ဖန်ဆင်းအပ်သော ရုပ်ပွားတော်၏ တန်ခိုးကြီးခြင်းကို ဖြစ်စေလို သောကြောင့် ကိုယ်တော်မှ ဖြစ်သော ရင်ငွေ့တော်ကို ခုနစ်လက် ခုပ်ထည့်တော်မူသော် သဗ္ဗညု မြတ်စွာဘုရား ထပ်မံစီရင် ဖန် ဆင်းတော်မူအပ်သော ရုပ်ပွားတော်သည် သက္ကရာဇ် (၁၂၃) ခု ကဆုန်လပြည့်ကျော် (၁) ရက် ကြာသပတေးနေ့ နံနက်အချိန်တွင် အောင်မြင် ပြီးမြောက်တော်မူလေသည်။

ထိုသို့ ပြီးမြောက်သော အခါ လူ နတ် ဗြဟ္မာ သတ္တဝါ အပေါင်းတို့၏ မျက်စိတွင် ဘုရားနှစ်ဆူ တပြိုင်နက် ပွင့်တော်မူ သကဲ့သို့ ထင်ရကုန်၏၊ စန္ဒသူရိယ မင်းမှစ၍ နတ် လူ ဗြဟ္မာ သတ္တဝါ အပေါင်းတို့သည် သောင်းသောင်းဖြဖြ သာဓု အနု မောဒနာ ပြုကြပြီးလျှင် ပူဇော်ဘွယ် အခန်းခန်းတို့ဖြင့် လှူဒါန်း ပူဇော်ကြကုန်၏၊ သိကြား ဗြဟ္မာ နတ်များစွာတို့လည်း မဟာ ဗောဓိမဏ္ဍိုင်၌ လေးခိုင်သစွာ ငါးဖြာဥဿုယျ ဓမ္မဥသုံ အကုန် သိမြင် သုံးခွင်ထွန်းထား ဘုရား အဖြစ်သို့ ရောက်တော်မူသော အခါကဲ့သို့ လွန်စွာ ဝမ်းမြောက်ကြကုန်သည် ဖြစ်၍ နတ်၌ ဖြစ် သော အာသာဝတီ နွယ်နီနတ်ပန်း အစရှိသော ထူးထူးဆန်းဆန်း နတ်ပန်းပေါင်း အမျိုးမျိုးတို့ဖြင့် သွန်းလောင်းပူဇော်ခြင်း၊ နတ်၌ ဖြစ်သော အမွှေးအထုံတို့ဖြင့် လွှမ်းခြုံပူဇော်ခြင်း၊ နတ်တို့၏ စောင်း ညှင်း ပဿာ တူရိယာတို့ဖြင့် သာယာစွာ တီးမှုတ်ခြင်း စသည်တို့ဖြင့် ပူဇော်ကြကုန်၏။

ဗြဟ္မာမင်းကြီး တို့သည်လည်း လက်ပမ်းပေါက် ခတ်ကုန်လျက် တသောင်းသော စကြဝဠာမှ နတ် ဗြဟ္မာ အပေါင်းတို့သည် လည်း ကောင်းစွာ လာရောက် ဖူးမြင်ကြကုန်၏၊ မြင်းမိုရ်သတ္တရဘန် နှင့်တကွ ခုနစ်တန်သော သီတာ စကြဝဠာ တောတောင်အားလုံး တို့သည်လည်း တပြုန်းပြုန်းခါမျှ တုန်လှုပ်ကြကုန်၏။

ဤသို့ အံ့ဘွယ်သရဲ ထူးကဲသော တိတ်နိမိတ် ပြာဋိဟာတို့ကို စန္ဒသူရိယမင်းကြီး မြင်တော်မူလေလျှင် ကြည်ရွှင်သဒ္ဓါ စေတနာ ဗလဝ အားကြီးလှသည် ဖြစ်၍ မြတ်စွာဘုရား၏ နှစ်ဖြာသော

ခြေတော်စုံကို လက်စုံဦးတိုက်လျက် မေ့မိုက်ပျော်မွေ့ သတိတော် မေ့လေ၏၊ နောက်တဖန် သတိတော်ရပြန်သဖြင့် အရဟံဂုဏ်တော်ကို ချီးကျူးအံ့သြတော် မူပြီးမှ ဗုဒ္ဓ၏ ကိုယ်စား ရုပ်ပွားတော် အရှင်ကို ပလ္လင်တော် ရတနာထက် ကောင်းမွန်စွာ တည်ထား တင်ထားတော်မူလျက် ကနက္ကဒဏ် ထီးဖြူ·တံခွန်ကုက္ကား မလေးဖွား ကြက်လျှာ ပန်းနံ့သာတို့ဖြင့် ကောင်းမွန်စွာ ပူဇော်တော်မူပြီးလျှင် ဘုရားသခင်နှင့် တကွ တပည့်သား သာဝက ရဟန္တာ (၅၀၀) တို့အား ရသာချိုချဉ် ဆွမ်းဘောဇဉ် အဖျော်ယမကာ အဖြာဖြာ တို့ဖြင့် လှူဒါန်းပူဇော် လုပ်ကျွေးတော်မူ၏၊ သဗ္ဗညု မြတ်စွာဘုရား သည် ဆွမ်းဘုဉ်းပေးတော်မူပြီးလျှင် မင်္ဂလာရှစ်ပါး တရားတော်ကို ဟောကြားတော်မူပြီးမှ တည်းကျောင်းမဏ္ဍပ်သို့ ကြွတော်မူလေ၏။

နံနက်မိုးသောက် ရောက်လတ်သောအခါ မြတ်စွာဘုရားအား ပင့်ဘိတ်တော်မူပြန်၍ ကြွလာတော်မူစဉ် ရုပ်ထုတော်ကို ကြည့်ရှုတော်မူပြန်သော် မြတ်စွာဘုရားသည် တင့်တယ်သော ရုပ်ထုတော်ကို မြင်တော်မူလေလျှင် ကြည်လင်သော စိတ်ရှိတော်မူ၍ တန်ဆာဆင်အပ်သောခရီးဖြင့် မဏ္ဍပ်သို့ ကြွသောအခါ ရုပ်ထုတော်သည် အသက်ဝိညာဉ်ရှိသကဲ့သို့ မြတ်စွာဘုရားအား ခရီးဦးကြိုဆိုပြုအံ့ဟု ထအံ့သော အခြင်းအရာကိုပြုလေသော် မြတ်စွာဘုရားသည် ရောဝဏ်ဆင်မင်း၏ နှာမောင်းနှင့်တူသော လက်ယာလက်တော်ကိုဆန့်၍ လက်ကာတော်မူလျက် ငါ၏ညီတော် မထလင့်ဟု တားမြစ်တော်မူ၍ ငါ၏ညီတော်-ငါသည် မကြာမြင့်မီ ပရိနိဗ္ဗာန်ပြုရပါလိမ့်မည်၊ ငါ့ညီတော်သာလျှင် ငါဘုရားဖန်ဆင်းသကဲ့သို့ အထူးထူး အပြားပြားသော တန်ခိုးပြာဋိဟာတို့ကို ဖြစ်စေလျက် ငါထားတော်မူလတ္တံ့သော သာသနာ(၅၀၀၀) မကုန်သေးသမျှတည်နေလျက် လူနတ်ဗြဟ္မာသတ္တဝါအပေါင်းတို့၏ ရှိသေရာဖြစ်စေလောဟု ဗျာဒိတ်ပေးတော်မူပြီးမှ ငါဘုရားသည် ရှေးရှေးသော ဘဝက မန်အောင်ကျွန်းတွင် မင်းဖြစ်သောအခါ ကြောင်းကျိုးဆက်စပ်သော ဝိပါက်တော်နှစ်ရပ်ကို ငါ၏ကိုယ်စား

တော်ဖြစ်သော ငါ၏ညီတော် သည်းခံရစ်လောဟု ဗျာဒိတ်စကား ကြားတော်မူလေသည်၊ ထိုသို့ဗျာဒိတ်စကား ကြားတော်မူပြီးမှ စန္ဒသူရိယမင်းကြီးသည် (၅၀၀)သောရဟန္တာတို့နှင့်တကွ မြတ်စွာဘုရားအား အမြိန်အရသာတို့ဖြင့် ပြည့်စုံသော ဆွမ်းကွမ်းတို့ကို လှူဒါန်းကျွေးမွေးတော်မူလေသည်။

မြတ်စွာဘုရားသည် စန္ဒသူရိယမင်းကြီးအား သရက္ခန်သားစစ် ဖြစ်သော စန္ဒနသာရရုပ်ထုတော်၏ အကျိုးနှင့်တကွ အထူးထူး ဟောတော်မူ၏၊ မင်းကြီးသည် ရုပ်ထုတော်သွန်းလုပ်ရန် ခုနစ် လက်ခုပ် တကုဋေမျှလောက်သော ရတနာရွှေငွေမှုကြွင်းသော ကုဋေ (၁၀)သော ဥစ္စာရတနာတို့ကို ဆောင်ယူစေ ပြီးလျှင် ဘုရားရှင်အား လှူဒါန်းတော်မူလေလျှင် လက်ခံတော်မမူ တားမြစ် တော်မူသည်ဖြစ်၍ ရတနာသုံးပါးအား ရည်မှတ်၍ လှူဒါန်းအပ် ပြီးသော ဥစ္စာကို ပြန်ယူခြင်းငှာ မအပ်ပြီဟု ပိုင်းဖြတ်လျက် ရုပ်ထု တော် ပလ္လင်အောက်ဝယ် မြှုပ်တော်မူလေ၏၊ ထိုမှတပါး အတိုင်း မသိ မရေမတွက်နိုင်သော ဥစ္စာတို့ကိုလည်း ပေးကမ်းစွန့်ကြဲခြင်း ပူဇော်သက္ကာရ အမှုကိုလည်း ပြုစုလှူဒါန်း ပေးကမ်း ချီးမြှင့်တော် မူလေ၏။

## သံတွဲမြို့သို့ကြွတော်မူခြင်းအကြောင်း

စန္ဒသူရိယမင်းကြီးသည် မြတ်စွာဘုရားအား လှူဒါန်းပူဇော် ပြီးသောအဆုံး၌ မြတ်စွာဘုရားလည်း တပည့်တို့အား မိန့်တော် မူသည်မှာ ချစ်သားရဟန်းတို့-ဤဇမ္ဗူဒိပ်ကျွန်းအပြင်၌ မဇ္ဈိမဒေသ ဖြစ်သော သောဠသခရိုင် နိုင်ငံပြည်ကြီးအသီးသီးတို့၌ မိနိုကပ်ရပ် ဆွမ်းခံအပ်သော် ပြောင်း ၆ လူး ဆပ် ရောယှက် အပ်သော ဆွမ်းကိုသာလျှင် ရရှိသုံးဆောင်ရလေသည်၊ ဤဒွါရာဝတီပြည်ဝယ် ဆွမ်းခံအပ်သည်ရှိသော် အထူးထူးသော အဆင်းအနံ့နှင့် ပြည့် စုံသော ကောက်ကြီး သလေးဆန်တို့ဖြင့် ချက်ပြုတ် လှူဒါန်း အပ်သော ဆွမ်းကို ဘုဉ်းပေး သုံးဆောင်တော်မူရသောကြောင့် ရှေးလွန်လေပြီးသော ကကုသန်, ကောဏာဂုံ, ကဿပ-ဟူသော

သုံးပါးသော လောကတွင် အတုမရှိထင်ရှားစွာဖြင့် ပွင့်တော်မူကြသော နောင်ခေတ်သုံးပါးတို့သည့်ဤပြည်ကြီးကိုဓညဝတီပြည်ဟု အမည် ပေးခဲ့ဘူးသောပြည်ကြီး ဖြစ်ပေ၏၊ ဤပြည်သူပြည်သားအပေါင်းတို့သည် စိုးစဉ်းမျှ ရှားပါးငတ်မွတ်ခြင်းမရှိသောကြောင့် ဓညဝတီပြည်ဟူ၍ပင် ထင်ရှားကျော်စောစွာဖြစ်စေဟု ဗျာဒိတ်စကား မိန့်ကြားတော်မူပြီးမှ အရိယာသာဝက ရဟန္တာအပေါင်း (၅၀၀)ခြံရံလျက် ပြာသာဒ်ပျံ ရတနာထက်စီးလျက် ဒွါရာဝတီမြို့ကြီး၏ ကောင်းကင်ခရီးဖြင့် ကြွမြန်းတော်မူလေသော် မြို့၏ အရှေ့ဘက် နှစ်ဂါဝုတ်ခန့်အကွာ၌တွင် တခုသောတောင်ကုန်းပြင်ထက်၌ ရပ်တော်မူ၏၊ ရပ်တော်မူပြီးလျှင် ဒွါရာဝတီပြည်နှင့်တကွ အနောက်မျက်နှာအရပ်သို့ ကြည့်တော်မူ၍ ပြုံးတော်မူသည်ကို ညီတော်အာနန္ဒာမြင်လေသော် အကြောင်းကို မေးလျှောက်ရာ မိန့်တော်မူသည်မှာ ချစ်သား အာနန္ဒာ- ငါဘုရား အလောင်းတော်သည် ဤမည်သောဒွါရာဝတီပြည်ကြီး၌ ဘဝများစွာသံသရာ အဆက်ဆက်က လူမင်းအဖြစ် အဟိတ်တိရိစ္ဆာန် အဖြစ်ဖြင့် ကျင်လည်ခဲ့ဘူးကြောင်းကို အမိန့်တော်ရှိပြီးလျှင် အရှေ့ သရေခေတ္တရာ ရသေ့ပြည်သို့ ကောင်းကင်ခရီးဖြင့် ပြာသာဒ်ယာဉ်ကိုစီး၍ ကြွတော်မူလေသည်။

စန္ဒသူရိယမင်းကြီးသည် မဟာမုနိ နိဗ္ဗိတရုပ်ပွားမြတ် ကိန်းဝပ်တော်မူရန် ဂန္ဓကုဋိ ပြာသာဒ်ကျောင်းတော်ကို ဆောက်လုပ်လှူဒါန်းတော်မူပြီးလျှင် ဆွမ်းသက်န်း ပန်း ရေချမ်း ဆီးမီးတို့ဖြင့် နေ့ညဥ့်မပြတ် ဆည်းကပ်ကိုးကွယ်တော်မူ၏၊ တိုင်းသားပြည်သူ လူရှင်အများနှင့်တကွ သိကြားဗြဟ္မာနတ်များစွာတို့သည် သဒ္ဓါ ညွတ်နူး ရှင်မြူးစွာပူဇော်ကြကုန်၏။

မှတ်ချက်။ ။ဤအထက်ပါ မှတ်သားဘွယ် စကားရပ်တို့မှာ ထိုထိုရာဇဝင် သမိုင်း လင်္ကာ ချင်း မော်ကွန်းစသော စာစောင်များပါ စကားရပ်တို့နှင့် ညှိနှိုင်းခြင်း ပြင်ဆင်ခြင်း, တစောင်နှင့်တစောင် မတူပုံတို့ကို စကားချပ်၍ ပြခြင်းတို့ကို အလျှင်းမပြုမူ၍ ရခိုင်ရာဇဝင်သစ် စတုတ္ထတွဲပါစကားရပ်

တို့ကို သတ်ပုံသတ်ညွှန်းနှင့်တကွ သဝေထိုး ပုဒ်သေး ပုဒ်မပါ မကျန် တထပ်တည်းကျ ဖတ်ကောင်းရုံ သဒ္ဒါကြည်လင် ထက်သန်သော စိတ်အစဉ် ဖြစ်ဘို့ရန်အတွက် စီစဉ်လျက် ရေးသားလိုက်ခြင်းဖြစ်ပေသည်။

## ကုန်းဘောင်ရာဇဝင်ပါ ဆင်ဖြူရှင် ဘိုးတော်ပဒုံမင်းတြားကြီး၏ သားတော် အိမ်ရှေ့ဥပရာဇာ ဓညဝတီရခိုင်ပြည်ကြီးသိမ်းယူတော်မူခန်း

သက္ကရာဇ်(၁၁၄၆)ခု တန်ဆောင်မုန်းလဆန်း(၄)ရက်နေ့တွင် ဓညဝတီရခိုင်ပြည်ကြီးကို သိမ်းယူရမည်ဟု သားတော် မဟာဥပရာဇာကို မိန့်တော်မူ၍ ချီတက်ရသော တပ်ပေါင်းစုကား သားတော် သကိုးမင်းစော ကွပ်ကဲအုပ်ချုပ်သော တပ်ပေါင်းစု (၆)တပ်တွင်ပါသည့် တိုက်ဆင်(၆၀) မြင်း (၆၀၀) စစ်သည်သူရဲ (၆၀၀၀)တွင် မဟာမင်းလှမင်းခေါင်နှင့် နေမျိုးဇေယျကျော်သူ တို့ကို စစ်ကဲခန့်တော်မူသည်။

သားတော်သီရိဓမ္မရာဇာ ကွပ်ကဲအုပ်ချုပ်သော တပ်ပေါင်းစု (၆)တွင် ပါဝင်သည့် တိုက်ဆင်(၆၀) မြင်း(၆၀၀) စစ်သည်သူရဲ (၆၀၀၀)တွင် နေမျိုးကျော်ထင်စည်သူနှင့် နေမျိုးဇေယျကျော်ထင် တို့ကို စစ်ကဲခန့်တော်မူသည်။

သားတော်မဟာဥပရာဇာတပ်မတော်တွင် ရှေ့ငါးတပ် လကျာ ငါးတပ် လက်ဝဲငါးတပ် နောက်ငါးတပ် တပ်မတော်နှင့် တပ်ပေါင်း နှစ်ဆဲ့တတပ်တွင်ပါသည့် တိုက်ဆင်(၂၁၀) မြင်း (၂၁၀၀) စစ်သည်သူရဲ(၂၁၀၀၀)ကို အိမ်ရှေ့ဝန်နေမျိုးကျော်ထင် သီဟသူနှင့် အတွင်းဝန် နေမျိုးဇေယျသူတို့ကို စစ်ကဲ ခန့်တော် မူသည်။

တပ်မတော်နှင့်တကွ တပ်ပေါင်း (၃၃)တပ်တွင် ပါသည့် တိုက်ဆင်(၃၃၀)မြင်း(၃၃၀၀)စစ်သည်သူရဲ(၃၃၀၀၀)။

သက္ကရာဇ်(၁၁၄၆)ခုနှစ် တန်ဆောင်မုန်းလဆန်း (၄)ရက် စနေနေ့ သားတော် မဟာဥပရာဇာမှာ ဟသ်ာရွှေဘောင်တော်

စီးတော်မူ၍ လှော်ကား ရွှေလှေရွှေလောင်း သမ္ဗန်သက္ကဒါန် သားရဲရုပ်လှေစသော တိုက်လှေကြီးအပေါင်း ဝဲယာရှေ့နောက် ခြံရံစေလျက် ဟန်စီဟန်မောင်း ငြိမ်းညောင်းပတ်သာ ခရာဒုံမင်း ခရာသင်းတံပိုးတို့ဖြင့် အောင်သံကြွေကြွေးတီးမှုတ်ကြလျက် ကြည်းရေ ပွဲတင်ထပ်မျှ ရခိုင်ပြည်သို့ ချီတော်မူသည်၊ ရွှေမြို့တော်ကချီတော် မူသောနေ့ စစ်ကိုင်း အောင်မြေလောကဆိပ်တွင် တပ်ချတော် မူသည်၊ ဆင်တပ် မြင်းတပ်တို့ကို ကြည်းကြောင်းချီနှင့်စေသည်၊ အောင်မြေလောက ဘုရားရှင်ကို ပူဇော်တော်မူ၍ သုံးရက်ရပ်ဆိုင်း တော်မူလျှင် စစ်ကိုင်းမှချီတော်မူသည့်နေ့ ကျောက်တလုံးရွာတွင် တပ်ချတော်မူသည်၊ ထိုကမှ တလုတ်မြို့ထဲ တော်ရာဆိပ်တွင် ချတော်မူသည်၊ ထိုကမှ ပုဂံအနောက်ဘက်တန်း ကြည်းကျွန်းတွင် ချတော်မူသည်၊ ထိုကမှ ဆင်ဖြူကျွန်းဆိပ်တွင် ချတော်မူသည်၊ ထိုကမှ မင်းဘူးဆိပ်တွင် ချတော်မူ၍ ညီတော်သတိုးမင်းစောကို မင်းဘူးဆိပ်က တက်စေပြီးလျှင် ဘားအိုင်ကြောင်း, ရခိုင်သို့ ချီစေသည်။

သားတော် မဟာဥပရာဇာ တပ်မတော်လည်း မင်းဘူးဆိပ်က ချီတော်မူ၍ မြေတဲမြို့တွင် ချတော်မူသည်၊ ထိုကမှ ပြည်မြို့တွင် ချတော်မူ၍ နှစ်ရက်ရပ်ဆိုင်းတော်မူသည်၊ ထိုကမှ ပန်းတောင်းမြို့သို့ ရောက်တော်မူသည်၊ သုံးရက် ရပ်ဆိုင်းတော်မူပြီးလျှင် ညီတော် သီရိဓမ္မရာဇာစသော ဗိုလ်မှူးတပ်မှူးတို့ကို ခေါ်တော်မူ၍ မဟာ ဥပရာဇာ အမိန့်တော်ရှိသည်မှာ ရခိုင်ပြည်ကြီးကို လုပ်ကြရာမှာ သံတွဲတောင်စဉ် ခုနစ်ခရိုင်ကိုရလျှင် ယံဖြဲမာန်အောင်ခံနိုင်မည် မဟုတ်၊ ယံဖြဲမာန်အောင်ကိုရလျှင် ရခိုင်မြို့ကြီးနှင့်တကွ ရခိုင် တပြည်လုံးကို ရနိုင်မည်ဖြစ်သည်၊ သို့ဖြစ်သောကြောင့် ညီတော် သတိုးမင်းစောတို့ (၆)တပ်ကို မင်းဘူးမှတက်စေ၍ ဘားအိုင် ကြောင်း ချီစေသည်၊ ကြံခင်မှတက်၍ ညီတော်သီရိဓမ္မရာဇာတို့ (၆)တပ်ကို လင်းပတေ့ကြောင်း ချီစေ၍ ရေကြောင်းကလည်း မောဒဂ်ရစ်ကို လှည့်စေမည်၊ ငါမူကား ပန်းတောင်းမြို့က ဥယျာဉ် ပုကြောင်း ချီတော်မူမည်၊ သံတွဲတောင်စဉ်ခုနစ်ခရိုင်ကိုရမှ ယံဖြဲ

မာန်အောင်ကို ၊ သိမ်းယူတော်မူမည်၊ ယံမြဲ မာန်အောင်ကိုရမှ ရခိုင်ပြည်ကြီးကို သိမ်းယူတော်မူမည်ဟု အမိန့်တော်ရှိသည့်တွင် ညီတော်စသော မိုလ်မှူး တပ်မှူးအပေါင်းတို့က စစ်ဆင်စစ်တက် စစ်ဗျူဟာဆင်ချက်ကို သဘောတူညီကြောင်း ရှိခိုးနားတော် လျှောက်လေလျှင် ညီတော်နှစ်ယောက်ကို အသီးအသီး ချီစေ၍ တိုက်လှေကြီးတို့ကို အမြောက်စိန်ပြောင်း တင်စေပြီးလျှင် နေမျိုးကျော်ထင်တရဖျားကို အုပ်ချုပ်စေ၍ ရေကြောင်းမော်ဒင်ရစ်က ရခိုင်သို့ချီစေသည်။

ရခိုင်မင်းသမတရာဇာသည် မြန်မာဘုရင်မင်းမြတ်၏သားတော် မဟာဥပရာဇာသည် ရခိုင်ပြည်ကြီးကိုသိမ်းယူရန် ဆင်တပ်မြင်းတပ် စစ်သည်သူရဲ လက်နက်ကိုင်တပ် ရာပေါင်းများစွာနှင့် ချီတက်လာကြောင်းကိုကြားလေလျှင် ကျုံးမြောင်း ဆင်ခလုပ် မြင်းခလုပ် ကတုတ် ဆူးညောင့် ပြင်ဆင် လုပ်ဆောင်ပြီးလျှင် မြို့ထိပ်သို့ အမြောက် စိန်ပြောင်း အပြည့်တင်၍ မြို့မှ အကြီးအကျယ်ခံနှင့်လေ၏။

သားတော် မဟာဥပရာဇာသည် ပန်းတောင်းမြို့တွင် အပန်းဖြေ (၁၂)ရက်နားနေတော်မူပြီးလျှင် ကြည်းကြောင်း ရေကြောင်းတို့ကို အသီးအသီး ခန့်ထားစီရင်ပြီးလျှင် ပန်းတောင်းမြို့ ဆိပ်ကတက်၍ နတ်တော်လပြည့်ကျော် (၁၁)ရက်အင်္ဂါနေ့ ဥယျာဉ်ပုကြောင်း ချီတော်မူသည်၊ ထိုကမှ ငါးမျက်နှာဘုရားချောင်းတွင် တပ်ချတော်မူသည်၊ ထိုကမှ ကျောက်ဘူးတောင်ခြေတွင် တပ်ချတော်မူသည်၊ ထိုကမှ ကျွဲစခန်းတောင်ခါးပန်းတွင် တပ်ချတော်မူ၍ ဆင်မြင်းတို့မှ ကကြိုးတန်ဆာတို့ကို ချစေသော် အမြောက်သံကဲ့သို့သော အသံများစွာကြားလေလျှင် စခန်းထောက်မချ ဆင်မြင်းကစေ၍ ချီတော်မူပြန်ရာ တောင်ထိပ်စခန်းသို့ရောက်မှ တပ်ချတော်မူသည်၊ ထိုကမှ တောင်ရိုးစခန်း၊ ထိုကမှ နေပူတောင်ခြေစခန်း၊ ထိုကမှ ချင်းတောင်စခန်း၊ ထိုကမှ တောင်ကုတ်မြစ်ဆိပ်တွင် တပ်စခန်းချတော်မူ၏။

ဘားအိုင်ကြောင်းချီသော ညီတော်သတိုးမင်းစောတို့ (၆)တပ်သည် ဒလက်သို့ မရောက်မီ လက်တင်မြော်စခန်းတွင် ရခိုင်မိုလ်မှူး

ပေါလုံ တပ်နှင့်ခံနှင့်သည်ကိုတိုက်လျှင် ဆုတ်ပြေး၍ ညီတော် သတိုးမင်းစောတပ် ဒလက်မြစ်ဆိပ်မှတပ်ချစွဲနေ၏။

လင်းပတွေ့ကြောင်း ချီလေသော ညီတော် သီရိဓမ္မရာဇာတို့ (၆)တပ်သည် တန်လွဲတွင် တောင်မင်းကျော်ထွေးတပ်နှင့်ခံသည်ကို တိုက်လျှင် မခံနိုင်၍ဆုတ်ပြေးရာ ညီတော်သီရိဓမ္မရာဇာ တန်လွဲ ချောင်းဆိပ်မှ တပ်ချစွဲနေ၏။

မော်ဒင်ရစ်မှလှည့်၍ တက်လာသော သားတော် ဥပရာဇာ သည် သံတွဲတောင်စဉ် ခုနစ်ခရိုင်လုံးကိုရ၍ ကြည်းတပ်ရေတပ် စစ်လေးကြောင်းအရောက်စုံညီလျှင် တပ်မတော်နှင့်တကွ စစ်သုံး ကြောင်းစလုံး ကြည်းတပ်ကို ရေတပ်စီရင်တော်မူ၍ ညီတော် သီရိဓမ္မရာဇာတို့(၆)တပ်ကို လကျာကြောင်း ထားတော်မူသည်၊ ညီတော် သတိုးမင်းစောတို့(၆)တပ်ကို လက်ဝဲကြောင်းထားတော် မူသည်၊ သားတော်မဟာဥပရာဇာတပ်မတော် အလယ်ကြောင်းက ချီတော်မူ၍ ယံပြဲကျွန်းသို့ ချီတော်မူသည်၊ ထိုမှ ချီသောနေ့ ပထင်ကျွန်းတွင် တပ်ချတော်မူ၍နှစ်ရက်ဆိုင်းတော်မူရာ သားတော် မဟာဥပရာဇာတပ်နှင့်တကွ လက်ဝဲ လကျာချီသော ညီတော် နှစ်ပါးတို့၏ တပ်သုံးကြောင်း ချီတော်မူလျက် ယံပြဲကျွန်းကို တိုက်တော်မူသည်၊ ယံပြဲကျွန်းတွင် ရှေးရခိုင်မင်း ဓမ္မရာဇ်ရာဇာ သားတော် အိမ်ရှေ့မင်း ဖြစ်ခဲ့ဘူးသူ တပ်အလုံး အရင်းနှင့် ခံသည်ကို သားတော် မဟာဥပရာဇာကိုယ်တော်တိုင် ကွပ်ကဲ၍ တိုက်တော် မူလေသောကြောင့် ရခိုင်အိမ်ရှေ့ မခံမရပ်နိုင်၍ ပင်လယ်ဘက်သို့ ဆုတ်ပြေးလေသော် ယံပြဲကျွန်းအလုံးကို ရတော် မူသည်။

ယံပြဲကျွန်းကို နရာသမန်းကျော်အား ကျွန်းစောင့်စစ်သည်သူရဲ (၂၀၀၀၀)ကျော်နှင့် အစောင့်အနေ ခန့်ထားတော်မူခဲ့၍ ညီတော် နှစ်ပါးတို့၏ တပ်တော်များကို လက်ဝဲလကျာထားတော်မူပြီးလျှင် ဓညဝတီရခိုင်ပြည်ကြီးသို့ တပ်မချီတော်မူသည်၊ ထိုသို့ချီတော်မူရာ ယခတီကမ်းတွင် တပ်ချတော်မူ၍ နှစ်ရက် ရပ်ဆိုင်းတော်မူသည်၊

ထိုကချီတော်မူသောနေ့ စံခေါ်ကျွန်းတွင် ရခိုင်တပ်များနှင့် ခံနှင့်သည်ကို တိုက်တော်မူသည်။

ရခိုင်တပ်ဆုတ်သွားသဖြင့် ထိုအရပ်မှာ တပ်ချတော်မူ၍ ထိုမှ ချီတော်မူရာ ဒလက်ချောင်းဝတွင် တပ်ချတော်မူသည်၊ ထိုမှ ချီတော်မူသောနေ့ သလူတောင်ကျွန်းတွင် ရခိုင်တပ် အများနှင့် ခံနှင့်သည်ကို တိုက်တော်မူသည်၊ ရခိုင်တပ်ဆုတ်သွားသဖြင့် ထိုတွင် တပ်ချတော်မူသည်၊ ထိုကမှ ချီတော်မူလျက် မိုးသီးနတ်တောင်မှာ တပ်ချတော်မူသည်၊ ထိုကမှ ချီတော်မူလျက် ဆေးတိုင်ကန်တွင် ချတော်မူသည်။

ထိုစခန်းတွင် ယမုံကျွန်းစား ထားပိုင်ကြီးသံတွေ လူတသောင်း ကျော်နှင့် လက်နက် လက်ဆောင်အများ ဆက်သ၍ ခြေတော် ဦးခိုက် ကျွန်တော်မျိုး ခံဝင်ရောက်လာသည်၊ ကြက်စင်ကျွန်းစာ လေးကျော်ထောင်ကဲလည်း လူနှစ်သောင်းကျော်နှင့် လက်နက် လက်ဆောင် အများ ဆက်သ၍ ကျွန်တော်မျိုးခံ ရောက်လာ သည်၊ ယမုံကျွန်းစား ထားပိုင်ကြီး သံတွေနှင့် ကြက်စင်ကျွန်းစား လေကျော်ထောင်ကဲတို့ကို ပုဆိုး ဖလားဝတ်လုံ ဆုတော်အများ ပေးတော်မူ၍ တပ်မတော်ရှေ့မှ လိုက်စေ၍ တပ်မတော်ကို ချီတော် မူရာ ချီတော်မူသည့်နေ့ ရခိုင်ဘုရင် သမတရာဇာသည် ယောက်ဖ ထားပိုင်ကြီးနှင့် အိမ်ရှေ့မင်းတို့ကို လက်ဝဲကြောင်း လက်ျာကြောင်း ထားပြီးလျှင် ရခိုင်ဘုရင် သမတရာဇာ အလယ်ကြောင်း ချီတော် မူ၍ မြို့ရှေ့ ဒိချောင်းနား တောင်ထိပ်က လူတသောင်းကျော်နှင့် ခံနှင့်သည်၊ ရေကြောင်းကလည်း ရခိုင်အမတ်ကြီး လက်ဝဲမြင်းနှင့် တိုက်လှေ (၂၅၀)၊ ရခိုင်အမတ်ကြီး လက်ျာမြင်းနှင့် တိုက်လှေ (၂၅၀)၊ နှစ်တပ်ပါ တိုက်လေ (၅၀၀) တွင် အမြောက်စိန်ပြောင်း တင်ပြီးလျှင် မြို့တောင် နရတောက်မော်က လှည့်၍ ခံနှင့်သည်၊ ဤသို့ ရခိုင်ဘုရင် သမတရာဇာ ကိုယ်တိုင် မြို့က ထွက်၍ ကြည်း ကြောင်း ရေကြောင်းနှင့် ခံနှင့်သည်ကို သားတော်မဟာ ဥပရာဇာ ကိုယ်တော်တိုင် ကွပ်ကဲ၍ တိုက်တော်မူလျှင် ရေကြောင်းက ခံသည့် ရခိုင်ဗိုလ်ချုပ်တို့ မခံနိုင်၍ တပ်ပျက်လျှင် လှေ (၅၀၀)

ကျော်နှင့် အမြောက်စိန်ပြောင်း အများအပြား ရတော်မူသည်၊ ရခိုင်မိုလ်ချုပ်သည် စီးလာသောလှေနှင့် အပြင်း ခွါသွားသော ကြောင့် လွတ်မြောက်လေ၏၊ ကြည်းကြောင်းက ယောက်ဖ ထားပိုင်ကြီးနှင့် ရခိုင်အိမ်ရှေ့ ရခိုင်ဘုရင် သမတရာဇာတို့ ခံနှင့်ရာ တပ်ဦး၌ ကျော်ထင်ပုံ၍တို့ လေးတပ်နှင့် တွေ့၍ တိုက်ပွဲဖြစ်နေစဉ် သားတော် မဟာ ဥပရာဇာ တပ်မတော် အပြင်း ချီတက်လာရာ ရင်ဆိုင်တွေ့သဖြင့် ကိုယ်တော်တိုင် ကွပ်ကဲ၍ တိုက်တော်မူလေ လျှင် မခံမရပ်နိုင်၍ ရခိုင်တပ် အားလုံးကို မိုလ်မှူး တပ်မှူးနှင့်တကွ ရတော်မူလိုက်၏၊ ယောက်ဖ ထားပိုင်ကြီး ရခိုင်အိမ်ရှေ့ ရခိုင် ဘုရင် သမတရာဇာတို့သည် မြင်းကို အပြင်းစီး၍ မြို့တွင်းသို့ ဝင် လေ၏။

ဤသို့ ရခိုင်ဘုရင် သမတရာဇာ မြို့မှ ထွက်၍ ကြည်းတပ် ရေတပ် အလုံးအရင်းခံနှင့်သည်ကို ပြင်းပြင်းထန်ထန် တိုက်တော် မူသဖြင့် သားတော် မဟာဥပရာဇာ တပ်မတော်သည် လောင် ကြက်မြစ် အရှေ့ဘက် ပိုးချည်ကျွန်းတွင် တပ်ချတော်မူသည်၊ ရခိုင်ဘုရင် သမတရာဇာနှင့်တကွ အိမ်ရှေ့မင်း မိုလ်မှူး တပ်မှူးတို့ အစုံအညီ မြို့တွင်းသို့ ရောက်သောအခါ ရခိုင် အိမ်ရှေ့မင်းနှင့် ယောက်ဖ ထားပိုင်ကြီးတို့ ရခိုင် မင်းညီ မင်းသား မှူးတော် မတ်တော် ရဟန်းပညာရှိ လူပညာရှိတို့ ညှိနှိုင်းတိုင်ပင်၍ ရခိုင် ဘုရင် မဟာသမတရာဇာအား လျှောက်ကြသည်မှာ မြန်မာ ကေရာဇ်မင်းမြတ်၏ သားတော် အိမ်ရှေ့ ဥပရာဇာသည် ဘုန်း လက်ရုံး နှလုံးရည်နှင့် ပြည့်စုံသူ ဖြစ်လျက် စစ်ထွက် စစ်တက် စစ်ချူဟာ အကွက်တို့ကို အချက်ကျကျ စီစဉ်လျက် ထောင်ပေါင်း များစွာသော ကြည်းတပ်ရေတပ် အစုံအညီနှင့် ဓညဝတီ ရခိုင် ပြည်ကြီး၏ မြို့တော်တိုင်အောင် ချဉ်းကပ်လာပြီဖြစ်၍ ယခုစစ်ကို အောင်မြင်အောင်တိုက်ရန် အလွန်ခက်ခဲပါသဖြင့် အရှင် မိဖုရား ခေါင်ကြီးတွင် မြင်သည့် ချစ်လှစွာသော သမီးကညာ ရတနာနှင့် တကွ လက်ဆောင်ပဏ္ဏာတော်တို့ကို ဆက်သလိုက်ပါက မြန်မာ တို့၏ စစ်မီးငြိမ်းသဖြင့် ရခိုင်ပြည်ကြီး မပျက်မစီး တည်ရှိနေရန်

ကြီးဆောင်တော်မူသည့်ဒှစ်မှ အရှင်မင်းမြတ်နှင့် တကွ တိုင်းသူပြည်သား လူရှင် သတ္တဝါတို့ အမျိုး အကျိုးစီးပွားမပျက် ဆက်လက်၍ ရခိုင်ပြည်ကြီး တည်တန့်နိုင်ပါမည့်အကြောင်း လျှောက်တင်ကြရာ ဓညဝတီပြည့်ရှင် ဘုရင် မဟာသမတရာဇာက အမိန့်တော်ရှိသည်မှာ ငါတို့ ဓညဝတီ၊ ရခိုင်ပြည်ကြီး၌ မင်းပြုကြကုန်သော ဘေးလောင်းတော် ဘိုးလောင်းတော် အဆက်ဆက် မြန်မာ ဘုရင်မင်းတို့အား သမီးကညာ ရတနာ ဆက်သဘူးသည့် ထုံးတမ်းစဉ်လာ ရာဇဝင်ထွက် မရှိပါ၊ ရခိုင်ဘုရင်မင်းရာဇာကြီး လက်ထက် တောင်ငူ ကေတုမတီကို မင်းပြုသော မြန်မာဘုရင် မင်းမြတ်ကသာ သမီးကညာ ရတနာနှင့် အမြောက် (၁၀၀၀) ကျော် ယိုးဒယားသွန်း ကြေးရုပ်များကို ဆက်သဘူးကြောင်းကိုသာ ထုံးရှိကြောင်း သိရသည်၊ မြန်မာ မင်းသမီး အမျိုးအနွယ် အဆက်ဆက်များနှင့်တကွ အမြောက်ကြေးရုပ်များသည် ယခုတိုင် ထင်ရှားရှိလေသည်၊ ငါ၏ လက်ထက်တော်တွင်မှ မြန်မာဘုရင်ကို သမီးကညာရတနာ ဆက်သရမည်ဆိုပါက ငါကိုယ်တော်မြတ် လက်ထက်မှာသာ ငြိမ်းချမ်းသာယာပြီး နောက်နောင် ဓညဝတီ ရခိုင်ပြည်ကြီးကို စိုးအုပ်၍ မင်းလုပ်တော်မူသော ဘုရင်မင်းမြတ်တို့က ရခိုင်ဘုရင် မဟာသမတ ရာဇာသည် မြန်မာဘုရင်မင်းမြတ်ကို သမီးကညာ ရတနာဆက်သ၍ ကျွန်တော်မျိုးခံသည်ဟု အစဉ်အဆက် ဥဒါန်းစကား တွင်ရစ်ခဲ့မည် ဖြစ်ပေသည်။

ရှေးအခါက ရခိုင်မြန်မာစစ်ကြီးဖြစ်ကြရာ ရခိုင်ဘုရင်စောမွန်ကြီးသည် မခံမရပ်နိုင် စစ်ရှုံးမည့်အရေးကိုမြင်၍ ရခိုင်ပြည်ကြီးမှ ထွက်၍ အနောက်တိုင်းပြည် ပဆာမြို့သို့ ခိုလှုံ ရှောင်လွှဲ၍နေလေသည်၊ (၁၂)နှစ်ရှိမှ ရခိုင်ပြည်ကြီးသို့ပြန်၍ မင်းပြုမြဲပြုရပြန်သည့်ထုံးထမ်းရာဇဝင် ရှိလေသည်၊ ငါလည်း သင့်တော်မည့်အရပ်သို့ ခေတ္တခဏရှောင်လွှဲခိုလှုံ၍နေမည်၊ ငါတို့ဓညဝတီရခိုင်ပြည်ကြီးကို မြန်မာဘုရင်မင်းမြတ်၏ သားတော် မဟာဥပရာဇာယူသွားနိုင်မည် မဟုတ်ပါဟု အမိန့်တော်ရှိပြီးလျှင် ရခိုင်ပြည်ရှင်ဘုရင်မင်းမြတ်သည် ညဉ့်သန်းခေါင်းကျော်အချိန် အရှင်မိဖုရား

ခေါင်ကြီးနှင့်တကွ မြောက်နန်းမိဖုရား တောင်ဆောင်မိဖုရား သမီးတော်ကြီး သမီးတော်လတ် သားတော်ကြီး သားတော်လတ် အထိန်းတော် အချီတော် ကိုယ်လုပ်တော် မောင်းမ(၇၀)ကျော် ယောကျ်ား လက်သုံးတော် မင်းမှုထမ်း (၃၀)ကျော်တို့နှင့် မြို့၏ အနောက်တံခါးမှ ထွက်ပြီးလျှင် မြို့အနောက် ပုတောင်ဆိပ်မှ လှေနှင့်ထွက်၍ ရခိုင်မြို့တောင်ဘက် မိုင်(၂၀)ကျော် ဝေးကွာသော ကျွန်းချောင်း ကျွန်းသာယာ၌ ရှောင်လွှဲခိုလှုံနေလေ၏။

သားတော်မဟာဥပရာဇာသည် ဓညဝတီရခိုင်ပြည့်ရှင် မဟာသမတရာဇာ မိဖုရားခေါင်ကြီးနှင့်တကွ မိဖုရားမောင်းမမိဿံ အခြွေအရံ (၁၀၀)ကျော်နှင့် မြို့တော်မှ ထွက်၍ ရှောင်လွှဲခိုလှုံနေသည်ကို ကြားသိတော်မူလေလျှင် သက္ကရာဇ် (၁၁၇၆)ခုနှစ် ပြာသိုလ်လပြည့်ကျော်(၈)ရက် တနင်္ဂနွေနေ့ ဓညဝတီရခိုင်ပြည်ကြီးကို သိမ်းယူတော်မူ၍ ထီးစည်မှန်ကင်းများကို ချတော်မူသည်၊ ခမည်းတော်ဘုရား ခြေတော်ရင်းသို့လည်း ရခိုင်ပြည်အလုံးကို အလိုတော် ပြည့်ကြောင်းနှင့် ရွှေတောင်သဲ ကျော်ထင်ကို အလျှောက်အထား စေလွှတ်တော်မူသည်၊ ရခိုင်ဘုရင် မဟာသမတရာဇာ ထွက်ပြေးတိမ်းရှောင်နေသည်ကိုလည်း ရေကြောင်း ကြည်းကြောင်း အနှံ့အစပ် တပ်ခန့်၍ ရှာဖွေ ဖမ်းဆီးစေပြီးလျှင် မဟာမုနိရုပ်ရှင်တော်မြတ်ကို နေပြည်တော်အမရပူရသို့ ပင့်ဆောင်မည့် အစီအရင်ကို ကြံစည်တော်မူ၍ စက်တော်ခေါ်စဉ် အိပ်မက်တော်မြင်သည်မှာ သားတော် မဟာဥပရာဇာသည် မဟာမုနိရုပ်ရှင်တော်မြတ်သို့ သွားတော်မူ၍ ဖူးမျှော်ပူဇော်ကန်တော့တော်မူရာ မဟာမုနိ ရုပ်ရှင်တော်မြတ် အရှေ့သို့ မျက်နှာတော်လှည့်၍ စကားပြောတော်မူသည်ဟု အိပ်မက်တော်မူသည်၊ မိုးသောက်လျှင် မဟာမုနိရုပ်ရှင်တော်မြတ်ကို ငါကိုယ်တော်ပင့်ဆောင်လျှင် ကေန် လိုက်ကြွတော်မူမည့် အကြောင်း မိုလ်မူး တပ်မှူးတို့ အလယ်၌ အမိန့်တော်ရှိပြီးလျှင် ပြာသိုလ်လပြည့်ကျော် (၁၀)ရက် အင်္ဂါနေ့ သားတော် ဥပရာဇာကိုယ်တော်တိုင် မဟာမုနိ ဘုရားရှင်အထံတော်သို့ ကြွတော်မူသည်၊ ကျောင်းတော်နှင့် တတိုင်ကျော်အကွာ

ဇီးချောင်းအရပ်တွင် ဖောင်တော်ခံစေ၍ စက်ယန္တရားစီရင်တော်မူပြီးလျှင် ရွှေပန်းခိုင် ရွှေတန်ဆောင် ရွှေပေါက်ပေါက် ငွေပေါက်ပေါက်တို့ဖြင့် ကြဲမြှောက် ပူဇော်လျက် လက်ျာရစ် သုံးပတ်လှည့်တော်မူ၍ ပူဇော်တော်မူပြီးလျှင် ကျောင်းတော်သို့ ဝင်၍ ပင့်ဆောင်တော်မူသည်၊ ကျောင်းတော်မှ ဖောင်တော်သို့ မဟာမုနိ ရုပ်ရှင်တော်မြတ် ရောက်တော်မူသော် ရေကြောင်းဖြင့် ကိုယ်တော်တိုင် ပင့်ဆောင်တော်မူသည်၊ တပို့တွဲလဆန်း(၁၂)ရက် ဗုဒ္ဓဟူးနေ့ ပိုးချည်ကျွန်း တပ်တော်ဆိပ်သို့ မဟာမုနိရုပ်ရှင်တော် မြတ် ဆိုက်ရောက်တော်မူသည်၊ ဓညဝတီ ရခိုင်ပြည့်ရှင် မဟာ သမတရာဇာ မြို့မှထွက်ခွါ၍ ကွန်ချောင်ကျွန်းသာယာမှာ ရှောင်လွဲ ခိုဝင်နေသည်ကို အတ္တပတ်မြင်းတပ်မှူး ဝဏ္ဏစန္ဒရာကျော် ဝဏ္ဏ သူရဲကျော်သူ သမနစန္ဒတို့ တပ်မှူးသုံးဦးတို့ကို ဖမ်းမိ၍ ဘုရင်နှင့် တကွ မိဖုရား သားတော် သမီးတော် အခြွေအရံတို့ကို ဗိုလ်မှူး အတ္တပတ် မြင်းဝန် နေမျိုးကျော်ထင်စည်သူ သိမ်းရုံးခဲ့၍ တပို့တွဲ လဆန်း (၁၁)ရက်နေ့ သားတော် ဥပရာဇာ ခြေရင်းတော်သို့ ဆက်သလာသည်။

ဘဝရှင် မင်းတရားကြီးသည် သားတော် မဟာ ဥပရာဇာ အလျှောက်အထား စေလွှတ်သူတို့ နေပြည်တော်သို့ ရောက်၍ အရေးအကြောင်းအလုံးစုံကို ကြားသိတော်မူလျှင် ဓညဝတီရခိုင် ပြည်ကြီးမှာ မင်းကြီးမင်းခေါင်ကျော်ကို အသိမ်းအရုံး အစောင့် အနေခန့်ထားခဲ့၍ သားတော် မဟာဥပရာဇာ ပြန်လာခဲ့ရမည် အမိန့်တော်ရှိပြီးလျှင် မင်းကြီးမင်းခေါင်ကျော်ကို ခြေရင်းတော်က ရခိုင်ပြည်သို့ အလျင်အမြန်စေလွှတ်တော်မူသည်။

သားတော် မဟာဥပရာဇာသည် စေလွှတ်သူတို့နှင့် မင်းကြီး မင်းခေါင်ကျော်တို့ ဓညဝတီရခိုင်ပြည်သို့ရောက်လျှင် မဟာဝိဟိက တိုင်းဖြစ်သော ရခိုင်ဓညဝတီ သံတွဲ ယံဗြဲ မာန်အောင်မြို့များကို အနေအထားကျအောင် စည်းကြပ် စီရင်တော်မူခဲ့ပြီးမှ မင်းကြီး မင်းခေါင်ကျော်ကို လက်နက်ကိုင်လူ (၁၀၀၀၀)ကျော်နှင့် ရခိုင် ပြည်မှာ အစောင့်အနေထားခဲ့၍ မဟာမုနိ ရုပ်ရှင်တော်မြတ်ကို

ဇမ္ဗူသဿ ၃၃၇-၃

ပင့်ဆောင်တော် မူခဲ့ပြီးလျှင် ရခိုင်ဘုရင် မဟာသမတရာဇာနှင့်တကွ မိဖုရားခေါင်ကြီး သုံးပါး သားတော် သမီးတော် ဆွေတော် မျိုးတော် ကိုယ်လုပ်တော် မှူးတော် မတ်တော် ဗိုလ်မှူး တပ်မှူးတို့နှင့် အလျား အတောင် (၂၀)၊ လုံးပတ်(၆) တောင်ရှိ အမြောက်ကြီးနှင့် အမြောက်(၂၀၀၀)ကျော် စိန်ပြောင်း (၁၀၀၀)ကျော် သေနတ် (၁၀၀၀၀)ကျော် ယိုးဒယားလုပ်ကြေးရုပ်(၃၀)ကျော် ဗြာဟ္မဏမျိုး ဝေသမျိုး သုဒ္ဒိယပုဏ္ဏားမျိုး အတတ်ပညာရှင်မှစ၍ ဆင် မြင်းသို့ ပန်း လူ(၃၀၀၀၀)ကျော်တို့ကို သိမ်းယူတော် မူခဲ့ပြီးလျှင် တပို့တွဲ လပြည့်ကျော် (၇)ရက် တနင်လာနေ့ ဓညဝတီရခိုင်ပြည်မှ ထွက်ခွာတော်မူခဲ့သည်။

တောင်ကုတ် ရေဆိပ်သို့ ရောက်တော်မူလျှင် အမြောက် စိန်ပြောင်း သေနတ် ကြေးရုပ် များကို မော်ဒင်ရစ်ကြောင်း ပင်လယ်ကလှည့်ခဲ့စေ၍ မဟာမုနိရုပ်ရှင်တော်မြတ်ကို တောင်ကုတ် ဆိပ်ကသည် ဥယျာဉ်ပုကြောင်း စက်ယန္တရား ရထား စီရင်တော်မူပြီးလျှင် လူ(၅၀၀၀)ကျော်ကို အိမ်ရှေ့အတွင်းဝန် နေမျိုးဇေယျသူ သစ်တောဝန် သီရိဒေဝကျော်သူ လက်သမား ဗိသုကာ သီရိကေရစ်တို့ကို ကြည့်ကြပ်ပင့်ဆောင်စေ၍ တပ်စဉ်အတိုင်း ပြန်၍ ကြွတော်မူခဲ့သည်၊ မဟာမုနိ ရုပ်ရှင်တော်ကိုလည်း ပန်းတောင်မြို့ ဆိပ်သို့ ရောက်လျှင် ရွှေဖောင်တော်နှစ်စင်းတွဲနှင့် ပင့်ဆောင်တော် မူသည်။

ဓညဝတီ ရခိုင်ပြည်ကြီးကို သိမ်းယူတော်မူခဲ့ပြီးလျှင် မနပြည်တော်သို့ ရောက်သည်ရှိသော် အမြောက် စိန်ပြောင်း သေနတ် ယိုးဒယားသွန်းကြေးရုပ်နှင့်တကွ ဆင် မြင်း လူသို့ ပန်း(၂၀၀၀၀) ကျော်တို့ကို ခမည်းတော်ဘဝရှင်မင်းတရားကြီးအား ဆက်သတော် မူသည်တွင် ခမည်းတော်မင်းတရားကြီး အားရ နှစ်သက်တော်မူသဖြင့် မင်းစီးရွှေဝေါ မင်းဝတ်တန်ဆာ ကျောက်စီစလွယ် ပြောင်မြောက်သော ငါးစီးသော ဆင်သူရဲသင်းပင်း(၆၀၀၀)ကျော် တို့ကို ဆုပေးတော်မူသည်။

သက္ကရာဇ် (၁၁၄၇)ခု ကဆုန်လပြည့်ကျော် (၁၂)ရက်နေ့ မဟာမုနိရုပ်ရှင်တော်ကို ပင့်ဆောင်ခဲ့၍ စစ်ကိုင်းမြို့သို့ရောက်တော်မူသည်ကို ဘဝရှင်မင်းတရားကြီးသည် စစ်အင်္ဂါလေးပါးခြံရံလျက် ဆီးကြိုတော်မူပြီးလျှင် လည်တော်ကို တိုင်အောင် ရေသို့ဆင်းတော်မူ၍ ပင့်ဆောင်တော်မူသည်၊ မဟာမုနိရုပ်ရှင်တော် ရွှေမြို့တော်သို့ ဆိုက်ရောက်လျှင် အမရပူရမြို့တော်မြောက် တာ(၁၀၀၀) ကွာ သာယာညီညွတ်သော မြေအပြင်ဝယ် ပန်းမှန်တို့ဖြင့် ပြီးသော အုဌ်အင်္ဂတေတို့ အပဥ္စရတနာမျိုးတို့ဖြင့်ပြီးသော ဘုံကိုးဆင့်ရှိသော ရွှေပြာသာဒ် တံတိုင်းမီးတားသုံးထပ်နှင့်တကွ တည်ထား ဆောက်လုပ်တော်မူ၍ မဟာမုနိ ရုပ်ရှင်တော်မြတ်ကို ကိုးကွယ်တော်မူသည်။

မှတ်ချက်။ ။အထက်ပါ မဟာမုနိ ရုပ်ရှင်တော်မြတ် ဓညဝတီရခိုင်ပြည်မှ မြန်မာပြည်သို့ ကြွရောက်တော်မူပုံကို ကုန်းဘောင်ဆက် မဟာရာဇဝင်တော်မှ အကျဉ်းချုံးလျက် အချက်ကျကျ သိမှတ်စရာ ရေးသားလိုက်ပါသည်။

မန္တလေးမြို့ တောင်ပြင် ပရိယတ္တိ နယ် အတွင်း၌ ပရိယတ္တိ ဂုဏ်ရောင် ထွန်းပြောင် တောက်ပခဲ့သော ရွှေရေးဆောင် တိုက်ကြီးသည် ကျောင်းတိုက်တည်သည်မှ ယနေ့ကျအောင် နှစ်ပေါင်း (၁၀၀) ကျော်ပြီးဖြစ်၍ သာသနာ့ လောကဌ် ထယ်ဝါခန့်ညား ပေါ်လွင်ထင်ရှားခဲ့သော သာသနာဝံသ အာဒိကမ္မိကကို စာစောင်တထုံးတဖွဲ့အနေဖြင့် ရေးသားရန် စိစဉ်သော ပုဂ္ဂိုလ်၏ စိတ်အစဉ်၌ ထင်မြင်ယူဆမိသည်မှာ ရှေးဦးအစ ပဌမ ကျောင်းတိုက်ကြီးကို တည်ဆောက်ခဲ့ကြသော သာသနာ့မာမက သာသနာနုဂ္ဂဟ တိုက်ဒါယကာ ဒါယကာမတို့ကို မသုံးသပ်မူ၍ ချန်လှပ်ထားခဲ့ပါက ပရိယတ္တိ စာပေလောက၌ အနုသန္ဓေ ဆက်စပ်မှု မရှိသော စာပေသည် မလေးမနက် ပေါ့ပျက်ပျက်ဖြစ်နေသကဲ့သို့ ဤစာစောင်သည်လည်း ဆက်စပ်မှု ကင်းမဲ့သော စာစောင်ဟု ထင်ယောင်မည်ကို စိုးသောကြောင့် ကျောင်းတိုက်တည်သည့် မင်းမိဖုရား

နှစ်ပါးတို့၏ ကိုယ်ရေး ရာဇဝင်သ အမည်နာမနှင့်တကွ အဋ္ဌုပ္ပတ္တိကို ကျဉ်းကျဉ်းနှင့် ရှင်းရှင်းကြီး ရေးသားလိုက်ရပါသည်။

ယခု တည်ဆဲ ကမ္ဘာကြီး၏ ဇမ္ဗူဒိပ်မြေအပြင်တွင် လူအများ သမုတ်၍ ထားအပ်သော ကမ္ဘာ့တန်ဆာ ထီးဖြူဆောင်း မဟာ သမတရာဇာတို့၏ အာဒိစ္စကုလ အာဒိစ္စဝံသ နေမင်းမျိုးအနွယ် ဖြစ်တော်မူသော မနု အမည်ရှိသော မဟာသမတမင်းမှ သိန်း ပေါင်းများစွာသော မင်းတို့၏ အာဒိစ္စဝံသ သာကီယ နွယ်ရင်း ကုန်းဘောင်ဆက် မြန်မာမင်းတို့၏ လက်ဦးအစ ပဌမ ပျူစောထီး မင်း သားတော်အစဉ် မြေးတော် အဆက် (၄၇) ဆက်တို့တွင် မိုးညှင်းမင်းတရားကြီး လက်ထက် ညီတော် ဝပနော်ရထာအား မြေဒူးမြို့ကို အပိုင်စား ပေးတော်မူရာ ဝပနော်ရထာကို မြောက် ဘက်နော်ရထာဟု အများ ခေါ်ကြသည်၊ အဖ မရှိသည်နောက် သားတော် ထီးနန်း အမွေ ဆက်ခံရာ၌ သားတော်ကို မြောက်ဖက် လွန် မင်းတရားကြီးဟု ခေါ်ဝေါ်ကြသည်။

ထိုမင်း၏ မိဖုရားကြီးကား မဟာဒေဝီ အမည်ရှိ၏၊ မြေဒူးမြို့ စား မြောက်ဖက်လွန် မင်းတရားကြီးနှင့် မဟာဒေဝီ မိဖုရားကြီးမှ မုဆိုးဘိုရွာတွင် ဖွားမြင်တော်မူသော အလောင်းမင်းတရားကြီး တိုင်အောင် မဟာသမတခတ္တိယနွယ်ဝင် သာကီဝင် မင်းမျိုးဟူ၍ ကုန်းဘောင် အာဒိကမ္မိက ဦးအောင်ဇေယျ အလောင်းမင်းတရား ကြီးဟူ၍ တပ်အပ်သေချာ မှတ်ယူရမည်။

မြောက်ဖက်လွန်မင်းနှင့် မဟာဒေဝီတို့မှ သက္ကရာဇ် (၁၀၇၆)ခု တော်သလင်း လပြည့်ကျော် (၁) ရက် သောကြာနေ့ အလောင်း မင်းတရားကြီး ဦးအောင်ဇေယျကို ဖွားမြင်တော်မူသည်၊ သက္ကရာဇ် (၁၁၁၆) ခုနှစ် နတ်တော်လဆန်း (၁၅) ရက် သောကြာနေ့ ရ တ နာ သိ ငှ် မြို့ တော်ကြီး ကို ဖန်ဆင်း တည်ထောင် လျက် ထီးဆောင်းမင်္ဂလာ မဟာဦးကင်တော် ဖွင့်တော်မူ၍ ရာဇပလ္လင် တက်တော်မူလျက် မင်းအဖြစ်ကို ခံယူတော်မူသည်။

အိမ်နိမ့် (၃) နှစ်နှင့် (၇) လ စည်းစိမ် (၈) နှစ်နှင့် (၁) လ သက်တော် (၄၅) နှစ်နှင့် (၈) လ ယိုးဒယားမှ တပ်စဉ်အတိုင်း

ဆုတ်ခွါခဲ့ရာ (၂၄) စခန်းနှင့် မုတ္တမမြို့ ကျေးကင်းရွာသို့ ရောက်တော်မူလည်၊ ထိုစခန်းတွင် နတ်ရွာစံတော်မူသည်။

ခမည်းတော် ဘဝရှင်အလောင်းမင်းတရားကြီး နတ်ရွာစံတော်မူကြောင်း အလျှောက်အထား ရှိသဖြင့် သားတော်အကြီး ဦးလှောက်ခေါ် သခင်ကြီး ဒိဗဲယင်းမင်းကြီး မဟာသိရိ သုဓမ္မာရာဇာဘွဲ့ခံ အိမ်ရှေ့စံသည် သက္ကရာဇ် (၁၁၂၂) ခု နယုန်လပြည့်ကျော် (၉) ရက် နံနက် ရတနာသိင်္ဃ ရွှေနန်းတော်ကို တက်သိမ်း စိုးစံတော်မူသည်။

ဦးလှောက်ခေါ် ဒိဗဲယင်း မင်းကြီးသည် (၁၀၉၆) ခု ဖွားမြင်တော်မူ၍ သက္ကရာဇ် (၁၁၂၅) ခုနှစ် နတ်ရွာ စံတော်မူသည်၊ အိမ်နိမ့် (၂၅) နှစ်နှင့် (၁၀) လ စည်းစိမ် (၃) နှစ်နှင့် (၆) လ သက်တော် (၂၉) နှစ်နှင့် (၄) လ နတ်ရွာစံတော်မူသည်။

နောင်တော် ဒိဗဲယင်းမင်းကြီး နတ်ရွာ စံတော် မူလေလျှင် ညီတော် ဦးရွှခေါ် သခင်လတ် မြေဒူးမင်း သိရိဓမ္မရာဇာသည် သက္ကရာဇ် (၁၁၂၅)ခု နတ်တော် လပြည့်ကျော် (၁၀)ရက်နေ့ နောင်တော်၏ အရိပ်အရာ ရွှေထီးရွှေနန်းကို သိမ်းမြန်းစိုးစံတော်မူသည်၊ ဦးရွှခေါ် မြေဒူးမင်းကြီးသည် သက္ကရာဇ် (၁၀၉၈)ခု ဖွားမြင်တော်မူ၍ သက္ကရာဇ် (၁၁၃၇) ခုနှစ်တွင် နတ်ရွာစံတော်မူသည်၊ အိမ်နိမ့်(၂၇)နှစ်နှင့်(၄)လ စည်းစိမ်(၁၂)နှစ်နှင့်(၆)လ သက်တော်(၃၉)နှစ်နှင့် (၁၀)လ နတ်ရွာစံတော်မူသည်။

ခမည်းတော် နတ်ရွာစံကြောင်း အလျှောက်အထားရှိသဖြင့် သားတော် စဉ့်ကူးမင်း မင်းရဲလှသည် သက္ကရာဇ် (၁၁၃၈)ခု နယုန် လပြည့်ကျော် (၁၀)ရက် ခမည်းတော်၏ အရိုက်အရာ ရွှေထီးရွှေနန်းကို သိမ်းမြန်း စိုးစံတော်မူသည်၊ ဘထွေးတော် ပဒုံမင်းကို စာကျေးမြို့ရွာနှင့် အခြွေအရံတို့ကို ထုတ်နှုတ်ရုပ်သိမ်းလျက် စစ်ကိုင်းမှာ နေစေသည်၊ ဘထွေးတော် ပင်းတလဲမင်းကို ရွာသစ်ကြီးမှာ နေစေသည်၊ ထို့အတူ ဘထွေးတော် ပခန်းမင်းကိုလည်း ပင်းယမြို့မှာ နေစေသည်၊ ဘထွေးတော်အမြင့်မင်းကို

မသင့်သောအကြံကို ကြံသည်ဟု ဆိုကာ ကွပ်မျက် လိုက်သည်၊ ဘကြီးတော်ဒိဝဲယင်းမင်းကြီး၏သား မောင်မောင်ကိုလည်း သမန်းဖောင်းကားရွာသို့ ပို့ထားသည်၊ စဥ့်ကူးမင်းသည် မင်းကျင့်တရားမရှိ မူးယစ်သောက်စား အပျော်များလှ၏၊ ခမည်းတော်လက်ထက် ပညာရှိ မှူးမတ်တို့ကို ဖြုတ်ထုတ်ပယ်ရှားလျက် မိမိနှင့်သောက်ဖော်သောက်ဘက် ပညာမရှိ ကဗိလက္ခဏာ တစက်မျှမပါသော သူရာသေသောက်တို့ကို မှူးမတ်အရာ မြှောက်စား ပေးအပ်တော်မူ၏၊ ရွှေနန်းတော်မှာ တိုင်းရေးပြည်ရေး သာသနာတော်အရေးနှင့် ဆွေးနွေးတိုင်ပင် ညီလာခံဝင်ခြင်းမရှိ၊ ပညာမရှိသော မှူးမတ်တို့အား တိုင်းပြည်ကိုအပ်ထားလျက် သက္ကရာဇ်(၁၁၄၃)ခုနှစ် ပင်းယရွှေစည်းခုံ ဘုရားမြှောက်ကွင် စံနန်းတော်နှင့် စံတော်မူသည်။

ထိုအခါ မင်းကောရာဇ်သည် မူးယစ်သောက်စား အပျော်များသဖြင့် သတိလွတ်ကင်းသည် များလှ၏၊ မင်းကောရာဇ်နှင့်တကွ အံကစားခြင်း ကြက်တိုက် ဖားလိုက် ငါးဖမ်းခြင်းနှင့်သာ နေ့ညဥ့်မသိ ရှိကြလေ၏၊ တနေ့သော် စံနန်းတော်မှ အညာသီဟတောဘုရားရှင်အား အဖူးအမျှော် မယ်တော် နှမတော် မင်းမိဖုရားအပေါင်းတို့နှင့် ထွက်တော်မူသည်၊ ထိုအခါ သမန်းဖောင်းကားရွာသို့ ပို့ထားသော ဘကြီးတော်သား ဖောင်းကားစားမောင်မောင် သိလေလျှင် စဥ့်ကူးမင်းသည် မူးယစ် သောက်စားအပျော်များလျက် နေ့ညဥ့်မသိ နန်းတော်ဝင်လေဟန် ညဥ့်အခါ ရုပ်ဖျောက် နောက်လိုက်အနည်းငယ်နှင့် တံခါးမှူးတို့ကို လည်ဆယ်လျက် နန်းတော်သို့ ဝင်လေသော် နန်းရင်ပြင် ရာဇပလ္လင်အရောက် မှူးမတ်တို့ကိုဆင့်ခေါ်ရာ မှူးမတ်တို့လည်း မင်းကောရာဇ်သောက်စား မူးယစ်သဖြင့် ညဥ့်အချိန်မတော် ဆင့်ခေါ်သည် အထင်နှင့် အခစား ဝင်ကြရာတွင် အားလုံးသော မှူးမတ်တို့ကို မှောင်ရိပ်ကသာ ခစားစေသည်၊ ထိုအခါ တံခါးမှူးတို့ကို မိမိတို့လူကိုသာ အစောင့် အနေ ထားလေသည်၊ မင်းကောရာဇ်၏ အိမ်တော်ပါ ဇေတဝန်ဆောင်တော်မြဲ မဲစလီစာသည် အထောင့်

ကျကျ မှောင်ရိပ်က ကြည့်လိုက်ရာ မင်းကေရာဇ်မဟုတ်၊ ဖောင်းကားစားမောင်မောင်ဖြစ်နေသည်ကို တပ်အပ်သေချာသိရသဖြင့် နန်းတော်မှ ရပ်ဖျောက်ထွက်ခဲ့ပြီးလျှင် မင်းကေရာဇ်ရှိရာ ငါးပတ်ချောင်းသို့ရောက်၍ မြို့မှာရန်သူဝင်လျက် နန်းတော်သို့ ရောက်နေသဖြင့် မြို့သူမြို့သား သောသောရုတ်ရုတ် အုတ်အုတ်ကျက်ကျက်ဖြစ်နေကြောင်း လျှောက်တင်လေသော် မင်းကေရာဇ်သည် ဝန်ကြီးအတွင်းဝန် ဗိုလ်မှူးတပ်မှူးတို့ကို ခေါ်တော်မူ၍ အဝမြို့တော်သို့ဝင်နိုင်ရန် ကြံစည်တော်မူခိုက် ဖောင်းကားစားမောင်မောင်သည် ဘထွေးတော်ပဒုံမင်း, ပုခန်းမင်း, ပင်းတလဲမင်း, စည်သာမင်းတို့ကို ပရိယာယ်နှင့်ခေါ်လျက် အတွင်းတော်မှာ ချုပ်ထားသည်။

မဟာဓမ္မရာဇာဓိ ရာဇာဘွဲ့ခံ စဉ့်ကူး မင်းသည် သက္ကရာဇ်(၁၁၁၈)ခု ကဆုန်လဆန်း (၁၅)ရက် တနင်္လာနေ့ဖွားသည်၊ သက္ကရာဇ်(၁၁၃၈)ခု နယုန်လပြည့်ကျော် (၉)ရက် မင်းအဖြစ်သို့ရောက်သည်၊ (၅)နှစ် မင်းအဖြစ်ဖြင့် စံတော်မူ၍ သက်တော်(၂၅)နှစ်နှင့် (၉)လ နန်းကချလျက် ကွပ်မျက်ခံရကာ နတ်ရွာစံတော်မူသည်။

ထိုအခါ တူတော်မောင် မင်းနှစ်ပါးတို့ ရတနာပူရ အဝမြို့ရွှေနန်းကို သူပိုင်ကိုယ်ပိုင် စစ်ဗျူဟာခင်းလျက် အချင်းများနေခိုက် တူတော် ဖောင်းကားစားမင်းက အဝမြို့တော်သို့ ဆင့်ခေါ်လျက် အကျယ်ချုပ်ထားသောအခါ ရွှေရေးဆောင်ကျောင်းတိုက်ကြီး၏ ဒါယကာ ဖြစ်လတ္တံ့သော ဦးဝိုင်းခေါ် ပဒုံမင်း၏ သားတော်သခင်ကြီးတင်လျှောက်သည်မှာ ခမည်းတော်ဘုရား ယခုမင်းနှစ်ပါးတို့သည် တိုင်းပြည်အတွင်း လူရှင်ရဟန်းတို့၏ ကြီးစွာသော ဘေးဒုက္ခဆိုးကြီး ဖြစ်မည်ကိုမမြင် မိမိတို့၏လိုအင်ဆန္ဒ နန်းရမှုကိုသာကြည့်ရှုလျက် သူ့ဘက်ကိုယ်ဘက် သူ့လူကိုယ့်လူ အုပ်စုဖွဲ့၍ စစ်ပွဲကြီးဖြစ်ဘို့ရန် ကြံစည်၍ နေကြပါပြီ၊ ဤစစ်ပွဲကြီးကို ခမည်းတော်မှတပါး မည်သူအားမျှ တားဆီးတော်မူနိုင်မည်မဟုတ်ပါ၊ ခမည်းတော်သာ ဘုန်းလက်ရုံး အာဏာနှင့် တိုင်းနေပြည်သူ လူရှင်ရဟန်းတို့၏အကျိုး ဆွေတော်မျိုးတော်တို့၏ အကျိုးစီးပွားကို

မျှော်ခေါ် ထောက်ထားတော်မူပါ၊ ဘိုးတော် အလောင်းမင်းတရားကြီးဘုရား မှာထားတော်မူခဲ့သောစကားသည် ငါမရှိသည့်နောက် ငါ့သားတော်တို့သည် လက်ညှိုးတိုရှည်ကဲ့သို့ ကျင့်ရစ်ကြရမည်ဟု အမှာထားရှိဘူးကြောင်း ခမည်းတော်ဘုရား အမိန့်ရှိဘူးသည်တကြောင်း, ခမည်းတော် နောင်တော်တို့၏ ပညာရှိကဝိအကျော် လွှတ်တော်ဝန် အဟွင်းဝန် မှူးတော် မတ်တော်ဗိုလ်မှူးတပ်မှူးအစရှိသောသူတို့သည် ခမည်းတော်ဘုရား၏ မျက်နှာတော်ကို ဖူးမျှော်လိုက်ရပါက ရှေးကပင် ကြည်ညို လေးစားကြသော သူ့ချား ဖြစ်ကြသည် တကြောင်း ဉာတိဗလအားနှင့်ပြည့်စုံတော်မူသောကြောင့် လက်သုံးတော်ဒါးကို ပြလိုက်ပါက မှချဒူးတုပ်လျက် ဦးညွှတ်ကြမည့်သူများ ဖြစ်ပါသည်၊ ယခုအခါကြံစည်တော်မူပါက ကေန်အောင်မြင်တော်မူပါမည်၊ သားတော်တို့လည်း ခမည်းတော်ဘုရား ထားရာကနေလျက် အသက်ကိုငဲ့ကွက်ခြင်းမရှိ အမှုတော်ကို ရွတ်ရွတ်ချွန်ချွန် ဦးလည်မသုန်ထမ်းရွက်ပါမည်အကြောင်း သံတော်ဦး တင်လေသော်....

မင်းတို့မည်သည် အကုသိုလ်တိုးပွားလျက် ငရဲသာ များချေသည်၊ အကုသိုလ်ဝန်ထုပ်ကိုထမ်းလျက် သံသရာလမ်းကို မသွားလိုသဖြင့် ပေးကျွေးသမျှနှင့် တင်းတိမ်ရောင့်ရဲနေစဉ် သားတော်သခင်ကြီး တင်လျှောက်သော စကားများသည် စရိယသုံးပါးတို့တွင် လောကတ္ထစရိယ ဉာတတ္ထစရိယနှင့် အပြည့်အဝ ကိုက်ညီသောစကားများ ဖြစ်လေသည်၊ ဘုရားဆုပန် မင်းယောကျ်ားမှန်က ကေန်ကျင့်ထိုက်သောအခါသို့ ကျရောက်လေပြီဟု သတိပြုတော်မူပြီးလျှင် ညီတော်များကိုခေါ်၍ တော်မှတော် တိုင်ပင်တော်မူမည်ဟု အခေါ်စေလွှတ်ရာ ညီတော်သုံးယောက် အစုံအညီရောက်ကြသောအခါ သားတော်သခင်ကြီး တင်လျှောက်သောစကားများကို အမိန့်တော်ရှိလျက် သင့်မသင့် တော်မတော်ရှေ့နောက် ထောက်မျှော်၍ သံတော်ဦးတင်စေဟု အမိန့်တော်ရှိလိုက်ရာ ညီတော်ပင်းတလဲမြို့စား လျှောက်တင်သည်မှာ ယခုနောင်တော်ဘုရားနှင့်တကွ သားတော်ညီတော်များသည် မင်းညီ

မင်းသားရပ်မဝိ အကျယ်ချုပ်နှင့်နေရသောတရားခံကဲ့သို့ နေကြရပါပြီ၊ နောက်ထပ်တဖန် အလိုတော်မရှိပြန်သော် အသက်ကိုပင်စိုးရိမ်ရန်အကြောင်းရှိပါသည်၊ သားတော်သခင်ကြီး တင်လျှောက်သော စကားများသည် အလွန် အမျှော်အမြင်ကြီးကြီးနှင့် တင်လျှောက်သော စကားများဖြစ်သောကြောင့် အလျင်အမြန် လုပ်ကြံတော်မူပါမည့်အကြောင်း လျှောက်တင်လေလျှင် ညီတော်စည်သာမင်းသားမှစ၍ ရဲဘော် လက်သုံးတော်တို့ကလည်း သားတော်ညီတော်တို့ လျှောက်ထားသောအရေးသည် အလွန်သင့်မြတ်သောအရေးဖြစ်ပါသည်၊ လျင်လျင်မြန်မြန် လုပ်ကြံတော်မူပါ၊ အိမ်တော်ပါ လက်သုံးတော် ရဲဘော်တို့လည်း ကာယဗလ ဉာဏဗလနှင့် အားရှိသမျှ သက်စွန့်ကြိုးပမ်း အမှုတော်ကိုထမ်းပါမည့်အကြောင်း စုပေါင်းလျှောက်တင်ကြလျှင် ညီတော်သားတော်တို့တင်လျှောက်သော စကားကို ကြိုက်ညီတော်မူသဖြင့် (ရှေးရေးဆောင်တိုက်ကြီး၏ ဒါယကာတော်ဖြစ်လတ္တံ့သော) ဦးမိုင်းခေါ်ဘထွေးတော် ပဒုံမင်းသားသည် ဤယခုအရေးသည် စစ်ဆင်စစ်တက်နှင့်စစ်ပျူဟာဖက်ရမည့်အရေးမဟုတ်၊ ငါကိုယ်တော်တိုင်လွှတ်ရုံးသို့ထွက်၍ စီးတော်မူမည်။

ယခုအခါ မြို့သူမြို့သားတို့သည် စစ်နှစ်ဘက်ကြောင့် စိတ်နှလုံးမငြိမ်မသက် ရတက်မအေး ဖြစ်နေသည်ကို စီးတော် မြင်းနှင့်ကိုယ်တော်တိုင် ထွက်တော်မူလျက် လိပ်ပြာသွင်းတော်မူမည်ဟု ညီတော်သားတော်ရဲမက်တော်တို့အား အမိန့်တော်ရှိပြီး အိမ်တော်သို့ ပြန်တော်မူသည်၊ အိမ်တော်သို့ရောက်လျှင် စားတော် ဆန်ဖွတ်ရာတွင် သီတင်းသုံးနေသော စည်သာသူမြတ်ကိုပင့်၍ စစ်ထွက်ရန်အချိန်တော်ကို တောင်းလေလျှင် ယခုအခါ တကာတော်၏ ဇာတာ၌ မွေးနံ လဂ်စန်းတို့အပေါ် အစီးအနင်းမရှိ ပကတိစင်ကြယ်ကောင်းမြတ်လှပေ၏၊ ယနေ့သည် အလွန်စုတ်ကြိုက်သောနေ့ဖြစ်သည်၊ ယနေ့နှစ်ချက်တီးအချိန် ထွက်တော်မူရန် အခါတော်အလွန်ကောင်းကြောင်း အခါပေးလေသော် သားတော် ညီတော်တို့ကိုခေါ်စေ၍ တိုင်ပင်တော်မူသည်မှာ သားတော် ညီတော်တို့

ယနေ့သည် ကောင်းမြတ်သော အခါတော်နေ့ဖြစ်သည်၊ ရွှေနန်းတော်ကိုစီးရန် စီမံခန့်ခွဲတော်မူမည်၊ အမိန့်တော်အတိုင်း အဆုတ်အဆိုင်းမရှိ လိုက်နာကြစေဟု အမိန့်တော်ရှိပြီးလျှင် စီမံခန့်ခွဲတော်မူသည်မှာ–

ညီတော် ပင်းတလဲမင်းသား စည်သာမင်းသားတို့မှာ အိမ်တော်ပါရဲဘော်ရင်းတို့နှင့် နန်းမြို့တော်မြောက်ကလှည့်၍ ရွှေလွှတ်ရုံးတော်သို့ ရောက်စေရမည်၊ ငါကိုယ်တော်မြတ်မှာ သားတော်သုံးပါးနှင့် လက်သုံးတော် ရဲဘော်ရင်း နှစ်ကျိပ်ခကျော်တို့နှင့် နန်းမြို့တော်လှည့်၍ အရှေ့ရွှေးခတော်ယူတံခါးက ဝင်တော်မူမည်ဟု အစီအစဉ်ပြုလုပ်ပြီးနောက် မင်္ဂလာအိမ်တော်ပါ စီးတော်မြင်းကိုကကြိုးတင်လျက် ခပ်ပြင်းပြင်းနှင်တော်မူ၍ မြို့တော်ကိုပတ်လျက် ကိုယ်တော်မြတ် နန်းသိမ်းတော် မူမည့်အကြောင်း မြို့သူ မြို့သားတို့အား လိပ်ပြာသွင်းတော်မူသည်၊ သက္ကရာဇ်(၁၁၄၃)ခု တပို့တွဲလပြည့်ကျော် (၁၄)ရက်နေ့ အခါတော်နီးလျှင် စံအိမ်တော်ဝန်းအရှေ့က ထွက်တော်မူ၍ နန်းမြို့တော်တောင်ဘက် လမ်းမတော်ကိုလှည့်၍ ချီတော်မူသည်၊ ရွှေရုံးတော်သို့ရောက်လျှင် အခါတော်မကျရောက်သေးသဖြင့် အခါတော် ကျရောက်အောင် ဆိုင်းလင့်တော်မူသည်၊ ညီတော်နှစ်ပါးတို့သည် စည်းကြပ်ခန့်ထားတော်မူသည့်အတိုင်း နန်းမြို့တော်မြို့ကပတ်လျက် လက်သုံးတော် ရဲဘော်တို့နှင့် ရွှေရုံးတော်သို့ အစုံအညီ ဆိုက်ရောက်ကြ လေသော်အခါတော် ကျရောက်လျှင် မင်းကြီးမင်းခေါင်ကျော်၏ ရွှေရုံးတော်သို့ လုံ့နှင့်လွှတ်လိုက်ရာ မြို့ဝန်နေမျိုးဇေယျဂါမဏိ ရုံတော်ကဆင်း၍ ဦးညွှတ်ဒူးတုပ်လျက် အမူးတော်ကို ထမ်းရွက်ပါမည့်အကြောင်း လျှောက်တင်လေ၏။

မြို့ဝန် ခမည်းတော် လက်ထက်က သစ္စာတော်ကိုခံယူခဲ့သည့်အတိုင်း ငါ၏လက်ထက် လွှတ်တော်ရွှေရုံးကနေ၍ ရာဇဝတ်တော်စသည်များကို ကင်းဝေး လုံခြုံအောင် ထိန်းသိမ်း ရမည်ဟု အမိန့်တော် ရှိပြီးလျှင် ရွှေးတော်ယူ တံခါးက ဝင်တော်မူရာ လွှတ်တော်ရွှေသို့ရောက်လျှင် အတွင်းနန်းတော်တံခါး ဖိတ်ထား

သဖြင့် ရွှေတင်းကုပ်တွင် ထုံးခတ်လျက်ချိထားသော ဆင်တော်မိတောက်ကံ၏ ဦးစီး မောင်ချမ်းသာအား လက်သုံးတော်ဒါးကို ပြတော်မူလျှင် ဦးညွတ်ဒူးတုပ် လက်အုပ်ချီလျက် ဆင်တော်မိတောက်ကံကိုတက်ပြီးလျှင် ချွန်ဖွင့်၍ တံခါးနီသို့ အပြင်းလွှတ်လိုက်ရာ တံခါးတထပ်ပွင့်လျှင် အတွင်းတံခါးမပွင့်၍ရဲမက်တော်တို့ ခတ်အဲအဲဖြစ်နေစဉ် အတွင်းတော် ကြေးတိုက်၌ ချုပ်ထားသော အကြီးတော် ဇောတသိန်သည် တပ်မတော်အောင်လံနှင့် အသံကို ကြားရသဖြင့် သိနှင့်နေပြီးဖြစ်၍ အချုပ်မှထွက်ပြီး တံခါးနီကို ဖွင့်ပေးလိုက်ရာ....

ရဲမက်တော်တို့အားလုံးဝင်မိလျှင် နန်းတော်တွင်း အစောင့်အနေချထားသောအမြောက်သေနတ်အမှုထမ်းတို့သည် အကြောင်းထူးချေပြီဟု သိကြသောအခါ အတွင်းဝန် နေမျိုးကျော်ထင် ဦးစီးအုပ်ချုပ်လျက် အမြောက်သေနတ်တို့ဖြင့် ပစ်ခတ်ရာ ရဲမက်တော်တို့ အကြောက်အရွံ့မရှိ မြေနန်းတော်၏ အရှေ့ အနောက်တောင်မြောက်ဝန်းရံလို့ အားထုတ်စဉ် အမြောက်မှူး ကာပရယ်အား လက်သုံးတော်ဒါးကို ပြလိုက်သောအခါ ဦးညွတ်ဒူးတုပ်လေ၏။

ထိုအခါ မြေနန်းတော်အရှေ့ မင်းတက်လှေခါးက တက်တော်မူလျှင် နန်းတော်စောင့် အမြောက်သေနတ်မှူးတို့သည် မြေနန်းတော်ကိုကျော်၍ ထွက်ကြလေသည်၊ ထိုအခါ နောက်တော်ပါ ရဲမက်တို့ကို နန်းတော်၏ ဝဲယာ ပတ်ဝန်းကျင်၌ အစောင့်အနေ အခိုင်အမာ ချထားပြီးလျှင် နန်းတော်ထက်၌ မင်းပြုလုပ်သူ ဖောင်း ကား စား မောင်မောင်ကို ဖမ်းစေ၍ ထုံးစံနှင့် အညီ စီရင်တော်မူသည်။

ဘကြီး တော် သား ဖောင်း ကား စား မောင် မောင် သည် သက္ကရာဇ်(၁၁၂၅)ခု သီတင်းကျွတ်လဆန်း(၆)ရက်ကြာသပတေးနေ့ ဖွားမြင်သည်၊ အသက်(၁၈)နှစ်နှင့် (၄)လတွင် မင်းဖြစ်၍ စည်းစိမ်(၇)ရက်တွင် ကွပ်မျက်ခြင်းခံရလျက် နတ်ရွာစံသည်။

ဇမ္ဗူသယ ၅၃၀-၄

ဘုန်းလက်ရုံး အာဏာနှင့် ပညာကိုအားမကိုး၊ သူခိုးသူဂုက် ညဏ်ဖြင့် အင်းဝရွှေနန်းကို(၇)ရက်သာစံရသော ဖောင်းကားစား မောင်မောင်ရန်ကို အလွယ်နှင့် အောင်တော်မူပြီးနောက် ရွှေရေး ဆောင်ကျောင်းတိုက်ကြီး၏ ဒါယကာခံယူလတ္တံ့သော ဦးဝိုင်း ခေါ် သီရိသုဓမ္မရာဇာဘွဲ့ခံ ပဒုံမင်းသားကြီးသည် သက္ကရာဇ် (၁၁၄၃)ခု တပို့တွဲလပြည့်ကျော် (၁၄)ရက်နေ့ ခမည်းတော် နောင်တော်တို့၏ အဝရွှေနန်းနှင့်တကွ တိုင်းခရိုင် နိုင်ငံတော်ကို စိုးမိုးအုပ်ချုပ်တော်မူလျက် သီရိပဝေသနမင်္ဂလာမဟာဘိသိက်ကို ခံယူတော်မူသည်။

အထက် အညာက တူတော်မောင် စဉ့်ကူးမင်းကိုလည်း မြို့လတ်ဝန်ကင်းဝန်တို့နှင့် သတိုးသီဟသူတို့သည် စဉ့်ကူးမင်းနှင့် တကွ မယ်တော်နှမတော်တို့ကို သိမ်းယူဆက်သတော်မူ၍ ရောက် လာရာ စဉ့်ကူးမင်းနှင့်တကွ နန်းမတော်မိဖုရားခေါင်ကြီး(၄)ပါး အခြွေအရံတို့ကို အပြစ်အားလျော်စွာ ထုံးစံနှင့်အညီ စီရင်တော် မူသည်။

အုပ်ချုပ်ရေးစီမံခန့်ခွဲတော်မူခန်း

ခမည်းတော်နောင်တော်တို့၏ အရိုက်အရာ ရွှေထီးရွှေနန်းနှင့် တကွ တိုင်းခရိုင်နိုင်ငံတော်ကို စိုးမိုးအုပ်ချုပ်တော်မူရန် စီစဉ်တော် မူသည်မှာ တရားရေးဌာန ကာကွယ်ရေးဌာန ဘဏ္ဍာရေးဌာန တို့၌ ခမည်းတော် နောင်တော်တို့၏ လက်ထက်က ပညာရှိ ကဝိအကျော် သစ္စာတော်ခံအများတို့ကို အဂ္ဂမဟာသေနာပတိဝန် ရှင်တော် မင်းကြီး လွှတ်တော် ဝန်ကြီး ဝန်ထောက် စာရေး မြို့တော်ဝန် မှူးတော်မတ်တော် ဗိုလ်မှူးတပ်မှူး စစ်သည်သူရဲကောင်း တို့ကို ခန့်အပ်တော်မူခြင်း အတိုင်ပင်ခံ မှူးမတ်ပညာရှိ ပုဏ္ဏားတော် သူဌေး သူကြွယ်မှစ၍ တိုင်းကြီး ပြည်ကြီးတို့၏ လက္ခဏာနှင့် အိမ်တော်ပါ လက်သုံးတော် သူရဲကောင်းတို့အား ဆုတော် လာဘ်တော်ပေးခြင်း အဝေးအနီးရှိ ကမ္ဘောဇတိုင်း ရက္ခပူရတိုင်း မဏိပူရတိုင်း တနင်္သာရီတိုင်းမှစ၍ တိုင်းခရိုင် ပြည်နယ်အပေါင်း

တို့ကို အကြီးအကဲ အအုပ်အချုပ် မြို့စားရွာစားပေး၍ ခန့်အပ်ထားသောသူတို့ကို ခေါ်တော်မူ၍၎င်း စေလွှတ်၍၎င်း သစ္စာတော်ကိုခံစေခြင်း မိဖုရား သားတော် သမီးတော် မှူးတော်မတ်တော် ဗိုလ်မှူး တပ်မှူး မြို့တော်ဝန်မှစ၍ အမှုတော်ကို သစ္စာရှိရှိ သက်စွန့်ကြိုးပမ်း ထမ်းရွက်ကြသော ရဲမက်တော်တို့အား ရာထူးဌာနန္တရအလိုက် ဆုတော်လာဘ်တော် အဝတ်တန်ဆာ အဆောင်အယောင်တို့ကို ဂုဏ်နှင့်လိုက်အောင် ချီးမြှောက် ပေးသနားတော်မူခြင်းစသော ထီးဖြူဆောင်းခြင်း မင်းတကာတို့၏ ရှေးထုံးတန်္တိနှင့်အညီ အမိန့်တော်မြတ် ချမှတ်တော်မူသည်။

## မင်းသားဘဝ အိမ်တော်ရာ၌ စေတီတည်ခြင်း

တကူးလဆန်း (၇) ရက် ဗုဒ္ဓဟူးနေ့ စစ်ကိုင်းမြို့ ထူပါရုံဘုရားအနောက်တောင်ယွန်း မင်းသားဘဝက စံနေတော်မူသည့် စံအိမ်တော်နေရာတွင် စေတီတော်တည်ရာ ဌာပနာတော် မူသည်မှာ ရွှေငွေ ကျပ်ချိန်များစွာ ကျောက်သံပတ္တမြား ရတနာတို့ကို ရုပ်ပွားဆင်းတု ကျုပ်ဖလား ပန်းခိုင်ပန်းပွတ် စသည်တို့ကို ပြုလုပ်၍၎င်း၊ ခမည်းတော် မယ်တော်တို့၏ ပုံတူ ရွှေရုပ်ထုတို့ကို၎င်း ၁၃-ရပ်သော ဌာပနာတိုက်တို့၌ သွင်းစေ၍ ခိုင်မာစွာ ပိတ်ပြီးလျှင် စေတီတော်ကို ခယသီး ထီးတော်အရောက် ပြီးမြောက်အောင် တည်စေတော်မူသည်။

## ဂုဏ်ထူးဘွဲ့ထူးနှင့် ဆုတော်ငွေ ပေးခြင်း လှူဒါန်းခြင်းအကြောင်း

သက္ကရာဇ် (၁၁၄၄) ခုနှစ် ကဆုန်လဆန်း (၄) ရ[illegible] တနင်းလာနေ့၌ ငါကိုယ်တော်မြတ်၏ အမှုတော်ကို သစ္စာရှိရှိ သက်စွန့်ကြိုးပမ်း အမှုတော်ကို ထမ်းကြမည့် သူတို့အား ပညာနှင့်အရည်အချင်းအလိုက် ရာထူးဌာနန္တရနှင့်တကွ ဂုဏ်ထူး ဘွဲ့ထူး အဆောင်အယောင် မြို့စား ရွာစား နယ်စားများ ပေးအပ်ခတော်မူခြင်း၊ နယုန်လ၌ သုဓမ္မာ ဇရပ်တော်တွင် တံဆိပ်တော် ရ-မရ ဆရာတော်တို့အား စည်းဝေးစေလျက် စာချောက်မေးပွဲသဘင်

ဆင်ယင်ကျင်းပတော်မူခြင်း၊ ညီတော် သားတော် သမီးတော် အဆောင်ရ မိဖုရားကြီးတို့အား မြို့စား ရွာစား နယ်စား ပေးတော်မူခြင်း၊ အဆောင်အယောင် ဒရဝတ်တန်ဆာတို့ကို ပေးတော်မူခြင်း၊ တိုင်းပြည်အုပ်ချုပ် မင်းပြုလုပ်သော သူတို့၏ တွေ့ကြုံရမြဲဖြစ်သော အတွင်းရန်အပြင်ရန် သူပုန်သကန်တို့ကိုလည်း ရာဇမဏ္ဍနှင့်အညီ အကြွင်းအကျန်မရှိ အပြီးအပိုင် အောင်မြင်သည်အထိ နှိပ်နင်းတော်မူသည်။

ရွှေရေးဆောင် ကျောင်းတိုက်ကြီး၏ ဒါယကာခံယူလတ္တံ့သော ဘဝရှင် မင်းတရားကြီးသည် သက္ကရာဇ် (၁၁၄၄) ခုနှစ် တန်ဆောင်မုန်းလဆန်း (၃) ရက်နေ့မှ စ၍ (၇) ရက် တိုင်တိုင် အရိယာသံဃာတော် (၅၀၀၀) တို့ကို နန်းတော်သို့ ပင့်ပြီးလျှင် သံဃာတော်တပါးကို ဘိစိဝရိတ် သက်န်းတစုံကျစီကို ကိုယ်တော်တိုင် လက်တော်နှင့်ကိုင်၍ လှူဒါန်းတော်မူသည်။

## မြို့တော်သစ်နန်းသစ် တည်ခြင်းအကြောင်း

ထိုအခါ ဘဝရှင် မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်မှာ ငါမင်းအဖြစ်သို့ ရောက်တော်မူလျှင် ထီးဖောင်းကာမှာ အရပ်မြို့သစ် ပြောင်း၍ တည်ထောင်တော်မူမည် ကြံရည်တော်မူရင်း ရှိသည်ဖြစ်၍ မြို့ရာချင်းနင်း ကြည့်ရမည် အမိန့်တော် ရှိပြီးလျှင် ဝန်ကြီးဝန်ထောက်တို့ကို ထီးဖောင်းကာ အရပ်သို့ စေလွှတ်၍ ချင်းနင်းကြည့်ရှုတိုင်းတာစေရမည် အမိန့်တော်ရှိရာ တောင်သမန်အင်းစောင်း မြောက်ဘက်မြေအပြင် ရှေးအစဉ်က ပက်ပါဟု ခေါ်ဝေါ်ကြ၍ ထိုမြေအပြင်သည် စက်ပုန်းတောင်ကဲ့သို့ သာယာသောမြေအပြင်လည်းဖြစ် ထီးဖောင်းကာ ရွာကြီး၏ နယ်နိမိတ် အတွင်းလည်းဖြစ်သည်၊ ထိုမြေနေရာကို ဝန်ကြီး ဝန်ထောက် တို့သည် စတုရန်းနယ်လေးရပ် သတ်မှတ်ပြီးလျှင် အလျား အနံ အကျယ် အဝန်းရှိ မြေအရပ်ကို တောင်တာထိုးလျက် အကွက်ရိုက်ပြီးလျှင် ရွှေနန်းတော်နေရာ ဗဟိုရိစင် စွယ်တော်စင် လွှတ်ရုံးတော်နေရာ စသည့်တို့ကို မြေပုံတော် ရေးဆွဲ၍ ဆက်သွင်းတော် မူသည်တွင်

ဘဝရှင် မင်းတရားကြီး အမိန့်ရှိသည်မှာ ဤပက်ပါ မြေအပြင် ထီးဖေါင်းကာ ရွာကြီးဝိုင်မြေသည့် တောင်သမန် တောင်ကျည် တောင်ပြုန်း တောင်မြင် ဘီလူး လေးဦးတို့ စောင့်သော မြေအရပ်၌ မင်းနေပြည်ဖြစ်လတ္တံ့ဟု မြတ်စွာဘုရား ဗျာဒိတ်စကား ကြားတော်မူခဲ့ခြင်း၊ ဟံသာဝတီ ဆင်ဖြူရှင်လက်ထက် ဤ ထီး ပေါင်းကာ အရပ်တွင် မြို့ပြရွှေနန်း တည်လိမ့်မည်ဟု ရခိုင်ဆရာ အသက် (၈၀) အရွယ် ပုဏ္ဏားတော်ပညာရှိ ဥဂ္ဂါစောကြီး တင် လျှောက်သောအခါ ဟံသာဝတီရောက် ဆင်ဖြူရှင်က မေးရာ အရှင်လက်ထက်တော်တွင် မဖြစ်ပါ၊ နောင် နှစ်ပေါင်း တစ်ရာ ကျော် နှစ်ရာလွန်မှ နန်းမြို့တော် ပြောင်းကိန်း တည်ကိန်း ကြုံ သည်ဟု လျှောက်ထားသောစကား ရှိခဲ့သည်ဟု ငါကိုယ်တော်မြတ် မှတ်သားဘူးသည့် တကြောင်း ရှေးသိုက်ဟောင်း စာပေတို့၌ အောက်ပါ သိုက်စာတို့ကို တွေ့ရပေသည်။

## သိုက်စာ

(၁) ထီးပေါင်းကာတောင်၊ ညောင်ပင်ကြီးရင်း၊ တစ်ရာနင်း သည်၊ ဆောင်းတွင်း နှင်းဝေဝေ။

(၂) နွေသို့လည်းရောက်၊ နန်းသစ်ဆောက်၊ နှစ်ယောက် မင်း များနောင်။

(၃) တောင်သမန်တောင်ကျည်၊ နန်းလည်း ခြောက်ဆောင် ဆောက်လတ္တံ့။

(၄) ဘိုးတော်တောင်ပါ၊ ပက်ပါနာက စ၍ မြို့ကြီးတည် လတ္တံ့။

(၅) တောင်လေးလုံးကြီး၊ ရွှေစည်တီးသည်၊ ပြည်ကြီးအလို ဖြစ်လတ္တံ့။

(၆) ထီးပေါင်းကာကြီး၊ ထီးလည်း မှိုလိုပေါက်လတ္တံ့။

(၇) ရခိုင်စိုးခြင်း၊ အနောက်မင်းလည်း ရောက်လတ္တံ့။

(၈) ဘုရားကြီးစွာ မဟာမုနိ ရောက်လတ္တံ့။

(၉) တရုပ်ကုလား၊ နှစ်ပြည်သားလည်း၊ ဝင်စားမည်–

ဟု ရှေးသိုက် စာဟောင်းများကိုလည်း ငါကြားတော်မူဘူးသည်၊ ဘုရားဗျာဒိတ် သိုက်စာတပေါင်တို့နှင့်လည်း တချက်တည်းညီညွတ်သည်။

ယခု မြို့တော် နန်းတော်တည်မည့် ထီးပေါင်းကာအရပ်လည်း တောင်သမန် တောင်ကြီး တောင်ပြုး တောင်မြင့်ဟူသော တောင်လေးမည်လည်း ဝန်းရံသည်၊ မြို့တော် လက်ျာဘက် တောင်သမန်အင်း ဒုဋ္ဌာဝတီမြစ် လက်ဝဲဘက်က တက်သေးအင်း၊ အရှေ့ဘက်က အောင်ပင်လယ်ကန် ကြုဝန်းဆည်၊ အနောက်ဘက်က ဧရာဝတီမြစ် ခြံရံသော ဌာဝရဌာန မြို့နန်းတည်ရာ မြေမြတ် မှန်ပေသည်ဟု အမိန့်ဒတော်ရှိပြီးလျှင် ဝန်ကြီး မဟာစည်သူ ဝန်ကြီး နေမျိုးဇေယျဂါမဏိတို့ကို ငွေစင်ဝိသာ (၃၀၀၀) ကျပ် ပေးအပ်တော်မူ၍ ပညာရှိ ပုုဏ္ဏားမတ် ပလိပ်စား ငဖျော် မြစ်ချေရွာစား စည်တပြစ်ကြီး ပညာရှိ ပုဏ္ဏားတော် အကျော်အမော် ပိဿုကာ လက်သမား ကံ့ကျွး လူလိုသလောက် ပေးအပ်တော်မူ၍ သက္ကရာဇ် (၁၁၄၄) ခုနှစ် တန်ဆောင်မုန်းလဆန်း (၅)ရက် တနင်္ဂနွေနေ့ နံနက် နေဝန်းပေါ်လျှင် နန်းမြို့တည်ရာ ထီးပေါင်းကာအရပ်သို့ အမိန့်တော်မြတ်ကို ခံယူ၍ သွားစေသည်၊ ရွှေတော်မှ ထွက်ခဲ့ပြီးနောက် (ထီးပေါင်းကာတောင် ညောင်ပင်ကြီးရင်း တပ်ရာ နင်းသည် ဆောင်းတွင်း နှင်းဝေဝေ) ဟူသော သိုက်ဓာတ်နိမိတ်နှင့် အညီ ထီးပေါင်းကာ ညောင်ပင်ကြီးအောက်တွင် အစုံအညီ အစည်းအဝေး ထိုင်ကြပြီးလျှင် မြို့တော် နန်းတော် ကျုံးမြို့ရိုး ပြအိုးမှ စ၍ အားလုံး ရပ်လုံးပေါ်အထိ ပြီးဆုံးသည် တိုင်အောင် အသေးစိပ် ပုံစံ ရေးဆွဲကြပြီးလျှင် (ရွှေနန်းစဉ် စာတမ်းအရ) ဆောက်လုပ်စေရာ သက္ကရာဇ် (၁၁၄၅) ခုနှစ် နယုန်လဆန်း (၅) ရက်တနင်္လာနေ့ အလုပ်အဆောင် အလုံးစုံ ပြီး ပြေ ကြောင်း လျှောက်တင်ကြလေလျှင်–

မှတ်ချက်။ ။မြို့တည်နန်းတည်ရာ မြို့သိမ်းနန်းသိမ်း သက်န်းတော်ခေါ် သိကြားရေစင်ခံ ရာဇာဘိသေကခံ ထီးဆောင်းမင်္ဂလာ ဦးကင်းတော်ဘွင့် လွှတ်တော်သိမ်း ဗြဲတိုက်တော်သိမ်း

အစီအရင်တို့မှာ ရွှေနန်းစဉ်စာတမ်း၌ ရှိပြီးဖြစ်၍ အကျယ်မရေးပါ၊ အလိုရှိပါက ရွှေနန်းစဉ် စာတမ်းကို ကြည့်ပါလေ။

## ရတနာပူရအဝမြို့မှ အမရပူရမြို့သို့ ပြောင်းစံတော်မူခန်း

သက္ကရာဇ်(၁၁၄၅)ခုနှစ် နယုန်လဆန်း(၁၂)ရက် တနင်းလာနေ့၌ တိုးရပ်လုံး ရွှေဖောင်တော်တွင် ပိဋကတ်တော် တို့ကို ရွှေကလပ်တွင် တင်ပြီးလျှင် ဂုဏာဘိအနန္တဓဇမဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ မင်းအိုဆရာတော်, ဂုဏမုနိန္ဒာဓိပတိပဝရသာမိမဟာဓမ္မရာဇာဓိရာဇဂုရုတံဆိပ်တော်ရ မန်လည် ဆရာဘော်, နရိန္ဒာဘိသိရိဓဇမဟာဓမ္မရာဇာဓိ ရာဇဂုရု တံဆိပ်တော်ရ ဆံတားဆရာတော်, ဉာဏဓဇမ္ဗူဒိပ အနန္တဓဇ မဟာဓမ္မရာဇာဓိရာဇဂုရုတံဆိပ်တော်ရ မင်းရွာဆရာတော်, ဆရာတော်ကြီးလေးပါးတို့ကိုပိဋကတ်တော်တင် ရွှေဖောင်တော်တွင် ပိဋကတ်တို့ကို ကြပ်မတ်၍လိုက်တော်မူကြရသည်။

ဘဝရှင်မင်းတရားကြီးမှာ ကရဝိက်ငှက် ပတ္တမြားမျက်ရှင်ကိုဂုံ၍ ပုံ့ဟန် ဘုံ (၁၁)ဆင့်ရှိသော ရွှေပြာသာဒ်တော်တင် ရွှေဖောင်တော်ကြီးဝယ် ထီးဖြူတော် ကနက္ကဒဏ် ဖြန့်မိုးလျက် အရှင်မိဖုရားခေါင်ကြီးနှင့်တကွ မင်းမိဖုရား သားတော် မြေးတော် ဆွေတော် မျိုးတော် မှူးတော် မတ်တော် ဗိုလ်မှူးတပ်မှူး စစ်သည်သူရဲအပေါင်း ခြံရံပြီးလျှင် ရွှေဖောင်တော် ရွှေလှေတော် ဆင်လုံး မြင်းယာဉ်တို့ဖြင့် စစ်အင်္ဂါလေးပါး ခင်းကျင်းလျက် ရတနာပူရအဝမြို့တော်ကြီးမှ အမရပူရမြို့တော်သို့ ပြောင်းချီတော်မူသည်။

## မြို့တော်နန်းတော်သိမ်းခန်း

အမရပူရရွှေမြို့တော်သို့ ရောက်သောအခါ မြို့တော်အနောက်ဓာတ်နန်းတွင် စံတော်မူ၍ နယုန်လဆန်း(၁၃)ရက် အင်္ဂါနေ့၌ (ရွှေနန်းစဉ် စာတမ်းပါ နန်းမြို့တော်သိမ်းပုံ အစီအစဉ်အတိုင်း တက်သိမ်းတော်မူသည်)။ ထိုနေ့၌ ရွှေမြို့တော်ကို အမရပူရ

နန်းမြို့တော်ကိုမြနန်းဘုံစံ ရွှေနန်းတော်ကို အောင်နန်းစံရာမြို့တော် လေးမျက်နှာ တံခါး(၁၂)ချပ်တို့ကိုဦးနှိမ်သိမ်းစည်စသော အမည် အမျိုးမျိုးပေးတော်မူ၍ မှော်ကွန်းစိုက်တော်မူသည်။

နယုန်လပြည့်ကျော်(၈)ရက် သောကြာနေ့တွင် ရွှေရေးဆောင် ကျောင်းတိုက်ကြီး၏ ဒါယကာခံယူလတ္တံ့ဖြစ်သော ဦးဝိုင်းခေါ် ပဒုံမင်းတရားကြီးသည် ထီးဆောင်မင်္ဂလာ မဟာဦးကင်းသ ဖွင့်တော်မူလျက် သိရိပဝရတိလောက ပဏ္ဍိတ မဟာဓမ္မရာဇာ ဟူသော ဘွဲ့ပုံတော်တံဆိပ်နာမံကို ခံတော်မူသည်၊ အရှင်မိဖုရား ခေါင်ကြီးကိုလည်း သိရိပဝရမင်္ဂလာရတနာဒေဝိဟူသော ပုံတော် တံဆိပ်နာမံတော်ကို ခံစေသည်၊ နန်းဆောင်ရ မိဖုရားသမီးတော် မင်းကိုယ်လုပ်တော် မောင်းမမိဿံ အပေါင်းတို့ကိုလည်း အဆင့် အတန်းအလိုက် ဘွဲ့အမည်ပေးတော်မူခြင်း, အဂ္ဂမဟာသက်တော် ရှည် အမတ်ကြီး ပညာရှိ လွှတ်တော်ဝန်ကြီး, မှူးမတ်ပညာရှိ ပုဏ္ဏားတော် ပညာရှိအစရှိသော သူတို့အားလည်း အရည်အချင်း အလိုက် အမည်နာမ ဘွဲ့အဆောင် အယောင်တို့ကို ပေးတော် မူသည်။

ဒုတိယ ဝါဆိုလဆန်း(၂)ရက် တနင်းလာနေ့ ရွှေနန်းတော် မြောက် အိမ်တော်ရာတွင် လက်ထပ်မင်္ဂလာအိမ်တော်ဆောက်လုပ် စေ၍ ဒုတိယဝါဆိုလဆန်း(၁၂)ရက် ကြာသပတေးနေ့ ကောင်း မြတ်သော အခါတော်တွင် ဘိသိက်ခံ အရှင်မိဖုရားခေါင်ကြီး၏ သမီးတော် တောင်တွင်းကြီးမြို့စား သိရိမဟာတိလောကရတနာ ဒေဝိမင်းသမီးနှင့် အဘိသိက်ခံ မြောက်နန်းတော် မိဖုရားကြီး၏ သားတော်ကြီး ရတနာ ရွှေတောင်မင်း သတိုး ဓမ္မရာဇာတို့ မောင်တော် နှမတော်နှစ်ပါးကို ဥတ္တာမုက္ခ သကျသာကီဝင် အနွယ်တော်မပျက် ရည်ညွှန်းလက်ထပ်တော်မူ၍ အိမ်ရှေ့နှင်းတော် မူသည်၊ ရွှေ ငွေ ကျောက်သံပတ္တမြားရတနာ ဆင်ရတနာ မြင်း ရတနာ စားတော်ကွမ်းရေကိုင်မှစ၍ အိမ်ရှေ့မင်း အိမ်ရှေ့မိဖုရား တို့၏ အစီးအနင်း အဆောင်အရွက်တို့ကိုလည်း ပေးသနားတော် မူသည်။

## အမရပူရရွှေမြို့တော်၌မုဒ္ဒါဘိသေကဘိသိက် ခံယူတော်မူခြင်း

အမရပူရ ရွှေမြို့တော်သို့ ပြောင်းရွှေ့ စံတော်မူပြီးနောက် သက္ကရာဇ် (၁၁၄၆)ခုနှစ် နယုန်လဆန်း(၁၅)ရက် ဗုဒ္ဓဟူးနေ့သို့ အဝင် ညဥ့်သုံးချက်တီးကျော်အချိန်တွင် မုဒ္ဒါဘိသေကဘိသိက်ကို ခံယူတော်မူသည်၊ နယုန်လပြည့်ကျော် (၁)ရက် ကြာသပတေး နေ့တွင်''သီရိပဝရဝိဇယာနန္တယသ တြိဘဝနာဒိတျာဓိပတိ ပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ'' ဟူသော ဘွဲ့ပုံတော်တံဆိပ်နာမံတော်ကို ခံယူတော်မူသည်၊ အရှင်မိဖုရားခေါင်ကြီးကိုလည်း သီရိပဝရမဟာ ရာဇိန္ဒာမင်္ဂလာ ရတနာဒေဝီဟူသော ပုံတော် ဘွဲ့တံဆိပ်နာမံကို ခံယူစေတော်မူသည်၊ သားတော် အိမ်ရှေ့မင်းကိုလည်း သီရိမဟာ ဓမ္မာဘိဇယသီဟသူရဟူသော ဘွဲ့တံဆိပ်နာမံကိုခံစေတော်မူသည်၊ အိမ်ရှေ့မိဖုရားကိုလည်း သီရိတိလောကမဟာဘဏ္ဍာ သုရတနာ ဒေဝီဟူသော ဘွဲ့တံဆိပ်နာမံကို ခံယူစေတော်မူ၍ အိမ်ရှေ့မင်း အိမ်ရှေ့မိဖုရားတို့၏ အိမ်တော်၌ စံနေတော်မူစေလျက် အိမ်ရှေ့ဝန် အိမ်ရှေ့မင်း အစီးအနင်း အဆောင်အရွက်တို့ကို ပေးတော်မူသည်။

### မဟာမုနိပတ်ဝန်းကျင်ရှိကောင်းမှု ကုသိုလ်တော်များအကြောင်း

ဤမျှလောက် လူ့ပြည် လောက၌ လူတို့၏ သမုတိနတ် လူမင်းမြတ် ဖြစ်တော်မူသော ဘုရားဆုပန် ဘဝရှင် ဘိုးတော် ပဒုံမင်းတရားကြီးနှင့်တကွ နန်းမတော်ဆောင်ရ နန်းနေမိဖုရား သားတော် သမီးတော် မှူးမတ်ပညာရှိ သေနာပတိ စသော သူတို့သည် ပါရမီဒဗ္ဗမြတ်ဒါနသည် နိဗ္ဗာန်ဘုံရောက် အထောက် အကူဖြစ်စေသောအား စိတ်ဝယ်ထားလျက် သိမ်ကျောင်းစေတီ ပုထိုး ဇရပ် တန်ဆောင်း ကျောင်းစသော ပစ္စယာနုဂ္ဂဟဖြင့် မြတ်စွာဘုရားသာသနာတော်ကို ပူဇော်ချီးမြှောက်ကြသည့်တို့တွင် သက္ကရာဇ် (၁၁၅၂)ခုနှစ် ဝါဆိုလ ရွှေမြို့တော်မြောက် တာ တထောင်ကျော်ကွာ မဟာမုနိရုပ်ရှင်တော် မဟာရံတတိုင်းအပြင် လက်ယာဘက် တာလေးဆယ်ခန့် အကွာတွင် ဘဝရှင် မင်း

တရားကြီးကောင်းမှု ကျောင်းတော်ကြီးသည် ကျောင်းမစမြင်းနှင့် တကွ တိုင်ပေါင်း (၄၄၂)တိုင် မိုးတားထံတိုင်း နှစ်ထပ်နှင့် ဆောက်လုပ်ပြီးပြေသော ရွှေကျောင်းတော်ကြီးကို သက္ကရာဇ် (၁၁၅၃)ခုနှစ် ဘပေါင်းလဆန်း (၁၄)ရက် စနေနေ့ ကျောင်း တိုက်ကို အာသောကာရာမ, တိုက်ကျောင်းတော်ကို ရတနာ ဘုံကျော်သမိုက်တော်မူပြီးလျှင် တံဆိပ်ရ- မရ ဆရာတော်တို့အား ပင့်ဘိတ်လျက် ပရိက္ခရာရှစ်ပါးနှင့် ရဟန်းတို့၏ အသုံးအဆောင် တို့ကို များစွာ ပေးလှူတော်မူ၍ မောင်းထောင် ဆရာတော် ညာဏာဘိဝံသ ဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရုအား တင်လှူ တော်မူသည်၊ နတ်တော်လဆန်း(၁၅)ရက် တနင်္ဂနွေနေ့ မဟာမုနိ ရုပ်ရှင်တော်မြတ် အရှေ့တောင်ယွန်းတွင် ယင်းတော်မိဖုရားက ဆောက်လုပ်သည့် သိမ်ပြာသာဒ် (ယခုအာနန္ဒာဟူ၍ရှင်း သိန္နီကြီး ဟူ၍ရှင်း ခေါ်ကြသည်)ကို ကိုယ်တော်တိုင် ရေစက်သွန်းချ လှူဒါန်းတော်မူသည်။

သက္ကရာဇ် (၁၁၅၃) ခုနှစ် ပြာသိုလ်လဆန်း (၉)ရက်နေ့ တရုတ်မြို့စား မိဖုရားက ဆောက်လုပ်သည့် မဟာမုနိဘုရားဦး ရွှေဇရပ်အလုပ်အဆောင်ပြီးပြေသည်ကို ကိုယ်တော်တိုင် ရေစက် သွန်းချ လှူဒါန်းတော်မူသည်၊ ပြာသိုလ်လဆန်း (၁၀)ရက်နေ့ မဟာမုနိဘုရား အရှေ့တွင် မြောက်နန်းမတော် မိဖုဘုရားက ဆောက်လုပ်သည့် လေးထပ် ဇေတဝန် ရွှေကျောင်းတော် လုပ် ဆောင်ပြီးပြေသည်ကို မင်္ဂလာဘုံကျော် ကမ္ပည်းစိုက်တော်မူ၍ ညောင်ကန်ဆရာတော် ကဝိန္ဒာဘိဓမ္မဓရဓဇ မဟာဓမ္မရာဇဂုရုအား ကိုယ်တော်တိုင် ရေစက်သွန်းချ တင်လှူတော်မူသည်။

ပြာသိုလ်လဆန်း (၁၁)ရက်နေ့ မဟာမုနိဘုရားရှင် အရှေ့ မြောက်ယွန်းတွင် ကိုယ်တော်မြတ်ကောင်းမှု ကျောင်းဦးပြာသာဒ် နှစ်ဆောင်နှင့် တကွ လေးထပ် ဇေတဝန် ရွှေကျောင်းတော် လုပ်ဆောင်ပြီးပြေသည်ကို ဗိမာန်ဘုံကျော် ကမ္ပည်းစိုက်တော်မူ ပြီးလျှင် ချောင်းကောက်ဆရာတော် အရှင်သာဂရဓဇအား ကိုယ် တော်တိုင် ရေစက်သွန်းချတင်လှူတော်မူသည်။

ပြာသိုလ်လဆန်း(၁၁)ရက်နေ့ မဟာမုနိဘုရားရှင် အနောက်မြောက်ယွန်းတွင် (ခေတ်သုံးခေတ်တွင် ပဥ္စမခေတ်၌ပါဝင်သော) တောင်ရွှေရေးဆောင် မိဖုရားက ဆောက်လုပ်သည့် သုံးထပ်ဇေတဝန်ရွှေကျောင်းတော် ဆောက်လုပ်ပြီးပြေသည်ကို "ဝေယံစံလွတ်"ကမ္ဗည်းစိုက်တော်မူ၍ ရှင်ဩဘာသမ္ဘ ဆရာတော်အား ကိုယ်တော်ကိုင် ရေစက်သွန်းချ တင်လျှာတော်မူသည်။

ဆင်ဖြူများသခင် အသျှင် ဘဝရှင်မင်းတရားကြီးသည် သက္ကရာဇ် (၁၁၀၆) ခု တန်ခူးလပြည့်ကျော် (၆) ရက် တနင်းလာနေ့ ဖွားမြင်တော်မူသည့် သက်တော် (၃၇) နှစ် သက္ကရာဇ် (၁၁၄၃) ခု တပို့တွဲ လပြည့်ကျော် (၁၄) ရက် တနင်းလာနေ့တွင် ရတနာပူရ အင်းဝ ရွှေနန်းတော်ကို တက်သိမ်း စိုးစံတော်မူ၍ မင်းပြုလုပ်တော်မူသည်။

မင်းစည်းစိမ်တော် ရတနာပူရ အင်းဝရွှေနန်းတွင် (၁) နှစ်နှင့် (၄) လ အမရ ပူရ ရွှေနန်းတော်တွင် (၃၆) နှစ် နှစ်ရပ်ပေါင်း (၃၇) နှစ်နှင့် (၄) လ သာသနာတော်မြတ်၏ အကျိုးစီးပွား ကိုယ်တော်မြတ်၏ အကျိုးစီးပွား သားတော် မြေးတော် မြစ်တော်တို့၏ အကျိုးစီးပွား တိုင်းမနုပြည်သူ လူထုသတ္တဝါတို့၏ အကျိုးစီးပွားတို့ကို ဆောင်ရွက်တော်မူ၍ အိမ်နိမ့် (၃၆) နှစ်နှင့် (၁၀) လ၊ ရွှေနန်းစည်းစိမ် (၃၇) နှစ်နှင့် (၄) လ သက်တော် (၇၄) နှစ်နှင့် (၂) လသော် လူ့ပြည်ငြီး၍ နတ်ထီးနိုလ့်ုံတော်မူသည်။

မှတ်ချက်။ ။ဤစာစောင်တွင် မပါဝင်သော ဘဝရှင် မင်းတရားကြီး၏ ကောင်းမှုတော် မဟာမုနိ ရုပ်ရှင်တော်မြတ်၏ ပတ်ဝန်းကျင်ရှိ ကုသိုလ်တော် သိမ်ကျောင်း စေတီတန်း ဇရပ် တန်ဆောင်းများကို နောင်လာလူအများ လေ့စားသမှု အတူပြုကြစေလိုသော စိတ်အစဉ်ဖြင့် တစိတ်တဒေသ မျှသော ကုသိုလ်တော်များကို တင်ပြလိုက်ပါသည်။

ဘိုးတော် ဦးဝိုင်းခေါ် ပဒုံမင်းတရားကြီးနှင့် တောင်ရွှေရေးဆောင် မိဖုရားကြီးတို့၏ ပစ္စယာနုဂ္ဂဟ အလှူတော်ကို ခံယူတော်

မှုလျက် ရွှေရေးဆောင်တိုက်ကြီး၏ ပရိယတ္တိဂုဏ်ရောင် ထွန်းပြောင် တောက်ပစေခဲ့သော-

## အရှင်သြဘာသမ္မ၏ အဋ္ဌုပ္ပတ္တိအကျဉ်း

သက္ကရာဇ် (၁၁၀၇) ခု ဗန်းချီတိုက် အပါအဝင် ဆံတားရွာတွင် သဒ္ဒါ-သီလ-သုတ စသော သူတော်ကောင်းဥစ္စာ ခုနစ်ဖြာနှင့် မင်းအဆက်ဆက် တိုက်သူကြီး ရိုးရာမပျက် အမှုတော်ကို ကျိုးနွံစွာ ထမ်းဆောင်လျက် ရာဇသတ် ဓမ္မသတ်နှင့်အညီ စီရင်ဆုံးမ လမ်းကြောင်းပြ၍ မျှတစွာ နေထိုင်သော ဆံတားဆရာတော်၏ အစ်ကိုတော်ရင်း ဦးမော် ဒေါ်လေးတို့မှ ကောဇာသက္ကရာဇ် (၁၁၀၇) ခုနှစ်ဖွား တတိယမြောက်သား အရှင်သြဘာသမ္မ အမည်ရသည့် ဓမ္မရာဇ်မင်းမြတ်တို့၏ အပူဇော်ကို ခံထိုက်တော်မူသော သတို့သား ရတနာသည် ဝါဆိုလဆန်း (၁၄) ရက် တနင်္ဂနွေနေ့ နံနက်နေဝန်းထွက်ပေါ်ချိန်၌ မီးရှူသန့်စင် ဖွားမြင်လေသည်။

ဖွားမြင်မည့်နေ့ နံနက် အရုဏ်တက်အချိန်ဝယ် ကောင်းကင်လယ်မှ ရဟန်းသင်္ကန်း ဝါဝင်းသော အရာတခု ပျံသန်း၍ သွားသည်ကို အိပ်မက်အသွင် တွေ့မြင်လိုက်ရသည်ဟု စိတ်၌ အလွန်ကြည်လင်ပြီးနောက် သားရတနာကို ကောင်းစွာ ဖွားမြင်ခြင်းသို့ ရောက်သည်ကို အမိဒေါ်လေးသည် အလွန် ဝမ်းမြောက်လျက် အိပ်မက်အရ ငါ၏ သားရတနာသည် ကေန် မြတ်စွာဘုရား၏ သားတော်စစ် ရဟန်းဖြစ်ရမည်၊ ငါလည်း ရဟန်းမယ်တော်ဟု နိမိတ်ကောက်လျက် သားချစ်ရတနာကို မှက်ခြင်စသည်တို့ မကိုက်ရအောင် စောင့်ရှောက်ထိန်းသိမ်း၍ နို့ချိုတိုက်ကျွေး မွေးမြူပြီးလျှင် သတို့သား ဖွားမြင်၍ (၃) ရက်မြောက် ရောက်သောအခါ ဘိုးဘွားမိဘတို့အား ဤကား မောင်၏အဘိုး, ဤကား မောင်၏ အဘွား, ဤကား မောင်၏ အမိ, ဤကား မောင်၏အဖစသည်ဖြင့် မျက်နှာပြသရခြင်း တည်းဟူသော နန္ဒိမုခဒဿန မင်္ဂလာ စသော လောကီမင်္ဂလာ (၁၃) ပါးတို့ကို ထုံးစံနှင့် အညီ ပြုလုပ်ကြလေသည်။

မန္ဒဒသက (၁၁)နှစ်အရွယ် ငယ်သေးသဖြင့်. ခိဍ္ဍာဒသက (၁၂)နှစ်အရွယ်သို့ ရောက်သောအခါ ရွာဦးကျောင်း အရှင်ပညာသာမိအထံသို့ အပ်နှံကြလေရာ ကျောင်းထိုင် ဆရာတော်သည် ကလေးတို့၏သင်ရိုးအစ နမောဗုဒ္ဓါယ-က ဆိုသောအတိုင်း နမောဗုဒ္ဓါယ,ကစ၍ သင်ပုန်းကြီး မင်္ဂလသုတ်စသောပရိတ်ကြီး(၁၁)သုတ် အောင်ခြင်း(၈)ပါး နမက္ကာရ လောကနီတိစသော ကလေးတို့၏ သင်္ချိုးစာတို့ကို ဉာဏ်ပညာပဋိဘာန် ရင့်သန်သော ကလေးဖြစ်သဖြင့် (၂)နှစ်မျှ သင်လိုက်ရာ ကလေးတို့၏ သင်ရိုးစာပေသည် ကုန်လေသော် ရွာဦးကျောင်းဆရာတော်၏အထံ၌ပင် မိဘနှစ်ပါးတို့က သားတို့၌ပြုအပ်သော လောကီမင်္ဂလာ ဝတ္တရားတို့နှင့်အညီ ပဗ္ဗဇ္ဇမင်္ဂလာ သာမဏေဘောင်ရောက် မြတ်စွာဘုရား သာသနာတော်သို့ သွတ်သွင်းချီးမြှောက်ပြီးလျှင် ရတနာပူရ အဝမြို့တော်၌ နေ့လအသွင် ထင်ရှားသော ဘလေးတော်ဆရာတော်ထံ အပ်နှံပြန်ရာ ဆရာတော်၏ ဝတ်ကြီး ဝတ်ငယ်တို့ကို မလစ်လပ်ရအောင် ဆောင်ရွက်နေသော သာမဏေကို ဘလေးတော်ကကြည့်လျက် ဤသာမဏေသည် သာသနာ့သားကောင်းတယောက် ထိပ်ထိပ်ကြဲဖြစ်လောက်သည့် ရုပ်ဆင်းအင်္ဂါလက္ခဏာနှင့်တကွ ဥပဓိသမ္ပတ္တိနှင့် ပြည့်စုံသည်ကို တွေ့မြင်ရသဖြင့် သာသနာတော်၏ တည်တန့်မှု အုဋ္ဌမြစ် တချပ် အနေဖြင့် မိမိကိုယ်တိုင်ပင် သာမဏေအဖြစ်မှ ဥပသမ္ပဒအဖြစ်သို့ရောက်အောင် ချီးမြှောက်တော်မူပြီးလျှင် ပါဠိ အဋ္ဌကထာ ဋီကာစသော သင်ရိုးကျမ်းဂန်တို့ကို ကိုယ်တော်တိုင် ပို့ချပေးရာ ပဥ္စင်းငယ်၏ ပညာဉာဏ်ပါရမီဓာတ်ခံ ရင့်သန်မှုကြောင့် ပုဒ်ပါဌ်အက္ခရာ သဒ္ဒါအနက် ထွက်တက် စုဒ် စောဒနာ ဝါကျတ္ထနယ ဝိနိစ္ဆယတ္ထနယ အဖြာဖြာတို့ကို ဒေသနာတော် နက်နဲသလောက် ခက်ခက်ခဲခဲ ဝက်ဝက်ကွဲအောင် ပို့သဆုံးဖြတ်နိုင်စွမ်းသော "အရှင်ဩဘာသ" ပဥ္စင်းငယ်သည် ဆုံတားဆရာတော်ကြီးအား ဘဝရှင်မင်းတရားကြီးက ရွှေနန်းတော်တွင်းသို့ ပင့်ဘိတ်သောအခါ အရှင်ဩဘာသမွေအား နောက်တော်မှ ပစ္ဆာသမဏအဖြစ် အခေါ်များသဖြင့် မင်းမိဖုရားနှစ်ပါးတို့နှင့် အတွေ့အမြင်

များခြင်း ရံဖန်ရံခါ ဆရာတော်ကြီးသည် ရှင်ဩဘာသမ္မန်၏ ပရိယတ္တိမဇ္ဈဂုဏ်သတင်းကို ချီးမွမ်းသောစကားကို မပြောကြားတော် မူခြင်းတို့ကြောင့် မင်းမိဖုရား နှစ်ပါးတို့သည် ရွှေရေးဆောင် ကျောင်းတိုက်ကြီးကို ရေစက်သွန်းချလျက် တင်လှူ အပူဇော်ကို ခံတော်မူရသည်။

မှတ်ချက်။ ။ဤရွှေရေးဆောင်မိဖုရားကြီး စုတိကမ္မဇရုပ် ချုပ်ပြီး နောက် မိဖုရားကြီးပုံ ကျောက်ရုပ်ထုတခုကို မန္တလေး တက္ကသိုလ် မြန်မာစာ လက်ထောက် ကထိက မောင် မောင်တင် သုတေသနပြု၍ မြဝတီမဂ္ဂဇင်း (၁၉၅၆)ခုနှစ် စက်တင်ဘာလထုတ်၌ ဆောင်းပါးအဖြစ် ပါလာသည်ကို ဖတ်ရှုရသဖြင့် ဆောင်းပါးအတိုင်းဖော်ပြလိုက်ပါသည်။

သုတေသနအတွက် ရာဇဝင်မဟာသုတနှင့် ရှေးဟောင်း ပစ္စည်း များ ရှာမှီးရန် (၁၃၁၇)ခု ကဆုန်လပြည့်ကျော် (၈)ရက်နေ့က မန္တလေးမြို့ မဟာမုနိဘုရား အနောက်စောင်းတန်းမြောက်ဘက် ရွှေရေးဆောင်ကျောင်းတိုက်ကြီးသို့ ရောက်သွားပေသည်၊ ထိုအခါ ရွှေရေးဆောင် မိဖုရားအကြောင်း ထုတ်ဖော်ခွင့် ပေါ်ပေါက် လာပါတော့သည်၊ ရွှေရေးဆောင်ကျောင်းကြီး အကြောင်းအရာ များကို တိုက်အုပ်ဆရာတော်သည် မိမိမှတ်သားမိသမျှ ပြောပြ လေသည်၊ ပြောပြချက်များကို မှတ်သားခဲ့ပြီးနောက် ကျောင်း အုဌ်တိုက်ကြီးကို လှည့်ပတ်ကာ ခေတ်ပုံရိုက်ကူးစဉ် ကျောင်းနေ သံဃာ ဦးပဥ္စင်းတပါး၏ ဘိတ်ခေါ်ပြောပြချက်အရ ကျောင်း တော်ကြီး၏ ဒါယိကာမ ရွှေရေးဆောင်မိဖုရားကြီး၏ ကျောက်ရုပ် ထုကို တွေ့ရလေသည်။

အဆိုပါ မိဖုရား၏ ကျောက်သားရုပ်ထုသည် ကျောင်းဝန်း အတွင်း မန်ကျည်းပင်ကြီးတပင်၏ခြေရင်း ပျဉ်တိုပျဉ်စအဟောင်း ပုံကြီးအကြား၌ တိမ်မြုပ်နေလေသည်၊ ကိုရင်ကြီးတပါး၏ အကူ အညီဖြင့် ဆွဲထုတ် ယူရလေတော့သည်၊ ကျောက်သားစကျင် ကျောက်သားဖြစ်၍ ခိုင်မာလေသည်၊ ရုပ်လုံးပုံပန်း ပျက်စီး

ချွတ်ယွင်းခြင်း လုံးဝမရှိဘဲ ရွှံစေးမြေနီများက ကပ်ငြိနေခြင်းမှ တပါး တင့်တယ်သောရုပ်ထုဖြစ်ကြောင်း တွေ့ရပေသည်၊ ရွှံစေး မြေနီခြောက်များကို ပွတ်တိုက် သုတ်သင်ပြီး ဓာတ်ပုံ နှစ်မျိုး ရိုက်ကူးခဲ့ပေသည်။

ရုပ်ပုံတော်မှာ (၁၆)လက်မခန့်ရှိ၍ ဒူးပုဆစ်တုပ်ပျပ်ပြီး လက်နှစ်ဘက် ပန်းခက်ကဲ့သို့ယှက်ကာ ရှိခိုးနေဟန်ဖြစ်သည်၊ မျက်နှာတော်မှာ မျက်လွှာချလျက် ကျစ်လစ်တည်ကြည်စွာ သီလတရားနှင့် ပြည့်စုံကောင်းမွန် ငြိမ်သက်သော ဆင်းကြန်ရှိပေသည်၊ ဆံတော်မှာ ကောင်းခြင်းငါးဖြာနှင့် ညီညွတ်ပေသည်၊ နားနှစ်ဘက်နောက်တွင် ဖျာပါးဆံများ ကျဆင်းလျက် ကျောနောက်တွင် ရစ်ပတ်ထုံးဖွဲ့ကာ ခါးဆီသို့သွယ်၍ ညွှတ်ခကျဆင်းနေသော ဆံတော်ကို တွေ့နိုင်ပေသည်၊ နားနှစ်ဘက်တွင်လည်း ခြူးအုံ နားဒေါင်းကြီးများကို မြင်နိုင်ပေသည်၊ နှာတန်မှာ မြန်မာဟန်ပင် ပြားချပ်၍ မျက်လုံးများမှာ မျက်လွှာချထားသော်လည်း ခုံးမို့လျက်ရှိသည်၊ လက်နှစ်ဘက်တွင် လက်ကောက်ခပ်တုပ်တုပ် တဘက်တဆင် ဝတ်ဆင်လျက်ရှိသည်၊ လည်ပင်းတွင် လည်ကပ်လည်ဆွဲ တန်ဆာနှစ်ကုံး ဆင်မြန်းထားသည်၊ ဝတ်စားဆင်ယင်ပုံမှာ ကျော့ရှင်းလှပေသည်၊ အနိုတင် ခါးသာပိတ်လှပ် ပိတ်ပါးအင်္ကျီနှင့် ချပ်ချပ်ယပ်ယပ် ရှိလှသော ဗလာထမီကို ဝတ်ဆင်းထားပေသည်၊ ရင်၌ ရင်စည်းထားသည်ကိုလည်း တွေ့နိုင်ပေသည်၊ ဘေးရှုထောင့်မှ ကြည့်ရှုပါက မို့မောက်သောရင်အုံ ပြည့်ဖြိုးသော ကိုယ်လုံးကိုယ်ထည်ကို ဂရုပြုနိုင်ပေသည်၊ ဤသို့လျှင် ကျက်သရေနှင့် ပြည့်စုံသော ရုပ်ထုကို တွေ့ရှိရပေသည်။

ထိုရုပ်ပုံတော်မှာ ရွှေရေးဆောင်မိဖုရား၏ ရုပ်ပုံဟူ၍ သိရှိရပေသည်၊ သို့သော် ရာဇဝင် မော်ကွန်းစာများတွင် ဤသို့ကျောင်းတော် ဆောက်လုပ်ရာ၌ ရုပ်ပုံ ထားခဲ့သည်ဟု မတွေ့ရှိရချေ၊ အခြား ကျောင်းတော်ကြီးများ၌လည်း မိဖုရား၏ ရုပ်ပုံထု ထားခဲ့သည်ကို မတွေ့ရှိချေ။

(၁၉၄၂) ခုနှစ် မီးလောင် ကျန်ရှိသော ရွှေရေးဆောင်ကျောင်း အုဌ်တိုက်ပျက်ကြီးသည်ကား မင်းတုန်း သီပေါခေတ်ထင်ရှားသော ပြင်သစ်သံအရာရှိကြီး အတွင်းဝန် ဦးဖိ၏ ကုသိုလ်ကောင်းမှု ဖြစ်ပေသည်၊ ဦးဖိသည် မင်း တုန်း မင်းတရားကြီးလက်ထက်တော်၌ မြို့သစ်မြို့စား မင်းထင်သီဟသူဘွဲ့ဖြင့် သံတော်ဆင့်ကြီးအရာ ထမ်းရွက်ခဲ့၍ မန္တလေး ရတနာပုံ မြို့တည်စဉ်အခါက ကျွန်းလုံးယူ မိတ်တံခါးကို ကြီးကြပ်၍ ဆောက်လုပ်သူဖြစ်သည်၊ သီပေါမင်း လက်ထက်တော်၌ မင်းကြီး မင်းလှဇေယျသင်းကြန်ဘွဲ့ဖြင့် မြန်မာနိုင်ငံ အင်္ဂလိပ်မသိမ်းပိုက်မီ ပြင်သစ်နိုင်ငံသို့ သံကြီးအဖြစ် စေလွှတ်ခြင်း ခံရသူ" ဖြစ်ပေသည်၊ ရွှေရေးဆောင် ကျောင်းတိုက်ကြီး၏အတွင်း၌ အနောက်နိုင်ငံမှ အဆောက်အဦပုံကိုယူ၍ အတွင်းဝန် (အတွင်းသေနာပတိ) ဦးဖိ ဆောက်လုပ်သော ကျောင်းကြီးကို ယခုအခါ တွေ့ရှိနိုင်၍ ရှေးမူလ ရွှေရေးဆောင် ကျောင်းကြီးကား မည်သို့ရှိသည်ကို တွေးဆရလေသည်၊ ကျောင်း ဒါယိကာမ ရွှေရေးဆောင် မိဖုရားကြီးသည် အဘယ်ရွှေရေးဆောင် မိဖုရား ဖြစ်မည်ကို ရာဇဝင် စာပေမှတ်တမ်းများမှ ရှာဖွေ စိစစ် ကြည့်ရှုရပေတော့သည်။

မြန်မာ မဟာမင်္ဂလာ မင်းခမ်းတော်စာအုပ် စာမျက်နှာ (၁၀၇) တွင် တောင်ဆောင်တော် မိဖုရား သီရိမဟာ မင်္ဂလာဒေဝီမှာ မင်္ဂလာအိမ်တော် တောင်ရွှေရေးဆောင်နေ၍ ခနော့်မြို့ စလေမြို့များကို စားရသည်၊ မဟာမုနိ အနောက်စောင်းတန်း မြောက်ဘက်ဝေယန်စံလွှတ်ကျောင်း ဒါယိကာမ မယ်အောင် ဟူ၍ တွေ့ရလေသည်။

တွေ့ရှိရသော ကျောက်ရုပ်ထုသည် ရွှေရေးဆောင် မိဖုရားသီရိမဟာမင်္ဂလာဒေဝီ၏ ရုပ်ထု ဖြစ်မည်လောဟု တွေးတောဘွယ် ဖြစ်လေသည်၊ ရွှေရေးဆောင် မိဖုရားသည် အမရပူရမြို့တည်ဆဒ္ဒန်ဆင်မင်းသခင် ဗဒုံမင်းတရားကြီး၏ ကြင်ယာ မိဖုရားတပါးဖြစ်လေသည်၊မဟာမုနိအနောက်စောင်းတန်းမြောက်ဘက် ဝေယန်စံလွှတ်ကျောင်းကြီး ဆောက်လုပ် လှူဒါန်းကြောင်းကို မှတ်သားရ

ပေသည်၊ ရန်ကုန်မြို့ တက္ကသိုလ်ဝိဇ္ဇာကတ်တိုက်မှူး ဆရာဦးသိန်းဟန် ထံမှကူးယူခဲ့သော အမရပူရမြို့တော် နယ်မြေ ကျေးရွာပုံ ၌လည်း ရွှေရေးဆောင် ကျောင်းတိုက်ဟူ၍ ကမ္ဘည်းတပ် အမှတ်အသား များကို တွေ့ရှိရပေသည်။

ကုန်းဘောင်ဆက် မဟာ ရာဇဝင်တော်ကြီး တတိယ တွဲ၌ (၁၂၄၆)ခု တပေါင်းလဆန်း (၆)ရက်နေ့ ရွှေမြို့တော်အနောက် ပြင် ရွှေဘုန်းရှိန်အရပ် ပြည်လုံး အံလျှော့အမှုထမ်း ကြေမ်းအိမ် ကစ၍ မီးစွဲ ငြိလောင်ရာ အိမ်ခြေ(၂၀၀) ကျော်ခန့် မီးလောင်ပြီး မဟာမုနိ အနောက်စောင်းတန်းနှင့် ရွှေရေးဆောင် ကျောင်း တိုက်မှာ မီးသင့်လောင်လေသည် ဟူ၍ မှတ်သားရပေသည်၊ အတွင်းဝန် ဦးဖိုး၏ ကျောင်းမှာ (၁၂၄၆)ခု နောက်မှ ဆောက် ကြောင်း သိသာပေသည်။

ထိုရွှေရေးဆောင် မိဖုရားတွင် ဘိုးတော် ဗဒုံမင်းတရားကြီးနှင့် စုံဘက်၍ မြင်သော သားတော် သမီးတော်စာရင်းကိုလည်း မဟာ မင်္ဂလာ မင်းခမ်းတော်စာအုပ်၌ ဆက်လက်၍ တွေ့ရပေသည်၊ သားတော်ပုဂံမင်း သီဟသူရမဟာဓမ္မရာဇာမှာ (၁၁၃၀) ခု ဖွားမြင် ကွန်-လှိုင်-ပင်းတလဲမြို့များကို စားရသည်၊ နောင်တော် ဆင်ဖြူရှင် သမီးတော် ချောင်းဘွဲ့ခံ မင်းရွှေနန်းနှင့် စုံဘက်၍ ပုဂံ ပြည်ကြီးကို ဘုရင်ခံ ရာဇသံ ရွှေပေနှင့် အပ်နှင်းတော်မူသည်၊ (၁၁၇၆) ခုနှစ် လွန်တော်မူသည်၊ မောင်ပေ နှမတော် ယော မင်းသမီး သီရိဥပ္ပလာဝတီမှာ (၁၁၄၁) ခုဘွား သားတော် ပုသိမ်မင်းသားနှင့် စုံဘက်သည်၊ (၁၁၇၇) ခုနှစ် ကံကုန်သည်၊

မောင်တော် သံလျှင်မင်းသား သီရိသုဓမ္မမဟာရာဇာမှာ (၁၁၄၇) ခုဘွား ဘကြီးတော်လက်ထက် ရှုတ်ချ၍ ညောင်ရမ်း ဝန်ကြီးကို အပ်ထားသည်၊ (မောင်ဖိုးလှ) ညီတော် ကနောင် မင်းသား သီရိသုဓမ္မရာဇာမှာ (၁၁၄၉) ခုဘွား ခမည်းတော် ကွမ်းရာ မင်းသမီးနှင့် စုံဘက်တော်မူသည်၊ မောင်သာထွန်းအောင် ဟူ၍ တွေ့ရှိရသည်။

ထို့ကြောင့် တောင်ရွှေရေးဆောင် မိဖုရားကြီးတွင် သားတော် သုံးပါး သမီးတော် တပါး ဖွားမြင်လေသည်၊ မောင်တော် ဘိုးတော်မင်းတရားကြီးသည် မဟာမုနိ ဘုရားကျောင်း ရွှေပြာသာဒ်နှင့် ရွှေဇရပ်လေးဆောင် ဆောက်လုပ် လှူဒါန်းသည်၊ ထိုအခါ မိဖုရားခေါင်ကြီးသည် မဟာမုနိ ဘုရားအရှေ့ဘက်၌ အောင်မြေဘုံကျော်ကျောင်း ဆောက်၍ မြောက်နန်းမိဖုရား သီရိမဟာစန္ဒာဘိုရတနာဒေဝီသည် မင်္ဂလာဘုံကျော်ကျောင်း ဆောက်လုပ်လှူဒါန်းလေသည်၊ ယင်းတော်မိဖုရားသည် မဟာမုနိဘုရား အရှေ့တံတိုင်းနှင့်တကွ သိမ်ပြာသာဒ်ကြီး တည်ဆောက် လှူဒါန်းသည်၊ (ယခုအခါ သိမ်နှိုကြီးဘုရား အာနန္ဒာဘုရားဟူ၍ တွင်လေသည်)။ ထိုအချိန်အခါမှာပင် ရွှေရေးဆောင် မိဖုရားသည် မဟာမုနိဘုရား အနောက်စောင်းတန်း မြောက်ဘက်၌ ဝေယန်စံလွှတ်ကျောင်း ကမ္ဘည်းတပ်၍ ကျောင်းတော်ကြီး ဆောက်လုပ်လှူဒါန်းခဲ့ပေသည်၊ ယခု ရွှေရေးဆောင် ကျောင်းကြီး၏ အနောက်ဘက် လမ်းနှင့် အရပ်သည်လည်း ရှေး အမရပူရ ကောင်းစားစဉ်အခါမှစ၍ ယခုတိုင် ကျောက်ဆစ်တန်းဟူ၍ အမည်တွင်သည်၊ ကျောက်ဆစ် ပန်းပုသမားများ နေထိုင်ကြသည်၊ တွေ့ရှိရသော ကျောက်ရုပ်ထုမှာလည်း ယင်း ကျောက်ဆစ်သမားများ ထုလုပ်ပေးသော ရွှေရေးဆောင် မိဖုရား ကျောက်ရုပ်ထု ဖြစ်ဘွယ်ရာ ရှိပေသည်၊ မည်သို့ပင်ဆိုစေ ရှေးဟောင်း ဝတ်စားဆင်ယင်မှုကို သရုပ်ပြ၍ မြန်မာ အနုပညာ၏ တန်းဆောင်ဟု ဆိုအပ်သော ထိုကျောက်ရုပ်သည် တန်ဘိုးအနဂ္ဃရှိ၍ ထိန်းသိမ်းထားရန် သင့်သည် အလျောက် များမကြာမီ မန္တလေးတက္ကသိုလ် အနုပညာပြတိုက်သို့ ရွှေ့ပြောင်းပြီး ရာဇဝင် ဗဟုသုတ လိုက်စားသူများနှင့် အနုပညာသည်တို့ အတွက် သိမ်းဆည်း ထိန်းသိမ်းထားရန် ကြိုးပမ်းလျက် ရှိပေသတည်း။

(မောင်မောင်တင်)

## ကျောင်းတိုက်ကြီး မီးသင့်လောင်ခြင်း အကြောင်း

ဆိုခဲ့ပြီးသော ဘိုးတော် ဦးဝိုင်းခေါ် မဒုံဘဝရှင် မင်းတရားကြီးနှင့် မင်္ဂလာအိမ်တော်ပါ တောင်ဆောင်တော် ရွှေရေးဆောင် မိဖုရားကြီးတို့ ဆောက်လုပ်လှူဒါန်းသော ပဌမ သုံးထပ် ဇေတဝန် ရွှေကျောင်းတော်ကြီးသည် သက္ကရာဇ် (၁၂၄၅) ခုနှစ် နှောင်းတန်းခူလဆန်း (၁၂) ရက်နေ့ နေ့ (၂) ချက်တီးကျော် (၃) မောင်းခန့် အချိန် ရတနာဘုမ္မိရပ် ငမိုးနေအိမ်မှစ၍ မီးသင့်လောင်ရာ အနောက် မြောက်လေ တိုက်ခတ်သဖြင့် မဟာအောင်မြေ ရွှာဟိုင်းဈေးရပ် ယင်းကမှ တောင်ဘူးမြောင်းကို ဖြတ်ပြီးလျှင် မဟာမုနိ ရုပ်ရှင်တော်မြတ်၏ ဂန္ဓကုဋိ ရွှေပြာသာဒ်တော်ကြီးနှင့် စောင်းတန်း ဒေလးသွယ် အပါအဝင် ပတ်ဝန်းကျင်ရှိ ကျောင်းတိုက်ကြီး အသီးသီး တို့သည် မီးလောင်ရာတွင် တခေတ်က သာသနာ့ဂုဏ်ရောင် ထွန်းပြောင်ခဲ့သော ရွှေရေးဆောင် ကျောင်းတိုက် သုံးထပ် ဇေတဝန် ရွှေကျောင်းတော်ကြီး မီးသင့်လောင်ရာတွင် ပါဝင်သွားသည်၊ ကျောင်းတိုက်ကြီး မီးလောင်သောအခါက တိုက်ကြီး၏ ဦးစီး မဟာနာယကချုပ် ဆရာတော်မှာ အာစရဝံသ ဓဇသီရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု ဆရာတော်နှင့် တိုက်အုပ် ဆရာတော် ဦးသောမတို့ အုပ်ချုပ်သော အခါဟု ရာဇဝင် အထောက်အထားနှင့် သုတ စကားအရ စာရေးသူ မှတ်သားဘူးပါသည်။

မှတ်ချက်။ ။၁၂၄၅-ခုနှစ် ရတနာဘုမ္မိရပ်မှစ၍ ပဌမအကြိမ် လောင်သော မီး၌ မဟာမုနိ ရုပ်ရှင်တော် မြတ်၌ ရွှေပြာသာဒ်ကြီး မီးသင့်လောင်သောအခါသည်ရက္ခာပူရတိုင်း ရခိုင်ပြည်ကြီးက ပင့်ဆောင် လာသည့်နေ့မှ ရေတွက်ရာ အနှစ်တရာစေ့သည့်နေ့တွင် မီးသင့်လောင်သည် (ရာဇဝင်)၊ မီးလောင်ပြီးနောက် နှစ်များ မကြာမီ (၁၂၄၇) ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် (၈)ရက်နေ့ ညနေ(၃)နာရီ အချိန် မင်းနှစ်ပါးနှင့် မယ်တော် အမတော် သမီးတော်

အထိန်းတော် အပျိုတော် မြို့စားရွာစား အခြွေအရံ နောက်တော်ပါ (၁၇) ယောက်ခန့်တို့ကို ဝေါ်ဝိန် ဆိပ်ကမ်းမှ သူရိယခေါ် မီးသင်္ဘောဖြင့် တင်ဆောင်လျက် စုန်းဆင်းခဲ့ရာ ရန်ကုန်သို့ရောက်ပြီး ကလိုက်ခေါ် ပင်လယ်ကူး သင်္ဘောသို့ ရွှေ့ပြောင်းစံနေတော်မူရသည်၊ (၆)ရက်မျှ စံနေတော်မူပြီးနောက် ကလိုက်ခေါ်သင်္ဘောမှ ကန္ဒာခေါ် အစိုးရ သင်္ဘောသို့ ပြောင်း၍ ပင်လယ် ခရီးလမ်းဖြင့် စက်ပြင်း ခုတ်နှင်လျက် ဆောင်ယူရာ ယင်းသည့်နှစ် နတ်တော်လဆန်း (၈)ရက်နေ့ မဒရက်မြို့သို့ ဆိုက်ရောက် စံနေတော်မူရသည်။

မင်းမိဖုရားနှစ်ပါး ပါတော်မူပြီးနောက် နန်းဟွင်းရှိမင်းမျိုး မင်းနွယ်နှင့်တကွ ဝန်ကြီးဝန်ကလေးစသော မင်းမှုထမ်းအများ တို့သည် မိမိတို့စိတ်တိုင်းကျ နေထိုင်လိုသောအရပ်တို့၌ ပြောင်းရွှေ့ နေထိုင်ကြရာ ဒုတိယမြိတ်သျှခေတ် ရွှေရေးဆောင်တိုက် အလယ် အုဌ်ကျောင်းကြီးဒါယကာ မြို့သစ်အတွင်းဝန်မင်းသည် ကျွန်းလုံး ဥသျှောင်ရပ်ကွက် မြောက်ပိုင်း ရွှေရေးဆောင်တိုက် အနောက် ပေါက်နှင့် တည့်တည့် ယခုရှိလမ်းအနောက်ဘက် တက်သေး အင်းစောင်း ယခုလက်ရှိ နေထိုင်ကြသော မလှကြည်-မလှရီတို့ အိမ်နေရာ၌ ခြေတန်ရှည်ရှည် သွပ်မိုးပျဉ်ထောင် အိမ်ကြီးဆောက် လုပ်လျက် ဝန်ကတော်ကြီး ဒေါ်ငြိမ်း သမီးသုံးယောက်တို့နှင့် နေထိုင်စဉ် တိုင်းပျက်ပြည်ပျက်နှင့်တွေ့ကြုံရသောသာသနာတော်၏ နောင်ရေးကိုမျှော်တွေးကြံစည်၍နေသော မြို့သစ်မြို့စားအတွင်းဝန် မင်းကြီးသည် ခမည်းတော် ပဌမ သင်္ဂါယနာတင် ဘဝရှင် မင်းတရားလက်ထက်တော် ဝန်ထောက် မြို့သစ်မြို့စား မိုးနဲ့ဗိုလ်မှူး ဘွဲ့နှင့် ဘဝရှင်မင်းတရားကြီး၏ သစ္စာတော်ကိုခံယူလျက် ပြည်တွင်းရေးကိစ္စအဝဝကို သက်စွန့်ကြိုးပမ်းထမ်းရွက်ခဲ့ခြင်း (၁၂၄၀) ပြည့်နှစ် တန်ဆောင်မုန်းလပြည့်ကျော် (၄)ရက်နေ့ သားတော် မာန်အောင်စေတီတော် ဒါယကာ သီပေါမင်းတရား လက်ထက် တော် မင်းမှုကိစ္စအဝဝကို လွှယ်ကူစေရန် အစုအစုဝေပုံ၍ မှူးမတ်

ပညာရှိ ဝန်ထောက်မြို့စားရွာစားတို့သည် အသီးအသီး ကိုယ့်ဝေပုံကျရာအစု မင်းမှုကိစ္စတို့ကို အုပ်ချုပ်စေရာတို့တွင် တေရသမဝေပုံပါ မင်းကိစ္စများကို ဝန်ထောက်တော် မြို့သစ်မြို့စား မင်းကြီးမဟာမင်းလှမင်းခေါင် ဘွဲ့ထူးဂုဏ်ထူးဖြင့် အုပ်ချုပ်ရသည်။

၁၂၄၃-ခုနှစ် ကဆုန်လ ရွှေထီး ရွှေနန်းကို သိမ်းမြန်းစိုးအုပ်တော်မူ၍ လေးနှစ်မြောက်ရှိသောအခါ ရာဇာဘိသေကမုဒ္ဒါဘိသေကဘိသိက်တို့ကို ခံယူတော်မူသည်၊ မှူးမတ်ပညာရှိတို့အား ကာယ ဉာဏ အရည်အချင်းအလိုက် ဂုဏ်ထူး ဘွဲ့ထူးပေးအပ်တော်မူသောအခါ မင်းကြီး မဟာမင်းလှခေါင်းဘွဲ့ထက်အထက်တန်းမြင့်သော အတွင်းဝန် မြို့သစ်မြို့စား မင်းကြီးမင်းလှမဟာရာဇသင်းကြန်သည် (၁၂၂၉)ခုနှစ် တန်ဆောင်မုန်း လပြည့်ကျော် (၅)ရက်နေ့ ပဉ္စမ သင်္ဂါယနာတင် ဘဝရှင် မင်းတရားကြီးသည် ဗြိတိသျှလူမျိုး အင်္ဂလိပ် သံတို့နှင့် အတွေ့ခံတော်မူပြီးလျှင် တိုင်းကျိုးပြည်ကျိုး သာသနာတော်၏အကျိုးကို မျှော်ကိုးထောက်ထားတော်မူ၍ နှစ်တိုင်းနှစ်ပြည် အကြည်အသာ မဟာမိတ်ဖြစ်ခြင်းသည် သင့်တင့်သာယာသော အကြောင်းပင်ဖြစ်သည်ဟုအမိန့်တော် ရှိသည့်အတိုင်း ရောင်းဝယ်ခွင့် အကောက်အခွန်စသော(၁၂)ချက်ပါ ရာဇမဟာမိတ် စာချုပ်ကို မြန်မာပြည်သို့ရောက်လာသော အင်္ဂလိပ်သံတို့နှင့် ချုပ်ဆိုဘူးသည့်စာချုပ်ကဲ့သို့သားတော်ဘဝရှင်မင်းတရားကြီး သီဗေါမင်းလက်ထက်(၁၂၄၄) ခုနှစ် တပေါင်းလ မြန်မာနိုင်ငံတော်နှင့် ပြင်သစ် နိုင်ငံတော်နှစ်တိုင်းနှစ်ပြည် အကြည်အသာ ရာဇမဟာမိတ်အဖြစ် စာချုပ်ချုပ်ဆိုရန် ရည်သန်တော်မူပြီးလျှင် ပြင်သစ်သမတမင်းကို ဆက်သရန် လက်ဆောင်တော်ရာဇသံတို့နှင့် အတွင်းဝန် မြို့သစ်မြို့စားမင်းကြီးမင်းလှမဟာရာဇသင်းကြန်ကို သံကြီး,ဝန်ထောက် သံချက်ဝန်ကြီး မင်းလှမဟာစည်သူကျော်ကို သံလတ်,စာရေးကြီး မဟာမင်းလှသင်္ခယာကို သံငယ်ခန့်ထား၍ ပြင်သစ်နိုင်ငံ မြို့တော်ပါရစ်မြို့သို့ ပဌမအကြိမ် စေလွှတ်တော်မူ၍ အထက်ခမည်းတော်လက်ထက်(၁၂)ချက်ပါ စာချုပ်နှင့်ထပ်တူ ချုပ်ဆိုစေတော်မူသည်။

ဇမ္ဗူသယ ၅၃၀-၆

ဒုတိယ (၁၂၄၅)ခုနှစ် ကဆုန်လ ဥရောပတိုက်နိုင်ငံများသို့ စက်မှုလက်မှု စိုက်ပျိုးရေး မွေးမြူရေးစသော နိုင်ငံ၏ တိုးတက်ကြီးထွားရာ ကြီးထွားကြောင်းတို့ကို လေ့လာ ကြည့်ရှုစေရန်နှင့် ရောက်ရာနိုင်ငံတို့က နှစ်ပြည်ထောင်မင်းတို့၏ ချစ်ကြည်ရေး ရာဇမဟာမိတ် စာချုပ်ချုပ်ဆိုလိုပါက ချုပ်ဆိုနိုင်ရန် အတွင်းဝန်မြို့သစ်မြို့စားမင်းကြီး မဟာဇေယျ သင်းကြန်ကို အာဏာကုန်လွှဲအပ်၍ အင်္ဂလိပ်ဘာသာ ပြင်သစ်ဘာသာများကို ကောင်းစွာတတ်မြောက်၍ အနောက် ဥရောပနိုင်ငံများသို့ သံအဖြစ်ဖြင့် သွားရောက်ဘူးသူ ဝန်ထောက်တော်သံချက်ဝန်မင်းကြီး မင်းလှမဟာစည်သူကျော် အင်္ဂလိပ်ဘာသာတတ်မြောက်သူ စာရေးကြီး မဟာမင်းလှသင်္ခယာ အီတလီဘာသာတတ်မြောက်သူ စာရေးကြီး မဟာမင်းလှရာဇာ မြဲဘိုက်သံဲတော်ဆင့် နေမျိုး မင်းလှရာဇာ လဘက်ရည်တော် မောင်ဖိုးအုံတို့ကို အဖွဲ့ဝင်အဖြစ် လိုက်ပါစေ၍ ဂျာမနီ အီတလီ ပြင်သစ် အင်္ဂလန် နိုင်ငံများသို့ စေလွှတ်ရာ အီတာလီနိုင်ငံသို့ ရှေးဦးစွာရောက်ရှိရာ နိုင်ငံခြားရေးဝန်ကြီးနှင့် မတွေ့ရသဖြင့် လိုအပ်သောကိစ္စ မပြီးပြတ်သဖြင့် ပြင်သစ်နိုင်ငံတော် ပါရစ်မြို့တော်သို့ ဆိုက်ရောက်ရာ နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ရှိရသဖြင့် မြန်မာနိုင်ငံတော်နှင့် ပြင်သစ်နိုင်ငံတော် ကုန်ကူးသန်းရောင်းဝယ်ရေး စာချုပ်ချုပ်ဆိုရန် ကိစ္စကို အထက်ခမည်းတော် ပဥ္စမသင်္ဂါယနာတင် မင်းတရားကြီး လက်ထက်တော် ကင်းဝန်မင်းကြီးနှင့် ပြောဆိုကြရာ မပြီးမပြတ် မပြေမလည် ဖြစ်နေသည်တို့ကို ပြီးမြောက်အောင်မြင်စေရန် နိုင်ငံခြားရေးဝန်ကြီးနှင့် ထပ်မံပြောဆိုလိုကြောင်း အတွင်းဝန်မြို့သစ်မြို့စားက ပြောဆိုရာ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးက လက်ခံသဖြင့်(၁၂၄၆)ခုနှစ် နယုန်လဆန်း (၈)ရက် ခရာဇ်သက္ကရာဇ် (၁၈၈၄)ခုနှစ် ဇွန်လ (၁)ရက်နေ့ ပါရစ်မြို့တော်တွင် အထက်ခမည်းတော် ပဥ္စမသင်္ဂါယနာတင် မင်းတရားကြီးလက်ထက် စာချုပ်ပြီး အချက်များကို နှစ်နိုင်ငံအတွင်း အရှည်ထာဝရ မြဲမြံခိုင်ခံ့အတည်အငြိမ်ဖြစ်စေရန် မြန်မာနေထွက်ဘုရင်မင်းမြတ်က အရေးကုန်လွှဲအပ်သူ သံကြီး ကိုယ်စား

လှယ်တော် အရေးပိုင် မြို့သစ်မြို့စား မင်းကြီးမင်းလှ မဟာရာဇ သင်းကြန်နှင့် ပြင်သစ် သမတမင်းက အရေးကုန် လွှဲအပ်သူ အရေးပိုင်ဝန်ကြီးချုပ် နိုင်ငံခြားရေးဝန်ကြီး မစ်ရှိဂျူလဟောရီတို့ စုံညီ အထက်က ချုပ်ဆိုခဲ့သော စာချုပ်၌ လိုအပ်သည် တို့ကို ဖြည့်စွက်၍ (၂၁)ချက်ပါ စာချုပ်ကို အတည်ပြုလုပ် လက်မှတ် ရေးထိုးကြရသည်။

မှတ်ချက်။ ။သားတော်လက်ထက်ချုပ်ဆိုသော ဒုတိယစာချုပ်ကို မြန်မာ သက္ကရာဇ် (၁၂၄၆)ခုနှစ် ပြာသိုလ်လပြည့်ကျော် (၁၅)ရက်နေ့ ခရစ်သက္ကရာဇ်(၁၈၈၅)ခုနှစ် ဇန္နဝါရီလ (၁၅)ရက်နေ့ ပြင်သစ်နိုင်ငံတော် ပါရစ်မြို့တွင် စာချုပ် နှစ်ဆောင်ရေး၍ လက်မှတ်ရေးထိုး လဲလှယ်ကြရသည်။

မင်းနှစ်ပါးတို့ကိစ္စ အထက်ပါ စာချုပ်ကို ချုပ် ပြီး နောက် ပြင်သစ်ပြည်သမတမင်းနှင့်တကွ အထက်တန်းအရာရှိကြီးများ တက် ရောက်ကြသော ပါရစ်မြို့တော်ဝန်ကြီး၏ တည်ခင်းကျွေးမွေးသော ထမင်းစားပွဲအပြီးတွင် အိမ်ရှင်နိုင်ငံတို့၏ ထုံးတမ်းစဉ်လာအရ ညွှန့်သည်တော်သံတမန်ကြီးတို့အား တိုင်းပြည်တိုးတက်ပုံ သာယာ ဝပြောပုံ ယဉ်ကျေးမှုအနုပညာထွန်းကားပုံ ပါရစ်မြို့တော်ကြီး၏ တင့်တယ်ဆန်းပြား ခန့်ညားကြီးကျယ်ပုံ အလုံးစုံတို့ကို ပါရစ် မြို့တော်ဝန်က တာဝန်ယူ၍ မြန်မာသံတော်အရာရှိတို့အား လိုက်ပါ ပို့ဆောင်လျက်ပြသရာ ကမ္ဘာပေါ်တွင် အလှဆုံး မြို့တော်ဟု ကမ္ဘာလူအများ သိမှတ်ထားသဖြင့် ကျွဲခရီးသည်တို့ အလေး တမူ ကြည့်ရှုရသော ပါရစ်မြို့တော်ကို မြန်မာသံတော်အရာရှိ မြို့သစ်မြို့စား မင်းကြီး မင်းလှမဟာရာဇာသင်းကြန်ဦးဆောင်သော သံအဖွဲ့ဝင်တို့အား မြို့တော်ဝန်က လှည့်လည်ပြသရာ ပါရစ်မြို့တော် ကြီး၏ တင့်တယ် ထယ်ဝါခန့်ညား ဆန်းပြားပုံကို တွေ့မြင်ရသည် တို့တွင် ပြည်သူပြည်သားတို့၏ အချက်အချာဖြစ်သော လွှတ်တော် အဆောက် အဦကြီး စည်းဝေးခန်းမ အတွင်းဝန်ရုံး တရား လွှတ်တော်ချုပ်ရုံးမှစ၍ သိန်းထောင်ပေါင်းများစွာ အကုန်အကျ ခံလျက် ဆောက်လုပ် ထားသော လေးထပ် ငါးထပ် ရှိသော

အဆောက်အဦကြီးတို့၌ တက်ဆင်း သွားလာ၍ လွယ်ကူစေရန် တပ်ဆင်ထားသော ခေါတ်လှေခါး ပန်ကာ အိမ်သာ ရေချိုးခန်း ခေါတ်မီးရောင်စုံတို့ဖြင့် တပ်ဆင်ထားသော ခန်းကြီး ခန်းကျယ် ခန်းငယ်တို့ဖြင့် တင့်တယ်ဆန်းကြယ်ပုံ မြို့တော်၏ ပတ်ဝန်းကျင်ဝယ် ကြီးကျယ်သော အားကစားကွင်း မြင်းပြိုင်ကွင်း ဘောလုံးကွင်း အပန်းဖြေ ဥယျာဉ် ပန်းမန် ရေချိုးကန် စသော မြို့တော်၏ ကြက်သရေဆောင် ရှုမျှော်ခင်းတို့ကို ကြည့်ရှုပြီးနောက် မြို့သစ် မြို့စားအတွင်းဝန်ကြီး မင်းလှမဟာရာဇာသင်းကြန်ဘွဲ့ရ ဦးဖိုသည် ကြီးကျယ်ခန့်ညားစွာ အတွင်းကဟောနှင့် ဆောက်လုပ်ထားသဖြင့် ပတ်ဝန်းကျင်နှစ်ဘက်က လေကောင်း လေသန့်ကိုရသဖြင့် ရုံးကြီး၏ အခန်းတွင်းရှိ အလုပ်သမားများနှင့် တရားရေးဌာနဝန်ကြီးတို့၏ အာရုံနှင့်အာရုဏ္ဍကိ ထိတွေ့ရာဝယ် ချမ်းသာလှသဖြင့် ရုံးလုပ်ငန်း ကိစ္စတို့ကို လိုသလောက်ပြီးမြောက်အောင် ရွက်ဆောင်နိုင်မည်ဟု စိတ်၌ကြံစည် စိတ်ကူးမိသည့်အတိုင်း ထိုဟောနှင့်နှစ်ထပ်ဆောက် လုပ်ထားသော အတွင်းဝန်ရုံးကြီး၏ပုံစံကို အင်ဂျင်နီယာဉာဏ် စက္ခုဖြင့် အထပ်ထပ် ကြည့်ရှုပြီးနောက် ခန်းကြီး ခန်းကျယ် အသွယ်သွယ် ဖွဲ့ထားပုံတို့ကို အတိုင်းအထွာ ပေ, တောင်, တာ, လက်မတို့ကို ခြေလှမ်းဖြင့် အကွက်ချတိုင်းတာလျက် အတွင်းဝန် ရုံးကြီး၏ ပုံစံကို စိတ်အာရုံ ကားချပ်၌ ရေးမှတ် ယူခဲ့ပြီးလျှင် မြန်မာပြည်သို့ ပြန်လည် ရောက်ရှိလာသောအခါ တိုင်းပြည် ကြီးသည် တိုင်းတပါးသား လူမျိုးခြားတို့၏ လက်အောက်သို့ ကျရောက်ရမည့်ရှေ့ပြေးနိမိတ် နန်းတွင်း၌ ဝန်မင်း တဦးနှင့်တဦး စိတ်သဘောချင်းမတိုက်ဆိုင် စိတ်ဝမ်းကွဲပြားမှုကြောင့် အတွင်း တော်ကလူ အပြင်ကလူဟု ခွဲခြားမှုရှိနေသဖြင့် အတွင်းဝန်မင်း ဦးဖိုသည် စိတ်ချမ်းသာရာ နန်းမြို့တော်၏ အနောက်တောင်ယွန်း တက်သေးအင်းစောင်း ကျွန်းလုံးဥသျှောင်မြောက်ပိုင်းတွင် အတွင်း ဝန်တို့နေထိုင်ရသော အိမ်ပုံစံအတိုင်း ရွှေရေးဆောင် ကျောင်း တိုက် အနောက်ပေါက် ကျောက်လမ်း အနောက်ဘက် ယခုရှိ မလှကြည် မလှရီတို့အိမ်နေရာကွင် ရေဝင်ရပ်ဖြစ်၍ခြေတန်ရှည်ရှည်

သွပ်မိုးပျဉ်တောင် အိမ်ဆောက်လုပ်လျက် ပြောင်းရွှေ့နေခါ အတွင်းတော်သို့ အချိန်မှန် အခစားဝင် မိမိအလုပ်ကိစ္စများကို စိတ်သဘောချင်း တိုက်ဆိုင်သော အတွင်းဝန်များနှင့် ဝတ္တရားအရ ဆောင်ရွက်နေရာ (၁၂၄၇)ခုနှစ် တန်ဆောင်မုန်းလဆန်း(၈)ရက်၌ မြန်မာ တပြည်လုံးကို ဗြိတိသျှ အင်္ဂလိပ် မိစ္ဆာဒိဋ္ဌိ လူမျိုးတို့၏ လက်တွင်းသို့ ကျွန်သဘောက်အဖြစ် သက်ဆင်း ကျရောက်ခဲ့ရ ပေသည်။

## မြန်မာနေထွက်ဘုရင်ခေတ်ပဋ္ဌမကဏ္ဍ

တနေ့သောအခါ ရွှေရေးဆောင်ကျောင်းတိုက် အလည်အုဋ် ကျောင်းကြီးဒါယကာအဖြစ် ခံယူလတ္တံ့သော မင်းကြီးမင်းလှ မဟာရာဇသင်းကြန်ဘွဲ့ခံ အတွင်းဝန် မြို့သစ်မြို့စားမင်းကြီးဦးဖိုးသည် တိုင်းတပါးသား လူမျိုးခြားတို့၏ လက်အောက်သို့ ကျရောက် သွားရသဖြင့် တိုင်းပြည်၏ အထွတ်အထိပ်ဖြစ်သော သာသနာ တော်ကြီးအတွက် စိတ်မအေးစရာ များကို တွေး၍ ပူပန်နေစဉ် မိမိနေအိမ်မှ အရှေ့သို့မျှော်၍ကြည့်လိုက်ရာ တိုင်းပြည်၏ကံကြမ္မာကို ရှေးဦးစွာဖန်တီးလိုက်သော တိုင်းပျက် ပြည်ပျက်မိုးကြီး၏ ကူးစက် လောင်ကျွမ်းခြင်းကို ခံလိုက်ရသော ဘိုးတော်ဘဝရှင် မင်းတရား ကြီး၏ တောင်ရွှေရေးဆောင် မိဖုရားကြီး၏ကောင်းမှု သုံးထပ် ဇေတဝန် ရွှေကျောင်းတော်ကြီး မီးသင့် လောင်သွား သဖြင့် ရွှေကျောင်းကြီးပျောက်၍ မြေကွက်လပ်ဖြစ်နေရသည့် အလည် ကျောင်း မြေနေရာကို တွေ့မြင်ရသောအခါ ထိတ်လန့်သော သံဝေဂဓာတ် အဟုန်ရိုက်ခတ်သဖြင့် သာသနာတော်၏ နောင် အရေးကို အားပေးရန် သဒ္ဓါတရားထက်သန်သော စိတ်အကြံဖြင့် ပြင်သစ်နိုင်ငံ ပါရစ်မြို့တော်မှ ငါ၏စိတ်ကားချပ်၌ မှတ်ယူခဲ့သော အတွင်းဝန်ရုံးကြီးနှင့်ပုံစံတူ အုဋ်ကျောင်းတော်ကြီး တည်ဆောက် လျက် ပရိယတ္တိ သာသနာတော်ကြီးကို ချီးမြှောက် နိုင်မည့် ဆရာတော်တပါးအား တင်ထားကိုးကွယ်ပါက သာသနာတော်၌ များစွာ အကျိုးရှိလိမ့်မည် စိတ်ကူးမိသဖြင့် ဝန်ကတော်နှင့် သမီး

သုံးယောက်တို့ကို တိုင်ပင်ရာ စုံလင်စွာ သဒ္ဒါတရားတူကြသဖြင့် ဗြိတိသျှ အင်္ဂလိပ် လူမျိုးခြားတို့ မြို့တော်ကို သိမ်းပိုက်ပြီးနောက် မြို့ရောတောပါမကျန် ငြိမ်သက်စေရန် မြန်မာမင်း၏ လက်သုံးတော် အရာရှိ ဝန်ကြီးဝန်ကလေးစသော နယ်ရှင်ပယ်ရှင် တရားသူကြီး များနှင့် အင်္ဂလိပ်အရာရှိများ တွဲဘက်၍ အုပ်ချုပ်ရသောခေတ် သက္ကရာဇ်(၁၂၅၀)ခုနှစ်လောက်က အုဋ်လုပ်သား ပန်းရံလုပ်သား လက်သမား သံကြိယာဆိုင်ရာ သံရေကျို အလုပ်သမား သံပန်း သွန်းခြင်း ရိုက်သံချွန်ခြင်းစသော အတတ်ပညာသည် အလုပ်သမား(၂၅၀)ကျော်တို့ကို မိမိ၏ရှေးအာဏာ အရှိန်အဝါဖြင့် ဆင့်ခေါ်လျက်-

အုဋ်သမားအား ဌာနအလိုက် သုံးသွားရန် အုဋ်ပုံစံအမျိုးမျိုး ပေး၍ လုပ်စေခြင်း, ပန်းရံဆရာသုံးယောက် လက်သမားဆရာ သုံးယောက်တို့ကို ခေါ်၍ သုံးရက်တိုင်တိုင် မိမိ၏ စိတ်ဖြင့် မှတ်သား လာခဲ့သော အင်ဂျင်နီယာ စိတ်ကားချပ်ကို အရှေ့ အနောက်ပေ (၁၅၀) တောင်မြောက်ပေ (၁၀၀) ရှေးသုံးထပ် ဇေတဝန် ရွှေကျောင်းတော်ကြီး မြေဧရိယာအတွင်း၌ သုံးရက် တိုင်တိုင် တိုက်ကြီး၏ပုံစံကို စိပ်၍ထင်မြင်လာအောင် မြေပေါ်၌ ရေးဆွဲ အကွက်ချပြပြီးလျှင်-

အရှေ့အနောက်တိုက်မှ ပေ (၁၀၀) အခန်း (၁၅) ခန်း ဆင်ဝင်ဘုရားခန်း ပေ (၅၀) အခန်း (၄) ခန်း တောင်မြောက်ပေ (၁၀၀) အခန်း (၁၂) ခန်းအတွင်းဘက် အလယ်က စမြင်း သုံး ဘက်ပတ်လျက် ဟောခေါ်သော မြေကွက်လပ် ၃၂-ပေခန့် ကျယ် ထားလျက် ဆင်ဝင်ဘုရားခန်းနှင့် တစပ်ထည်း တိုက်မကြီး၌ ဝဲယာ နှစ်ခု အခန်းကြီးအလယ်၌ စာချခြင်း၊ ဝါဆိုဝါကပ် ပဝါရဏာနှင့် သံဃာ့ကိစ္စ မှန်သမျှတို့ကို ပြုလုပ်နိုင်ရန် တောင်မြောက် ၄၅-ပေ အရှေ့အနောက် ၃၂-ပေခန့်ကျယ် အခန်းကြီးတခုကို အမိက ထား ၍ အတွင်း စမြင်းပတ်လည် အထက်အောက် နှစ်ထပ် အလည်မှ အုဋ်ရိုးခြားလျက် စာသင်သား သံဃာတော်များနေရန် တထပ်

သုံးခန်း အခန်းငယ်ခြောက်ခန်း အရှေ့ဘက်ဘုရားခန်း အထက်ထပ် ဘုရား အောက်ထပ် စာသင်သား သံဃာများ နေသော အခန်းတခန်း အနောက်ဘက်မှ အုဌ်လှေခါးကြီး နှစ်စင်း ဝဲယာကွေ့ ပတ်လျက် ထိပ်တိုက် တပ်ဆင်ထားရာ လှေခါးကြီး နှစ်စင်း ထိပ်၌ ဘိနပ်ချွတ်ခန်းတွင် ဘိနပ်ချွတ်လျက် စမြင်းမှ နေ၍ ခန်းကြီး ခန်းငယ် စာချခန်း ဘုရားခန်းတို့ကို ဝင်ထွက် သွားလာနိုင်ရန် မိမိ၏ စိတ်အာရုံ ကားချပ်၌ မှတ်သားလာခဲ့သော ပြင်သစ်နိုင်ငံ ပါရစ်မြို့တော်မှ အတွင်းဝန်ရုံးကြီး၏ ပုံစံအတိုင်း ရှေ့ကျောင်းကြီး၏ မြေရေယာ၌ ပန္နက်ချလျက် ထုထယ်ကြီးမား ခန့်ငြားထယ်ဝါ အောင် ကိုယ်တိုင်အုပ်ချုပ်ဆောက်လုပ်ပြီးနောက် တိုင်းပျက် ပြည်ပျက် မငြိမ်မသက် ဖြစ်နေသောအခါ၌ စလင်းမြို့ သူကောင်းရိုးရာ တကာတကာမတို့သည် ပဏ္ဍိတာဓိဇမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ မှိုင်းခိုင်းဆရာတော်အား ပင့်ဆောင်သွားရာ မြို့သစ် အတွင်းဝန်ကြီး၏ စိတ်၌ မှိုင်းခိုင်း ဆရာတော်အား မန္တလေးသို့ ပင့်၍ ရွှေရေးဆောင်တိုက် အလယ် အုဌ်ကျောင်းကြီးကို တင်လှူလျက် ပရိယတ္တိ သာသနာတော်ကြီးကို ချီးမြှောက်တော် မူရန် ပင့်ဆောင်လိုကြောင်း မဟာဒဏ်ဝန်ကြီးနှင့် တိုင်ပင်ရာ ဝန်ကြီး နှစ်ဦးတို့သည် ပရိယတ္တိသာသနာတော် အနာဂတ်ကာလ၌ ညှိုးမှိန် သွားမည်ကို စိုးရိမ် ကြောင့်ကြခိုက် နတ်တမန်တို့ လမ်းမှန်ကို ပြသလို စိတ်ဆန္ဒ တူမျှကြသဖြင့် ကျောင်းတော်ကြီးကို မီးလောင် ပြီးနောက် အစဉ်စောင့်ရှောက် ထိန်းသိမ်း၍ နေတော်မူကြသော အာဇာရာဘိကာဝိဇ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ သက်တော်(၇၀)ကျော် အင်ပူဆရာတော်နှင့် တိုက်အုပ်ဆရာတော် ဦးသောမတို့အား မှိုင်းခိုင်းဆရာတော်သည် ပရိယတ္တိ သာသနာ တော်ကို စွမ်းစွမ်းတမံ ဂိုချနိုင်သော အရွယ် တော်ကောင်း သက်တော် (၄၀) ကျော်သာ ရှိသေးသော မှိုင်းခိုင်းဆရာတော်ကို ပင့်၍ အလယ်အုဌ်ကျောင်းကြီးကို တင်လှူလိုကြောင်း လျှောက် ထားရာ ဆရာတော်နှစ်ပါးတို့သည် သာဓု အနုမောဒနာ ခေါ်ဆို လျက် ခွင့်ပြုတော်မူကြသည်။

အလယ်အုဋ်ကျောင်းကြီး ဒါယကာ မင်းကြီး မဟာမင်းလှ ရာဇသင်္ကြံဘွဲ့ခံ မြို့သစ်မြို့စား အတွင်းဝန် ဦးဖိုးနှင့် မဟာဒဏ်ဝန်တို့သည် စလင်းမြို့သို့ သွားရောက်ပင့်ဆောင်ကြရာ သူကောင်းတို့ကလည်း အနူးအညွတ် ပင့်ဆောင်ရန် ခွင့်ပြုကြသည်ကို မှိုင်းခိုင်းဆရာတော်သည် အလွန် ဝမ်းမြောက်တော်မူလှ၍ တကာတော်တို့ အလိုဆန္ဒ ပြည့်ဝစေ့နိုင်ရန်နှင့် ပရိယတ္တိ သာသနာတော်ကြီးကို ချီးမြှောက်တော် မူလိုသော စိတ်ဆန္ဒ အပြည့်အဝ ရှိလှသဖြင့် မဟာဒဏ်ဝန်ကြီးနှင့် အုဋ်ကျောင်းကြီး ဒါယကာတို့ ပင့်လျှောက်သည်ကို လိုက်ပါ ချီးမြှောက်တော်မူမည်ဟု အမိန့်တော် ရှိလိုက်သောအခါ ဝန်ကြီး နှစ်ဦးတို့၏ စိတ်၌ အာသာဝတီ နွယ်နီနတ်ပန်းကို ဆင်မြန်းရသော နတ်လုလင်ကဲ့သို့ ကြည်လင်ရွှင်လန်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြလျက် ခေတ်အလျောက် လှည်းယာဉ် လှေယာဉ်တို့ဖြင့် နောက်ပါသံဃာတော် (၃၀) ကျော်တို့နှင့် တကူ သက္ကရာဇ် (၁၂၅၆) ခုနှစ်လောက်က ပင့်ဆောင်ပြီးလျှင် အလည်အုဋ်ကျောင်းတော်ကြီးကို ကျောင်းလွှတ်သတင် ဆင်ယင်ကျင်းပ ရေစက်ချ အနုမောဒနာ ပွဲကြီးကို ကြီးကျယ်စွာ ပြုလုပ်ကြလေသည်။

မှိုင်းခိုင်းဆရာတော်အား တင်လှူပြီးနောက် ရွှေရေးဆောင်တိုက် အလည် အုဋ်ကျောင်းကြီး ဒါယကာ မင်းကြီး မဟာမင်းလှ ရာဇသင်္ကြံဘွဲ့ခံ မြို့သစ်မြို့စား အတွင်းဝန်ကြီး ဦးဖိုးနှင့် ဝန်ကတော်ကြီး ဒေါ်ငြိမ်းတို့သည် စတုပစ္စယ ဒါယကာအဖြစ် ဝမ်းမြောက်ဝမ်းသာ ခံယူတော်မူကြပြီးလျှင် အသက်ဇီဝိန် ခန္ဓာအိမ်မှ ချုပ်ငြိမ်းသည်တိုင်အောင် ဝန်ကတော်ကြီး ဒေါ်ငြိမ်းနှင့် သမီး သုံးယောက်တို့က နေ့စဉ်မပြတ် နိဗဒ္ဓဝတ် ဆွမ်းဆက်ကပ်လှူဒါန်းကြရလေသည်။

ယိုစဉ်အခါက ရွှေရေးဆောင်တိုက်ကြီး၏ ပရိယတ္တိ ဂုဏ်ရောင် ထွန်းပြောင်ခဲ့သည်မှာ အရပ်ရပ် မြို့ရွာတို့မှ ပညာအဆီ မြတ်ဝတ်ရည်ကို သောက်စို့ရန် ပျားပန်းခပ်မျှ ကြွလာကြသော စာသင်ပျိုနှ အခြေပြုတို့သည် ၇၀၀ ကျော်ခန့်ရှိသည်ဟု စလင်းမြို့မှ ဆရာတော်

ကြီး၏ ပဋ္ဌာသမဏ အဖြစ် လိုက်ပါခဲ့သော အင်းဝမြို့နယ် သက်တော် (၇၅) နှစ်ရှိ ထနောင်းကိုင်း ရွာကျောင်း ဆရာတော် ဦးအာသဖ အမိန့်ရှိဘူးသည်။

မှိုင်းခိုင်းဆရာတော်ကြီးသည် စာချခန်းကြီး တောင်ဘက်ရှိ အခန်းတွင် သိတင်းသုံး နေထိုင်သည်ဟူ၍လည်း အမိန့်ရှိဘူးသည်၊ ဆရာတော်ကြီးသည် အယူဝါဒ မတူကွဲပြား မိစ္ဆာဒိဋ္ဌိ ဗြိတိသျှ အင်္ဂလိပ်လူမျိုးများ အုပ်ချုပ်သော ဗြိတိသျှခေတ်၌ ပရိယတ္တိ သာသနာတော်ကြီး ဆုတ်ယုတ်ပျက်စီး ညှိုးနွမ်းမည့် ဘေးကြီးကို မြင်တော်မူသဖြင့် ကိုယ်တော်တိုင် နေ့စာဝါ ညစာဝါများကို ပို့ချ တော်မူ၍ အားမရနိုင်ဘဲ စံကျောင်း ဆရာတော်ကြီးထံ စာသင် နေခိုက် စံကျောင်းဆရာတော်ကြီးက အပ်နှံထားသဖြင့် ကျောင်း သားဘဝ သာမဏေဘဝ ရဟန်းငယ်ဘဝ ရောက်အောင် စာပို့ချ ပေးခဲ့သော အာဒိစ္စရံသီ ဘွဲ့ထူးချီသော ဆရာတော် ဦးကြည်သည် မြောက်ပြင် စံကျောင်းတိုက်အတွင်း ယောမင်းကြီး ဆောက်လုပ် သော ကျောင်း၌ ဆွမ်းကွမ်းစသည်တို့ ဆင်းရဲငြိုငြင် ပင်ပန်းစွာဖြင့် စာပို့ချနေစဉ် ကျောင်းသားဘဝမှ စ၍ စာပေပို့ချခဲ့သော တပည့် လည်းဖြစ် ဆရာစဉ်ဆက် ပို့ချသော ကျမ်းရိုးထွက်တက် သဒ္ဒါ ဘက်ဆိုင်ရာကို နက်နဲစွာ ဝေဘန်နိုင်စွမ်းရှိသဖြင့် သဒ္ဒတ္ထ အဓိပ္ပါ ယတ္ထ ဝါကျတ္ထ ပါရဂူ ဖြစ်သော တပည့်ကြီးအား ချီးမြှောက်လို သည်တကြောင်းကြောင့် မြောက်ပြင်စံကျောင်းတိုက်မှ ခေါ်ယူ တော်မူလျက် တိုက်အုပ်ဆရာတော် ဦးသောမအား လျောက်ထား၍ တိုက်အုပ်ဆရာတော်ကြီး၏ အနောက်ပေါက် မြောက်ဘက် မလွန် ကျောင်းကြီး၌ ဆရာတော်ကြီး လက်အောက်ထား၍ စာပေကို ပို့ချ စေသည်။

ဆရာတော်ကြည်၏ တပည့်ရင်း စာချဦးသူရိယအား မှိုင်းခိုင်း ဆရာတော်ခေတ်ကနေသော ဘဏ္ဍာစိုး ကျောင်းသစ်၌ ထား၍ စာပေပို့ချစေခြင်းတို့ဖြင့် ပရိယတ္တိ သာသနာ့ဂုဏ်ရောင်ကို မှိုင်းခိုင်း ဆရာတော်ကြီးသည် ထွန်းပြောင်တောက်ပစေပြီးနောက် စုတိ

ကမ္ဗဇရပ် ချုပ်ငြိမ်းလျက် နတ်နန်းသို့ စံမြန်း ခိုလှုံတော်မူရှာလေသည်။ (၁၂၆၁-ခုနှစ်)။

မှတ်ချက်။ ။အလည်အုဋ္ဌကျောင်းကြီးဒါယကာ မြို့သစ် အတွင်းဝန်မင်းကြီး မဟာမင်းလှ ရာဇသင်းကြန်ဘွဲ့ရ ဦးဖိုး၏ ကိုယ်ရေး ရာဇဝင်နှင့် တိုက်ကြီး တည်ဆောက်သော သက္ကရာဇ် ထိုစဉ်အခါက လက်ရှိတိုက်တာကြီးကို အုပ်ချုပ်နေတော်မူကြသော အဂ်ပူ ဆရာတော်နှင့် တိုက်အုပ်ဆရာတော် ဦးသောမတို့အား အနူးအညွတ် ခွင့်တောင်းလျက် မိုင်းခိုင်းဆရာတော်အား စလင်းမြို့မှ ပင့်ဆောင်၍ အလည် အုဋ္ဌကျောင်းကြီးကို ရေစက်ချတင်လှူခြင်း, ဆရာတော်က ငယ်တပည့်ကြီးဖြစ်သော ဆရာတော်ဦးကြည်နှင့် တပည့်စာချဦးသူရိယတို့ကို မြောက်ပြင်စံကျောင်းတိုက်မှ ရွှေရေးဆောင်တိုက်သို့ ပြောင်းရွှေ့လာရန် ခေါ်တော်မူခြင်းစသော အထက်ပါစကားရပ်တို့ကို စာစောင် ရေးသူသည် မြို့သစ်အတွင်းဝန်ကြီး၏သမီး စစ်ကိုင်းတောင်ရိုးနေ သီလရှင်ကြီးဒေါ်စန္ဒီနှင့် ဘုရားကြီးအနောက်မြောက်ဘက်အောက်လမ်း ဝါးတန်းရပ်ဇာတိ သီလရှင်ကြီးဒေါ်ကြီးနှင့် ဂုင်းရပ်ဇာတိ စနေတောင့်ကျောင်း ဆရာတော် ဦးစန္ဒ၊ အင်းဝမြို့အပိုင် ထနောင်းကိုင်းရွာကျောင်း ဆရာတော် ဦးအာသဖ၊ မဟာမုနိ ရေတော် ဆရာတော်ဟောင်း ဦးအာဒိစ္စ၊ အရှေ့စောင်းတန်းပိုးကုန်သည်ဦးရင်ကြီးစသော သုတဂဝေသီတို့အထံမှ မေးမြန်းစုံစမ်းလျက် သုတေသနပြုလုပ်ရသမျှကို ရေးသားလိုက်ပါသည်၊ အတွင်းဝန်ကြီးသမီးက တိုက်ကြီး တည်ဆောက်စဉ်က ကုန်ကျသောငွေပေါင်းမှာ ဒေါင်းဒင်္ဂါးတတင်းကျော် ကုန်ကျသည်ဟု ဒုတိယ စစ်ပြီးစက စာရေးသူအား ပြောက်ထားဘူးပါသည်။

## မှိုင်းခိုင်းဆရာတော်ကြီး၏အဋ္ဌုပ္ပတ္တိအကျဉ်း

(မြို့သစ်အတွင်းဝန် မင်းကြီး၏ ပဗ္ဗဇ္ဇာနုဂ္ဂဟကို ခံယူတော်မူလျက် ရွှေရေးဆောင်တိုက် သာသနဂုဏ်ရောင်ကို ထွန်းပြောင်စေခဲ့သည်)။

အမရပူရ ဒုတိယမြို့တည် နန်းတည့် လောကမာရ်ဇိနဥ္ဇာစေတီတော် ဒါယကာ ဘကြီးတော်မင်းတရားကြီး လက်ထက် အမရပူရရွှေမြို့တော်မှ အနောက်မြောက်ယွန်း ၇-တောင်တာဖြင့် တိုင်ထွာသော် တိုင်ပေါင်း ၃၆-တိုင် အနောက်မျက်နှာမှ သလ္လာဝတီချင်းတွင်းမြစ်၊ အရှေ့မျက်နှာမှ ဧရာဝတီမြစ် ပတ်ရစ်ဝန်းရံမြို့ပေါင်းရံလျက် ရွှေဝေါဟာရဇဒုံ ယခုအခေါ် အလုံဟုခေါ်တွင်သော အလုံမြို့ကြီး၏ တိုက်နယ်အပါအဝင် လူနေအိမ်ခြေတွက်ရေမြားမြောင် သုံးထောင်သ၍ သာစည်ရွာ မဟာဂါမဂါမဏိဝံသ ဂါမဘောဇက အမစ္စကုလ၌ တိဟိတ်ဥက္ကဌ်၌ အရိယာဇာတ် မဟာထေရ အရှင်မြတ်တို့ကဲ့သို့ ဥက္ကဌ်ပဋိသန် အမွန်တရထည် ကိန်းမှီးတည်၍ သက္ကရာဇ် ၁၂၀၄-ခုနှစ် တပေါင်းလပြည့်ကျော် ၁-ရက် ကြာသပတေးနေ့ ဆယ်လစ္စေ့သဖြင့် ကြိုက်တွေ့မင်္ဂလာ အခါကောင်းတွင် မယ်တော် မိခင်ကြီးသည် ကြည်လင်စွာ ဖွားမြင်တော်မူသည်။

ဖွားမြင်တော်မူပြီးနောက် ၇-နှစ်အရွယ် ရောက်သောအခါ သူငယ်တကာ အများတို့ ဓမ္မတာဖြစ်သော မဟာထေရ်ကျော် ဦးရေဝတ အမည်ရှိသော ဂိုဏ်းချုပ် ဆရာတော်ထံ အပ်နှံရာ ကျောင်းသားသူငယ်တို့ သင်အပ်သမျှ နမောဗုဒ္ဓါယအစ သင်ပုန်းကြီး မင်္ဂလသုတ် အောင်ခြင်းရှစ်ပါး ရတနာရွှေချိုင့် နမက္ကာရ ပရိတ်ကြီးစသော စာငယ်တို့နှင့်တကွ ဇာတ်ကြီးဆယ်ဘွဲ့ ဆန်းအလင်္ကာ သဒ္ဒါအဘိဓာန် သင်္ဂြိုဟ်သင်္ဂဟတို့ကို အစဉ်အတိုင်း သင်ကြားပို့ချ၍ သာမဏေအဖြစ်သို့ ရောက်သောအခါ ဥပဇ္ဈာယ်ဆရာ မှည့်ခေါ်အပ်သော ရှင်ပဏ္ဍိတအား အသက်(၁၇)နှစ်တိုင် သခေ်ပဋီကာ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ အဋ္ဌသာလိနီ မူလဋီကာ စသော အဘိဓမ္မာပိဋကတ်ကျမ်းစာများကို ပို့ချတော်မူသည်။

ထိုနောက် ဂိုဏ်းချုပ်ဆရာတော် ဦးရေဝတသည် တပည့် သာမဏေရှင်ပဏ္ဍိတ၏ တိက္ခဂမ္ဘီရဉာဏ်နှင့်တကွ သတ္တိဗလ ဇွဲတ္တိဗလ စူးရှထက်သန် လျင်မြန်နက်နဲသော အကြောင်းအရာတို့ကို ကောင်းစွာ သိမြင်တော်မူသဖြင့် တပည့် ရှင်ပဏ္ဍိတကို မန္တလေး ရတနာပုံ နေပြည်တော် သုဓမ္မာ သာသနာပြု စံကျောင်းဆရာတော် ဘုရားကြီးထံ ကျိုးနွံရိုသေစွာ လျှောက်ထား တောင်းပန်သော သဝဏ်လွှာနှင့် ဝိဋကတ် စာပေ သင်ယူရန် စေလွှတ်ပို့အပ်တော် မူသည်။

စံကျောင်းဆရာတော်ဘုရားကြီးသည် အုံသဇင်ရွာ ဇာန္တာသာလ တောကျောင်း၌ ဂန္ထဓုရဝိပဿနာဓုရတို့ကို ပွားများအားထုတ် နေစဉ် ဆရာတော်ကြီးသည် ပါသာဒိကဝဏ္ဏ ဇာန္ဒြိယဂုတ္တ သီလ သံဝရ ဝတ္တသမ္ပန္န ပရိယတ္တိမုဋ္ဌိအာဂမ တိက္ခဉာဏစသည်တို့ကို ကိုယ်တော်တိုင် ၇-ရက်ခန့်ကာလ ထောက်ဆစုံစမ်းကြည့်ရှုတော် မူလေရာ သာသနာတော်၏ အကျိုးကျေးဇူးကို အထူးသယ်ပိုး ဆောင်ရွက်နိုင် လတ္တံ့သော သတ္တိ စွမ်းအင်ကို မြင်တော် မူရာ များစွာနှစ်သိမ့်အားရတော်မူလျက် ပါဠိတော်အဋ္ဌကထာ ဋီကာ အနုမဓု ဂဏ္ဌိယောဇနာစသည်တို့ကို နေတ္တိသံဝဏ္ဏနာ အရာမက သောနည်းတို့နှင့်တကွ အာရဒ္ဓဝီရိယဖြင့် အထူးပို့ချသင်ကြားတော် မူသည်။

ယင်းသို့ စံကျောင်းဆရာတော်ကြီး၏ အထံတော်၌ ပရိယတ္တိ အဆိ ကျမ်းဂမ္ဘီတို့ကို သင်ယူတော်မူရသဖြင့် ထိုသာမဏေ ရှင်ပဏ္ဍိတ၏ ကျေးဇူးဂုဏ်သတင်းကို သာသနဒါယကာ ပဉ္စမသင်္ဂါ ယနာတင် မင်းတရားကြီး ရွှေနားတော်မြတ် ကြားတော်မူရာ ရခဲ စွာသော သားရတနာကို သာသနာတော်စောင့်နတ်များ ပို့ဆောင် ဆက်သသဖြင့် ရလေစွတကားဟု အားရ နှစ်သက်တော်မူလျက် ပစ္စည်းလေးပါးဖြင့် ပူဇော်စောင့်ရှောက် အမြဲချီးမြှောက်တော် မူသည်ကိုခံယူလျက် ၁၂၂၄-ခုနှစ် ဝါဆိုလ ဆင်ဖြူမရှင် မိဖုရား ခေါင်ကြီးက မြင့်မြတ်သော ဥပသမ္ပဒပဉ္စင်းတော်အဖြစ် နှစ်သက် ဝမ်းမြောက် ချီးမြှောက်ပူဇော်တော်မူသည်ကို ခံယူတော်မူသည်။

ရဟန်းအဖြစ်သို့ ရောက်ပြီးနောက် စံကျောင်း ဆရာတော်ကြီးသည် ရတနာဘုံစံ ရွှေကျောင်းတော်ကြီးကို ၁၂၂၆-ခုနှစ် အလှူခံတော်မူ၍ သိတင်းသုံးတော်မူသောအခါ မကွာထက်ကြပ် ဆည်းကပ်မြဲဖြစ်၍ ဝိနည်းဝိဋကတ်ကျမ်းစာတို့ကို အဋ္ဌကထာဋီကာနှင့်တကွ သင်ယူပြီးနောက် ရဟန်းသိက္ခာ ၅-ဝါရမှစ၍ ဓမ္မာစရိယ ဥပဇ္ဈာစရိယ ဖြစ်တော်မူသော စံကျောင်းဆရာတော်ဘုရားကြီး၏ နည်းနာနယရသည့်အတိုင်း အလွန်သိမ်မွေ့နက်နဲ ခက်ခဲသော သုတ်ဝိနည်းအဘိဓမ္မာပိဋကတ် အထူးထူးသော အဆုံးအဖြတ်တို့ကို ဆုံးဖြတ်စီရင်ရေးသားလျက် မြတ်စွာဘုရားသာသနာတော်ကျိုးကို သည်ပိုးရွက်ဆောင်တော်မူရာ သာသနဒါယကာ မင်းတရားကြီးသည် အားရဝမ်းမြောက်တော်မူလှသဖြင့် ရဟန်း ၁၅-ဝါအရတွင် ပဉ္စမစာချအဖြစ်ဖြင့် ချီးမြှောက်တော်မူ၍ သိက္ခာ ၂၃-ဝါအရတွင် ပဏ္ဍိတဓဇ သိရိပဝရ မဟာဓမ္မရာဇာဓိ ရာဇဂုရု ဟူသော သုဓမ္မာစာထောက် တံဆိပ်တော် လှူဒါန်းပူဇော် ဌာနန္တရ ချီးမတော်မူသည်ကို ခံယူတော်မူရသည်။

သက္ကရာဇ် ၁၂၅၀-ပြည့်နှစ် အနန္တ ဂုဏ်ရှင် ကျေးဇူးရှင် စံကျောင်း ဆရာတော်ဘုရားကြီး ပျံလွန်တော်မူရာ ကျေးဇူးရှင် ဆရာတော်ကြီး၏ အရိပ်အရာ မင်္ဂလာစံကျောင်းတိုက်၌ ရာရိက်မပျက် ဆက်လက်ကြပ်မတ် စာခပေပို့ချနေသည့်အတွင်း စလင်းသူကောင်းကြီးက စလင်းမြို့သို့ကြွ၍ သာသနာတော်ကို ချီးမြှင့်မစတော်မူပါ၊ ဆောက်လုပ် တည်ထားဆဲ ကျောင်းတော်ကြီးကိုလည်း ကြီးမြတ်သော ကရုဏာတော်ဖြင့် အလှူခံတော်မူပါ၊ အကြိမ်ကြိမ်လျှောက်ထားသဖြင့် ၁၂၅၄-ခုနှစ်အတွင်း စလင်းမြို့သို့ ကြွတော်မူ၍ မြို့မငါးစဉ်ကျောင်းကို အလှူခံတော်မူခြင်း, မြို့ရွာနိဂုံးတို့မှ ရောက်လာသမျှသော စာသင်သား သံဃာတော်တို့အား စာပေပို့ချတော်မူခြင်း,အားလပ်သောအခါ ရောက်လာသမျှသော ပုဏ္ဏာပြဿနာတို့ကို ဆုံးဖြတ် ပြောဆိုတော်မူခြင်း စသော ကိစ္စများကို နေ့ရှိသမျှ အားထုတ်ဆောင်ရွက်တော်မူသည်။

၁၂၅၇-ခုနှစ်သို့ ရောက်သောအခါ မြို့သစ်မြို့စား အတွင်းဝန်မင်းကြီး မဟာမင်းလှရာဇာသကြီက မဟာမုနိဘုရားကြီး မဟာရုံတံတိုင်းအပြင်ဘက် အနောက်မြောက်ထောင့် ရွှေရေးဆောင်တိုက်ကြီးအတွင်း ပြင်သစ်ပြည် ပါရစ်မြို့တော်မှ တခုသောအတွင်းဝန်ရုံးတော်ပုံစံအတိုင်း ဆောက်လုပ်ထားသော အလည်အုဌ်ကျောင်းကြီး၌ သီတင်းသုံးတော်မူ၍ သာသနာ့ဒါယကာမဟာကေရာဇ်မင်းမြတ်မရှိသည့်နောက် သာသနာတော် ညှိုးလျော်နွမ်းနယ် အားငယ်သကဲ့သို့ ဖြစ်ပါ၍ ရွှေတောင်ကြီးသဘွယ်ရပ်တန့်တော်မူလျက် သာသနာတော်ကို ချီးမြှောက်တော်မူပါမည့်အကြောင်းနှင့် အကြိမ်ကြိမ်လျှောက်ထား တောင်းပန် အပ်သောကြောင့် မန္တလေးမြို့သို့ပြန်လည်ကြွလာတော်မူပြီးလျှင် အလည်အုဌ်ကျောင်းကြီးကို အလှူခံယူ သီတင်းသုံးတော်မူသည်။

ယင်းသို့ ရွှေရေးဆောင်တိုက် အုဌ်ကျောင်းကြီး၌ ယာပိုက်လေးလီ မျှညီစွာ သီတင်းသုံးတော်မူသောအခါ အနီးအဝေးမြို့ကျေးရွာ တို့မှ ဆိုက်ရောက် ခိုလှုံလာသော အရာအထောင်မကသော စာသင်ရှင်ရဟန်းတို့အား စာပေပို့ချ သင်ကြားခြင်း, ရဟန်းသံဃာဥပါသကာ ဥပါသိကာမတို့အား မကောင်းမြစ်တား ကောင်းရာညွှန်ပြ ဆိုဆုံးမတော်မူခြင်း, ဖြစ်ပွား လာရောက်မေးလျှောက်သမျှ ရှင်မူလူမူဗဟုကမ္ဘ မရေတွက်နိုင်သော ဝိနိစ္ဆယအဆုံးအဖြတ်တို့ကို ဆုံးဖြတ်စီရင် သုတ်သင်ရှင်းလင်းတော်မူခြင်း, ရဟန်း ၅-ဝါရမှစ၍ စီရင်ဆုံးဖြတ်ရေးသားစုပြုသမျှ အဆုံးအဖြတ်တို့ကို တစောင်တဖွဲ့တည်း ရုံးစုပေါင်းစည်း၍ ပဌမ ဒုတိယ တိပေဋကဝိနိစ္ဆယ ပကရဏသမောဒါန ပြုရလျှင် သာသနာတော်ဝန်နှင့် လူရှင်ရဟန်းတို့ ကောင်းကျိုးစီးပွား ကြီးမားဖြစ်ထွန်းမည်ကို မြင်တော်မူသဖြင့် အဆုံးအဖြတ် အရပ်ရပ်တို့ကို စုဆောင်းစေ့စပ် အကြိမ်ကြိမ်တည်းဖြတ် သုံးသပ်တော်မူခြင်းနှင့်တကွ သခ်ါရမ္ဗ ခယဝယ ဥပ္ပါဒ ဋ္ဌိတိ ဘင်္ဂ လက္ခဏတ္တယ သဘာဝတို့ကို ဓမ္မပါသာဒ ပြာသာဒ်မဉ္ဇ ကာလမခြား အမြဲပွားများ အားထုတ်တော်မူသည်။

ထိုသို့သာသနာတော်ကျိုး ပြည်ကျိုးကိုယ်ကျိုးတို့ကို အားထုတ်တော်မူဆဲအခါ အစဉ် ကပ်ငြိရင်းဖြစ်သော လေဝေဒနာသည် ကြီးရင့်တိုးတက် ထကြွလာသည်ကို သမုတိ သာသနာပိုင် ဆရာတော်ကြီး အမှူးရှိသော မန္တလေးမြို့တော်ရှိ ဆရာတော် သံဃာတော် ရွှေရေးဆောင် တိုက်အုပ် တိုက်ကြပ်နှင့်တကွ တပည့်ကြီးငယ် အုဌ်ကျောင်းကြီးအမ အတွင်းဝန်ကတော်ကြီး အမှူးရှိသော ကျောင်းဒါယကာ ကျောင်းဒါယိကာမ တပည့်ဆွေတော်မျိုးတော်တို့ နှိုးဆော်လုံ့လ အားထုတ်ကြပ်မတ်၍ အထူးထူးသော အစာအာဟာရတို့ဖြင့် စောင့်ရှောက်ပြုစု ကုသငြားသော်လည်း လေဝေဒနာသည် သက်သာခြင်းမရှိ တိုးပွားလျက်သာရှိသည်ဖြစ်၍ သက်တော်(၅၈) သိက္ခာဝါတော်(၃၈) သက္ကရာဇ်(၁၂၆၁)ခုနှစ် တပေါင်းလပြည့်ကျော် (၁၃)ရက် အင်္ဂါနေ့ညနေ ၅-နာရီခွဲ အချိန်တွင် တဘဝလျှင် ပိုင်းခြားအပ်သော ပရိယောသာနဇနကကံတော်အဟုန် ကုန်စင်သိမ်းရပ်၍ ဇာတိကမ္ဘဇရုပ် ကွယ်ချုပ်ပျံလွန်တော်မူရှာသတည်း။

—— ——

# အာဒိစ္စရံသီဘွဲ့ခံ ဆရာတော်ဦးကြည်

## အဋ္ဌုပ္ပတ္တိအကျဉ်း

(ရွှေရေးဆောင်တိုက်ကြီး၏ ပရိယတ္တိဂုဏ်ရောင်ကို ဖြိတ်သျှ ခေတ်က ထွန်းပြောင်စေခဲ့သော အာဒိစ္စရံသိဘွဲ့ခံ ဆရာတော် ဦးကြည်နှင့် စတုပစ္စယ ဒါယကာ ဒါယိကာမတို့၏ အကြောင်း ပါသည်)။

မှာထားချက်။ ။ကမ္ဘာ့ ငြိမ်းချမ်းရေးဖခင် မြန်မာဘာသာ ဖရိ ဖက်ဆာ ဆရာလွှန်းရေးသားသော ထေရုပ္ပတ္တိမှ အဘိ ယာစကနိဒါန်းနှင့် ပဏာမတို့ကို ကျယ်အံ့မည်စိုး၍ ချန် လှပ်ထားခဲ့ရသည်ကို သတိပြုစေလိုပါသည်။

## ဇာတိသန္ဓေဖွားရာမြေ

အရှင်အာဒိစ္စရံသိဘွဲ့ထူးရှိတော်မူသော မန္တလေးမြို့ ရွှေရေး ဆောင် ဆရာတော်ဘုရားကြီး၏ အကြောင်းကား သုနာပရန္တ တမ္ဗဒီပ-ဟု ဆိုအပ်သော မြန်မာပြည်ကြီးဝယ် ရွှေပြည်ရန်အောင် အနောက်ဘက် ကျောက်ဆောက်မြို့အပိုင် ဖြစ်သော ယခုအခါ မြင်းခြံခရိုင်တောင်သာမြို့အပိုင်တွင် မန်ကျည်းချိုရွာ,ဟုဂါမတို့အင်္ဂါ လက္ခဏာနှင့် ညီညွတ်စွာ ရှိလေသည်။

ထိုမန်ကျည်းချိုရွာဝယ် ရတနာသုံးပါးတို့အား ကြည်ညိုခြင်း ကံ-ကံ၏အကျိုးကို ယုံကြည်ခြင်းတည်းဟူသော သဒ္ဓါ,ပဉ္စင်္ဂီ အဋ္ဌင်္ဂီ ဒသင်္ဂီ စတုပါရိသုဒ္ဓိသီလ တည်းဟူသော သီလ,ပစ္စုပ္ပန် သံသရာ စီးပွားနှင့်စပ်သော အကြားအမြင်မှတ်ဘွယ် သားဘွယ် တည်း ဟူသော သုတ,ပေးကမ်းစွန့်ကြဲခြင်း တည်းဟူသော စာဂ,ပစ္စုပ္ပန် သံသရာ အကျိုးစီးပွားများမည်ကို ဝေဘန်ခွဲခြမ်း၍ မျှော်မြင်နိုင်ခြင်း တည်းဟူသော ဟိရီ,သံသရာ၌ အပါယ်လေးပါး လားရမည်ကို ကြောက်လန့်၍ မကောင်းမှုမှ ရှောင်ကြဉ်ခြင်း တည်းဟူသော ဩတ္တပ္ပ-ဟုဆိုအပ်သော သူတော်ကောင်းဥစ္စာ ရတနာအပေါင်း

တို့နှင့် ပြည့်စုံသော ရွှေပြည်ရန်အောင် မြင်းတပ်မှူး ဦးကြာဝင်း ဇနီး ဒေါ်ကြွယ်ဟုရှိလေသည်။

ထိုဦးကြာဝင်း- ဒေါ်ကြွယ်တို့မှ သားသမီးခြောက်ယောက် ဖွားမြင်ရာ စတုတ္ထမြောက် ဖြစ်သော ဆရာတော် ဘုရားကြီး အလောင်း ဦးကြည်မှာ ကောဇာသက္ကရာဇ်(၁၂၁၉)ခုနှစ် ဝါဆို လဆန်း(၈)ရက် တနင်္ဂနွေနေ့သို့အဝင် ညဉ့် သုံးချက်တီးကျော် ၅-နာရီ ၃-ပါဒ်-၄ ဗီဇနာ ၃-ပြန် ခရာပြည့် စက်နာရီသန်းလွဲ ၅-နာရီအချိန် မေထုန်လဂ် သိဟ်စန်း မေထုန်တွင် တနင်္ဂနွေ အင်္ဂါ စနေ၊ ပြိဿတွင် ဗုဒ္ဓဟူးသောကြာ၊ မိဿတွင် ကြာသပတေး၊ မိန်တွင် ရာဟုတို့ ရပ်တန့်၍ တနင်္ဂနွေဟောရတ် စနေတရင်း စနေနဝင်း လဂ်စီးနက္ခတ် ငါးလုံးတပါဒ် နှစ်ဆဋ္ဌိ ၉-ထက် လဂ်စီးလျက် ထိုနာရီ၏မွန်းတည့် နက္ခတ်သော်ကား ပြုဗ္ဗာပုရပိုဒ် နက္ခတ် ၃၂၈-အံသာ ၅၇-လိတ္တာ မွန်တည့် ကောင်းမြတ် စင်ကြယ်သော ထိုအချိန်တွင် ယခုရေးသား ဖော်ပြလတ္တံ့သော ဆရာတော်ကြီးကို မီးရှုသန့်စင် ဖွားမြင်တော်မူလေသည်။

ထိုသို့ ဖွားမြင်တော်မမူမီ မယ်တော်၏ဝမ်းတိုက်၌ ကိန်းဝိုက် သန္ဓေတည်လာသောအခါမှာ ကောင်းကင်က ကြယ်တာရာကို မျိုရသည်ဟု အမိဖြစ်သူ ဒေါ်ကြွယ်၌ အိမ်မက်မြင်လေသည်။

ထိုသို့ဖွားမြင်တော်မူပြီးနောက် မိဘတို့နှင့်အတူ မန်ကျည်းချို ရွာတွင် နေထိုင်စဉ် ဆရာတော်ဘုရားအလောင်း မောင်ကြည်းအား မြင်မြင်သမျှသော သူအပေါင်းတို့က သူငယ်၏ သဒ္ဒနိကာယ် ရူပနိကာယ် အသွယ်သွယ်တို့ကို မြင်ရသဖြင့် အချို့ သာမုဒ္ဒိက ကျမ်းတတ်ပညာရှိ ကဝိမြတ်တို့က ပြောကြသည်မှာ ဤသူငယ်သည် နောင်-ကြီးပြင်း၍လာသောအခါ အများတကာတို့၏ အားထား မှီခိုရာ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဖြစ်ထိုက်သည့် ကြန်အင်လက္ခဏာ ပြည့်စုံစွာ ပါရှိလေသောကြောင့် ဤသူငယ်ကို တောင်သာမြို့ ကျေးရွာ မန်ကျည်းချိုရွာတွင် ကြီးပြင်းစေခြင်းငှာ မလျော်ကန် မသင့်မြတ်လှပေ၊ ရွှေမြို့တော်ကြီးမှာသာ ကြီးပြင်းစေမှ သင့်လျော်

လျော့ကျပတ်မည်ဟူသော အကြောင်းဖြင့် အပေါင်းပညာဝါတို့၏ အကြိမ်ကြိမ်အဖန်ဖန် တိုက်တွန်းနှိုးဆော်သောကြောင့် မိဘနှစ်ပါးတို့မှာ သတို့သား မောင်ကြည်နှင့်အတူ မန္တလေး ရွှေမြို့တော်သို့ လာရောက်နေထိုင်ကြလေသည်။

## ပညာသင်ရာမြို့ကျေးရွာ

တိုကဲ့သို့ မိမိတို့၏နေရင်းဖြစ်သော မန်ကျည်းချိုရွာမှ မန္တလေးမြို့သို့ လာရောက် နေထိုင်ရာ အတော်ကလေး ကြာသောအခါ သတို့သား မောင်ကြည်မှာ ၉-နှစ်သားအရွယ်ဟု ဆိုအပ်သော မန္ဒဒသက အရွယ် အတွင်း၌ပင်ဖြစ်၍ ပညာသင် ကြားစေရန် လျော်ကန်သင့်မြတ်လှပြီဖြစ်ရကား မန္တလေးမြို့တော်၏ မြောက်ပြင် မင်္ဂလာမဟာဇောတိကာရာမတိုက်၌ ယာပိုက်လေးလီ မျှညီရှင်ပြီး သီတင်းသုံး နေထိုင်တော်မူသော ချောင်းဆုံဆရာတော် အရှင်တေဇဝန္တာဘိဓဇအထံ အပ်နှံကာ ပညာကို သင်ကြား စေရာ လေးလကြာသောအခါ အံ့သြဘွယ်ရာ ကြားရဘူး သည်ကား အခါတပါး အရှင်တေဇဝန္တ စာတက်သွားစဉ် စာအံ့နှင့်မှာထား ခဲ့ရာ အပြန်မှာကစားလျက်တွေ့သဖြင့် နင်သေမဲ့သာကြီ တခွိတ်ကို ညပြန်နိုင်လျှင် တော်လိမ့်မည်ဟု ငေါက်ငန်း၍ မိန့်တော်မူရာ ကစားရာမှထ၍ တည်နေချင်းကျက်သောအခါ တခွိတ်တစောင်လုံး ရသည်ဖြစ်၍ ပြန်ပြရာ ဆရာတော်မှာ အံ့သြ၍သာ နေရလေသည်။

ထိုအခါ ငယ်ဆရာရင်းဖြစ်သော ချောင်းဆုံဆရာတော် အရှင်တေဇဝန္တာဘိဓဇမှာ မောင်ကြည်အား အားထုတ်သင်ကြားသော လုံ့လဝီရိယတို့ကိုရင်း တထွာပြက တလံမြင်ဆိုသော ဉာဏ်မျိုးကိုရင်း, သင်ကြားရရှိပြီးသော ပညာရပ်များကို မမေ့မလျော့ဘဲ အမြဲကိန်းဝပ်တည်နေသည့်ပြင် ဆင်ခြင်ဝေဘန်ကာ ယူဆတတ်သော ဉာဏ်မျိုးတို့ကိုရင်း, အကြောင်းကြောင်းတို့ကို သိရှိတော်မူသဖြင့် စိတ်ချလောက်ပြီဖြစ်ရကား မိမိ၏ ဇာတိရင်းဖြစ်သော ချောင်းဆုံရွာသို့ ပြန်ကြွနေထိုင်လိုသောကြောင့် မင်္ဂလာ မဟာဇောတိကာရာမ တိုက်ကြီး၏ ဦးစီးနာယက ဖြစ်တော်မူသော

သုဒဿနခဇဓမ္မသာမိ သိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု-ဟူသော မင်းစံခပ်နှိပ် ဘွဲ့တံဆိပ်ရှိတော်မူသည့် ပခန်းကြီးမြို့ အနောက်လက် မြို့လှချောင်းရွာကြီးလျှင် ဖွားရာဇာတိဖြစ်တော်မူသော မဂ်လာ စံကျောင်း ဆရာတော်ဘုရားကြီးနှင့် နောင်သောအခါ မှိုင်းခိုင်း ဆရာတော်ဟု ထင်ပေါ်ကျော်စောလတ္တံ့သော ပဏ္ဍိတဓဇ သိရိ ပဝရမဟာဓမ္မရာဇာဓိရာဇဂုရု-ဟူသော မင်းစံခပ်နှိပ် ဘွဲ့တံဆိပ် ရှိတော်မူသည့် ရွှေရေးဆောင်တိုက် ပဌမနာယက ဆရာတော် ဘုရားကြီးတို့အား မောင်ကြည်ကို အပ်နှံခဲ့၍ ချောင်းဆုံရွာသို့ ကြွသွားပြီးလျှင် နေထိုင်တော်မူလေသည်။

မဂ်လာစံကျောင်း ဆရာတော်ဘုရားကြီးသည် ၁၂၅၀-ပြည့် နှစ်တွင် ပျံလွန်တော်မူရာ သတ္တိသားမောင်ကြည် မှိုင်းခိုင် ဆရာ တော်ကြီး အထံတော်သို့ ဆည်းကပ်လျက် ပညာသင်ကြားသော အခါ တပည့်တို့၏ ဝတ်နှင့်အညီ ဆောင်ရွက် သင်ကြားလေရာ ဆရာတော်ဘုရားကြီးသည် သူငယ်၏ အရည်အချင်းတို့ကို ထိုး ထွင်းကာ သိမြင်တော်မူသဖြင့် နောင်အခါ သာသနာတော်ကို ကောင်းစွာ စောင့်ရှောက်မည်ကို ရည်မှတ်တော်မူပြီးလျှင် ကိုယ် တော်တိုင် အထူးကြပ်မ ပရိယတ္တိဓမ္မကို ကျနစွာ သင်ကြား ပို့ချတော်မူလေသည်။

## သာမဏေဖြစ်ခြင်း

ထိုသို့ မှိုင်းခိုင်းဆရာတော်ဘုရားကြီးက အထူးသဖြင့် အရေး ယူကာ ပရိယတ္တိပညာရပ်များကို သင်ကြား ပို့ချတော်မူကြောင်း များကို သဘင်းပြန့်ပွား၍ ပဥ္စမသင်္ဂါယနာတင် ဘုရင်မင်းတရား ကြီးနှင့် မိဖုရားခေါင်ကြီးတို့ ကြားသိလေရာ စံကျောင်းဆရာတော် ဘုရားကြီးနှင့် မှိုင်းခိုင်း ဆရာတော်တို့ထံမှ တောင်းယူ ပြီးလျှင် သာမဏေရပဉ္စင်းဘုံရောက် ချီးမြှောက် သွတ်သွင်းတော်မူပြီးလျှင် မောင်ကြည်၏ ဉာဏ်ပညာ အရည်အရောင်တို့သည် ရောင်ခြည် တထောင်ဆောင်သော သဟဿရံသီ- ဟူသော နေမင်းကဲ့သို့ ထွန်းလင်း တောက်ပြောင်မည့်အရေးကို မျှော်တွေး ထင်မြင်မိကြ သဖြင့် အာဒိစ္စရံသီ-ဟူသော ဘွဲ့တံဆိပ်ကို ခပ်နှိပ်လေသတည်း။

မှတ်ချက်။ ။ကျွန်ုပ်တို့သည် ဆရာတော်ကြီး၏ ငယ်မည်တော်ကို ထုတ်ဖော် ရေးသားရသည်မှာ ဆရာတော်ဘုရားကြီး၏ ငယ်မည်ရင်းကို ထင်လင်းစွာ သိရှိကြစေခြင်း ငှာသာ ရည်ရွယ်ရင်း ဖြစ်ပါသည်၊ ပဒုဋ္ဌစေတနာ အလျှင်းပင် မပါကြောင်းကို ဒအမျိုးသားအပေါင်းတို့ သတိပြုစေလို ပါသည်။ (ဆရာလွန်း)။

သက္ကရာဇ် ၁၂၂၀-ခုနှစ်တွင် မန္တလေး ရတနာပုံနေပြည်တော် ကြီးကို ဘုရားမြတ်စွာ ဗျာဒိတ်တော် အမှာ ရှိသည်နှင့်အညီ ရွေးတည်မဆွ ပဌမတန်ဆင်း တည်ထောင်တော်မူသော ပဌမ သင်္ဂါယနာတင် လောကမာရဇိန်စေတီတော် ဒါယကာ သီရိပဝရ ဝိဇယာနန္တယသပဏ္ဍိတ တြိဘဝနာဒိတျာဓိပတိ မဟာဓမ္မရာဇာဓိ ရာဇာ-အမည်တော်ရှိသော မင်းတရားကြီးသည်ကား အံ့ဘွယ် ရှစ်ပါးနှင့်ပြည့်စုံတော်မူသော သာသနာတော်မြတ်ကြီးကို အလွန် တရာ ချီးမြှောက်ထောက်ပံ့လိုသော သာသနာ့ ဒါယကာ မင်း ကောင်း မင်းမြတ် ဖြစ်သည်နှင့်အညီ ဇာဂရာဘိဝံသ တိပိဋကဓရ မဟာဓမ္မရာဇာဓိရာဇဂုရု-ဟူသော ဘွဲ့တံဆိပ်တော်ရှိသည့် ဒက္ခိဏာ ရာမတိုက် ဘုရားကြီးဆရာတော်နှင့်တကွ သုမင်္ဂလသာမိ သီရိပဝရ မဏိဇ မဟာဓမ္မရာဇာဓိရာဇဂုရု ဆရာတော်၊နရိန္ဒာဘိ သိရိသဒ္ဓမ္မ ဇောတိပါလဇ မဟာဓမ္မရာဇာဓိရာဇဂုရု- ဟူသော ဘွဲ့တံဆိပ် တော်ရ ဆီးဘန်းနီဆရာတော်စသော မင်းဆရာတော်ကြီးသုံးပါး တို့ကို သဒ္ဒါပုဒ်ပါဌ် ရုပ် ခေတ်ပစ္စည်း လိပ်လည်းခြင်းမရှိစေ ရအောင် ပရိယတ္တိသာသနာတော်ဟု ဆိုအပ်သော ပိဋကသုံးပုံကို ကြည်းကြပ်ပြင်ဆင်စေရန် လျှောက်ထား တောင်းပန်တော်မူလျှင် တဘန်ကျောက်ထက် အက္ခရာ တင်ရာ၌ ချွတ်ယွင်းခြင်း မရှိရ လေအောင် အတွင်းဝန် ခန်းပတ်မြို့စားမင်းကြီး သီရိမဟာဥဇနာ, ယောမြို့စားမင်းကြီး မဟာမင်းလှစည်သူ, မိုင်းခိုင်းမြို့စား မဟာ သီရိဇေယျသူ, သံတော်ဆင့်, နေမျိုးရာဇစည်သူ, အမိန့်တော်ရေး မင်းထင်ဇေယျသူ, အသုံးစာရေး နေမျိုးသီရိကျော်သူတို့ကို မှူ ကြီးကြပ်စေပြီးလျှင် ဝိနည်းငါးကျမ်းပါဠိတော် ကျောက်ချပ်ရေ

၁၁၁၊ အဘိဓမ္မာခုနစ်ကျမ်းပါဠိတော် ကျောက်ချပ်ရေ- ၂၀၀၊ နိကာယ်ငါးရပ် ပါဠိတော် ကျောက်ချပ်ရေ- ၄၁၀၊ ပေါင်း ကျောက်ချပ်ရေ ၇၂၉-တို့ကိုမဟာလောကမာရဇိန်စေတီတော်ကြီး အတွင်း ပဌမအရာမ်အတွင်း အုဌ်ဂူပြာသာဒ်လုံးရေ- ၄၂၊ ဒုတိယ အရာမ်အတွင်း အုဌ်ဂူပြာသာဒ်လုံးရေ-၁၆၀၊ တတိယ မဟာရာမ် အတွင်း အုဌ်ဂူပြာသာဒ်လုံးရေ ၅၁၉-လုံးတို့၌ အစဉ်အတိုင်း ပိဋကသုံးပုံတည်းဟူသော ကျောက်စာတော်တို့ကို ကောင်းစွာ သွင်းထား စိုက်ထူကိုးကွယ်တော်မူခြင်းတည်းဟူသော သေလက္ခရ ပဌမ သင်္ဂါယနာတင် အရှင် မင်းတရားကြီး ဖြစ်သောကြောင့် သာသနာရောင် ထွန်းပြောင်သည်ကို အလွန်တရာ အလိုရှိ၍ မည်သည့် ကျောင်းတိုက်၌မဆို ထိုထိုသို့သော အနာဂတ်အခါ သာနာတော်ကြီးကို အပြီးတိုင်ချီးမြှောက် ထောက်ပံ့နိုင်လတ္တံ့သည့် ပုဂ္ဂိုလ်များ ပေါ်ထွက်လာလျှင် ဘုရင်မင်းတရားကြီးကိုယ်တော်တိုင် ရှင်ဒါယကာ ရဟန်းဒါယကာခံကာ ချီးမြှောက် ထောက်ပံ့မြဲ ဖြစ်လေသတည်း။

ထို့ကြောင့်လည်း အရှင်အာဒိစ္စရံသီ ဘွဲ့ထူးတော် ချီသော ဆရာတော်လောင်း ဦးကြည်၏ သတင်းကို ကြားသိကာမျှဖြင့် အစလ စေတနာ ထက်သန်စွာဖြင့် မြန်စွာ လာရောက်လျက် စံကျောင်း ဆရာတော် ဘုရားကြီးနှင့် မှိုင်းခိုင်း ဆရာတော်တို့ထံမှ လျှောက်ထားတောင်းပန်ကာ သာမဏေရ ပဗ္ဗဇ္ဇာဘုံတွင်းသို့ သွတ် သွင်းချီးမြှောက်ခြင်းကို ပြုတော်မူလေသည်။

ထိုအခါ သာမဏေ၏ဘွဲ့မှာ အနုရုဒ္ဓါဟူ၍ ဘွဲ့ချီလေသည်၊ ထိုအခါ ဆရာတော်ဦးကြည်မှာ ခိဋ္ဌာဒသက ဒုတိယအရွယ်သို့ ရောက်ပြီးဖြစ်လေသည်။

စာပြန်ပွဲ၌ဝင်နွှဲပုံ

ထိုသို့လျှင် သာသနာ့ဒါယကာ မဟာကေရာဇ် မင်းကောင်း မင်းမြတ်ဖြစ်တော်မူသော ပဥ္စမသင်္ဂါယနာတင် ဘုရင်မင်းတရား ကြီး၏ လက်ထက်တော်အခါဝယ် နှစ်စဉ်နှစ်တိုင်း နယုန်လတိုင်း စာမေးပွဲသဘင်ကြီးကို ဆင်ယင်ကျင်းပလေသတည်း။

ထိုသို့ကျင်းပသောအခါ အရှင်အာဒိစ္စရံသီ ဘွဲ့ထူးချီသော ဆရာတော် ဦးကြည်ကား သက္ကရာဇ် ၁၂၇၂-ခုနှစ် နယုန်လ သုခမ္ဘာစာပြန်ပွဲတွင် ဝင်နွဲဖြေဆိုရာ ပဌမငယ် အောင်ပန်းကိုရင်း, ထို့နောက် ၁၂၇၃-ခုနှစ် နယုန်လသုမ္ဘော စာပြန်ပွဲတွင် ဝင်နွဲ ဖြေဆိုရာ ပဌမလတ်တန်း အောင်ပန်းကိုရင်း, ထို့နောက်တနှစ် ၁၂၇၄-ခုနှစ် နယုန်လသုမ္ဘောစာမေးပွဲသဘင်ဝယ် ဝင်ရောက်ကာ နွဲပြန်ရာတွင် ပဌမကြီးတန်းဟူသော အောင်ပန်းကိုရင်း ဆွတ်လှမ်း ရယူတော်မူလေသတည်း။

ပဌမငယ် ပဌမလတ် ပဌမကြီးတန်းဟူသော အောင်ပန်းတို့ကို အစဉ်အတိုင်း ဆွတ်ခူးရရှိသောအခါ ဆရာတော်ဘုရားကြီး၏ သက်တော်မှာ ၁၃-နှစ်၊ ၁၄-နှစ်၊ ၁၅-နှစ် အရွယ်မျှသာရှိ လေသည် ဖြစ်သောကြောင့် အပဟာဝတ အံ့ဩဘွယ် ကောင်း လေစွ့တကား။

ထိုသို့လျှင် အသက်အရွယ်နှင့်မမျှအောင် တန်ဆောင်ဆီမီးကဲ့သို့ ညီးညီးဝင်းပြောင်သည့် ဘုန်းခေါင် ထွန်းထား ရှင်တော်မြတ် ဘုရား၏ သုံးပါးသော သာသနာတော်မြတ်ကို အနာဂတ်အခါ ရွက်ဆောင်တော်မူရန်အလို့ငှာ ပဌမငယ်, ပဌမလတ်, ပဌမကြီး တို့ကို အသီးသီးအောင်မြင်ပြီးနောက် ဖွားမြောက်သော သက္ကရာဇ် ၁၂၁၉-ခုနှစ် သက်တော် ၁၀-နှစ် အရွယ်သို့ ရောက်သော အခါတွင် သုခမ္ဘာစာပြန်ပွဲ၌ တဖန်ဝင်နွဲဖြေဆိုပြန်ရာ ပဌမကျော် အောင်ပန်းကို ဆွတ်လှမ်းရရှိတော်မူလေသတည်း။

ထိုအခါသည်ကားရတနာပုံနေပြည်တော်ကြီးတွင် ခမည်းတော် မင်းတရားကြီး၏ အမွေတော် တည်းဟူသော ရွှေထီးရွှေနန်းကို သိမ်းမြန်းဆက်ခံ နောင်အခါစိုးစံလတ္တံ့သော မာန်အောင်ရတနာ စေတီတော် ဒါယကာ အရှင်သီပေါ မင်းတရားကြီးလည်း ပဌမ ပြန်ဆိုသောနှစ် ဖြစ်လေသတည်း။

မှတ်ချက်။ ။ဤ ပဌမပြန်အခန်းကို ဆရာတော်ကြီး ကိုယ်တိုင် ရေးသားတော်မူသော ဂန္ထိရတ္တနီယာမဝိသဇ္ဇနာ ကျမ်း၏

နိဂုံးတွင် အကျဉ်းမျှပြတော်မူသည်ကို ဆရာတော်ဘုရားကြီး အသက်နှင့် ခု-နှစ် သက္ကရာဇ်တို့ကို နှိုင်းဆပြီး ကျွန်ုပ်တို့ ချိန်ခြင်းမျှဖြစ်သည်။

ထိုစဉ်အခါ သုဓမ္မာ စာမေးပွဲသဘင်၌ ဝင်ရောက် ဖြေဆိုကြသော ပုဂ္ဂိုလ်တို့အား ယေဘုယျအားဖြင့် လိင်ပြန်ကာ လူပုဂ္ဂိုလ်အဖြစ်နှင့်သာ ဝင်ရောက်ပြန်ဆိုရသောကြောင့် အရှင်အာဒိစ္စရံသိ ဘွဲ့ထူးတော်ရှိသော ဆရာတော် ဦးကြည်မှာလည်း လိင်ပြန်ကာ ဝင်ရောက်ဖြေဆိုလေရကား ကုန်းဘောင်မင်းဆက် အစဉ်အလာ ပဋ္ဌမကျော် ပညာဝါတို့အား ကြယ်ထိုး ခေါင်းပေါင်း ၃-ထည်၊ မင်းသားလတ် ဝတ်လုံ ၂-ထည်၊ ပိတ်အင်္ကျီရှည် ၃-ထည်၊ စလွယ် ၁၅-သွယ် ၁-ကုံး၊ စိန်နားဒေါင်း ၁-ရံ၊ စိန်လက်ကောက် ၁-ရံ၊ ကျောက်စီဘယက် ၁-ခု၊ ရွှေတံကောင်းဖုံ ၁-ခု၊ ရွှေကွမ်းအစ် ၁-လုံး၊ ရွှေကလပ် ၂၊ ရွှေထွေးခံ ၁၊ ရွှေထီး ၄၊ ရွှေထမ်းစင် ၁၊ လုလင်စည် ယပ်စွဲ ၁၀၀၊ စမြောင်သိုင်းကိုင်း ၂၊ ရွှေတော်ပြေးစည်တော်စုံ ၁၊ ထို့ပြင် ပေးလှူချီးမြှောက် ထောက်ပံ့မြဲ ဖြစ်သည့်အတိုင်း ဆရာတော်ဘုရားကြီးအားလည်း ချီးမြှောက် ပူဇော်တော် မူလေသတည်း။

ငယ်-လတ်-ကြီး-ကျော် ၄-မျိုးတို့တွင် ပဋ္ဌမကျော်တန်း၌ ပြန်ဆိုရသော စာများမှာ ၁-သဒ္ဒါ၊ ၂-သင်္ဂြိုဟ်၊ ၃-ဆန်း၊ ၄-အလင်္ကာ၊ ၅-အဘိဓာန်၊ ၆-သဒ္ဒတ္ထဘေဒစိန္တာ၊ ၇-ကစ္စာယနသာရ၊ ၈-ဝစ္စဝါစက၊ ၉-ဝိဘတျတ္ထ၊ ၁၀-ဒွေမာတိကာ၊ ၁၁-မာတိကာ၊ ၁၂-ဓာတုကထာ၊ ၁၃-ယမိုက်၊ ၁၄-ပဋ္ဌာန်းကျမ်းများပင် ဖြစ်လေသတည်း။

ထိုတွင် သဒ္ဒါမေးခွန်း၌ ၁-ညသ်ပါဌ်၊ ၂-ရူပသိဒ္ဓိစာကိုယ်ပါဌ်၊ ၃-ဋီကာပါဌ်၊ ၄-ကစ္စာယနဝဏ္ဏနာပါဌ်၊ ၅-သဒ္ဒါငယ်သမ္ဗန္ဓစိန္တာစာကိုယ်ပါဌ် နိဿယ၊ ၆-ဋီကာပါဌ်၊ ၇-သဒ္ဒသာရတ္ထဇာလိနီစာကိုယ်ပါဌ် နိဿယ၊ ၈-ဋီကာများပင် ပါဝင်လေသည်။

ဆန်းမေးခွန်း၌ကား ၁-ဆန်းစာကိုယ် နိဿယ, ၁-ကဝိသာရ ဋီကာပါဌ်, ၃-ဝစနတ္ထဇောတိက ဋီကာ ပါဌ်များပင် ပါဝင်လေသည်။

ညဝါပြန်ဆိုရာမှာလည်း ယမိုက် ၁၀-ကျမ်းနှင့် ပစ္စယုဒ္ဒေသ ပစ္စယနိဒ္ဒေသ ပဋ္ဌာနဝါရ သဟဇာတဝါရကစ၍ သမ္ပယုတ္တဝါရ ကုန် ပဥှာဝါရ ဝိဘင်း သချာဝါရတို့ပင် ဖြစ်လေသည်။

သဒ္ဒါပြဿမေးခွန်း၌ကား ၁-ဋီကာကျော်ပါဌ်, ၂-သဒ္ဒေပဝဏ္ဏနာ ပါဌ်, ၃-မဏိသာရမဉ္ဇူသာပါဌ်, ၄-မဏိဒီပပါဌ်, ၅-အဌသာလိနီ ပါဌ်, ၆-မူလဋီကာပါဌ်များပင် ပါဝင်လေသည်။

ထိုသို့သော ကျမ်းဂန် အတန်တန်တို့ကို ဝင်ပြန် ဖြေဆိုနိုင်မှသာ လျှင် တကယ့် ပဌမကျော်ဟု ချီးမြှောက်တော်မူ၍ ယခင် ဆိုခဲ့ပြီး သော အဆောင်အယောင်တို့ကို မင်းခေါင်မင်းဖျား မင်းတရား ကြီးက အပြီးတိုင် ပူဇော် ပေးလှူတော်မူလေသည်။

ထိုသို့ သုဓမ္မာ စာပြန်ပွဲကြီးကို အပြီးတိုင် ကျင်းပရာတွင် အကြင်သို့သော အာဇာနည်ပုဂ္ဂိုလ် ဝိသေသ အပေါင်းတို့ အတွက် ရိုက်ညောင်းသံဟီး အမြောက်ကြီးများကိုလည်း အပြီးတိုင် ပစ် ဖောက်ရလေသည်။

ထိုသို့ ဆိုအပ်ခဲ့ပြီးသော အခမ်းအနား ဆန်းပြားကြီးကျယ် ဝိဋကတ္တယ ပါရဂူတို့၏ အလယ်၌ တကယ်မကြောက် ခြင်္သေ့ ဟောက်သို့ ဝင်ရောက်ဖြေဆိုအပ်သော ပဌမကျော် အောင်ပန်းကို ဆွမ်းလှမ်း ရရှိတော်မူလေသည်။

## ရဟန်းဖြစ်ခြင်း

ထိုသို့ အံ့ဘွယ်သူရဲ ဖြစ်သော ပဌမကျော် အောင်ပန်းကို တဖန် ဆွတ်လှမ်း ရရှိပြန်သောအခါ အရှင်အာဒိစ္စရံသီ သူမြတ်၏ သတင်းသည် ပျံ့သင်းလျှံထုံ ရတနာပုံ နေပြည်တော်ကြီးတွင် အသီးအသီးသော ရဟန်းရှင်လူ ပုဂ္ဂိုလ်ဟူသမျှကပင် ချီးကျူး ထောမနာ ပြုဘာပြုကြလေသည်သာမက ထိုအခါ စလေမြို့စား

လှေသင်း အတွင်းဝန် မင်းကြီး သိရိမဟာဇေယျကျော်ထင်မှာ အမိန့်တော်မြတ်နှင့် ၂-နှစ်တိုင်တိုင် သုဓမ္မာ စာပြန်ပွဲသဘင်ကြီးကို ဆက်ခါ ဆက်ခါ ကြပ်မ ဆောင်ရွက်ရသောကြောင့် အရှင် အာဒိစ္စရံသီ ရွှေရေးဆောင် ဆရာတော်ဘုရားကြီး၏ အရည် အချင်းကို ဘွင်းဘွင်းကြီး သိရကား အလွန်အားရ နှစ်လို ဝမ်းမြောက်သည် ဖြစ်သောကြောင့် သက္ကရာဇ် ၁၂၇၉-ခုနှစ် အရှင် အာဒိစ္စရံသီ၏ သက်တော် ၂၀-ပြည့်နှစ်တွင် စံကျောင်း ဆရာတော်ဘုရားကြီးနှင့် မှိုင်းခိုင်းဆရာတော်တို့အား လျှောက်ထား တောင်းပန်၍ စံကျောင်းတိုက်ကြီး အတွင်း ခဏ္ဍသိမ် အပြင်ဝယ် စံကျောင်းဆရာတော်ဘုရားကြီးအား ဥပဇ္ဈာယ်ပြု၍ စကြာ မန္တာတ် နတ် မြဟွာ အပေါ်င်းတို့၏ ဝပ်ညောင်း ဆည်းကပ် ပူဇော်ရှိခိုး ခြင်းငှာအပ်သော ဥပသမ္ပဒ ရဟန်းဘဝသို့ရောက် ချီးမြှောက် သဖြင့် တက်ရောက်ရလေသတည်း။

ထိုသို့ဥပသမ္ပ ရဟန်းအဖြစ်သို့ တင်မြှောက်ရာတွင် ကမ္မဝါစာ ဆရာတို့ကား မှိုင်းခိုင်း ဆရာတော်ဘုရားကြီးနှင့် ယခု အခါ သက်တော် ထင်ရှားရှိသော ဝိသုဒ္ဓသီလာစာရ သိရိပဝရ ဓမ္မ သေနာပတိ မဟာသံဃရာဇာ ဟူသော ဘွဲ့တံဆိပ်တော် ရှိသည့် သာသနာပိုင် ဆရာတော်ဘုရားကြီးများသည်လည်း သုဒဿနဓဇ အတုလဓိပတိ သိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ စံကျောင်းဆရာတော်ဘုရားကြီး၏တပည့်များ ဖြစ်ကြလေသည်။

နဝမမြောက် အာဒိစ္စရံသီဘွဲ့ခံဆရာတော်ဦးကြည်
ရေးသားခဲ့သော

သိဿာနုသိဿ ဆရာစဉ်လင်္ကာ

''စန်- ည- ဂု- နန်၊ ဆင့်ရန်တထွေ၊ သူ-ဥေ-သု-ပဏ်၊ ရှစ်တန်ထေရ်မော်၊ ကျွန်လုံးကျော်တို့၊ ရွှေသော်ဆရာ၊ နောက်မှာသိဿ၊ ဆင့်ဆင့်ပြလော့၊ ဝံသစင်ကြယ်၊ ငါတို့ နွယ်တည်း''

ဟူ၍ သိကုံး ရေးသားထားတော်မူသည့် အာစရိယပရမ္ပရ ရှစ်ဝသော ဆရာတော်တို့ကို ပြဆိုသောအချက်များပေတည်း။

ထိုသို့လျှင်-

၁။ စန္ဒမဉ္ဇူသာလင်္ကာရ တိပိဋကဓရမဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ ဘုံ့ဘာဆရာတော်၊

၂။ ဉာဏာသာဝရ ကိတ္တိဇယ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိ ရာဇဂုရု တံဆိပ်တော်ရ ကျော်အောင်စံထားဆရာတော်၊

၃။ ဂုဏာဘိအနန္တဓဇမဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်, ဂုဏာဘိအနန္တသိရီသဒ္ဓမ္မမဟာဓမ္မရာဇာဓိရာဇဂုရုဟူသော တံဆိပ်တော် ၂-ထပ်ရ မင်းအိုဆရာတော်၊

၄။ နန္ဒမာလာ တိပိဋကာလင်္ကာရသိရီဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု တံဆိပ်တော်ရ ပဌမဇားကရာဆရာတော်၊

၅။ သူရိယဝံသာဘိသိရိပဝရာလင်္ကာရဓမ္မသေနာပတိမဟာဓမ္မ ရာဇဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ သဲအင်းသာသနာပိုင် ဆရာတော်၊

၆။ ဥေယျဓမ္မာဘိဝံသ သိရီပဝရာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ မောင်းထောင် ဆရာတော်၊

၇။ သုဒဿနဝရဝမ္မသာမိမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ် တော်, သုဒဿနဓဇ အတုလာဓိပတိ သိရီပဝရ မဟာဓမ္မ ရာဇာဓိရာဇဂုရု တံဆိပ်တော် ၂-ထပ်ရ စံကျောင်း ဆရာတော်၊

၈။ ပဏ္ဍိတဓဇသိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရု ဟူသော ဘွဲ့ တံဆိပ်တော်ရ မှိုင်းခိုင်းဆရာတော်ကြီး တည်းဟူသော သိဿာနုသိဿ ရှစ်ဆက်မျှသော ဆရာတော်ဘုရားကြီး တို့၏အဆုံး ကိုးဆက်မြောက် ဆရာတော်ဘုရားကြီးကား ဤရွှေရေးဆောင် ဆရာတော်ဘုရားကြီးပင်ဖြစ်လေသည်။

စန်ဒေါ ဝိယ ညာဏစာရာ၊
ဂုဋ္ဌဝေတ္တသု နန်ဒိတဗ္ဗာ၊
သူရသီဟာ ဥေ ယျစေရာ၊
သုသောဘိတာ ပဏ်ဍိထေရာ။

ဂါထာအနက်။ ။စန္ဒောဝိယ၊ သရဒဒါညီ ပုဏ္ဏမီ၌ စုံညီတက်ထွန်း လစက်ဝန်း၏ တင့်ရှန်းဝေဖြာ အသရေပမာသို့။ ညာဏစာရာ၊ ညာဏ်၏တင့်တယ်လျောက်ပတ် ကောင်းမြတ်သောဖြစ်ခြင်း ရှိတော်မူကြပေကုန်သော၊ ဂုဋ္ဌဝေတ္တသု၊ လျှို့ဝှက်နက်နဲခက်ခဲသော သဒ္ဒနယ အတ္ထနယလုံးစုံ ကွယ်ဝှက်ပုံတို့၌။ နန္ဒိတဗ္ဗာ၊ နှစ်သက်ယုံကြည် သက်လုံးမှီအပ်သော အဆုံးအဖြတ်ရှိသည်ဖြစ်၍ နှစ်သက်အပ်ကုန်သော။ သူရသီဟာ၊ သုံးထောင်သနင်း ခြင်္သေ့မင်းသည် ရဲခြင်းအရာ လွန်မင်းစွာသို့ သုံးဖြာသတ်မှတ် ပိဋကတ်နိကာယ် မြိုင်တောလယ်၌ လွန်စွာရဲရင့်ခြင်း ရှိတော်မူကြပေကုန်သော။ စေရာအာစေရာ၊ ငါတို့ထေရ်ရှင် ကျေးဇူးတော်ရင်၏ ရှေးစဉ်မပျက် ဆရာဆက်တို့ဟူ၍။ (ဝါ)၊ စန္ဒမဥ္ဇူသာလင်္ကာရ တိပိဋကဓရမဟာရာဇာဓိရာဇဂုရု တံဆိပ်နာမံကို ခံယူတော်မူသော ဘုံ့ဘာဆရာတော်, ညာဏသာရကိတ္တိဇယ ဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်နာမံကို ခံယူတော်မူသော ကျော်အောင်စံထား သာသနာပိုင် ဆရာတော်, ဂုဏာဘိအနန္တဓဇမဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်ကိုခံယူတော်မူသော မင်းအိုဆရာတော်။ (လ)ဆရာတော်တို့ဟူ၍။ ဥေ ယျ-ဥေ ယျာ၊ ပဝေဏီဝံသာ ရှစ်ဆက်လာကို စဉ်ကာမသွေ သိအပ်လေကုန်၏။

ထိုသို့လျှင် အထက်က ဆိုအပ်ခဲ့ပြီးသည့် အတိုင်း မြို့သစ်အတွင်းဝန်မင်း မင်းကြီး မင်းလှမဟာဇေယျ သင်္ကြံဘွဲ့ခံ ငယ်နာမံ ဦးဖိ ဇနီး မြစ်သားမြို့စား သုသိရီပဘာတို့က ၁၂၅၇-ခုနှစ်တွင် လျှောက်ထား တောင်းပန်ချက်အရ မှိုင်းခိုင်းဆရာတော်ကြီးသည် ယခု ရွှေရေးဆောင် ကျောင်းတိုက်ကြီးသို့ စံကျောင်းမှ ရွှေ့ပြောင်း စံနေသော ကာလ ဆရာတော်ဘုရားကြီး ဦးကြည်မှာ စံကျောင်း တိုက်တော်ကြီး အတွင်းမှာပင် ခပင်းများစွာ မှီခိုလာ

သမျှသော တပည့်တို့အား ပိဋကတ်စာပေတို့ကို ပို့ချခါ နေတော်မူလေသည်။

ထိုသို့ စံကျောင်းတိုက်မှာ နေရစ်တော် မူသော်လည်း မှိုင်းခိုင်းဆရာတော်ဘုရားကြီးက ခေါ်တော်မူချက်အရ ၁၂၆၀-ပြည့်နှစ်တွင် ယခု ရွှေရေးဆောင် ကျောင်းတိုက်သို့ ရွှေ့ပြောင်း ကြွလာ၍ စာပေပို့ချခါ နေရလေသတည်း။

ထိုသို့ စံကျောင်းတိုက်မှ ရွှေရေးဆောင် ကျောင်းတိုက်တော်ကြီးသို့ ရွှေ့ပြောင်း ကြွလာတော်မူသော အခါ ထိုစဉ်အခါက ဆောက်သစ်စဖြစ်သော မလွန်ကျောင်းသစ်ကို မှိုင်းခိုင်းဆရာတော်ဘုရားကြီးက အပ်နှင်းတော်မူသဖြင့် ထိုကျောင်းကြီး တွင်ပင် သီတင်းသုံးခါ များစွာသော စာသင်စာလိုက် ပုဂ္ဂိုလ် ထိုထို သို့သော တပည့် အပေါင်းတို့အား နေ့ဝါညဝါ အဖြာဖြာတို့ကို အခါမပြတ်စေဘဲ လွန်ကဲသော ဥဿာဟဖြင့် ကျနစွာ ပို့ချတော်မူလေသည်။

ထိုသို့ မလွန်ကျောင်းသစ်တွင် ကျစ်လစ်စွာ စာပေ ပို့ချခါ နေတော်မူစဉ် ၁၂၆၁-ခု တပေါင်းလပြည့်ကျော် ၁၃-ရက်နေ့တွင် မှိုင်းခိုင်းဆရာတော်ဘုရားကြီး ပျံလွန်တော်မူသော အခါကာလမှစ၍ ဆရာတော်ဘုရားကြီး ဦးကြည်မှာ ရွှေရေးဆောင်တိုက်ကြီး၏ ဦးစီးနာယက ဂဏဝါစက စာချပုဂ္ဂိုလ်ကြီးအဖြစ်သို့ ရောက်လေသတည်း။

ထိုရွှေရေးဆောင် တိုက်ကြီးကား ၁၁၄၃-ခုနှစ်တွင် ရွှေထီးကနက် ရှစ်တန်လွှင့်ထူ ဧကရာဇ်အဖြစ်သို့ ရောက်တော်မူသော အမရပူရ ပဌမ မြို့တည်နန်းတည် ဖြစ်တော်မူသော အောင်မြေလောက စေတီတော် ဒါယကာ ဘိုးတော် မင်းတရားကြီး၏ တောင် ရွှေရေးဆောင် မိဖုရားဖြစ်သော သိရိမဟာဓဂ်လာဒေဝီက သုံးထပ် ဇေတဝန် ရွှေကျောင်းကို ၁၁၅၃-ခု ပြာသိုလဆန်း ၁၁-ရက်နေ့တွင် ဆောက်လုပ်လှူဒါန်း သောကြောင့် ကျောင်းဒါယိကာမကို အစွဲပြု၍ ရွှေရေးဆောင်တိုက် ဟု ခေါ်ဝေါ် ပညတ်ကြလေသည်။

ထိုကျောင်းကို မူလဆောက်လုပ် ပြီးပြေသော အခါ၌ကား ဝေယန်စံလွတ် ဟူသော ကမ္ဘည်းမော်ကွန်း ထိုးစိုက်၍ သမိုက်တော် မူလေသည်၊ ထိုအခါ ဝေယန်စံလွတ် ရွှေရေးဆောင် တိုက်ကြီး၏ ဦးစီး နာယက ဖြစ်သော ပုဂ္ဂိုလ်မှာ အရှင် ဩဘာသဓမ္မ ဖြစ်၍ ဘုရင် မင်းတရားကြီး ကိုယ်တော်တိုင် ရွှေရေးဆောင် မိဖုရားနှင့် အတူ ထွက်တော်မူ၍ ရေစက်သွန်းချ လှူဒါန်းတော်မူသည်။

ထို့နောက် ၁၁၇၁-ခုနှစ်တွင် ဘိုးတော် မင်းတရားကြီး၏ အရိုက်အရာတော် ဖြစ်သော ရွှေထီးရွှေနန်းကို သိမ်းမြန်းဆက်ခံ စိုးစံတော်မူသည့် စတုဌ္ဌရတနာပူရမြို့တည်နန်းတည် မဟာဝိဇယ ရံသိ စေတီတော်ဒါယကာ စစ်ကိုင်းမင်းခေါ် ဘကြီးတော် မင်းတရားကြီးလက်ထက်တော်မှာမူကား နရိန္ဒာဘိသိရီဓဇ မဟာ ဓမ္မရာဇာဓိရာဇဂုရု တံဆိတော်ရ ပုလဲ ဆရာတော် ဘုရားကြီး ဆက်လက်ရှင်ပြီး သီတင်းသုံး နေထိုင်တော်မူသည်။

ထို့နောက် ၁၁၉၉-ခုနှစ်တွင် နောင်တော် စစ်ကိုင်းမင်း၏ အရိုက်အရာကို ဆက်ခံစိုးစံတော်မူသည့် အမရပူရ ဒုတိယကြိမ်နန်း ရွှေထီးရွှေနန်းကို ဘန်ဆင်း တည်ထောင်တော်မူသည့် လောက မဏိစူဠာ စေတီတော်ဒါယကာ ကုန်းဘောင်မင်း ရွှေဘိုမင်း နှစ်မည်ရ မင်းတရားကြီးလက်ထက်တော်မှာမူကား မိုးနဲမိုလ်မှူးကြီး ဖြစ်သော ပခန်းမင်း သိရီသီဟသူရမဟာဓမ္မရာဇာ၏ ပရမညာဏဓဇ မဟာဓမ္မရာဇာဓိရာဇဂုရုတံဆိပ်တော်ရ မဟာထေရ်မြတ်၊ သီတင်း သုံးတော်မူသည်။

ထိုဆရာတော်မထေရ်မြတ်၏ နောက်မှာမူကား အာစာရဝံသ ဓဇသိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ ဆရာတော် ဘုရားကြီး ဆက်၍သီတင်းသုံးပြီးနောက် ၁၂၄၀-ပြည့်နှစ်တွင် ခမည်းတော်ပဥ္စမသင်္ဂါယနာတင် မင်းတရားကြီး၏ အရိုက်အရာ တော်ဖြစ်သော ရွှေထီးရွှေနန်းကို သိမ်းမြန်းဆက်ခံ စိုးစံတော် မူသည့် မန္တလေးရတနာပုံ ဒုတိယနန်းစံ မာန်အောင် ရတနာ စေတီတော်ဒါယကာ မင်းတရားကြီး လက်ထက်တော် ၁၂၅၇-

ခုနှစ်၌ကားမိုင်းခိုင်းဆရာတော်ကြီး ဆက်ခါသီတင်းသုံးတော်မူ၍ ၁၂၆၁-ခုနှစ်မှစ၍ အရှင်အာဒိစ္စရံသီ ရွှေရေးဆောင်ဆရာတော်ကြီးပင် ပျံလွန်တော်မူသည့် တိုင်အောင် အုပ်စီး၍ ထိုကျောင်းတိုက်ကြီး၏ဦးစီးမဟာနာယက ဖြစ်တော်မူလေသည်။

## ဆီးဘန်းနီကျောင်းသစ်နှင့်နိဗဒ္ဓဝတ္ထု၊

ထိုသို့ဖော်ပြခဲ့ပြီးသော ဆရာကောင်း ဆရာမြတ်တို့၏ နည်းမှီမသွေ စာပေတို့ကိုပို့ချနေစဉ် ဝန်စာရေးကြီးဦးသာကြွယ်၏ဇနီး ဝန်စာရေးကတော်ဒေါ်မြို့သူသည်ဆရာတော်ဘုရားကြီးအားအထူးသဖြင့်ကြည်ညိုလေရကား ၁၂၇၂-ခု မတိုင်မီကပင် မန္တလေးမြို့တောင်ပြင် ဆီးဘန်းနီတိုက်သစ်အတွင်းတွင် အလည်တိုက်ကျောင်းကြီးနှင့်တကွ စောင်းတန်းရေတွင်းတို့ကို လက်ခကံကျွေး များစွာပင်ပေး၍ ဆောက်လုပ်စေရာ ပြီးမြောက်သည်နှင့် အဆိုပါနှစ်တွင် ရွှေရေးဆောင် ဆရာတော် ဘုရားကြီးအား ရေစက်သွန်းချလှူဒါန်းသောကြောင့် ခံယူရရှိတော်မူလေသည်။

ထိုသို့ အလှူခံတော်မူပြီးလျှင် ရွှေရေးဆောင် ကျောင်းတော်၌ တလှည့်၊ ဆီးဘန်းနီ ကျောင်းသစ် ဝန်စာရေးကတော်ကြီး ဒေါ်မြို့သူ၏ ကျောင်း၌တလှည့်၊ ဤသို့အစရှိသဖြင့် တပည့်တပန်းတို့အား လှည့်လည်ကာ စာပေပို့ချ၍ နေတော်မူလေသည်။

ထိုသို့ကျောင်းနှစ်ကျောင်း၌ အလှည့်အလည် စာပေပို့ချ၍ နေတော်မူသည့် ကာလ ဆီးဘန်းနီတိုက်သစ် ဝန်စာရေးကြီး ကတော် ဒေါ်မြို့သူ၏ကျောင်းသို့ စာချရန်အလှည့် ရောက်တော်မူသဖြင့် စာပို့ချပြီးသောအခါ စာလိုက်သံဃာ များစွာသော တပည့် အပေါင်းတို့သည် သောင်းသောင်း အုတ် အာ စာဝါ အပြီးတွင် မိမိတို့ နေရာရင်း ကျောင်းများသို့ ပြန်ကြွသွားတော်မူသောအခါ ရှမ်းစုဘူတာမှ ဖူးမြင်ကြရသော ခရီးသည်တို့မှာ များစွာ ကြည်ညို နှစ်သက်ကြ၍ ဆရာတော်ဘုရားကြီး၏ ဂုဏ်ကြက်သရေများမှာ တက်နေပမာ များစွာပင်ထွန်းလင်းတောက်ပလေသည်။

ရွှေရေးဆောင် ဆရာတော်ဘုရားကြီးသည် စာလိုက်သံဃာ ၄၀၀-ကျော် ၅၀၀တို့၏အလယ်၌ တင့်တယ်စွာစာပေပို့ချနေတော်မူသော ဂုဏ်ကြက်သရေအဖြာဖြာကို မြင်ရသော သံတော်ဆင့်ကြေးနန်းဝန် မင်းထင်မင်းခေါင်ကျော်၏သား နယ်ပိုင်ဝန်ထောက် မင်း ဦးအုံ့ထူး ဇနီး ဝန်စာရေးကတော် ကျောင်းအမကြီးသမီး ဝန်ထောက်ကတော် မမချမ်းတို့က အထူးသဖြင့် သဒ္ဓါတရားဖြစ်ကြသဖြင့် ဆီးဘန်းနီတိုက်သစ်အတွင်း ဆရာတော်ကြီးအား စာချကျောင်းသစ် ဆောက်လုပ်လှူဒါန်းပြီးလျှင် နိဗ္ဗဝတ်အဖြစ်ဖြင့် ၁၂၇၂-ခုနှစ်မှစ၍ ၁၂၉၇-ခုနှစ်ထိပုံလွှန်တော်မူသည့်တိုင်အောင် လစဉ် ဆွမ်းဆန်တော်ဝတ္ထုငွေ ၈-ကျပ် လှူဒါန်းရာ နှစ်ပေါင်း ၂၀-အတွင်း စုစုပေါင်း အလှူတော်ငွေ ၄၃၀၀- ကျပ်တိတိ ဖြစ်သည်။

ထို့နောက်တဖန် ရွှေရေးဆောင်တိုက်ရင်းသို့ ပြန်ကြွရောက် သီတင်းသုံးသည်မှ ၁၂၉၀-ပြည့် ဝါတော် ၅၁-ဝါခန့်အထိ ဝိနည်း ဝိဋကတ် အဘိဓမ္မာဝိဋကတ် ပါဠိတော်ကြီးတို့ကို မဟာ ပဒေသလေးဖြာတို့နှင့် ညီညွတ်စွာညှိနှိုင်း၍ ဆစ်ပိုင်းကျနစွာ တပည့်သိဿာတို့အား သင်ကြားပို့ချသည့်ပြင် ရံဖန်ရံခါ၌လည်း ဝိသုဒ္ဓိမဂ်အဋ္ဌကထာကြီးကိုရင်း, သဒ္ဒါ ရူပသိဒ္ဓိ သဒ္ဒနီတိစသော ကျမ်းများကို ပို့ချ၍ ပညာ ပါရမီကို ဆည်းပူး ရှာမှီးတော်မူလေသည်။

ထိုသို့ပရိယတ္တိကျမ်းဂန် အတန်တန်ကို ပို့ချတော်မူရာ၌လည်း အခြားသော ပုဂ္ဂိုလ်တို့ တနှစ် သင်ကြား ပို့ချရမည် ဖြစ်သော ကျမ်းဂန်ကို ရွှေရေးဆောင် ဆရာတော် ဘုရားကြီးမှာ မူကား ခြောက်လမျှဖြင့် တတ်မြောက်အောင် ပြသနိုင်ရကား သင်္ဂဟနည်း အရာတွင် သူတပါးတို့မယှဉ်သာသော အရှင်အနုရုဒ္ဓါအရှင်မြတ်တို့ကဲ့သို့ရင်း, အကြင်ဝါကျတခုကို ဝါကျနှစ်မျိုး သုံးမျိုးစသည် ပေါ်လာအောင် ထုတ်ဆောင်ခါ အမျိုးမျိုးပင် ပြောင်းလွဲ ပြသနိုင် သောပညာနှင့် ပြည့်စုံလတ်ရကား တေဒင်္ဂတော်ရ အရှင်မဟာ ကစ္စည်း မထေရ်မြတ်တို့၏ ဉာဏ်တစိတ်တဒေသကို ရရှိဟိုသကဲ့သို့

၎င်း တိုက်ဆိုင်၍လာသော ဝိနိစ္ဆယအရာတို့၌ ဥပမာ ဥပမေယျ တင်လျက် စာသင်သားတို့၏ ဉာဏ်အမြင်ကျယ်၍ တကယ် ရှင်လန်းဘွယ်ဖြစ်လာရန် ဆန်းကြယ်သောတရားစကားတို့ကို ဆိုတတ်သော အရှင် ကုမာရကဿပတို့၏ အာဘော်ကို တွေးခေါ်သိရှိ တစိတ်တဒေသ ရရှိသကဲ့သို့ဂုဏ်း အကြောင်းတစုံတရာ တိုက်ဆိုင်၍ လာပါမူကား နှံ့နှံ့နှေးနှေး လေးလေး တွတွနှင့် နှိုင်းဆ ကြံစည်၍ နေရသည်မရှိ၊ ရုတ်ချည်းပင် ဖွဲ့ဆိုသီကုံးနိုင်ရကား တေဒဂ်ရ အရှင် ဝင်္ဂီသထေရ်တို့၏ အာဘော်ကို တစိတ်တဒေသ ရသကဲ့သို့ ၎င်း ချီးသောင်း၍ မကုန် အလုံးစုံသော ဂုဏ်တို့နှင့် ပြည့်စုံလေသည်။

ထေရဂုဏာ မဟာဘူတာ၊
နေကမရူ ဟီနသတ္တာ။
ထောမနာဘူတပသန္နာ၊
ထေရဂုဏာ အပ္ပမေယျာ။

အနက်ကား။ ။ထေရဂုဏာ၊ ငါတို့ ထိပ်တင် ထေရ်သခင်၏ ကျေးဇူးတော်အဖုံဖုံ ဂုဏ်တော်မျိုးစုံတို့သည်။ (ဝါ) ရွှေရေးဆောင်ဟု တန်ဆောင်ပမာ ထေရ်ဆရာ၏ ရေကာတွက်ဆ ဤမျှ ဤရွေ့ ဘုန်းဂုဏ်ဟေ့ကို စေ့မြေ့ထင်ထင်များဖြင်လှသော ဂုဏ်မျိုးစုံတို့သည်။ မဟာဘူတာ၊ တပါးမက များလှသည်ဖြစ်၍။ ထောမနာဘူတပသန္နာ၊ ချီးမွမ်းခြင်း၏ အကြောင်းကောန် ဖြစ်ကုန်သော ကြည်ညိုခြင်း ရှိကုန်သော။ အနေကမရူ၊ တပါးမက များလှသော နတ်လူတို့သည်။ ဝတ္တုံ၊ (ထည့်) ဤ၍ ဤမျှ ဂဏန်းချ၍ မှန်းဆ ရေတွက်ခြင်းငှာ။ ဟီ-ယသ္မာ၊ အကြင့်ကြောင့်။ နသတ္တာ၊ မတတ်ကောင်း။ တသ္မာ၊ ထို့ကြောင့်။ ထေရဂုဏာ၊ ငါတို့ထိပ်တင် ထေရ်သခင်၏ များဖြင်ဖုံဖုံ ကျေးဇူးတော် ဂုဏ်တို့သည်။ အပ္ပမေယျာ၊ ကုဋေကုဋာ မရေသာအောင် မြားမြောင်လှပါပေကုန်၏ အရှင်ဘုရား။

ထိုသို့ ပရိယတ္တိစာပေတို့ကို တပည့်သားတို့အား ချပို့ပေးရာ၌ လည်း မြတ်စွာဘုရားသခင်၏ တေဒဂ်ရ အရှင်ဥပသေန မထေရ်

တို့၏ ဉာဏ်ကို တစိတ်တဒေသ ရလေဘိသကဲ့သို့ စိတ်နှလုံးကို ရွှင်ပြုံးနှစ်သက် ကြည်လင်စေတတ်သော မဓုရဝါစာ ချိုမြိန်သော အရသာဖြင့်သာ ကောင်းစွာပို့ချတော် မူသည့်အတွက် ဆရာတော်ကြီး၏ ဂုဏ်ကျေးဇူးတို့သည် အထူးပင် ပြန့်နှံ့ကျော်ကြား၍ ချီးမွမ်းစကား ပြောကြငြားလည်း မာန်မာနတရား တက်ကြွခြင်းမရှိဘဲ အပ္ပိစ္ဆာဂုဏ်ရှင် သူတော်စင် ပုဂ္ဂိုလ်မြတ်တို့ကဲ့သို့ တည့်မတ်သော ဈာန်ခြေဖြင့်သာ နေထိုင်လေသည်။

ထိုသို့သော ဂုဏ်ကျေးဇူးတော် အဖုံဖုံတို့ဖြင့် ပြည့်စုံတော်မူသော အကြောင်းအရာအဖြာဖြာတို့ များစွာပင် ကျော်ကြားသောအခါ အချို့အချို့သော ပုဂ္ဂိုလ်တို့က မနာလို မနှစ်မြို့က်သည့် အတွက် ဂုဏ်တုဂုဏ်ပြိုင် ငါနိုင် သူရှုံး တယူသန်သုံးပြီးလျှင် လုံးလုံးချည်း ဆရာတော်ဘုရားကြီးအား နှိပ်နင်းချိုးဖဲ့ ကဲ့ရဲ့ ပြောဆိုကြသော စကားတို့ကို ကြားသိရသော အခါတို့၌ကား မပြည့်သော ရေအိုးတို့သာလျှင် ဘောင်ဘင်ခတ်သည်၊ ပြည့်သော အိုးတို့မှာ မူကား ဘောင်ဘင်ခတ်တို့ မရှိဟု မိန့်ဆိုပြောကြားလျက် ရေပြည့်အိုးကြီး ပမာ လွန်စွာပင် တည်ငြိမ်လျက် ဈာန်ခြေရရန်နှင့် သည်းခံနိုင်လှသော ဝါသနာစိတ်ထားမှာ သူများထက် ထူးကဲလှလေသည်။

ထိုသို့လျှင် တည်ငြိမ်သော ဈာန်ခြေတို့ဖြင့်သာ တပည့်တပန်းတို့အား နေ့ဝါညဝါ ပို့ချနေတော်မူလေ့ရှိ၏၊ ထိုမှတပါးဝတ်ကြီးဝတ်ငယ် အသွယ်သွယ်တို့ကို နေ့စဉ်ညစဉ် အမြိနိစ္စဗဒ်ပြုစုသော တပည့်ရင်း အရှင်အာသဘနှင့် ဝတ်ဖြည့်ပြီးစီး၍ ကိန်းစက်ခန်းဝင်တိုင်းဝင်တိုင်း အမြဲပင် လဟုကအာပတ်များအတွက် ဒေသနာကံပြုလေ့ရှိ၏၊ ထိုသို့သော ဂုဏ်တော်ကျေးဇူးတော်ရှိတော်မူသော ဆရာတော်ဘုရားကြီးတပါးပေတည်း။

ဤသို့ ဂုဏ်အပေါင်းတို့၏ စုပေါင်းတည်ရာ ထေရ်မဟာ ဖြစ်ခဲ့တော်မူသော ရွှေရေးဆောင် ဆရာတော်ဘုရားကြီးသည်ကား မိမိ၏ဥပဇ္ဈာစရိယဖြစ်တော်မူသော မင်္ဂလာမဟာဇောတိကာရာမ စံကျောင်းဆရာတော်ဘုရားကြီး၏ အလိုဆန္ဒ အာသီသ ရှိတော်

မှုသည့်အတိုင်း "ဝိနယေ ဌိတေ သာသနံ ဌိတံ၊ ဝိနယောနာမ သာသနဿ အာယု"ဟူသော အဋ္ဌကထာစကား ပါဠိလာရှိတော်မှုသည်ကို မှုရင်းထားလျက် ဋီကာကြီးသုံးကျမ်းနှင့်တကွ အာစရိယပရမ္ပရဖြစ်သော ဝိနိစ္ဆယတို့ကို ကျနစွာ ညွှန်ပြပေးတော်မူလျက် ဝိနည်းအဋ္ဌကထာကြီးကိုပင် အခေါက်ခေါက်အခါခါ ပို့ချတော်မူခြင်း, ယင်းမှတပုံ ဝိဋကသုံးပုံ တည်းဟူသော နိကာယ်ကြီးလေးရပ်တို့၏ အချုပ်အချာပဓာန သီဟဠကျွန်းကြီး၌ ဉာဏ်မီးစွယ်စုံ ကုံလုံတတ်ကျွမ်းသဖြင့် အရှင်မဟာဗုဒ္ဓဃောသ မထေရ်သူမြတ်၏ ဉာဏ်စွမ်းကိုပြရာ မဟာအမှတ လမ်းစစ် ဖြစ်ကြီးဖြစ်ပေသော ဝိသုဒ္ဓိမဂ်ကျမ်းကြီးကိုလည်း ကျမ်းပြုရင်း မဟာဗုဒ္ဓဃောသမထေရ်၏ အာဘောဂနှလုံးသွင်းကျဖြစ်အောင် အရင်းအစစ် အမြစ်မူလ အကျဉ်းချုပ်ဥပဒေသစကားတို့ကို မှတ်သားယူလျက် ဝိသုဒ္ဓိမဂ်သည်းခြေကို ထုတ်ပြသောအခါ မဟာဋီကာတို့နှင့် ညှိနှိုင်းပြီးလျှင် တပည့်တပန်းတို့အား အစဉ်မှတ်သားလောက်အောင် ချပို့တော်မူ၏။

အထက်က ပြဆိုခဲ့ပြီးဖြစ်သော ၁၂၇၁-ခုနှစ်လောက် အခါကစ၍ ပို့ချတော်မူသော အဘိဓမ္မာအဋ္ဌကထာကြီးဝယ် အတိဂုဠှတ္ထဂမ္ဘီရဖြစ်၍ သာမန်ပုဂ္ဂိုလ်တို့ သက်ဝင်ထွက်သွားလာနိုင်ခဲလှသော မူလဋီကာ ကျမ်းကြီးကို ပေ ၆-ချပ် ခန့်လောက် ကုန်ရုံမျှဖြင့် တကျမ်းလုံးကို စဆုံးမကျန် မှန်ကန်စွာ သွားလာနိုင်အောင်ပင် ပြသပို့ချတော်မူလေသည်။

ထိုသို့ပို့ချတော်မူရာဝယ် ဤစဉ်အခါက စာဆိုတော်ဖြစ်သော မင်းကွန်း ဓမ္မနာဒတိုက်ကြီး၏ ဦးစီးနာယက အရှင်ပညာစက္ကမဟာထေရ်ပင် ဖြစ်လေသည်၊ ၁၂၇၈-ခုနှစ် လောက်အခါမှာ အထက်ပါနည်းတူ မူလဋီကာကျမ်းကြီးကိုပင် ပို့ချတော်မူရာ ထိုသို့ပို့ချသောအခါ၌ကား စာဆိုတော်ဖြစ်သော ယခုအခါ ပခုက္ကူမြို့ မဂ်လာမဟာဝိသုတာရာမတိုက်ကြီး၌ သံဃာတော် ၇၀၀-ကျော်တို့၏ ဦးစီးနာယက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရဆရာတော် အရှင်ပညာမဟာထေရ်ဖြစ်လေသည်။

ထို့နောက်တဖန် ၁၂၀၀-ပြည့်နှစ်သို့ ရောက်ပြန်သော အခါ၌လည်း ရှေးနည်းအတူ မူလဋီကာ ကျမ်းကြီးကို နည်းအစုံစုံ ဥဒါဟရဏ် အမျိုးမျိုးတို့ဖြင့် ချဲ့ပို့တော်မူပြန်ရာ နောင်လာနောက်သား တပည့်များတို့၌ အကျိုးထူးတရား များပြားစေရန် ရည်သန်တောင့်တ ရှုချိန်ဆပြီးလျှင် နှံသျှသစ်မှုတစောင် နောက်နောင်အရှည် တည်ရစ်စေဟု အကြောင်းပြုပြီးလျှင် ရေးသားတော်မူစေသတည်း၊ ထိုအကြောင်းကိုလည်း ဤစဉ်အခါ သမယကပင် စာဆိုတော်ဖြစ်သော ပရိယတ္တိဓမ္မပါလသံကျောင်း စာချ အရှင်ပဏ္ဍဝ ဖြစ်လေသည်။

ထို့နောက် ၁၂၀၀-ခုနှစ်အခါလောက်မှာမူ သုတ္တန်အဋ္ဌကထာကြီးနှင့်တကွ ဝိဋကတ်သုံးပုံ တည်းဟူသော ပါဠိတော်တို့ကို အတိဝိစိတြဂမ္ဘီရ ဂူဠတ္ထဖြစ်သော အတိုချုပ် ဟာရနယ သာသနပဋ္ဌာန နည်းအမျိုးမျိုးတို့ဖြင့် ဖွင့်ဆိုသော နေတ္တိပါဠိတော်ကြီးကို အဋ္ဌကထာ ဋီကာဟောင်းတို့နှင့် တွဲဖက်ယှဉ်စပ်လျက် နိတတ်နေယျတ် အမျိုးမျိုးဟပ်ပြီးလျှင် အထပ်ထပ်ပို့ချတော်မူလေသည်။

ထိုသို့ပို့ချတော်မူရာ၌လည်း သိပ်သည်းကျစ်လစ်စွာ ပိုသည်လိုသည်မရှိစေရဘဲ မှတ်တမ်းအတိုချုပ် ဟာရကောက်လက်ာကို ရေးသားတော်မူ၍ အရှင်ဓမ္မပါလ မထေရ်မြတ်၏ နှလုံးသွင်းအာဘောဂသို့ ဆိုက်ရောက်ကာ ကျစေအောင် ယတိပြတ်ရှင်းလင်းလျက် ကွင်းကွင်းကွက်ကွက် ပို့ချတော်မူလေသည်။

ထိုအကြောင်းအရာ အပြာပြာတို့ကိုလည်း ဤအခါသမယက ပါဠိတော် အဋ္ဌကထာ ဋီကာဟောင်း သုံးကျမ်း ပေါင်းကို တပါးတည်း စာဆိုဖြစ်သော ရွှေရေးဆောင်တိုက် ပရိယတ္တိဓမ္မပါလသံကျောင်း စာချ ဂဏဝါစကဖြစ်သော အရှင်ပဏ္ဍဝပင်လျှင် ထင်ထင်ရှားရှား ရှိလေသည်။

ရင်းပြင် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးသည် ဘုရားဟောဖော် ပါဠိတော်နှင့်တကွ အဋ္ဌကထာဋီကာ အနုမဓုလက်သန်း အကျမ်းကျမ်းတို့ကိုသာ နိုင်စွမ်းသည် မဟုတ်သေး၊

ရေးအခါသမယ ဘုရားမပွင့်မီကာလက အဝဝသော ဆရာတို့ စိမံပြုစုကြသော သတ္တဋ္ဌအလုံး ဗျာကရဏ်းကျမ်းတို့အပြင် ဗေဒင် ကျမ်း အရပ်ရပ်တို့ကိုလည်း တတ်စွမ်းတော်မူလေသည်။

ထို့ကြောင့်လည်း မုဒ္ဒဗောဓနိသျ စသော ကျမ်းပြု အရှင် နန္ဒမာလာ- ဟူသော တပည့်ကျော် ပေါ်ထွက်သည့် အပြင် သုဗောဓာတက ဗေဒင်ကျမ်းကိုလည်း ကိုယ်တော်တိုင် ရေးတော် မူခဲ့လေသည်၊ ထိုသို့ ဆိုအပ်ခဲ့ပြီးသော သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်တို့သည် အလုံးစုံထုံအပ်လေရကား သည်းခံတော်မူခြင်း တည်းဟူသော ခန္တီဂုဏ် သူတပါးတို့အား သနားတော်မူခြင်း တည်းဟူသော ကရုဏာဂုဏ်တို့ သည်လည်း ပြည့်စုံလျက်ပင် အစဉ်မပြတ်ရှိတော်မူလေသည်။

ကျောင်းသစ်ကြီးနှင့် ခေတ်မီးပန်ကာ စာပွဲသဘင် ဒါနရှင်တို့

ဤသို့သော ကျေးဇူးဂုဏ်အင် များဖြင်သီးသီး အံ့ချီးဝသုံ မြေမိုးတုန်ရိက် ဘဝဂ်ဆိုက်လောက်အောင် တန်ဆောင်ဆီမီး ထိန် ထိန်ညီးသကဲ့သို့ သာသနာတော်ဘည်းဟူသော ပရိယတ္တိဓမ္မ အဝဝ တို့ကို ကျနသေချာ ပို့ချနေရာဝယ် အခါတပါးသော် ရွှေရေး ဆောင်တိုက် အကွင်းမှာပင် သိတင်းသုံးနေဆဲမှာ မန္တလေးမြို့ အနောက်ပြင် ပွဲကုန်းရပ်နေ ပွဲစားကြီး ဦးရှမ်းကြီးနှင့် ပွဲကတော် ကြီး ဒေါ်အုံတို့သည် သမ္ဘာဒေဝ နတ်ကောင်းနတ်မြတ်တို့ နှိုးဆော် တိုက်တွန်းသည့်အလား မန္တလေးမြို့ တောင်ပြင် စာချဆရာတော် ကြီးများအား ပရိက္ခရာ ရှစ်ပါးတို့နှင့်တကွ ငါးခြောက် ပုဇွန် ခြောက် ဆီစိမ် သရက်ချဉ် စသည်တို့ဖြင့် လှူဒါန်း ကန်တော့ရန် လာရောက်ကြသော အခါ များစွာသော စာလိုက် သံဃာတို့ဖြင့် ခြိရုံခါ စာပို့ချ၍ နေတော်မူသော ရွှေရေးဆောင် ဆရာတော် ဘုရားကြီးအား ဖူးမြော်ရလေသည်။

ထိုသို့ ဖူးမြော် ကန်တော့ရသောအခါ လစန္ဒာ ဘုံဝိမာကို တာရာဝန်းပတ် ခြံရုံလတ်ဘိ သကဲ့သို့ များမြတ်သော တပည့် စာသင်သား အခြံအရံတို့နှင့် ပြည့်စုံသော ရွှေရေးဆောင် ဆရာ

တော်ဘုရားကြီးအား အလွန်တရာ ကြည်ညိုစွာ ဖြစ်ပြီးလျှင် စိစဥ် လျက် ပါလာသော လှူဒါန်းဘွယ်ရာ အဖြာဖြာတို့ကို လှူဒါန်း ပူဇော်လေသည်။

ထိုသို့ ကြည်ညိုရင်း သဒ္ဓါတရား တနေ့တခြား ပွားများပြီး လျှင် နောက်များမကြာမီ စားသောက်ဘွယ်ရာ အာဟာရဘောဇဥ် အမျိုးမျိုးတို့ဖြင့် ရွှေရေးဆောင် ဆရာတော်ကြီးထံသို့ လာရောက်ခါ လှူဒါန်းပြန်လေရာ ထိုအခါတွင် ဆရာတော်ဘုရားကြီး နေတော် မူသော မလွန်ကျောင်းကြီးမှာ ပျက်စီးဟောင်းနွမ်း လေရကား မိုးရေများ ယိုစီး၍ ကျနေသဖြင့် မိုးရည် စွတ်စိုပြန်သည်ကိုပင် တပ်တပ်ထင်ထင် ပွဲစားကြီး ဦးရှမ်းကြီး ကိုယ်တိုင် တွေ့မြင် လေသည်။

ထိုသို့ တွေ့မြင်လေရာ ကျောင်းသစ် ဆောက်လုပ်လိုသော စေတနာ ပေါ်ပေါက်ခါ လာသော ပွဲစားကြီး ဦးရှမ်းကြီးသည် ဆရာတော်ကြီးအား ကျောင်းသစ် ဆောက်လုပ်လှူဒါန်း ပါရမည့် အကြောင်းနှင့် ခွင့်တောင်း လျှောက်ကြားလေရာ ဆရာတော် ဘုရားကြီးက ငွေကုန်ကြေးကျ များလှသည် ဖြစ်ပါသည်၊ ပျက်စီး သော အရာမျှကိုသာ ပြင်ဆင်ပါဟု အမိန့်တော် ရှိသော်လည်း ဦးရှမ်းကြီး၏ ကျောင်းဆောက်လိုသော စေတနာသည် ထပ်ခါ ထပ်ခါ တိုး၍ တိုး၍ နှိုးဆော်လာရကား ပျက်စီးယိုယွင်းသည့် နေရာကိုသာ ပြင်ဆင်၍ အစဥ်ကောင်းမွန် ခိုင်ခံ့မည် မဟုတ်ပါ၊ အသစ်ဆောက်မှ ကြာရှည်လေးမြင့်စွာ ကောင်းပါမည့်အကြောင်း နှင့် ထပ်မံ၍ ခွင့်တောင်းသောကြောင့် ကျောင်းသစ်ဆောက်ရန် အခွင့်ပြုလေသည်။

ထိုသို့ ဆရာတော်ဘုရားကြီး၏ အခွင့်ပြုတော်မူချက်ကို ရရှိ သောအခါ ဇိဏ္ဏကာဝါသပရိသန်ရဏံ ဟု ကျမ်းဂန်လာ ရှိသည်နှင့် အညီ ပျက်စီး၍ နေသော ကျောင်းဟောင်းကြီးကို ဖျက်ပြီးလျှင် ငွေဒင်္ဂါး တသောင်းကျော် ကုန်ကျသော ကျွန်းသား ကျောင်း ဆောက်လုပ်ရာ မတ္တရာမြို့အပိုင် ကန်ပိုင်ရွာ မြေပိုင်ရှင် ဒေါ်ဒေါ်မှုံ ကလည်း ငွေ ၂၀၀၀–ကျပ် ထည့်ဝင်လျက် ဆောက်လုပ် ပြီးပြေ

လျှင် အစဉ်ထွန်းလင်းရန် ဓာတ်မီးနှင့်တကွ ပန်ကာကြီးပါ စုံလင်စွာ ဆင်ယင်ပြီးစီးသောအခါ ၁၂၈၆-ခုနှစ်လောက်တွင် ရေစက်သွန်းချ လှူဒါန်းခြင်း ပြုသည်ကို အလှူတော်ခံပြီးလျှင် ထိုကျောင်းကြီးပေါ်တွင် ကွမ်းတိုင်ကြီးတို့ အလယ်၌ ပန်ကာအောက် ကုဋင်ကြီးနှင့် စာပို့ချသောအခါ စာလိုက်သံဃာ ဝိနည်း စာဝါမှာ ၃၀၀-ကျော် ၄၀၀-ရှိလေသည်၊ နေ့တွက်စာဝါမှာ ၇၀၀ ကျော် ရှိသည်။

ထိုစဉ် အခါက ထိုခေတ် ၃-ခေတ် စာစောင်ကို စုပေါင်းတင်ပြသော ပုဂ္ဂိုလ်သည်ပင် ကုဋင်အောက်မှ စာလိုက်ရပါသည်၊ ယိုကျောင်းသစ်ကြီးပေါ်၌ ယာပထလေးလီဖြင့် မျှညီရှင်ပြီး သီတင်းသုံးနေယိုင်တော် မူလေသည်။

ကျောင်းဒါယကာ ဦးရှမ်းကြီးလည်း ထိုသို့သောကျောင်းကြီးကို ဆောက်လုပ် လှူဒါန်းပြီးသည်မှစ၍ ဆရာတော်ဘုရားကြီး ပျံလွန်တော်မူသော နေ့တိုင်အောင်ပင် ဆွမ်းဆန်တော်စရိတ် အလုံအလောက် ပဋ္ဌာန်ခြောက် အပြည့် အစုံ တို့နှင့်တကွ ဝတ္ထုငွေ ၂၅-ကျပ်တို့ကို လစဉ်မပြတ် ထောက်ပံ့ လှူဒါန်းလေသည်။

ထို့နောက် လှေသင်း အတွင်းဝန်မင်းကြီးအား မန္တလေးမြို့ မဟာမုနိ ဘဏ္ဍာတော်ထိန်း မြူနီစပါယ်လူကြီးမင်း လှေသင်း မောင်မောင် ဇနီးဒေါ်ဒေါ်ရုံက ဆရာတော်ကြီးအား လစဉ်ဆွမ်းဆန်တော်ဝတ္ထုငွေ ၁၀-ကျပ်ကို လှူဒါန်းခြင်း, ထို့နောက် ရတနာပူရ အင်းဝနယ် အဝင်အပါ တောင်ပြုံး ရွာသူကြီး ဦးကြာညိုက ဆွမ်းဆန်တော်ဝတ္ထုငွေ လစဉ်တလ ၁၀-ကျပ် လှူဒါန်ခြင်း, ထို့နောက် ရှမ်းပွဲရပ် ပွဲစားကြီး ဦးညိုကြီးကလည်း ဆရာတော်ကြီးအား နှစ်ရှည်လများ ဆွမ်းဝတ်ကို မချွတ်မယွင်း စေဘဲ အမြဲပင် ချက်ပြုတ်လှူဒါန်းလေသည်၊ နောက်ပွဲစားကြီး အနိစ္စရောက်သောအခါ သားဖြစ်သူ ပွဲစားဦးမြ ပွဲကတော် ဒေါ်ဟံတို့က ဆက်လက်၍ ဆွမ်းဝတ်ကို နေ့စဉ်လှူဒါန်းဆက်ကပ်ကြလေသည်။

ထို့နောက်တဖန် ကျောင်းဒါယကာ ပွဲစားကြီး ဦးရှမ်းကြီး ကျောင်းဒါယိကာမ ပွဲကတော် ဒေါ်အုံ့တို့၏ ကျောင်းသစ်ကြီး ပေါ်၌ ၁၂၇၉-ခုနှစ်က ကျေးဇူးရှင်ဆရာတော်ကြီးသည် ဝိနည်း မဟာဝါ ပါဠိတော်နှင့် အဋ္ဌကထာတို့ကို တွဲစပ်၍ ပို့ချနေစဉ် တောင်ပြုံးရွာသူကြီး ဦးကြာညို့က စာလိုက်သံဃာ ၄၀၀-ကျော် တို့အား ဆက်ကပ်ရာ တင်လဲအိုး အလုံး ၄၀၀-ကျော် ကုန်သည်ဟု သိရသည်။

ထို့နောက်တဖန် မြစ်သားမြို့နယ် ဆင်ကွပ်ရွာ ဦးတင့်-ဒေါ်တော်တို့နှင့်တကွ ရွာသစ်ရွာ ဦးစံပြမ်း- ဒေါ်အုံး တို့က ဆရာတော်ဘုရားကြီးနှင့်တကွ စာလိုက် သံဃာတော် တို့အား များစွာကြည်ညိုလှသောကြောင့် စတုမဓုတည်းဟူသော အလှူကို ကပ်လှူပြန်ရာ ဇာပါးလျှင် တလုံးကျဖြင့် အိုးပေါင်း ၄၀၀-ကျော် ကုန်သည်။

ထို့နောက်တဖန် ၁၂၈၇-ခုနှစ် နေတ္တိပါဠိတော် အဋ္ဌကထာ ဋီကာဟောင်း သုံးကျမ်းတွဲ ပို့ချပြန်ရာ ထိုစဉ်အခါကာလမှာ အရပ်ရပ်တို့မှ ကျောင်းထိုင်ပုဂ္ဂိုလ် အသီးသီး ဦးစီးမဟာ နာယက ဆရာတော်များပင် မိမိတို့ကျောင်းကန်ကို အစောင့် အရှောက်ထားကာ စာလိုက် လာကြလေသည်၊ ထိုစာဝါကို လွတ်လပ်ရေးခေတ် ဦးစီးမဟာနာယကဆရာတော် အရှင်ပဏ္ဍိဝ သုံးကျမ်းလုံးကို ဆိုတော်မူသည်၊ ထိုသို့ ပို့ချတော်မူသောအခါ စာလိုက်သံဃာတော် ၆၀၀-ကျော် ၇၀၀-ရှိသည်၊ ကျောင်း ဒါယကာ ပွဲစားကြီး ဦးရှမ်းကြီး ကျောင်းဒါယိကာမ ပွဲကတော် ဒေါ်အုံ့တို့က စာလိုက်ဆင်းလာသော စာလိုက်သံဃာတို့အား ဘိလပ်ရည် ဆက်ကပ်လှူဒါန်းရာ ပုလင်းပေါင်း ၁၀၀၀-မျှ ကုန် သည်ဟု လျှောက်ထားဘူးသည်။

ရွှေရေးဆောင်တိုက်ကြီး၏ ပရိယတ္တိ အလင်းရောင်ကို ထွန်း ပြောင်စေခဲ့သော အာဒိစ္စရံသိဘွဲ့ခံ ဆရာတော်ဘုရားကြီး ဦးကြည် ပြုစုတော်မူခဲ့သော ကျမ်းများမှာ....

၁။ ဂန္ထိရတ္ထနိယာမ-မည်သော ရွှေရေးဆောင် နိယံစာကိုယ်,
၂။ ဂန္ထိရတ္ထနိယာမ ဝိသဇ္ဇနာမည်သော ရွှေရေးဆောင်နိယံ အဖြေ ပ-ဒု-တ-သုံးအုပ်။
၃။ ကေကွရ ကောသ လင်္ကာ။
၄။ နိပါတတ္ထဝိဘာဝနီ။
၅။ သိမ်လင်္ကာ။
၆။ ဟာရကောက်လင်္ကာ။
၇။ ဥပနာပဋ္ဌက ဥပနာဆက္က အထွက်အတက်။
၈။ သုဗောဓဇောတက ပေဒင်ကျမ်း။
၉။ ဘေဒစိန္တာဋီကာ နိဿယ။

## သံဝေဂရဘွယ်

ထိုသို့ ရေးသား ဖော်ပြခဲ့ပြီးသော ဂဏဝါစက ဂန္ထကာရက ဝိဋကတ္တယပါရဂူ လင်္ကာပေသလ သိက္ခာကာမ ဖြစ်တော်မူသော ရွှေရေးဆောင် ဆရာတော်ဘုရားကြီးသည်ကား သက်တော် (၇၈) သိက္ခာဝါတော် ၅၈-ဝါအရ ၁၂၉၇-ခုနှစ်ဦး တာကူးလပြည့်ကျော် ၄-ရက် တနင်္ဂနွေနေ့ နံနက် ၇-နာရီ မိနစ် ၂၀-ဟု ဆိုအပ်သော အချိန်တွင် မှုနိန်ထွတ်ထား ရှင်တော် မြတ်ဘုရားကြီးတို့နှင့် တကွ ဖြဟ္မာ နတ် လူ သုံးဘုံလူတို့တွင် မည်သူ တစုံတယောက်မျှ ကင်းလွတ်ရန် မတားဆီးကောင်းသော ဓမ္မတာ သင်္ခါရ အနိစ္စသဘော သို့ ရွှေ့လျော ပျံလွန်တော်မူလေသတည်း။

ဓမ္မဇောတယဇာနာပေတွာ၊ ယတိနေကတွာ မဟာဂန္ထေ။
ဇာယိတွာ နိဗ္ဗုတော အဂ္ဂ-က္ခန္ဓော မဟာဝိရတ္ထေရော။

အနက်။ ။ဓမ္မံ၊ သူတော်ကောင်းတရား၏ အခြေအမြစ်ဖြစ်သော ဝိဋကတ်သုံးသွယ် နိကာယ်ငါးရပ် ဓမ္မက္ခန္ဓာ တည်းဟူသော တရားတော်မြတ်ကို။ဇောတယ၊နေဝန်းပမာ ထွန်းလင်းဖြာစေ၍။ယတိနေ၊ သာသနာတော်၏ အဓွန့်ရှည်စွာ တည်ရာစင်စစ် အုတ်မြစ်သဘွယ် ဖြစ်ကုန်၍ မရေတွက်သာ ရဟန်းသံဃာများတို့ကို။ ဇာနာပေတွာ၊ သဒ္ဒနယ အတ္ထနယ သဒ္ဒတ္ထနယ အဓိပ္ပါယတ္ထ ကျနလုံးစုံ ယူနည်း

အဖုံဖုံတို့ကို သိစေပြီး၍။ မဟာဂန္ထေ၊ ဂန္ထိရတ္တ နိယာမဟု စရှိလေရာ ကျမ်းများစွာတို့ကို။ (၀၁) ဆိုအပ်ခဲ့ပြီးသော ဂန္ထိရတ္တနိယာမ အမည်ရှိသော စံကျောင်းနိယံ ဂန္ထိရတ္တနိယာမ သာရဝိသဋ္ဌနာ အမည်ရှိသော ကျမ်း, သုဗောဓဇောတက ဗေဒင်ကျမ်း, ဓာတုသင်္ခေပကျမ်း, ဧကက္ခရကောသလင်္ကာ, နိပါတတ္ထဝိဘာဝနီ, သိမ်လင်္ကာ, ဟာရအကောက်လင်္ကာ, ဥပနာဟပဋ္ဌက, ဥပနာဆတ္တ, အထွက်အတက် ကျမ်းတို့ကို။ ကတာ၊ သာသနာတော်ထမ်း ရှင်ရဟန်းတို့ ပင်ပန်းမရှု ပြုတော်မူရှာလေပြီ။ (၀၁) သာသနာအခေါင် ထွန်းလင်းပြောင်တို့ ရည်ဆောင်မျှော်ရှု၍ ပြုသွားတော် မူလေပြီ။ မဟာဝိရတ္တေခရာ၊ ကျေးဇူးတော်အပွမေ ဂုဏ်တော်တွေ အနန္တ မဆုံးဆနိုင်သော ရွှေရေးဆောင်သခင် အရှင်မြတ်ဘုရားသည်။ အဂ္ဂက္ခန္ဓော၊ မီးပုံကြီးအစုကဲ့သို့။ ဇာယိတွာ၊ ဇမ္ဗူမဆံ့ တိုက်လုံးနှံ့အောင် ကျော်လွှမ်းသတင်း ဂုဏ်ခပင်းကို ထွန်းလင်းစေပြီး၍။ နိဗ္ဗုတော၊ သီလ သမာဓိ စရှိဖုံဖုံ ကျေးဇူးအစုံတို့ကြောင့် ထက်ဘုံမြဲဟွာ နတ်များညာ၍ ခန္ဓာချုပ်ငြိမ်းတော်မူလေပြီ။

လောမဟံသ ဘိဟာတ သိတာ၊ကထံမယံနမရဏာမရိဿာမ။
ကေဋ္ဌေန ဂမိဿာမ မစ္ဆု-ဝသံ နဟိနောစ သင်္ကရာ။

အနက်။ ။ခလောမဟံသဘိဟာတ သိတာ၊ ကြက်သီး မွေးညှင်း ထခြင်း တည်းဟူသော။ မယံ၊ နှံ့နေးပညာ သိန်ဖျင်းစွာသော ငါတို့နှယ်သူ သာမန်လူတို့သည်။ မရဏာ၊ သုံးဆဲ့တဘုံ ကျင်လည်ကုန်သော သတ္တဝါများ ခပင်းတို့အား အတင်းကြိတ်ချေ၍ စားတတ်သော မရဏာသေမင်း သူ့လက်တွင်းမှ။ ကထံ၊ အဘယ်သို့သော လက်ဆောင်တစိုး ဆက်ထိုးခြင်း အနိုင်ကျင့်၍ စစ်ခင်းခြင်းဖြင့်။ နမရိဿာမ၊ မသေနိုင်ဘဲ အခိုင်စွဲ၍ အမြဲရှည့်စွာတည်နေပါကုန်အံ့နည်း။ မစ္ဆုဝသံ၊ သေမင်းရပ်ထံ သူ့နိုင်ငံသို့။ ကေဋ္ဌေန၊ မချွတ်မလွဲ အမြဲကေန် အားဖြင့်။ ဂမိဿာမ၊ သေရမည့်ခရီး သေလမ်းဆိုးကြီးသို့ အပြီးမသွေ လိုက်ကြရလေ ကုန်တော့အံ့သတည်း။ နောစ၊ နည်းငယ်ပညာ သေးနုပ်စွာသော ငါတို့

အားလည်း။ သက်ရာ၊ သို့လောသို့လော ဒွေဠကသဘောဖြင့် တွေးတောသက်ာ ယုံမှားရာသည်။ နဟိ-နဧဝ၊ မရှိကောန် စင်စစ် မှန်သည်သာလျှင်ကတည်း။

ကံဦးဆရာတော်ဘုရား ရေးသားသီကုံး နှုံးဖွဲ့၍ ရွှေပြည် ဆရာဦးဘတင် ဖတ်ဆိုအပ်သော စိန်ထီး ၈-ချက် ကနက်ဖွင့်ရာ မဟာသြဘာ စာတမ်းကား အောက်နားကဖော်ပြလိုက်သည့် အတိုင်းပင်ဖြစ်လေသည်။

## ထီးဖြူတော်ဖွင့်သြဘာစာ

ဇေယျတု။ ။အောင်သူတကာတို့၏အဂ္ဂါဓိပတိ၊ အောင်ဘိသေက၊ ပဝရာဓိပဝရ၊ မဟာဇေယျဿဝဂုဏ်ထူး၊ အောင်ပွဲမှူးအစစ်ဖြစ်ဒသာ၊ ဂေါတမန္ဒယ်ဘွား၊ ဘုံသုံးပါး၌၊ ပြိုင်ရှားကင်းဘိ၊ ဝိသုဒ္ဓိပြဟ္မာ၊ မဟာရာဇိန္ဒ၊ ဓမ္မသေဌ်နင်း၊ မင်းမင်းသရဖူ၊ မှန်ကူအသရေ၊ ပရမေဖျား၊ ဘုရားသဗ္ဗညုမ္ဗရာသည်၊ စက္ကဝါဠဟို၊ မြင့်မိုရ်တောင်တလုံးမျှ၊ သုဝဏ္ဏသိင်္ဂါ၊ ထိန်ဝါဝေကြွား၊ ရွှေသားဇာတိ၊ ဖိတ်ဖိတ်လျှံအိ၊ မဏိဇုန္ဒနာ၊ ဝဇီရာဓာတ်၊ နဝရတ်ဖြိုးထု၊ ထီးရိုးပြုလျက်၊ စကြဝဠာ၊ သင်္ချာတွက်ကိန်း၊ ကုဋေတသိန်း၊ ပိတ်လိမ်းငွေစက်၊ ထီးရွက်ထင်းပန်း၊ နှုန်းနှန်းမက၊ ဝိမုတ္တိရသ၊ အဘိမဟန္တ အချက်၊ စိန်ဝန်းစက်ဖြင့်၊ ဖြန့်ကြက် သွန်းသွန်း၊ ကျည်းရှင်ထွန်းမြင့်၊ ကနက္ကဒဏ်၊ စိန်လျှံမိုးမိုး၊ ထီးဖြူကြီးကို၊ ညီးညီးတင့်တင့်၊ ဖွင့်လှစ်စိုက်ထူ၊ ဖြန့်မိုးတော်မူပြီးလျှင်၊ မရူနရာ၊ ဗြဟ္မာအထိ၊ တြိဘဝန၊ သြကာသခေတ်အတွင်း၌၊ မှိတင်းခိုခ၊ ဇော်တပ၊ ပူလှညီးထွေ၊ မျှားပိုလ်ခြေတို့အား၊ ခိုမစရကား၊ ရိရှားကိုယ်တွင်း၊ ပူပန်ခြင်းတို့မှ၊ လွတ်ကင်းဝေးပ၊ ဘေးမခဘဲ၊ မြေချမ်းသာခြင်းသို့ ရောက်ကြရသတည်း။

ယင်းသို့ညွှတ်ဘိ၊ အတိဝိသုဒ္ဓိပြဟ္မာ၊ ဘုရားရတနာ၏၊ ကောင်းစွာစိုက်ထူ၊ လောကုတ္တရာသရဖူ၊ ထီးဖြူတော်ကြီး၊ ဘိတ်ဆီးလျှံကြွား၊ ငွါးငွါးစွင့်စွင့်၊ မကုဋ်ဆင့်ဆင့်၊ ဖြူဝန်းတင့်၍၊ ဖွင့်တော်မူသဲအခါ၊ မဟာဆတ္တ၊ ပရမတမွတ်၊ အထွဋ်အထိပ်၊ ထီးရိပ်ခိုလှုံ၊

ယုံကြီဆန္ဒ၊ ဒါယဇ္ဇအမွေခံ၊ ဆက်ဆံရင်းနှီး၊ သားကြီးရတနာ၊ မဟာထေရ်အပေါင်းတို့တွင်၊ တပါးအဝင်အပါ၊ မဟာမဂမိုရ်၊ ရာဇဂြိုဟ်ဟု၊ နဂိုရ်သမိုင်း၊ ဗဟိုတိုင်း၌၊ ခက်ကျိုင်းညွန့်ရှင်၊ စရည်းပင်ရောက်ရာ၊ လှိုင်ဝေဘာဝယ်၊ ပဉ္စမာဒိက၊ လက်မွန်စ၍၊ မဆွသင်္ဂါယနာ၊ တင်သောခါ၌၊ မဟာနာဂိန္ဒ၊ တတိယအဂ္ဂသာဝက၊ မဟာကဿပသခင်၊ ထေရ်အရှင်မှ၊ အစဉ်မပျက်၊ နွယ်ဆက်သိဿံ၊ ပြည်ပေါက္ကံ၌၊ အရဟံမဟာ၊ ရဟန္တာအနွယ်၊ ဆက်သွယ်အရင်း၊ သဲအင်းသာသနာပိုင်၊ ဂုဏ်လှိုင် ထွန်းပ၊ ဥယျာဘိဝံသ၊ ဓမ္မသေနာပတိ၊ သိရိတန်ဆောင်၊ မောင်းထောင်သာသနာပိုင်၊ ရွှေဆိုင်လျှံမောင်း၊ စံကျောင်း ဆရာတော်ကြီး၊ မှိုင်းခိုင်းဆရာတော်ကြီးတို့မှ၊ ဂေါတ္တနွယ်စက်၊ ဆက်ခါဆက်ခါ၊ သန့်ရှင်းစွာလာခဲ့သော မဟာအဘိဇဇ္ဇဝံသဂုဏ်။

ဝသုန္ဒရာ၊ ပတလာအထွဋ်၊ တမွတ်ကဒဏ်၊ မန်းဝေယန်ကို၊ လက်မွန်ဘန်သ၊ ပဉ္စမရာဇဝင်ပိုင်၊ ဦးခိုင်ရွှေမှောက်၊ ဘုန်းတောက်ရန်းငူး၊ ကွန့်ဖူးသေဌ်နင်း၊ မင်းတရားကြီး လက်ထက်တော်တွင်၊ အခေဟာဝတ၊ အန္တရိယ ယောကျ်ား၊ စလေမြို့စား၊ ထင်လျှားဂုဏ်သီး၊ မင်းကြီး သိရိမဟာဇေယျကျော်ထင်၊ သဘင်ရေကင်း၊ လှေသင်း အတွင်းဝန်ကြီးလျှင် ဒါယကာပြု၍၊ သုဒဿနဝရမဟာဓမ္မရာဇာဓိရာဇဂုရု, သုဒဿနဓဇအတုလာဓိပတိ သိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု, ရေးထုခပ်နှိပ်၊ တံဆိပ်နှစ်ရပ်၊ မျက်ရှင်ကွပ်သို့၊ ရအပ်ဂုဏ်ပေါင်း၊ စံကျောင်း ဆရာတော်ဘုရားကြီးကို၊ စိန်ထီးတန္တု၊ ဥပဇ္ဈာယ်ပြုပြီးမှ၊ ပဏ္ဍိတဓဇသိရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု၊ လွတ်တုအကျော် မှိုင်းခိုင်း ဆရာတော်စသော အရှင်မြတ်တို့က အနုသာသနကမ္မဝါစာဖြင့် ချီးမြှောက်တော် မူကြပါသဖြင့်၊ ဥပသမ္ပဒ၊ သမဏာညွန့်လန်း၊ ဘိသိက်ဖျန်းသော ရဟန်းမြတ်ဖြစ်သည့်နေ့ကစ၍၊ ဘဝကတ္တား၊ ကြွသွား နတ်ဌာန်၊ ပျံလွန်ထက်တိုက်၊ ကြတ္တိုက်နက္ခတ်၊ ကျီးမင်းနတ်နှင့်၊ ပါဒ်နဝင်းဆိုင်၊ အံ့သာပြိုင်သား၊ လျှံအိုင်ကြွားကြွား၊ ပတ္တမြားတမွတ်၊ ငွေဝတ်ပွင့်ဝါ၊ စန်းစန္ဒာကဲ့သို့၊ ကောင်းစွာစင်ကြယ်၊ စမွယ်စကား၊

ချယားမိုးစွေ၊ သင်းခွေဖက်ဆွတ်၊ ဝေါ်ဝတ်အိမ်ဒန်း၊ အနန်းရင်ခတ်၊ ဆတ်သွားဖူးအမုံ၊ ဂန္ဓာရုံတို့ထက်၊ ဆထက် ပျံ့သင်း၊ မွှေးကြူခြင်း ရှိတော်မူသော သီလဝန္တဂုဏ်။

တိုက်စက္ကဝါ၊ ခိုလျက်ကာသား၊ မဟာအဏ္ဏဝ၊ သမုဒ္ဒလယ်ချက်၊ စိုက်လျက်မတ်ရပ်၊ အထပ်အထပ်၊ ခွေဝန်းချပ်လျက်၊ ပဗ္ဗတုတ္တမ ကနကမယေ၊ မိုးညွန့်မွေ့ဝယ်၊ ခုနစ်ခွေမြုံ၊ တောင်ရေရုံလျက်၊ အောင်ဘုံကေတု၊ သိနေရုကို၊ ဝါယုမုသံု၊ တိုက်လွင့်တုံလည်း၊ မတုန်မယိုင်ဘိသကဲ့သို့ ခိုင်တည်ခြင်း ရှိတော်မူသော သမာဓိမန္တဂုဏ်။

သမ္မာသမ္ဗုဒ္ဓ၊ ညဏ်သမုဒ်ဖြင့်၊ ခုဒ်နိုဒ်စင်ဘိ၊ ဟောဓိန္နရှိသား၊ တိပိဋက၊ သဒ္ဒကထာ၊ ဋီကာဝန်းမြှောင်၊ တော သုံးတောင်အတွင်းသို့၊ ထင်းထင်း ထင်ထင်၊ ညဏ်ကြည်သာရာ၊ ဇာနိယာဖြင့်၊ ကောင်းစွာ သက်ဝင်နိုင်သော ဂမ္ဘီရပညာဝန္တဂုဏ်။

သတ္တဆေက၊ ပဏ္ဍိတခေါ်မှတ်၊ ဥဂ္ဂဟစာတတ်၊ ပရိပုစ္ဆာစာတတ်၊ ဝိနိစ္ဆယ စာတတ်၊ သုံးရပ်သုံးစား၊ စာတတ်အင်္ဂါသုံးပါးတို့တွင်၊ များဖြင်ပါဋ္ဌိ၊ စုဏ္ဏိယဂါထာ၊ အဖြာဖြာတို့ကို၊ အာနန္ဒာထေရ၊ တစိတ်တဒေသ၊ တူတန်သမျှ၊ သီဟ ဂဇ၊သိန္ဓဝဟု၊ ဥသဘခံတွင်း၊ စီးဆင်းသွန်သွန်၊ အနဝတတ်အိုင်မွန်၊ ရေလွှတ်ပြွန်တို့ကဲ့သို့၊ ထို့တူတမျှ တဝဥပမာ၊ အတုရှာသော်၊ အာကာတခို၊ တိမ်ညိုမှိုမှိုင်း၊ အဿတိုရ်ရိုင်းသကဲ့သို့၊ မဆိုင်းမတွ၊ ညက်ညက်၊ ကျေမွ၊ အာဂမဥဂ္ဂဟဂုဏ်။

သု-စိ-ပု-ဘ၊ စကားလေးခွန်း၊ ကြိုးတန်းလက်သုံး၊ ရှေးထုံးပေါရာဏ၊ စမလေးဖြာ၊ အက္ခရာလေးခုတို့ကို၊ အစွဲပြုပြီးကာလ၊ သမဏသိက္ခာ၊ ငါးဝါကစ၍၊ ပုပ္ဖရေဏုံ၊ ပန်းဝတ်မှုံသည်၊ အာမုံနှစ်သက်၊ ဘမရာငှက်၊ အာသာမက်တို့အား၊ ဝတ်ရက်ရသ၊ ပေးဝေငှာဘိသို့၊ သောင်းသောင်းမက။ သောတုဇနေ၊ သိဿခပင်းတို့အား၊ အခြားကိစ္စ၊ ပလိဗောဓမဟဲ့၊ ရှင်းရှင်းပြေ့စေလျက်၊ နေ့လှည့်ညဥ့်ယံ၊ စားပွဲခံလျက်၊ ဓမ္မက္ခန်အစဉ်၊ ပရိယတ်သာသင်၊ ပွဲကြီးယင်၍

ကြည်လင်စွာ အားထုတ်ဆောင်ရွက်ခြင်း တည်းဟူသော ပရိပုစ္ဆာဂုဏ်။

ပုစ္ဆာနက်လေး၊ ခက်ရေးအပေါင်း၊ သောင်းသောင်းများဘိ၊ ရှိလင့်ကစား၊ ထံတော်ပါးသို့၊ ရောက်ငြားလေက၊ တခဏဖြင့်၊ ရရမိမိ၊ မှန်ပြားထုရှိ၊ စိန်နှင့် ဘိသကဲ့သို့၊ ဝိနိစ္ဆယ၊ ဖော်ပြခပင်း၊ ဉဿုံတျင်းတျင်း၊ ရှင်းလင်းဖြေပြခြင်း တည်းဟူသော ဝိနိစ္ဆယဂုဏ်။

စံကျောင်းဆရာတော်ဘုရားကြီး မှိုင်းခိုင်း ဆရာတော်ဘုရားကြီး နှစ်ပါးကို အရင်းထား၍၊ များပြားထပ်ထပ်၊ အရပ်ရပ်သော ပညာရှိ၊ ကဝိသူမြတ်တို့ အထံတော်တွင်၊ ကျမ်းဂန် သင်ယူ၊ ဂရုပဒေသ၊ ဓမ္မူပဒေသ၊ အာစရိယ၊ နယလက်ဆုပ်၊ ချိန်မှန်တုပ်ကို၊ သရုပ်နှင့်တကွ၊ ရရှိတော်မူသော လဒ္ဓေါပဒေသဂုဏ်။

ဂန္ထိရတ္ထမည်သော စံကျောင်း နိယံကျမ်း၊ ဂန္ထိရတ္ထနိယာမ ဝိသဇ္ဇနာကျမ်း, သောတုဇနဟိတကာရိကျမ်း, သုမောဓဇာတက ဗေဒင်ကျမ်းတို့ကို ပြုစုတော်မူခြင်း တည်းဟူသော အနန္တညာဏဂုဏ်။

နာဂရိ၊ ဘင်္ဂလီ၊ သီဟိုဠ်တာဝ၊ သက္ကဋအလုံး၊ဗျာကရဏ်းကျမ်းတို့နှင့်တကွ၊ တွက်ရိုးသာမ၊ သုဘာသုဘ၊ ဟောပြဇာရ ယဇုယတြာ၊ သုံးဖြာဗေဒင်၊ အတင်တင်တို့၌၊ ထင်မြင်နှံ့သိ၊ ရဝိစန္ဒြ၊ ဘောမဗုဒ္ဓါ၊ ဇီဝါသုက္က၊ သူရ ရာဟု၊ ရှစ်ခုဂြိုဟ်မြတ်၊ အနတ်နတ်တို့နှင့်၊ နက္ခတ်သတ္တဗီ၊ ယာယီအစဉ်၊ ဒွါဒသင်ကို၊ လက်တွင်ပတ္တမြား၊ တင်ကြည့်လားသို့၊ ဇယားသိန်းသန်း၊ ကိန်းနှင့်ခန်းကို၊ ဖြန်းဖြန်းဝေ၄၊အဋ္ဌကဝါမ၊ တာပသအရှင်၊ တိမ်ဈာန်ယာဉ်စီး၊ ရသေ့ကြီးတို့ကဲ့သို့၊ ထို့တူနှိုင်းထွေ၊ ဆိုလောက်ပေသော ဝေဒတ္တယ ပါရဂူဂုဏ်။

စတုပ္ပဓာန၊ လုံးလလေးပါး၊ လှုပ်ရှားကြိုတက်၊ လင်းလင်းလက်မျှ၊ ဝီမံသာဓိပတိ၊ မဏိဇောတိရတ်၊ အထွတ်တပ်သော၊ အာရဗ္ဘစိန်တိုင်၊ အပြိုင်ရှေ့မှောက်၊ ထူဆောက်တော်မူခြင်း တည်းဟူသောသမာအာရဒ္ဓမဟာဝီရိယဂုဏ်။

တခွန်းလိုင်းကဲ၊ ကြားတိုင်းသူတို့၊ နှစ်လိုအေးကြည်၊ ခိုင်တည်ယဉ်ကျေး၊ နက်လေးသားနား၊ မင်္ဂလာရှိသော စကားတို့ကိုသာ ပြောဟောတော်မူလေ့ရှိသော ဝါစာသိလိဋ္ဌ သုဘာသိတဂုဏ်။

လာဘာလာဘာ၊ စသည့်ရှစ်တန်၊ လောကဓံ တို့ကြောင့်၊ တောက်ပြန်မရှိ၊ သည်းခံချိသား၊ ခန္တီသောရဇ္ဇဂုဏ်။

စချီပြောတုံ၊ ဂုဏ်အပြည့်နှက်၊ အမျက်ရတနာ၊ မဟာသေတ္တူ၊ လူ့အမြူ့တေစစ်၊ ဖြစ်ကြီးဖြစ်တော်မူသော အာဒိစ္စရံသီ၊ ဂန္ထီရ ညာဏ၊ ပဝရအခေါင်၊ ဒုတိယ ရွှေရေးဆောင် ဆရာတော်ဘုရားကြီးသည်၊ ညီးညီးထိန်ဝါ၊ ဝတိန်သာမှ၊ ဇုန္ဒာသိကြား၊ နတ်ရထားဖြင့်၊ ပင့်ငြားအဖြစ်၊ ထိုသနစ်ကြောင့်၊နတ်တို့ခေတ်စန်း၊ ဝတိန်နန်းသို့၊ ကြွမြန်းဝင်စံတော်မူသတည်း။

ယင်းသို့နတ်ထံ၊ ဝင်စံတော်မူရာ၊ သေသာကြွင်းလတ်၊ ဥတုဇ ဇာတ်၊ ရုပ်တော်ဓာတ်ကို၊ ကြာကလပ်ကြွားကြွား၊ ရွှေသား ငွေသား၊ စိန်သားလျှံရဲ၊ ပုလဲခေါင်းမြတ်၊ နဂါးခွေပတ်၊ နဝရတ်ပြိုးပြိုး၊ မိုးလုံးလျှံညီး၊ ဥသံပြီး၍၊ ထီးဖြူတော်ဖွင့်၊ အခွင့်ထုံးတမ်း၊ အခမ်းအနားသို့ရောက်လတ်ရကား။

ခဂ္ဂေါ ဆတ္တဥ္စ မုဏှိသံ၊
ပါဒုကာ ဝါဠဗီဇနီ၊
ဣမေ ကကုဓဘဏ္ဍာနိ၊
ဘဝန္တိ ပဥ္စ ရာဇူနံ။

မာဂဓအဘိဓာန်၊ ကျမ်းဂန်အလာ၊ မင်းမြောက်တန်ဆာ ငါးပါးတို့တွင်၊ အဝင်အပါ၊ မဟာဥကင်၊ သီဟာသန၊ ပလ္လင်တော်၏၊ လက်ဝဲဘက်၌၊ ကနက္ကဒဏ်ထီး၊ သူရိယထီး၊ ပဒုမထီး၊ သမ္ဗုတိထီး၊ လက်ျာဘက်၌၊ ကမ္ဗုထီး၊ စန္ဒထီး၊ ကုမုဒထီး၊ ဝိသုကြုံထီး၊ ထိန်ညီးလင်းလင်း၊ ရှစ်စင်းသော ထီးဖြူတော်တို့တွင်၊ ယခင်စွယ်တပ်၊ နဗန်းချပ်၍၊ ကြာယပ်လူလူ၊ ရွက်ဖြူရွှေတံ၊ စွန်သုတ်ခံသား၊ မင်းစံအချက်၊ ကိုးပါးမျက်တိ၊ ကနက္ကဒဏ်၊ ဟူသော ပြည့်စုံမော်ကွန်း၊ မင်းဝံအောင်ချက်၊ ရွှေနန်းထက်၌၊

ကနက္ကဒဏ်၊ ရောင်ဝှန်ဖြူညွန့်၊ ရှစ်ဆိုင်ဖြန့်လျက်၊ ဟူသော မင်းရဲဒိဗ္ဗဧချင်း။ ကနက္ကဒဏ်၊ ဗိမာန်ဖြန့်ဝန်း၊ ဥကင်စွန်းဝယ်၊ ဟူသော မင်းတရားမယ်တော်ဧချင်း။ ကနက္ကဒဏ်၊ ရောင်ဝန်းဖြန့်ဝန်း၊ ဤသည်ကျွန်းဝယ်၊ ဟူသော ယိုးဒယားမင်းသမီးဧချင်း။ လက်ဝဲမြောက်ဘက်၊ ကနက္ကဒဏ်၊ ရောင်ဝှန်ထွန်းပ၊ ဟူသော သိရိနန္ဒကျော်ထင်ရေး ဧချင်း။ ယင်းသို့အလာ၊ ကဗျာကျမ်းဂန် အရ၊ ဇမ္ဗူနဒ၊ ကဏ္ဍကနက်၊ ရွှေညောင်ရွက်ဖြာ၊ နေဝါသဏ္ဍာန်၊ စိန်လျှံမီးမီး၊ ဘိတ်ဘိတ်ယိုစီး၊ စိန်ထီး ၈-လက်နှင့်တကွ၊ သုဝဏ္ဏ ရောင်ဝေ၊ ရွှေထီးလေးလက်၊ တင့်ချက်အမွန်၊ ရွှေပုဇွန်းထီး နှစ်လက်၊ ငွေပုဇွန်ထီးနှစ်လက် တို့ဖြင့်သာသနဂဏ၊ မဟာကဿပ၊ သက္ကရာဇ်(၂၄၇၉)၊ ဖြိုး၍ဖြိုး၍၊ တိုးလေပွားဘိ၊ သိရောမဖိ သိရီသိဒ္ဓတ္ထ သဘော၊ ကလိယောဂ၊ ဆန်းထ တွက်ဆောင်၊ (၅၀၃၆)နှစ်မြန်မာခေတ်၊ ဝေါဟာသိဒ္ဓြခန်း၊ စန်းနှင့်စမ္ဗ၊ ပသ္သ ဆရ၊ ချမ္မပဋိလောမ၊ ကိန်းအရကို၊ ကွဒြစား၊ လာတ်ကား သက္ကရာဇ်၊ ခေတ်ဟောမန်ခွင်(၂)ရက် ဝင်သား၊ ဝေဟင်ယုဂန်၊ ကောင့်းကင်ယံဝယ်၊ ယုန်စန္ဒြာ၊ ဋန္ဒြမာနှင့်၊ သင်္ချာ ၇-သွယ်၊ ကြက်သူငယ်စု၊ ရပ်တုပြိုးစွာ၊ ကျီးတာရာပြိုင်၊ ဃဋိဆိုင်လျက်၊ ဂနိုင်စိုးကဲ၊ ပန်းခွဲပေ၊ ပြည်ပန်းရွှေတို့၊ လေညီလာခံ၊ တန်ခိုး လျှံ၍၊ ဂန္ဓမာကြွ၊ သရဒထွန်းထိန်၊ ဥဏ္ဏဒိန်စက်၊ ကျော်နှစ်ရက်၌၊ နေတက်ဃဋီ၊ ၁၂-နာရီအချိန်တွင်၊ သဘင်မျိုးပေါင်း၊ သောင်း သောင်းအုတ်ထွေ၊ တီးမှုတ် သီဆိုစေခြင်းနှင့်တကွ၊ မြတံပူသံ၊ ပြင်းထန် သုံးချက်၊ မြေအက်စလောက်၊ ပစ်ဘောက် အဟုန်၊ တုန်လျက်ခုန်လျက်၊ သုန်စက်ဝိဇ္ဇာမာ၊ သံတင်းညာစေလျက်၊ ဗြဟ္မာ သိကြား၊ နတ်လူများတို့၊ မားမားကိုယ်တိုင်၊ ကိုင်ကာအသင့်၊ ကျည်းရှင်သွန်းမြင့်၊ ဖြူဝန်းတင့်ရန်၊ ထွန်းဘွင့်ပူဇော်ရာ၊ သုတိ ထောမနာ၊ ဤဩဘာစာတမ်းကို၊ ဘတ်ဆိုပူဇော်ပါသည်။

သနက်ုမာရ်၊ သဟမ္ပတိ၊ စရှိများစွာ၊ ဗြဟ္မာအပေါင်းတို့က၊ ကောင်းကြီးသာခု၊ အနုမောဒနာ ပြုသော အားဖြင့်ရင်း။ ။ သုနိမ္မိတာသုနိမ္မနှင့်၊ တုသိတ-တဖြာ၊ ယာမာဝတိန်၊ အဋ္ဌါလိန်တို့၌၊

ထိန်ထိန်ထွန်းဘိ၊ တန်ခိုးရှိသော၊ သိရိဘုံခေတ်၊ ဒေဝရာဇ်တို့ကလည်း၊ နတ်ဖြစ်နတ်ဂန္ဓာ၊ နတ်နံ့သာတို့ဖြင့်၊ ပဏ္ဍာကော်ရော်၊ ပူဇော်ခြင်းအားဖြင့်ရင်း။ ဂန္ဓဗ္ဗနတ်အပေါင်းတို့ကလည်း၊ လက်ခုပ်တီးခပ်၊ သံချပ်ထိုးမြောက်၊ တိုင်ဖောက်ထွတ်ထွတ်၊ ကိုယ်ကိုကွေးညွတ်သောအားဖြင့်ရင်း။ သိကြားယုံကြို၊ ဝိသုကြိုနတ်သားသည် သံတောင် ၄၂၀-ရှိဝိဇယုတ္တရ၊ ခရုသင်းကို၊ ပြင်းပြင်းညှင်းညှင်း၊ အခင်းမယုတ် မှုတ်သော အားဖြင့်ရင်း။ ပဉ္စသိခနတ်သားသည်၊ အလျားသုံးဂါဝုတ်ရှိသော၊ ဗေလုဝနတ်စောင်းကို၊ သံပြောင်းသံလှဲ့၊ ကျာဇတ္တအဖွဲ့၊ အညွှဲခန့်မူ၊ ဩကြူသောအားဖြင့်ရင်း။ သူရိယဝစ္ဆသာ၊ ကညာဒေဝီ၊ နတ်သိင်္ဂီကလည်း၊ က-သိ ရှင်ပြုံးသောအားဖြင့်ရင်း။ ဟာဟာနတ်၊ ဟူဟူနတ်တို့ကလည်း၊ ပြွေနှဲစတေ၊ လေညှင်းသော အားဖြင့်ရင်း။ စတုလောကပါလာ မဟာရာဇ်နတ်မင်းကြီးတို့ကလည်း၊ များစွာဝမ်းမြောက်၊ မလမ်းပေါက်ခတ်ခြင်းဖြင့်ရင်း။ ကုမ္ဘဏ်ယက္ခ၊ ကာယအထူး၊ နတ်ဘီလူးအပေါင်းတို့ကလည်း၊ ဟေးလား ဟားလား၊ အသံပေးသောအားဖြင့်ရင်း။ သုပဏ္ဏတသုန်၊ နတ်ဂဠုန်တို့ကလည်း၊ နတ်တောင်ဟုန်သံပေးသော အားဖြင့်ရင်း။ ဘောဂဝတီ၊ ဘုံဆီတလွှား၊ နတ်နဂါးတို့ကလည်း၊ ပတ္တမြားခဲ၊ မြောက်ကြဲသောအားဖြင့်ရင်း။ အာကာသဠ၊ ဘုမ္မရက္ခ၊ သေလာခွေညွှန်၊ ဟေဝန်သမုဒ္ဒ၊ ရှိရှိသမျှသော၊ နတ်အပေါင်းတို့ကလည်း၊ ကောင်းချီးကြွေးကြော်၊ သာဓုခေါ်ယူ၊ အောင်လံထူသော အားဖြင့်ရင်း။ ဂန္ဓာရီထိုထို၊ ဝိဇ္ဇာမိုရ်အပေါင်းတို့ကလည်း၊ လျှံမောင်းကြွားကြွား၊ ထွက်ရပ်ပေါက်ငြား၊ သံပြဒါးတို့ကို၊ လက်ဝါးအပြင်၊ တင်သောအားဖြင့်ရင်း ဝသုန်ရိုက်ချောင်း၊ ပွဲတင်ညှောင်း၍၊ ကောင်းကြီးပေးကြစေကုန်သတည်း။

———

(နောက်လာ နောက်သားတို့ မှတ်ငြားစေရန် လယ်တီပဏ္ဍိတ မဟာဝိဇ္ဇာဘွဲ့ရ ဦးမောင်ကြီး ရေးသားသီကုံး၍ ရွှေပြည် ဆရာ ဦးဘတင် ဖတ်ဆိုအပ်သော ဩဘာရတုပိုဒ်စုံ)

၁။ နန်းရွှေရေးဘုံ။ ။တိမ်ခိုးခြိုသား၊ နေယျုံမန္တလ၊ ဘူသိခ ဟု၊ ပြည်မမျက်နှာ၊ တောင်လက်ျာတွင်၊ တောင်သာမြို့ကျေး၊ မကွာဝေးသား၊ ဂုဏ်လေးတန်စို၊ မန်ကျည်းချိုဟု၊ ခေါ်ဆိုကြစေ၊ နိဂုံးမြေ၌၊ ကြက်သရေသစ်သစ်၊ ထွန်းပေါ်ဖြစ်သို့၊ တစ်, နှစ်, တစ်, ကိုး, ဂဏန်းထိုးသည့်၊ ခေါ်ရိုးကောဇာ၊ လူ့ဝေါဟာတွင်၊ ဝါဆို ဆန်း၍၊ ရှစ်ရက်နေ့ဝယ်၊ ချမ်းမြေ့ကြည်ဖြူ၊ ဖွားတော်မူသား၊ တွက်ယူချီးကျူး၊ ဂုဏ်ကျေးဇူးတို့၊ အထူးပြည့်ကျော်၊ ဆရာတော် ကား၊ ငါသော် ယောကျ်ား၊ ငါတကားဟု၊ နတ်များအုံဝိုင်း၊ တောင်းပန်ခိုင်း၍၊ နတ်တိုင်းပြည်ကွန်း၊ မြင့်မိုရ်စွန်းမှ၊ လူ့ကျွန်း ရပ်နယ်၊ ပြောင်းစံပယ်သည်၊ ဆယ်နှစ်သားတွင်၊ စာသဘင်၌၊ မာတင်စွယ်စုံ၊ ပြည့်လောက်လုံသား၊ လွှမ်းခြုံဂုဏ်သိုက်၊ အမြိုက် ရည်လောင်း၊ ဉာဏ်ညွှန့်ပေါင်း၍၊ စံကျောင်းဘုန်းမော်၊ ဆရာတော် နှင့်၊ တေဇော်ပိုက်သိုင်း၊ သိုက်သမိုင်းတွင်၊ မိုင်းခိုင်းသူမွန်၊ ပညာဝန် တို့၊ ပြည့်ညွန်နည်းသွယ်၊ ချီးမြှောက်ရွယ်သည်၊ မျိုးနွယ်အရှင် မြန်းပြီ ဘုရား။

၂။ ဖျန်းလေသွေးထုံ။ ။နှိုင်းလောက်တုံသား၊ ဉာဏ်စုံပွင့်လန်း၊ စာနိဒါန်းကို၊ နန်းမတော်ကြီး၊ မျက်မှောက်နီးတွင်၊ ဝှဲချီးအောင်ဆု၊ စာပြန်မှုနှင့်၊ ရှင်ပြုမင်္ဂလာ၊ ဆင်ယင်ကာလျှင်၊ သာမဏေငယ်၊ သက်နှစ်ဆယ်၌၊ ကြီးထယ်ဂုဏ်သစ်၊ ရဟန်းဖြစ်၍၊ နေမြစ်နွယ်ရောင်၊ ရွှေရေးဆောင်ဟု၊ မိုးခေါင်ထိပ်ဖျား၊ တံခွန်လွှားသား၊ ယောကျ်ား ဇာနည်၊ ငါဖြစ်သည်ဟု၊ နှုတ်ရည်ချိုမြ၊ မဆိုပြလည်း၊ ဂန္ထဝိဒူ၊ ပါရဂူတည့်၊ တဆူမုန်သောက်၊ စွယ်စုံပေါက်ရှင့်၊ ထက်အောက် ခရိုင်၊ ဂုဏ်ပန်းခိုင်တို့၊ ပြန့်လှိုင်ထုံမွှေး၊ ဉာဏ်သူဌေးဟု၊ လေးနှစ်လီ ပါ၊ ရှစ်မျက်နှာမှ၊ ပညာ လိုလား၊ တပည့်သားတို့၊ ဆင့်ပွား ရာထောင်၊ မကာ အောင်လျှင်၊ မြားမြောင် ကျမ်းဂန်၊ ခေါက်တုံ့ ပြန်လျက်၊ သာမန်လူတို့၊ ဆောင်ရွက်ဘို့ကို၊ ဘယ်သို့ပြုံဆိုင်၊

မတတ်နိုင်အောင်၊ ပိုင်ပိုင်နင်းနင်း၊ ချဝ့ိရင်းမှ၊ သေမင်းဟဲ့နေ5်၊ ပင့်လျှောက်ခေါ်သား၊ ရွယ်တော်ခုနစ်၊ ဆယ်လီရှစ်တွင်၊ ကံသစ်ဖန်ချယ်၊ ပြောင်းစံပယ်သည်၊ ကိုးကွယ်မမြင် ပန်းပြီဘုရား။

၃။ ပန်းရေဝေးကြုံ။ ။ပမာပုံသို့၊ အာရုံအာရမ္မဏိတ်၊ ကုသိုလ်စိတ်ဖြင့်၊ ဆို့ပိတ်အထူး၊ ရှင့်ကျေးဇူးဟု၊ မြင့်မူးမြင့်မိုရ်၊ မကပိုသား၊ ကြည်ညိုတမ်းတ၊ ကျန်ရစ်ကြသည့်၊ သိသာများစွာ၊ သူသူငါတို့၊ ပူဆာထန်ပြင်း၊ ရှင်သေမင်းအား၊ စစ်ခင်းပြိုင်ဆိုင်၊ မတတ်နိုင်၍၊ လက်မှိုင်တွေချ၊ ရှင်ဘုရား့ဟု၊ ပါဒစက်စုံ၊ ခြေပဒုံဝယ်၊ ခိုလှုံဝပ်တွား၊ ပြုပါငြားလည်း၊ စကားတခွန်း၊ မဆိုညွှန်းခဲ့၊ ပတ်ဝန်းပိတ်ကာ၊ လေးမျက်နှာက၊ ငွေကြာကလပ်၊ စိန်ဇာယပ်နှင့်၊ ကိုးထပ်ပန်းအုံ၊ ခြူးနွယ်ရုံသား၊ ပုံအသီးသီး၊ ပန်းဆီမီးတို့၊ ညီးညီးငွါးငွါး၊ မုလေးပွားနှင့်၊ နဂါးငွေရုပ်၊ ခေါင်းပတ်ချုပ်လျက်၊ ယိမ်းလှုပ်နွဲ့နှောင်း၊ ပုလဲခေါင်းဝယ်၊ အလောင်းတော်မြတ်၊ ပူဇော်မှတ်ရှင့်၊ တီးခတ်သံဝါ၊ တူရိယာတို့၊ ညီညာလင်ရွှဲ၊ ငြိမ့်အောင်လွှဲ၍၊ ခဲပွင့်တုန်း၊ တန်ဆောင်မုန်းဟု၊ ရွှေဘုန်းတော်ထွက်၊ ဆုတ်နှစ်ရက်တွင်၊ နှစ်သက်ပန်ရွယ်၊ကောင်းချီးကြွယ်သည်၊ ညိုးငယ်မရွှင်လန်းပြီဘုရား။

မှတ်ချက်။ ။ဆရာကြီးမှိုင်းရေးသော ရွှေရေးဆောင်တိုက်ဆရာတော်ကြည်၏ ထေရုပ္ပတ္တိကို အစအဆုံး ထည့်သွင်းလိုသော်လည်း ခေတ် အလျောက် ကျယ်အုံ့မည် စိုး၍နောင်လာသူ သုတေသီ အများတို့ မှတ်သား နည်းယူလောက်သော အပိုင်းကဏ္ဍ လောက်ကိုသာ ထုတ်နှုတ်၍ထည့်သွင်းလိုက်ရပါသည်။

### ဗြိတိသျှလူမျိုးအင်္ဂလိပ်ခေတ်

သက္ကရာဇ် ၁၂၅၇-ခုနှစ်မှစ၍ မှိုင်းခိုင်းဆရာတော်ဘုရားကြီးနှင့် တိုက်အုပ်ဆရာတော် ဦးသောမတို့ ဦးစီးမဟာနာယက အဖြစ်ဖြင့်အုပ်ချုပ်တော်မူကြသည်။

၁၂၆၂-ခုနှစ်မှစ၍ အာဒိစ္စရံသီ ဘွဲ့ထူးချီသော ဆရာတော် ဦးကြည်နှင့် ရန်ကုန်တိုက်ကျောင်းကြီးအရှင် ဆရာတော်ဦးအာသဝ တို့သည် ၁၃၁၆-ခုနှစ် လွတ်လပ်ရေး ရသည့်တိုင်အောင် ဦးစီး မဟာနာယက အဖြစ်ဖြင့် အုပ်ချုပ်တော်မူကြသည်။

**ဗြိတိသျှအင်္ဂလိပ်လူမျိုးအုပ်စိုးသော**
**အင်္ဂလိပ်ခေတ် ဒုတိယကဏ္ဍ**

ရန်ကုန်တိုက်ကျောင်းကြီးဆရာတော် ဦးအာသဝသည် သူပိုင်ဆိုင်သော တိုက်ကျောင်းကြီးနှင့် ဂရုဘဏ် လဟုဘဏ်ဖြစ်သော ပစ္စည်းအားလုံးကိုရင်း ဦးစီးမဟာနာယက တိုက်အုပ်ဆရာတော် အဖြစ်ကိုရင်း ပရိယတ္တိသာသနဟိတ မူလဓမ္မာစရိယ ဖြစ်တော်မူသော ပရိယတ္တိဓမ္မပါလ သံကျောင်းဆရာတော်အား ၁၃၀၇-ခုနှစ်၌ တိုက်သံဃာ စုံညီရှေ့မှောက်တွင် လွှဲအပ်တော်မူသဖြင့် ထိုဆရာတော်သည် ဦးစီးမဟာနာယက အဖြစ်ဖြင့် အုပ်ချုပ်တော်မူသည်။

## ဒုတိယကမ္ဘာစစ်မီးကြောင့် ရွှေရေးဆောင်တိုက်ကြီး မီးလောင်ပျက်စီးရခြင်းအကြောင်း

ဥရောပတိုက် အာရှတိုက်ကြီး အသီးသီးတို့၌ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပေါ်နေချိန် ၁၃၀၃-ခုနှစ် နတ်တော်လ ၁၉၄၁-ခု ဒီဇင်ဘာလ၌ ဂျပန်ဘုရင်နှင့် အစိုးရ အဖွဲ့တို့က အင်္ဂလိပ် အမေရိကန်တို့ကို စစ်ကြေငြာလျက် ပြာသိုလဆန်း (၇)ရက်နေ့ ရန်ကုန်မြို့တော်ကို စတင်ဗုံးကြဲလေသည်။

တပေါင်းလဆန်း(၆)ရက်နေ့ အင်္ဂလိပ်ဘုရင်ခံက မြန်မာပြည် မြေလတ်ပိုင်း တောင်ငူမှအထက်ကို ယခုဖော်မိဆာ တရုပ်အစိုးရ ချန်ကေရှိတ်အား ဂျပန်ကို အနိုင်တိုက်ယူရန် လွှဲအပ်သော စာချုပ် လက်မှတ်ရေးထိုးပွဲကို မန္တလေးနန်းတော် မြို့ရိုးအတွင်း နန်းတော် တောင်ဘက် ဥယျာဉ်တော်တွင်းရှိ ကလပ်၌ ပြုလုပ်နေချိန် ၁၃၀၃-ခုနှစ် တပေါင်းလဆန်း(၆)ရက်နေ့ ၃-နာရီခန့်အချိန်

ကလပ်ကို ဗုံးတလုံးချရာ ဘုရင်ခံနှင့်ချန်ကေရှိတ်တို့ အထိအခိုက်မရှိ လွတ်မြောက်ကြသည်။

နန်းတော်တောင်စမှခံ ဗုံးဆံငယ် ထိမှန်သဖြင့် အနည်းငယ် ပျက်စီးသည်မှအပ အခြား တစုံတရာ ထိမှန်ပျက်စီးခြင်း မရှိ၊ နောက်ရက်များမကြာမီ ဂေါ်ရာစစ်ဗိုလ် တယောက်နှင့် ပန်ချာ စစ်သား ၁၁-ယောက်ပါသော တပ်စိပ်တစိပ် ရောက်ရှိလာပြီး အထက်အောက် မြို့ရွာတို့မှ ဂေါ်ဝိန်ဆိပ်ကမ်းသို့ ရောက်ရှိလာသော သင်္ဘောကြီးငယ် အရွယ်အစား အမျိုးမျိုးတို့ကို ဂေါ်ဝိန်ဆိပ်ကမ်း မရမ်းခြံဆိပ်ကမ်း မင်းကွန်းတဘက်အာလေဝင်ကျွန်းတို့၌ ဒိုင်းနမိုင်း ခွဲလျက် မီးရှို့ဖျက်ဆီးခြင်း၊ အစိုးရပိုင် အချက်အချာ ဖြစ်သော ဘဏ်တိုက်, အင်္ဂလိပ်လူမျိုး ကုလားလူမျိုး, သူဌေးကြီးတို့ ပိုင်ဆိုင် သော အရောင်းလက်ကားဆိုင် ကုမ္ပဏီ တိုက်ကြီးများနှင့် ဈေးချို ဈေး အရှေ့ဘက်ရှိ တိုက်တန်းကြီးတို့ကို မီးရှို့ဖျက်ဆီးလျက် ရှိနေချိန် ၁၃၀၃-ခုနှစ် တန်ခူးလပြည့်ကျော် ၄-ရက်နေ့၌ မန္တလေးတမြို့လုံး ကို စာရေးသူ မှတ်သားမိသော ၁၁-နာရီသာသာ အချိန်လောက် တွင် အရှေ့တောင် အင်္ဂါထောင့်မှ ဂျပန် လေယာဉ်ပျံတို့သည် အောက်သို့ ထိုးဆင်းလျက် အနိမ့် ပျံသန်းပြီး လျှပ်စစ် ဓာတ် အားပေးစက်ရုံကြီး, တရုပ်တန်းဈေး, မြတောင်တိုက် ရွှေကျောင်း ကြီးနှင့်တကွ အနီးပတ်ဝန်းကျင် တမြို့လုံးကို အကြီးအကျယ် ဗုံးချ ခြင်း, အနိမ့်ပျံ၍ စက်သေနတ်နှင့် ပစ်ခြင်းများကို ပြုလုပ်ကြသဖြင့် ၀၄-လမ်းတလျှောက် ဓာတ်ရထား ကြိုးသွယ်သော ဓာတ်တိုင် ကြီးများ ထုတ်ခြင်းပေါက်ခြင်း လဲကျခြင်းများ ဖြစ်သည့်အပြင် မြင်း ရထား ဆိုက်ကားတို့နှင့် အရောင်းအဝယ် သွားလာလုပ် ကိုင်ကြသော လူများ တရုပ်တန်းဈေးတို့၌ အတော် များများ သတ္တဝါရ ကပ်ဆိုက်ကြရသဖြင့် ရာပေါင်းများစွာတို့သည် နာမ်ခန္ဓာ ချုပ်ငြိမ်း၍ ဓာတ်သိမ်းကြရသည်။

ထိုနေ့ကစ၍ တမြို့လုံးရှိ လမ်းဆုံလမ်းမတို့၌ မြင်မကောင်း လောက်အောင် သေကြေပျက်စီး၍ နေကြသော လူသေ မြင်းသေ နွားသေများကို အင်္ဂလိပ်တို့ မပြေးမီ အုပ်ချုပ်သောအခါက တရုပ်

ကွက်လျှင် မီးဘေးကာကွယ်ရေးအတွက် ဝါဒင်လူကြီး ၄-၅-ယောက်တို့ကို မီးဘေး ကာကွယ်ရေး လူကြီးအဖြစ်နှင့် ဝတ်စုံနှင့် မီးသတ်ရေပိုက်များ ပေးထားရာ ထိုရပ်ကွက် လူကြီး တို့သည် အထက်ပါ မြင်မကောင်းလောက်အောင် သေဆုံးနေကြသော လူသေ မြင်းသေ နွားသေများကို ဗုံးဒဏ်ကြောင့် ပျက်စီးနေသော အိမ်များ အတွင်းသို့ ပစ်သွင်းလျက် အိမ်ကို မီးတင်ရှို့ရာ တမြို့လုံးရှိ ရပ်ကွက်ကြီး အသီးသီးတို့၌ ပြောက်ကျား ပြောက်ကျား မီးအကြီး အကျယ် အလောင်အကျွမ်း ခံရသော နေ့တနေ့ ဖြစ်သည်။

ထိုနေ့၌ လောင်သော မီးကြီးမှာ ဂ၄-လမ်းအတိုင်း မြောက်မှ တောင်သို့ လောင်လာရာ မင်းသားစုရပ်ကွက် ယခုရှိ အစိုးရ အပေါင်ဆိုင် တိုက်ကြီးမြောက်ဘက် ဒကာမကြီး ဒေါ်ရွှေအိမ်ကို လောင်ပြီး မီးငြိမ်းသွားသည်။

ထိုနှစ် ကဆုန်လဆန်း ၁၁-ရက်နေ့ ၄-နာရီ အချိန်ခန့်တွင် ဂေါ်ရာစစ်ဗိုလ်တယောက် ဦးစီးသော ပန်ချာ မြင်းစီးတပ်စိတ် တစိတ်သည် မြောက်မှ တက်လာ၍ မြင်းဝန်တိုက် အနောက်ဘက် စနေထောင့်ရှိ ကုလား လဘက်ရည်ဆိုင်ကို မီးကြည်သေနတ်နှင့် ပစ်၍ မီးတင်ရှို့လိုက်ရာ မီးအား ကောင်းနေခိုက် အနောက် မြောက်မှ လေနီကြမ်းခေါ်သော လေကြီး တိုက်ခတ်လိုက်ရာ မကြာမြင့်မီ အဆောက်အအုံကြီးသော စာတိုက်နှင့် မြို့လည် ဆေးရုံကြီးတို့ကို ကူးစက်လောင်ကျွမ်းပြီး မီးပေါက် မီးဖွား မီးညွန့် တို့သည် မိုးရွာသကဲ့သို့ နေရာ အနှံ့အပြား ကျနေစဉ် စာရေးသူ နှင့် မင်းလှကျောင်း ဘုန်းကြီး ဦးသုခမ္မတို့သည် စစ်ကြီး၏ မီးဘေး စစ်ဘေးမှ လွတ်ကင်းရန် ရွှေရေးဆောင် ကျောင်းတိုက်ကြီး အတွင်း စစ်ဘေးကြောက်၍ ထွက်သွားကြသော ကျောင်းတို့၌ မှီခို နေထိုင်ကြသော ဒကာ ဒကာမ အချို့တို့နှင့် ကျောင်းတိုက်သို့ မီးမကူးစက်ရန် အားကြိုးမာန်တက် မရမနေ ကြိုးစား၍ မီးငြိမ်း နေစဉ် တိုက်ကြပ်ကျောင်းကို ငြိမ်းမရအောင် မီးထ၍ တောက် လောင်လာသဖြင့် အာလျှော့ခါ ကျောင်းသို့ပြန်လာရာ အသင်း ကျောင်းနှင့် အနောက်မုခ် ပြာသာဒ်ကြီးတို့မှာ မီးဟုန်းဟုန်း

တောက်လောင်နေသည်ကို တွေ့ရသဖြင့် စာရေးသူသည် တိုက်မှ ထွက်၍ အနောက်ဘက် ကျောက်လမ်းသို့ အရောက်တွင် ကိစ္စတခု ကြောင့် တိုက်တွင်းသို့ ပြန်ဝင်ခဲ့ရာ လေအပြင်းအထန် တိုက်နေသဖြင့် တိုက်ကြီးကို လှည့်ပတ်၍ ကြည့်ဦးမည်ဟူသော စိတ်ကူးဖြင့် ကြည့်ရှုရာ အနောက်ဘက် လှေခါးထိပ်အရောက်တွင် တိုက်ကြပ်ကျောင်း တကျောင်းလုံး မီးဟုန်းဟုန်းတောက်လျက် ဂုဏ်တန်ကျောင်းကို ကူး၍ မီးစလောင်နေသည်ကိုတွေ့မြင်ရသဖြင့် တိုက်ကြီးကိုသာ မီးကူးစက်ဘို့ ရှိတော့သည်ဟု စိတ်မချမ်းသာစရာ တွေ့မြင်နေရစဉ် ရန်ကုန်တိုက် ဆရာတော်ကြီးက မီးငြိမ်းရင် တခြားသို့ မသွားရန် တားသော်လည်း မှိုခိုအားထားသူ ဒကာ ဒကာမတို့ သွားရာ လှေသင်း မောင်ချမ်းလမ်းဘေးရှိ တေက်ပျားဈေးသို့ လိုက်သွားပြီး ခေတ္တ နားနေပြီးနောက် ကျောင်းတိုက်တွင်းရှိ ကျောင်းများကို ရေထမ်းလျက် ထမင်းကျန် ဟင်းကျန်များကို သိမ်းယူလျက် စားသောက် အသက်မွေးသော ကိုဘိုးရင် အိမ်ကလေး၌ ထိုင်နေစဉ် အလယ်တိုက်ကြီးမှ အမိုးများ မီးဒဏ်ကြောင့် တဝုန်းဝုန်း ပြိုကျသံကို ကြားရသဖြင့် နောက်ထပ်တဖန် ဖြစ်နိုင်ဘို့ရန် ခဲ့ရင်းသောတိုက်ကြီး မီးလောင်ပျက်စီးရလေပြီဟု စိတ်၌ တုန်လှုပ်ချောက်ချား ဝမ်းနည်းခြင်း ဖြစ်ခဲ့ရပါသည်။

၁၂-ရက်နေ့နံနက် ၃-နာရီအချိန်လောက်မှာ တိုက်တွင်းသို့ ရောက်လာရာ အလယ်တိုက်ကြီးမှာ နံရံသာကျန်၍ ဘေးကျောင်းများ ပြာပုံအတိသာ ဖြစ်နေသည်ကို တွေ့ရပါတော့သည်။

ရန်ကုန် တိုက်ကျောင်းကြီးမှာ လေအောက်မကျ ဘေးမှ ဖြစ်နေခြင်း၊ သံကျောင်းနှင့် အလယ်တိုက်ကြီးတို့ကို မီးကူးစက်ပြီးနောက် လေအဟုန်ပျော့သွားသဖြင့် ဆရာတော်ကြီးနှင့် တကာ တကာမ ၄-၅-ယောက်တို့ ဇွဲကောင်းကောင်းနှင့် ငြိမ်းသတ်ကြသောကြောင့် မီးမကူးစက်ဘဲ ကျန်ရှိနေသည်။

လပြည့်ကျော် ၃-ရက်နေ့၌ ဂျပန်စစ်တပ်များ မန္တလေးသို့ ဆိုက်ရောက်လာသဖြင့် ရန်ကုန်တိုက်ကျောင်း,တိုက်အုပ်ဆရာတော်

ကြီးက သူ့တိုက်ကြီးမှာနေရန် အတန်တန်ခေါ်သဖြင့် ဆရာတော်ကြီးနှင့် ၆-နှစ်မျှ အတူနေပြီးနောက် ၁၃၁၁-ခုနှစ်၌ ခေတ္တ ကပ်မိုးကပ်ကာ ကျောင်းဆောက်လုပ်လျက် တပည့် ၄-၅-ပါးနှင့် ရှေ့ကလို စာပေပို့ချလျက်နေရာ လွတ်လပ်ရေးရပြီးနောက် နိုင်ငံတော်ကို အုပ်ချုပ်သော အစိုးရက စစ်ပျော်ကြေးတောင်းရန် စစ်အတွင်းက မိမိတို့အိမ်ကျောင်းစသည်ကို မီးလောင်ခံရသော လူရှင်ရဟန်းတို့သည် အိမ်ကျောင်းစသည်တို့၏ တန်ဘိုးကို စာရင်းဇယားပြုလုပ်၍ အစိုးရထံပေးပို့ကြရန် တောင်းဆိုသဖြင့် အလည်တိုက်ကြီး၏ တန်ဘိုးကို သိလို၍ စစ်ကိုင်းတောင်ရိုး၌ သီလရှင်အဝတ်ဖြင့် တရားအားထုတ်နေသော မြို့သစ် အတွင်းဝန်ကြီး၏ သမီးကို စာရေးသူခေါ်ရာ ရန်ကုန်ကျောင်းကြီးသို့ သီလရှင်ကလေးနှစ်ယောက်နှင့် ရောက်လာရာ အလည်တိုက်ကြီး စစ်မီးဒဏ်ကြောင့် နံရံကြီးကိုသာတွေ့မြင်ရသဖြင့် မျက်ရည်တွေတွေ စီးကျ၍ နေရှာလေသည်။

ထိုအခါက.... သီလရှင်ကြီးမှာ ၇၀ - နှစ်မျှ အသက်ရှိပြီး ကောင်းစွာ ကျန်းမာလျက်ရှိ၏၊ စာရေးသူက အလည်တိုက်ကြီး တည်ဆောက်သော အခါက ဘယ်လောက် ကုန်ကျ သည်ဟု ခမည်းတော် မယ်တော်တို့က ပြောဘူးပါသလဲဟုမေးရာ တပည့်တော်မတို့က ၁၀-နှစ် ၁၁-နှစ်အရွယ်မို့ ကောင်းကောင်းမသိပါ၊ ဒေါ်င်းဒင်္ဂါ တတင်းကျော်ကျော်ကုန်သည်ဟု မယ်ဘုရား ပြောဘူးပါသည်ဟု လျှောက်ထားသဖြင့် ခေတ်တန်ဘိုး ၃၀၀၀၀၀-ကျော်ကျော်တန်သည်ဟု စာရင်းဇယားပြုလုပ်၍ တင်ပြလိုက်သည် တန်ဘိုးငွေမရရှိပါ။

စာရေးသူ၏စိတ်၌ အလည်တိုက်ကြီး အမိုးအခင်း တံခါးမရှိ ဘလာ့တိ ဟင်းလင်းအပြင် နံရံကြီးကိုသာ တွေ့မြင်နေရသဖြင့် ပြင်ဆင် ဆောက်လုပ်လှူဒါန်းမည့် တကာပေါ်ပေါက် ပါစေဟု ဆုတောင်းလျက်နေရာ ယခင်အခါက မဟာမုနိဘုရားတော်ထိန်းအဖွဲ့ဝင် လူကြီးမင်း ဝါးတန်း ဦးထောင်လောင်က ရဟန်းပျို ဆရာတော်များမှတဆင့် ပြင်ဆင်ဆောက်လုပ် လှူဒါန်းလိုသူရှိက

လက်ခံနိုင်မည်၊ မခံနိုင်မည်ကို စကားအားဖြင့် ကမ်းလှမ်းလိုက်ရာ တိုက်ရှိသံဃာတို့က လက်ခံနိုင်ပါသည်ဟု စကားပြန်လိုက်သော အခါ ကားကစီးနှင့် လူ ၄-၅-ယောက်လာပြီး ပေကြိုးပေတန် တို့ဖြင့် အရှေ့အနောက် တောင်မြောက် အတွင်းအပြင်တိုင်းတာ နေကြသည်ကို တိုက်ရှိ သံဃာအများ တွေ့မြင်ကြရ ပါသည်၊ နောက်မကြာမီ ပြင်ဆင်ရန်မတတ်နိုင်ဟု ကြားရသည်။

ထိုအခါ စာရေးသူက ဒို့တိုက်ကြီးကို ပြုပြင်မွမ်းမံဆောက်လုပ် လှူဒါန်းသော ကုသိုလ်ရှင် ပေါ်ပေါက်ပါစေ ဆုတောင်းလျက် ၁၃၁၇-ခုနှစ် သံကျောင်းဆရာတော်ဟု ကျော်စောတင်ရှားသော ပရိယတ္တိသာသနာဟိတမူလစာချ ဆရာတော် ဦးစီးမဟာနာယက အဖြစ် အုပ်ချုပ်တော်မူသောအချိန် ၁၃၁၈-ခုနှစ် ကဆုန်လက စ၍ စာရေးသူသည် ပြင်ဆင်ဆောက်လုပ်လိုသော ကုသိုလ်ရှင်များ စေတနာ ထက်ထက်သန်သန်နှင့် မြန်မြန်ကြီး ပေါ်ပေါက်စေရန် ရှေးအခါက တိုက်ကြီး၌ နေကြသော အဝေးရောက် အပေါင်း အဖော် သမဂ္ဂသိတင်းသုံးဖော်တို့ လာသောအခါ အလှူခံရသော ဝတ္ထုကြေးငွေနှင့် အနီးရှိရပ်ကွက် တကာ-တကာမတို့အား အလှူခံ ရသော ဝတ္ထုကြေးငွေနှင့် ကာယလုပ်သား အိမ်ထောင်စုတစုနှင့် လှည်းလုပ်သား အိမ်ထောင်စုတစုအား နေ့စားအခကြေးငွေပေး၍ တိုက်ကြီးအတွင်း ပေါက်ရောက်နေသော သစ်ပင် ချုံနွယ်တို့ကို ၎င်းတိုက်ကြီးအမိုးမှ ပြိုကျသော အုတ်အင်္ဂတေ မြေတို့ကိုရင်း ခုတ်ထွင် ရှင်းလင်းလိုက်ရာ နံရံကြီးအတွင်း၌ အလွန်သန့်ရှင်း သွားသဖြင့် ပြုပြင်ဆောက်လုပ် လှူဒါန်းလိုသော ကုသိုလ်ရှင်များ အတွင်းအပြင် လှည့်ပတ်ကြည့်ရှုနိုင်သဖြင့် သဒ္ဓါတရား အများကြီး ပိုလျက် ပြုပြင်လိုသောစိတ် ပေါ်ပေါက်ကြပါသည်။

ရှင်းလင်းပြီး စာရင်းကို စစ်ဆေး ကြည့်လိုက်သော အခါ ၆၂၅-ကျပ် ကုန်ကျသွားကြောင်းသိရပါသည်၊ ရှင်းလင်းပြီးနောက် မကြာမီ မင်းကွန်းမဓ္ဌနာဒတိုက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် အထံမှ အလည်တိုက်ကြီးကို အသစ်တဖန် မွမ်းမံ ဆောက်လုပ်လှူဒါန်းလိုကြောင်း အမည် မဖော်ပြလိုသော ဒကာ

တဦးက လျှောက်ထားသဖြင့် လက်ခံမခံ တိုင်ပင်လိုကြောင်း စာရောက်လာ သည်ဟု ဆရာတော်က အမိန့်ရှိလိုက်ရာ အငွန် ဝမ်းမြောက်ဝမ်းသာ ဖြစ်ခါ အမြန်ကြွတော်မူပါဘုရားဟု လျှောက်ထားလိုက်သော အခါ ဆရာတော်က ရှေးက တိုက် ခန်း ပိုင် ဘုန်းတော်ကြီးတို့က သူပိုင်ငါပိုင်ကိစ္စ ဖြစ်ပေါ်လာခဲ့သော် ဘယ် လိုလုပ်မလဲဟု မေးလိုက်ရာ ဝိနည်းကံနဲ့ ဖြစ်စေ၊ လောကကြောင်းနဲ့ ဖြစ်စေ တပည့်တော် တာဝန်ယူ၍ ဖြေရှင်းပါမည်၊ ကြွတော်မူ၍ တိပိဋကဆရာတော်နှင့် တိုင်ပင်ဆွေးနွေးပြီး ပြင်ဆင်ဆောက်လုပ် ရန် ဝမ်းမြောက်ဝမ်းသာ လက်ခံတော်မူခဲ့ပါဟု စာရေးသူက လျှောက်ထားသောအခါ ဆရာတော်သည် နေချင်း ပြန်ကြွသွားပြီး ပြင်ဆင်ဆောက်လုပ်ရန် လက်ခံခဲ့ပြီဟု အမိန့်တော်ရှိသည်၊

ရက်သတ္တ တပတ်လောက် ရောက်သောအခါ ၁၃၂၀-ခုနှစ် နတ်တော်လဆန်း ၄-ရက်နေ့ နံနက် ၇-နာရီ အချိန်လောက်၌ ပစ္စည်းဥစ္စာနေနှင့်လည်း ပြည့်စုံ သဒ္ဓါတရား အဟုန်ကလည်း ကြီးမား ဒါနဆိုတာ နိဗ္ဗာန်ရောက်ကြောင်းတရား အစဟု ဆရာ ကောင်း တပည့်များဖြစ်ကြသော မဟာဗန္ဓုလ သက်န်းအလုပ်နှင့် တိုက်ပိုင်ရှင် ဗန္ဓုလ ဦးဆိုင်နှင့် ဇနီး ဒေါ်စောတင်တို့သည် ဆွမ်းတော်အုပ် ကန်တော့ပွဲ ပရိတ်ပန်းတကောင်းတို့ကို အလည် တိုက်ကြီး ဘုရားခန်း အောက်ထပ်၌ စာပွဲပေါ်တွင် ပြင်ဆင် ထားပြီး ပရိတ်တရား နာလိုပါသည်ဟု လျှောက်ထားသဖြင့် ဆရာတော်နှင့် စာရေးသူတို့သည် မင်္ဂလသုတ် ရတနသုတ် မေတ္တ သုတ် မဟာသမယသုတ်တို့ကို ရွတ်ဘတ် သရဇ္ဈာယ်တော်မူကြရာ မဟာဗန္ဓုလ ဦးဆိုင်နှင့် ဇနီး ဒေါ်စောတင်တို့သည် ရိုသေစွာ နာယူကြပြီးနောက် ၄-၅-ရက်လောက် အကြာမှာ လက်သမား ဘက်ဆိုင်ရာ သစ်, သံ, သွတ် တိုကိုရင်း, ပန်းရံဘက်ဆိုင်ရာ အုတ်, သဲ, ထုံး, ဘိလပ်မြေတို့ကို ရင်းရက်များ မကြာမီ ပြည့်စုံအောင် စုပုံ ထားလျက် ပန်းရံလက်သမားအများနှင့် အင်တိုက်အားတိုက် တနှစ် ကျော်ကျော် ရှေးလက်ရာမပျက် အသစ်တဖန် မွမ်းမံ တည်ဆောက် ပြီးနောက် ၁၃၂၃-ခုနှစ် တပို့တွဲ လပြည့်ကျော် ၁၃-ရက်နေ့ကစ၍

ဘုရားကြီး မြောက်ဘက်ရှိ အနောက် ၄၅-တာမြေ၌ ရွှေတပြောင် ပြောင် ဘုံပြာသာဒ် အဆောင်ဆောင် တို့ဖြင့် တင့်တယ်စွာ ဆောက်လုပ်ထားသော မဏ္ဍပ်ကြီး၌ ရက်သတ္တတပတ်မျှ တိပိဋကဆရာတော်နှင့် နိုင်ငံကျော် ဓမ္မကထိက ကျိုက်ဝိုင်း ဆရာတော်, အနီးစခန်း ဆရာတော်တို့က မဏ္ဍပ်ပြည့် လာရောက် တရားကို နာယူကြသော ရွှေရေးဆောင် အလည်တိုက်ကျောင်းကြီးဒါယကာ မဟာမန္တလ ဦးဆိုင်နှင့် တိုက်ကျောင်းအမ ဒေါ်စောတင်တို့အား အမှူးထားလျက် တရားနာ ဒကာ ဒကာမ ဓမ္မမာမက တို့အား တလှည့်စီ တလှည့်စီ ဓမ္မအဆီကို တိုက်ကျွေးတော်မူကြသည်။

## တရားပွဲနှင့်ညှော့ခံပွဲအစီအစဉ်မှာ

၁၃၂၃-ခုနှစ် တပို့တွဲလပြည့်ကျော် ၅-ရက်,၆-ရက်, မင်းကွန်း ဓမ္မနာဒတိုက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော်-

၇-ရက်, ၈-ရက်, ဇစ်ကိုင်းတောင်ရိုး နိုင်ငံကျော် ဓမ္မကထိက အဂ္ဂမဟာပဏ္ဍိတ အနီးခစန်း ဆရာတော်-

၉-ရက်, ၁၀-ရက်, ရန်ကုန်မြို့နိုင်ငံကျော်ဓမ္မကထိက ကျိုက်ဝိုင်း ဆရာတော် ဦးဇ္ဇန္တက-

၁၁-ရက်ည လှူညှော့ခံ-

၁၂-ရက်နေ့ နံနက် ၈-နာရီ အချိန်မှ ၁၂-နာရီအထိ လှူ ပရိသတ်များ ညှော့ခံ-

၁၃-ရက်နေ့ နံနက် ၉-နာရီအချိန် ပင့်သံဃာ ၃၀၀-နှင့် ဝေယျာဝစ္စကာရက သံဃာတော် ၁၀၀-ကျော် တို့အား ဆွမ်း ဘောဇဉ် ချိုချဉ်သြဇာ အမြိန်အရသာတို့ကို ဆက်ကပ်လှူဒါန်းခြင်း ရေစက်ချပါ ပင့်သံဃာ ၃၀၀-တို့အား ဒွိစုံသက်န်းအစရှိသော ပစ္စည်းပရိက္ခရာတို့ကို လှူဒါန်းခြင်း၊ အလည် အုဋ်ကျောင်းကြီး အတ္ထုပ္ပတ္တိအကြောင်းအရာ မော်ကွန်းသံပိုင်းစာနှင့် မင်္ဂလာပိုဒ်စုံ ရတုတို့ကို ဘတ်ကြား နာယူပြီးနောက် မင်းကွန်းဓမ္မနာဒတိုက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာ

တော်က ကျောင်းလွှတ်သဘင် အနုမောဒနာ ရေစက်ချတရားပွဲ ဆင်ယင်တော်မူပြီးနောက် ပရိယတ္တိသာသနဟိတ မူလဓမ္မာစရိယ စာချအကျော် ပရိယတ္တိဓမ္မပါလ သံကျောင်းဆရာတော် အရှင်ပဏ္ဍဝ ထေရ်အား ဘင်လျှပူဇော် ကိုးကွယ်တော်မူကြသည်။

# ရွှေရေးဆောင်ဆရာတော် အရှင်ပဏ္ဍဝ

## အဋ္ဌုပ္ပတ္တိအကျဉ်းချုပ်

ဇာတိ စသည်။ ။မြင်းခြံခရိုင် တောင်သာမြို့နယ် အနောက်လက် ကန်မြို့ရွာ အဖ ဦးအောင်ပုံ အမိ ဒေါ်ပွေးတို့မှ ၁၂၅၈-ခု ဝါဆိုလပြည့်ကျော် (၁) ရက်နေ့ ဖွားမြင်သည့် ဒုတိယမြောက်သားဖြစ်သည်၊ ဇာတာရက်ချုပ်အမည် မောင်ပု ဖြစ်သည်။

ကျောင်းနေချိန်။ ။နောင်တော်ကြီး မောင်ဖိုးစံနှင့် အတူ ၆-နှစ်သားအရွယ်ကပင် မိဖတို့က ကျောင်းအပ်နှံသဖြင့် ကန်မြို့ရွာ ဘုရားကြီးတိုက်ဆရာတော် ဦးသောဘိတထံ၌ သူငယ်တို့ သင်္ကေစာများကို "များများသင်အံ မြန်မြန်တတ်မြောက် ရသမျှ မမေ့ပျောက်" အင်္ဂါသုံးချက်ဖြင့် ၃-နှစ်အတွင်း တတ်မြောက်ခဲ့လေသည်၊ အသက် (၉) နှစ်အရွယ်ဘွင် ဆရာတော် ဦးသောဘိတက ကြပ်မ၍ ကန်မြိသဒ္ဒါနည်းကို သင်ကြားပေးသဖြင့် ၃-နှစ်မျှဖြင့်ပင် ပိဋကအခြေ ရရှိခဲ့လေသည်၊ ထိုစဉ်ကပင် "လျှမ်းလျှမ်းတောက် သူငယ်" ဟုထင်ရှားခဲ့သည်၊ (၁၂) နှစ်သားအရွယ်တွင် ကန်မြိသူကြီး၏ နှမ ဘုရားအမကြီး ဒေါ်ပုက ရှင်ဒါယိကာ ကြီးကျယ်စွာ ခံယူ၍ ရှင်သာမဏေ ဖြစ်သည်၊ ရှင်ဘွဲ့ ရှင်ပဏ္ဍဝဟု ဆရာတို့ မှည့်ခေါ်ကြသည်။

စာသင်ချိန်။ ။ဆရာကြီး ဦးဂုဏက ရှင်ပဏ္ဍဝကို စာသင်သားရဟန်းများနှင့် တွဲဖက်၍ သဒ္ဒါကြီးနှင့် ဋီကာကျော်တို့ကို ဆရာနည်းရအောင် သင်ပြသဖြင့် သာမဏေဘဝကပင် ပါဠိ အဋ္ဌကထာ ဋီကာတို့ကို နိဿယလွတ် ကြည့်နိုင်သော အခြေပါဒ ရှိသည်၊ သာမဏေ အဖြစ်ဖြင့်ပင် ကန်မြို့ရွာ ဆရာတော် ဦးသောဘိတ ဆရာတော် ဦးပညာ ဆရာကြီး ဦးဂုဏတို့ထံ၌ သဒ္ဒါ -ရူပသိဒ္ဓိ-ပါတိမောက်-ကင်္ခါ-ညဝါတို့ကို သင်ကြား တတ်မြောက်ခဲ့သည်။

ရဟန်းဖြစ်ချိန်။ ။၁၂၇၈-ခု တန်ဆောင်မုန်း လ၌ မူလ ရှင်ဒါယိကာမ ဖြစ်သူ ဒေါ်ပုကပင် ရဟန်းဒါယိကာမ အဖြစ်

ခမ်းနားစွာ ခံယူ၍ ဆရာတော် ဦးသောဘိတ ဥပဇ္ဈာယ် ပြုသဖြင့် ရဟန်း အဖြစ် ရောက်သည်၊ ထိုနှစ် တပေါင်းလ မန္တလေး မရွှေရေးဆောင် ဆရာတော်ဘုရားကြီးထံသို့ ရောက်၍ ဝိနည်း အဋ္ဌကထာကို စ၍ လိုက်သည်၊ ရဟန်း (၂) ဝါမှ စ၍ ရွှေရေးဆောင် ဆရာတော်ကြီးထံ၌ မူလဋီကာ ဆိုဝါရ၍ ရဟန်း (၄) ဝါအရတွင် မူလဋီကာ ဆိုဝါဖြင့် ပေါက်သည့်ပြင် ဘေဒစိန္တာ စာကိုယ် ဒီပနီ ဋီကာ ဟောင်းတို့ကို လိုက်ဝါဖြင့် ပေါက်လျက် မန္တလေးမြို့ တောင်ပြင်, အနောက်ပြင် ထင်ရှားသော စာချ ဆရာတော်များထံ၌ အဘိဓမ္မာ အဋ္ဌကထာ ဋီကာကျော် ကစ်ဝါ ကစ္စာယနသာရ စသည်တို့ကို ပိုင်နိုင်စွာ လိုက်ရသည်။

**စာချဖြစ်ချိန်။** ။ရဟန်း (၅) ဝါအရတွင် ဇာတိ ကန်မြို့ရွာ ဥပဇ္ဈာယ်ဆရာတော်၏ ထံသို့ပြန်၍ ရွှေရေးဆောင် ဝါကျနည်း၊ ကန်မြို့သဒ္ဒါနည်းတို့ဖြင့် စာသင်သား ၁၀၀-ကျော်တို့အား စာပေ ပို့ချခဲ့၍ ရဟန်း (၉) ဝါ ရပြီးသောအခါ ရွှေရေးဆောင် ဆရာ တော်ကြီး၏ အမိန့်အရ ဆရာတော်ကြီး ခြေတော်ရင်းသို့ ပြန် ရောက်၍ ဆရာတော်ကြီးထံ၌ နေတ္တိပါဠိတော် အဋ္ဌကထာ ဋီကာ ဟောင်း သုံးကျမ်းပေါင်းကို စာလိုက်သံဃာ ၅၀၀-တို့အလယ်၌ တပါးတည်း ဆိုရသည့်ပြင် ကိုယ်တိုင်ကလည်း စာလိုက် သံဃာ ၂၀၀-ကျော်တို့အား ချာသ ကျမ်းကို စံကျောင်းနိယံနှင့် တကွ ဝါကျနည်း သဒ္ဒါနည်းတို့ဖြင့် ပို့ချရပြန်သည်၊ ထို့ကြောင့်ပင် မန္တလေးမြို့ ပရိယတ္တိသာသနဟိတ (သကျသီဟ) အသင်းကြီးက မူလဓမ္မာစရိယ အဖြစ်ဖြင့် ထိုနှစ် ထိုဝါမှာပင် အကိုးကွယ် ခံရ လေသည်။

**ကျောင်းထိုင်စာချနာယက။** ။ရဟန်း (၁၀)ဝါ အရတွင် ကျောင်းဒါယကာ ဦးရှမ်းကြီး-ဒေါ်အုံတို့က ကျောင်းဆောက်၍ ကိုးကွယ်သဖြင့် ဆရာတော်ကြီးနှင့်အတူနေလျက်စာပေပို့ချခဲ့သည်၊ ၁၂၉၁-ခုနှစ်၌ ရန်ကုန်မြို့ သူဌေး ဦးဘကျော်- ဒေါ်နှင်းဦးတို့က ပရိယတ္တိဓမ္မပါလ သံကျောင်းကြီး ဆောက်လုပ် လှူဒါန်းကြ၍ ကျောင်းထိုင်စာချဖြစ်ခါ ဆရာတော်ကြီးဦးကြည် ဆရာတော်ကြီး

ဦးအာသဝ နာယက နှစ်ဆက် ကွယ်လွန်သောအခါ ရွှေရေးဆောင် တိုက်ကြီး၏ ဦးစီးနာယက အဖြစ်ဖြင့် အခြေပြုစာ အထက်တန်း ကျမ်းစာတို့ကို ပို့ချတော်မူသည်၊ ထိုကျမ်းစာ ၂-ရပ်လုံး ပို့ချ တိုင်းပင် ဓမ္မာစရိယ စာချတန်းအောင်ပြီး အထက်တန်း စာသင် သားကြီးများ စာလိုက်ကြသည်က များလေသည်။

ဓမ္မာနုဂ္ဂဟအာမိသာနုဂ္ဂဟ။ ။ဆရာတော်သည် စာဝါ တဝါ တဝါ ပို့ချမှု ဓမ္မာနုဂ္ဂဟပြီးတိုင်းပြီးတိုင်း မိမိ၏တပည့် စာလိုက် စာသင်သားတို့အား တတ်နိုင်သလောက် ဆွမ်းခဲဘွယ်ဘောဇဉ် ကျွေးမွေးခြင်း သက်နံပရိက္ခရာစသည် စာရေတံ မဲချ၍လှူဒါန်းခြင်း အာမိသာနုဂ္ဂဟဖြင့်လည်း ချီးမြှောက်တော်မူသည်။

ရွှေရေးဆောင်အလည်တိုက်ကြီး။ ။ဒုတိယ ကမ္ဘာစစ် ဒဏ် ကြောင့် မြင်မလှ ရှုမလှ ရစရာမရှိ နေထိုင်၍ မဖြစ်အောင် ပျက်စီး ပြုန်းတီးနေသော ရွှေရေးဆောင်အလည်တိုက်ကြီးကို ဆရာတော် အား ကြည်ညိုသဖြင့် မန္တလေးမြို့ မဟာဗန္ဓုလ ဦးဆိုင်- ဒေါ်စောတင်တို့က သိန်းပေါင်းများစွာ အကုန်ခံ စွန့်လှူ၍ အသစ် တဖန်ပြန်လည် တည်ဆောက်ကြလျက် စောင်းတန်း, ရေစင်, ကျန်းမာရေးသံဃာကုဋိစသည်တို့ကို စတုဒိသာ သံဃိက ရက်ရောစွာ လှူဒါန်းကြပြီးသော အချိန်မှစ၍ ဆရာတော်သည် အလည်တိုက် ကြီး၏ ဖေယနာသနဝတ်ကို နေ့စဉ် ၁-နာရီခွဲကြာ မှန်မှန်ပြု၍ အခြေပြုကျမ်းစာ အထက်တန်း ကျမ်းစာတို့ကို အနားမယူဘဲ ပို့ချတော်မူရာ စာလိုက်သံဃာ များလွန်းလှသဖြင့် မဟာဗန္ဓုလ ကျောင်းတကာ- တကာမတို့က အသံချဲ့စက်တပ်ဆင် လှူဒါန်း ပေးရသည်အထိ ပရိယတ္တိဝန်ကိုအားသွန်ခွန်စိုက်မညီးနွမ်းရအောင် ကြိုးပမ်းထမ်းဆောင်တော်မူခဲ့ပါသည်။

ဤသို့လျှင် ရဟန်း(၅)ဝါရ အချိန်မှစ၍ သက်တော်(၇၅)နှစ် ဝါတော်(၅၅)ဝါတိုင်အောင် ပရိယတ္တိသာသနာ့ဝန်ကို အနား မယူဘဲ အားသွန်ခွန်စိုက် မညီးနွမ်းရအောင် ကြိုးပမ်းထမ်းဆောင် တော်မူခဲ့သော အထူးစာချအကျော် ရွှေရေးဆောင် ဆရာတော်

ဘုရားကြီးသည် ၁၃၃၂-ခုနှစ် တော်သလင်းလဆန်း (၈)ရက်နေ့ ညဥ့်သန်းခေါင်ကျော် (၁) နာရီအချိန်တွင် ဇိဝိတိန္ဒြေအဖြစ်ရပ်၍ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသတည်း။

ဟာ သံယောဂဝိယောဂန္တာ၊ ဟာ နိစ္စာ သဗ္ဗသင်္ခတာ။
ဟာ ဥပ္ပန္နာစ ဘင်္ဂန္တာ၊ ဟာ ဟာ သင်္ခါရဓမ္မတာ။

"ဝေယန်စံလွတ်" မူလ ကမ္ပည်းသတ်သော
ရွှေရေးဆောင်မဟာဝိဟာရပွဲတော်ကထာ

# မော်ကွန်းသံပိုင်းစာ

(နမောဗုဒ္ဓါယ) သိဒ္ဓမ်။

ဝေယန်စံလွှတ်သမညော ယော၊
ရွှေရေးဆောင်ဉာတိ ဝိသုတော။
ဓိမတံ ဇာတုဒ္ဓိဘူတော၊
သာဓုမနော နဟာသကော။
ဝိဟာရော သော စိရံ ဌာတု၊
သဗ္ဗာစက္က ဟိတာဝဟံ။

ယောဝိဟာရော၊ သိကြွားဗိမာန် ဝေဇယန်နှင့် ပုံဟန်နှုန်းလျော် အကြင်ရွှေကျောင်းတော်သည်။ ဝေယန်စံလွှတ်သမညော၊ မူလ ပြုဖန် မှည့်ရင်းနာမ်ဖြင့် ဝေယန်စံလွှတ် ကမ္ပည်းသတ်သည့် မြတ် သောအမည်ရင်းလည်းရှိပေ၏။ ရွှေရေးဆောင်ဉာတိ ဝိသုတော၊ အသောကာရုံ ဘွဲ့မည်ပုံသို့ လှူတုံဒါယိကာ သူ့သညာဖြင့် မင်္ဂလာယင်းပြောင် ရွှေရေးဆောင်ဟု မြန်ဘောင် ဝန်းလျား ကျော်စောထင်ရှားလှပေ၏။ဓိမတံ၊ ဝိညူကဝိဒိုရ် ပုဂ္ဂိုလ်ပုဂ္ဂိုလ်ဟု ထိုထိုများတောင်း ပညာရှင် အပေါင်းတို့၏၊ ဇာတုဒ္ဓိဘူတော၊ ဖြစ်ထွန်း ပေါက်ဖွားရာ သေဥ်မြေချာသဖွယ်လည်း ဖြစ်ပေ၏၊ သာဓုမနောနဟာသကော၊ သူတော်စင်တို့ စိတ်နှလုံးကို ရွှင်ပြုံး

ကြည်ပျို့ အကြိမ်ကြိမ် နှစ်မြို့စေတတ်၏၊ သော၀ိဟာရော၊ သိကြွား ဗိမာန် ဝေဇယန်နှင့် ပုံဟန်နှုန်းလျော် တိုရွှေကျောင်းတော်သည်။ သတ္တုစက္ကဟိတံ၊ ဘုရားသာသနာ လင်းပွင့်ရာအကြောင်း အစီးအပွားကောင်းကို။ အာဝဟံ-အာဝဟန္တော၊ ဥပနိဿရည်း ပစ္စည်းမြောက်အောင် ရွက်ဆောင်သမှု ကျေးဇူးပြုလျက်။ စိရံဌာတု၊ ဘုရားဟူသော အသံ ဤလူ့ဌာန်ဝယ် နှုတ်မွန်ချီးပ ရှိသမျှပင် ကာလမြင့်ရှည် ကြို့ကြို့တည်ပါစေသတည်း။

အောင်သူတကာတို့၏ မဟာဇိနေန္ဒြာဓိပတိ သိရိပဝရ အတုလ ဦးသျှောင်၊ သုံးလောက ထွတ်ထား၊ ဘုရားငါးမာရ်အောင်သည်၊ မြေတောင်ဗဟို၊ ရာဇဂြိုဟ်ပြည်မွန်၊ ဝေဠုဝန်သမိုက်၊ ဥယျာဉ်တိုက်၌၊ ယာပိုက်ခမ္ဘ့လျော်၊ ကိန်းစံတော်မူသောကာလ၊ သာ၀ကများစွာ၊ ထေရ်သံဃာတို့အား၊ သေနာသန၊ ၀ိဟာရ ကျောင်းသခ်မ်းကို၊ နိဒါန်းဝတ္ထု၊ ပေါ်ပေါက် ချိန် မြော်ရှု၍၊ ခွင့်မပြုသေးရကား၊ များစွာသော ရဟန်းတို့သည်၊ တောတန်းသစ်ပင်၊ ရှိုမြောင်ခွင်နှင့်၊ တောင်လျှဉ်တောင်ခေါင်း၊ သုသာန်စောင်းက၊ သောင်းပြောင်း ဥဒဟို၊ ရပ်ထိုထို၌၊ ညဉ့်ခို ကိန်းစံတော်မူကြ၍၊ မိုးသောက်ထခါ၊ ကြည်ညိုဘွယ်ရာသော၊ ဣရိယာပထ ျဖင့်၊ ထိုမှဤမှ၊ ထွက်ကြွတော်မူလာကြသည်ကို၊ ရာဇဂြိုဟ်သေဌေး၊ အဝေးမှမြင်လတ်၊ အနီးသို့ချဉ်းကပ်၍၊ နှုတ်လွှတ်သံညောင်း၊ ကျောင်းဆောက်လှူလိုကြောင်းနှင့်၊ မြတ်စွာဘုရားအား၊ လျှောက်ထားပေးပါရန် အကြောင်း၊ တောင်းပန်လျှောက်ကြားသဖြင့်၊ များစွာသော ရဟန်းတော်တို့၊ ဇိနော်ထံမှောက်၊ ချဉ်းကပ်ရောက်၍၊ ကြားလျှောက်သမှု၊ ကြောင်းဝတ္ထုဝယ်၊ "အနုဇာနာမိဘိက္ခဝေပဉ္စလေဏာနိ" ပိုဒ်ဦးချီ၍၊ ၀ိဟာရကျောင်းသခ်မ်းကို၊ ရဟန်းတို့ သုံးဆောင်ရန်၊ ကရုဏာလှုံ့ဖန်၍၊ သမ္မာသမ္ဗုဒ္ဓ၊ သုံးလောကမျက်ရှု၊ သဗ္ဗညုသည်၊ ခွင့်ပြု ပညတ်တော်မူလတ်သတည်း။

မဟာ၀ိဇည်း၊ ငါးမာရ်လှည်းလျှင်၊ ကျောင်းပစ္စည်းဝတ္ထု၊ အခွင့်တော်ပြုလတ်သော်၊ အမှုသည်ရင်း၊ ရာဇဂြိုဟ်သေဌေးမင်း သူတော်ကောင်း၊ ကျောင်းပေါင်းခြောက်ဆယ်၊ ထိုနေ့ဝယ်၊ ပန္နက်ရိုက်၍၊

လှိုက်လှိုက်ကြည်ဖြူ၊ ဆောက်လုပ်လှူသည့်၊ ပုညုပစယ၊ လက်မွန်စ၍၊ ဤဘုရားသာသနာဝယ်၊ အနာထပိဏ်၊ ဝိသာခါ၊ ဆရာဇီဝက၊ ဤသို့စသည့်၊ ဘုရားရှေ့လက်ထက်တော်အခါ၊ ကျောင်းဒါယကာ တို့မှအစ၊ မဏ္ဍိမတိုက်တခို၊ သီဟိုဠ်နှင့် မြန်မာတခွင်၊ သာသနာ ဝင်ဆင်းသက်၊ ကျောင်းဒါယကာ အဆက်ဆက်တို့သည်၊ သူ့ထက်ငါဦး၊ နိဗ္ဗာန်ကို အရောက်ကူးမည်ဟု၊ အထူးထူးသော ကျောင်း ဝိဟာတို့ကို၊ သဒ္ဓါကဲမောက်၊ တည်ဆောက် လှူဒါန်း ကြသည့်၊ ဝိဟာရဒါနဝင်၊ အစဉ် ပွားစီး၍ လာခဲ့ရာ၊ မြန်မာတန်ဆောင်၊ ဘုန်းလျှံပြောင်၍၊ ကုန်းဘောင်ကနက်၊ နေအနွယ်ဆက်သည့်တွင်၊ ရာဇဏ္ဍမ၊ ခြောက်ဆင့်မြောက်တိုင်ထသော်၊ အမရပူရ၊ ပဌမ မြို့နန်းတည်၊ "သီရိပဝရ ဝိဇယာနန္တယသတြိဘဝနာဒိတျာဓိပတိပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ"၊ မင်္ဂလာရွှေလိပ်၊ တံဆိပ်နာမံ၊ ခံတော်မူသော ဘိုးတော်မင်းတရားကြီး၏ တောင်ရွှေရေးဆောင်စံ "သီရိမဟာ မင်္ဂလာဒေဝီ" ဘွဲ့မည်ထင်ရှား၊ ရှင်မိဖုရားသည်၊ များစွာသော အသပြာတို့ကို၊ ခေမာဆိပ်ဦး၊ တံတားကူး၍၊ ထူးကဲသော စေတနာဖြင့်၊ မဟာမုနိ ရုပ်ရှင်တော်မြတ်၊ အနောက်မြောက် အရပ်ဝယ်၊ အမိုး သုံးထပ်၊ ဇေတဝန် ရွှေကျောင်းတော်မြတ်၊ ဆောက်လုပ် ပြီးပြေရှိသည်ကို သက္ကရာဇ် ၁၁၅၃-ခုနှစ်၊ ပြာသိုလဆန်း ၁၁-ရက်နေ့၌ ဘိုးတော်မင်းတရားကြီး ကိုယ်တိုင် ရွှေကရားဖြင့် ရေစက်တော်သွန်းချ၍ ကျောင်းတော်၏ အမည်နာမ်ကိုလည်း၊ "ဝေယန်စံလွတ်" ကမ္ပည်းစိုက် သတ်မှတ်လျက်၊ ထေရ်မြတ်သခင်၊ အရှင်ဩဘာသဓမ္မအား၊ အစဉ်းစွာ၊ သဒ္ဓါစင်ဖြူ၊ နိဗ္ဗာန်နန်းဆုယူ၍၊ တင်လှူပူဇော်လတ်သတည်း။

ထိုမှနောက်ဘွင်၊ ဖလ်နန်းရှင်ခေါ်၊ ဘကြီးတော်မင်းတရား လက်ထက်အခါ၊ "နရိန္ဒာဘိသီရိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" သွန်းထုခတ်နှိပ်၊ တံဆိပ်ရအကျော်၊ ပုလဲဆရာတော်၊ ကုန်းဘောင်မင်းတရားလက်ထက်၌ မိုးနဲဗိုလ်မှူး၏ ဆရာတော် "ပရမညာဏဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်တော်ရ မဟာထေရ်မြတ်၊ ထိုမှနောက်အခါ "အာစာရဝံသဓဇ သီရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု"

တံဆိပ်တော်ရ ဆရာတော်ဘုရားတို့၊ မခြားရွှေနေ၍၊ ထိန်းစောင့်ရှောက်ကြ၍၊ ကျောင်းတော်တည်ဆောက်သည်မှ၊ ကာလမြင့်ညောင်း၊ နှစ်ပေါင်းကိုးဆယ်ကျော်အကြာ၊ ကောဇာသက္ကရာဇ် ၁၂၄၅-ခုနှစ် ခန့်သို့ ရောက်သော ကာလ၊ မူလ ရွှေကျောင်းဟောင်းနွမ်း ပျက်ပြားရှိသည်များကို၊ ပယ်ရှားသုမ်သင်၍၊ အရှင်သီပေါ မင်းတရား လက်ထက်တော် ခေတ်တွင်၊ မြို့သစ်မြို့စား "မင်းကြီးမင်းလှမဟာဇေယျသင်းကြန်" ဘွဲ့မည်ခံသည့်၊ ဉာဏ်ရည်ထိန်လင်း၊ အတွင်းဝန်မင်းနှင့် ဇနီးမြစ်သားမြို့စား "သုသီရိပဘာ" ဘွဲ့ခံ အတွင်းဝန်ကတော်တို့က၊ ဘုရားရှေ့လက်ထက်တော်အခါ၊ ပုဗ္ဗာရုံရွှေကျောင်းနှင့်၊ အကောင်းယှဉ်ဆိုင်၊ အလှဂုဏ် မာန်ပြိုင်သကဲ့သို့၊ ခန့်ခိုင်တင့်ဆန်း၊ အခန်း ၃၂၂-ရှိ၊ အုဋ္ဌ်ကျောင်းကြီးအသစ်၊ တဖန်တည်လစ်၍၊ ရှင်ချစ်သားကျော်၊ ဆရာတော်တို့ကို၊ ပူဇော်တင်လှူပြီးနောက်၊ ၁၂၅၇-ခုနှစ် အရောက်တွင်၊ ဘုန်းတောက်မြတ်စွာ၊ သာသနာ၌၊ ပညာအရောင်၊ လောင်စလီလီ၊ ရွှန်းလျှံအိသော "ပဏ္ဍိတာဓိသီရိပဝရမဟာ ဓမ္မရာဇာဓိရာဇဂုရု" သွန်းတုခတ်နှိပ်၊ တံဆိပ်ရအခကျော်၊ မှိုင်းခိုင်းဆရာတော်ဘုရားကြီး စလင်းမြို့တွင် သူကောင်းကြီးက ဆောက်လုပ်လှူဒါန်းသည့်၊ "မြို့မငါးစဉ်" ကျောင်းကြီး၌၊ ပွားစီးလုံ့လ၊ ရှုရန့်စ်တန်၊ ကျင့်ကြံအားသစ် ရှိနေတော် မူသည်ကို၊ ကြည်ညိုသဖြင့်၊ ရှိသေစွာပင့်ဆောင်၍၊ ရွှေရေးဆောင် အလည်အုဋ္ဌ်ကျောင်းကြီးကို၊ အုပ်စီးစောင့်ရှောက်၊ သာသနာတော်ကို ချီးမြှောက်ပြုစုရန်၊ တောင်းပန်ကော်ရော်၊ ကိုမှိုင်းခိုင်း ဆရာတော်အား၊ ပူဇော်တင်လှူလတ်သတည်း။

မှိုင်းခိုင်းဆရာတော်ဘုရားကြီး၊ သာသနာ့တန်ဆောင်ဆီမီးသည်၊ ဝိဇည်းမြေကောင်း၊ ရွှေရေးဆောင်အုဋ္ဌ်ကျောင်း၌၊ ကိန်းအောင်းစံနေတော်မူကာ၊ အဋ္ဌဒိသာ၊ မှာမှာအရပ်တို့မှ၊ ချဉ်းကပ်လာသမျှ၊ သောတုဇနတို့အား၊ ဂန္ထဓူရ၊ နေ့ညမအား၊ ဟောကြားပို့ချပြသခြင်း၊ ပြသနာအစ်ပိုင်း၊ ရောက်လာတိုင်းကို၊ မဆိုင်းလျင်မြန်၊ အဖြေမှန်ဖြင့်၊ ဝေဖန် ပြီးပြတ်အောင်၊ ဆုံးဖြတ်တော် မူခြင်း၊

ကိုယ်တော်မြတ်အတွက်တာ၊ အခွင့်ရတိုင်းအခါတိုင်း၌၊ ဘာဝနာတရား၊ ပွားများအားထုတ်ခြင်း၊ နှစ်ခင်းဂူရ၊ ရဟန်းတို့ကိစ္စဖြင့်ကာလကို ကုန်စေကာ၊ ကောဇာသက္ကရာဇ်၊ ၁၂၆၁-ခုနှစ်၌၊ ပစ္ဆိမတောင်ယံ၊ ဝင်စံသောနေသဖွယ်၊ လွန်ကွယ်တော်မူလတ်လျှင်၊ လောကဓာတ်စကြာ၊ အရှေ့မျက်နှာမှ၊ သော်တာလစန်း၊ ပေါ်ထွန်းထွက်ပြူ၏သို့၊ ဆရာတော်၏ ငယ်တပည့်ရင်း၊ သုံးခင်းပိဋကာ၊ ဝေဒပိဒိုရ်၊ မာဂဓ သက္ကတ ကျမ်းထိုထို၌၊ တစ်ဆိုသလောက်၊ ညဏ်ရည်မြောက်၍၊ ထက်အောက်မြန်ခွင်၊ ကျော်စောထင်သည့်၊ "အရှင်အာဒိစ္စရံသီ"ဘွဲ့ထူးချီသော "ဦးကြည်" ဆရာတော်ဘုရားသည်၊ လပ်လျားမရှိ၊ အချိန်ပြည့်လျှင်၊ မုနိမြတ်စွာ၊ သာသနာဝန်၊ ဂူရနှစ်တန်ကို၊ ဆက်ခံဖြည့်တင်း၊ ကျေးဇူးသတင်း၊ ရှစ်ရပ်လင်းစေလျက်၊ ယင်းရွှေရေးဆောင် အုဋ္ဌကျောင်းကြီးကို၊ အုပ်စီးထိန်းစောင့်ကာ၊ ၁၂၆၂-ခုနှစ်ကစ၍၊ ဓမ္မသဘင်၊ ပွဲကြီးယင်လျက်၊ ရှင်ပင်မြတ်စွာ၊ သာသနာသုံးခင်း၊ စန်းရောင်အလင်းကို၊ ထိန်ဝင်းတောက်ပြောင်စေခဲ့သတည်း။

"အရှင်အာဒိစ္စရံသီ" ဘွဲ့ထူးချီသော "ဦးကြည်" ဆရာတော်ဘုရား၊ လ-ရထားလျှင်၊ တရားငွေရောင်၊ ဆွတ်ဆွတ်ပြောင်စေ၍၊ ၁၂၈၇-ခုနှစ်တွင်၊ တောင်စွယ်အတွင်၊ စုတိခွင်သို့၊ ဝင်စံတော်မူလတ်သောအခါ၊ ဆရာတော်ဦးကြည်၏ တပည့်ရင်း ဓမ္မန္တေဝါသိက၊ သာဠကထ၊ တိပိဋကဝိသာရဒ၊ မူလဋီကာ၊ ကျမ်းကျင်စွာဟု၊ စာသင်သားအပေါင်းတို့၊ နှစ်ထောင်းလေးမြတ်၊ ချီးမွမ်းအပ်သော ဂုဏ်ကျေးဇူးရှိသည့်၊ ပဏ္ဍိတနွယ်တန်ဆောင်"အရှင်ပဏ္ဍဝ" ထေရ်ဘုန်းခေါင်သည်၊ ရွှေရေးဆောင် ကျောင်းတိုက်အတွင်း၊ ပရိယတ္တိ ဓမ္မပါလ သံကျောင်း၌ သီတင်းသုံး နေတော်မူကာ၊ စာတော်သဘင်၊ နေ့ညဥ့်ယင်လျက်၊ အရှင်ဆရာတော်၏ ဓမ္မမြုံသိုက်၊ ရွှေရေးဆောင်ကျောင်းတိုက်၏၊ သိုက်မြိုက်လင်းပြောင်အသရေကို ဆောင်တော်မူခဲ့ရာ၊ ၁၃၀၃-ခုနှစ်၊ ဒုတိယကမ္ဘာစစ်ကြီး၊ ညီးတပြောင်ပြောင်၊ မီးသင့်လောင်သည့်တွင်၊ ရွှေရေးဆောင် အုဋ္ဌကျောင်းကြီးနှင့်တကွ၊ အရံကျောင်းပေါင်းများစွာမီးခ

၍၊ အုဋ္ဌကျောင်းကြီးမှာ နံရံမျှသာကျန်ရှိ၊ ဆောက်လှူမည့်ဒါယကာ၊ ဆယ့်ရှစ်နှစ်ခန့် အချိန်ကြာအောင်၊ မလာမရှိဖြစ်နေဘိသည်တွင်-

“လောကီဥစ္စာ၊ ရတနာကား၊ ငါးဖြာရန်စု၊ ဆက်ဆံမှုကြောင့်၊ သေတ္တုအနှစ်၊ မဟုတ်လစ်ဖူး၊ မဆွေ ရရန်၊ ပယ်တွန်းလှန်၍၊ ဆယ်တန်ဒါန၊ အားသစ်မှသာ၊ ဘောဂဥစ္စာ၊ ရတနာ၏၊ ခေမာ ရောက်ရန်၊ အနှစ်မှန်ဟု၊

ဝေဘန်ခွဲခြမ်း၊ ဉာဏ်ပြဋ္ဌာန်းကြသည့်၊ မန္တလေးမြို့၊ ဓားတန်းရပ် ကျောင်းဒါယကာ မဟာဗန္ဓုလ ဦးဆိုင်၊ ကျောင်းအမ ဒေါ် စောတင် သားသမီးတစုတို့သည်၊ နိဗ္ဗာန်အောင်မြေ၊ ဆုပန်ခြွေ ကြ၍၊ ရွှေရေးဆောင် အုတ်ကျောင်းကြီး၊ ပျက်စီးယွင်းယို၊ နံရံမျှ ကြွင်းကျန်ရှိနေသည်ကို၊ ထိုကျောင်းတိုက်ကြီး၏၊ ဦးစီးနာယက၊ အရှင်ပဏ္ဍိဝ မထေရ်အထံမှ၊ ပြင်ဆင်ဆောက်လုပ်ရန် ခွင့်ပန်ရရှိ၍၊ ပီတိရွှင်လန်း၊ အားရမ်းနှစ်ထောင်း၊ ကောင်းသည်ထက် ကောင်း အောင်၊ ထပ်လောင်းတဖန်၊ အသစ်မွမ်းမံ၊ မူလပုံစံအတိုင်း၊ သမိုင်း မော်ကွန်း၊ စိုက်ထူညွှန်းလောက်အောင်၊ သွန်းသွန်းမိုမောက်၊ တည်ဆောက် ပြုပြင်ကြခြင်း၊ သီဟာသနပလ္လင်၊ ဥကင်တံကဲနှင့် တကွ၊ ဥဒ္ဒိသရုပ်ပွား၊ ကျောက်သား ဆင်းတုတော်ကို၊ ပူဇော် တည်ထားကြခြင်း၊ ဆဋ္ဌသံဂါယနာတင် ပါဠိတော်နှင့် အဋ္ဌကထာ အုပ်ရေ ၄၁- ဓမ္မက္ခန္ဓာတို့ကို ကိန်းစံတော်မူရာ ဂန္ဓကုဋီ ဘိဒို စာတိုက်နှင့်တကွ၊ ဓမ္မစေတီအဆူဆူ၊ တည်လှူပူဇော်ခြင်း၊ အာဝါ သိက အာဂန္တုက၊ နှစ်ဝသော သံဃာတို့၊ ချမ်းသာစွာ သုံးစွဲရန် စက်ရေတွင်း ကိရိယာ အစုံအလင်၊ အုတ်ရေစင်ကြီးနှင့် တကွ၊ ရေသုံး သံဃဝစ္စကုဋီ တည်လှူခြင်း၊ တရာ့ငါးဆယ်သော မောင် ရှင်လောင်း တို့ကို၊ ကောင်းမွန်သော ဝတ်စုံ ပရိက္ခရာ တို့ဖြင့်၊ သာမဏေဘုံရောက်၊ ချီးမြှောက် ထောက်ပံ့ခြင်း၊ ကျောင်းတိုက်ရှိ သံဃာအကုန်နှင့်တကွ၊ အခြားတိုက်တာတို့မှ သံဃာများပါ၊ ပင့် သံဃာ ၃၀၀-တို့အား၊ သဒ္ဓါကြည်ရုံ၊ အစုံအစုံသော သက်န်းတို့ကို၊ လှူဒါန်း ဆက်ကပ်ခြင်း၊ လေးရာကျော် အတိုင်းအရှည်ရှိသော အရိယဝံသာ၊ သံဃာတော်အရှင်မြတ်တို့အား၊ မွန်မြတ်သော ဆွမ်း

ခဲဘွယ် ဘောဇဉ်၊ ချိုချဉ်ရသာတို့ကို၊ သဒ္ဓါဖြူဖွေး၊ ကျွေးမွေး ဆက်ကပ်ခြင်း အစရှိသော ကောင်းမှု၊ ဝမ်းမြောက်စွာ ပြုကြလျက်၊ ယခု ၁၃၂၃-ခုနှစ်၊ တပို့တွဲ လပြည့်ကျော် ၁၃-ရက်နေ့တွင်၊ လွှေ့လွှေ့ဝမ်းသာ၊ စေတနာဥက္ကဋ္ဌ၊ ဇောစိတ္တုပ္ပါဒ်ဖြင့်၊ ကျောင်း လွှတ်သဘင်၊ ရေစက်ချ ပွဲကြီးယင်လျက်၊ သံလွင်ချိုမြ၊ အမျှခွန်း ကျူကျူဟပြီးလျှင်၊ များလှသော ဥစ္စာတို့ကို၊ အာသာမကွက်၊ မငွေ့ရ မနှောက်ရက်ဘဲ၊ ရက်ရက်ကြည်ဖြူ၊ ပေးစွန့်လှူ၍၊ အောင် နိဗ္ဗူဘုံကြွလှမ်းသို့၊ စောင်းတန်းသွယ်ယူကြသတည်း။

သံပိုင်းလင်္ကာ

ဇေယျမင်္ဂလာ၊ သံပိုင်းမှာဝိမ့်၊ မြတ်စွာမိန့်မှတ်၊ သာသနာမြတ် လျှင်၊ မြန်ရင့်တိုက်ဘောင်၊ လင်းလင်းပြောင်က၊ ကုန်းဘောင် ဆဋ္ဌ၊ နရိန္ဒ၏၊ ဒက္ခိဏာရံ၊ တောင်ဆောင်စံသည့်၊ ဘုန်းကံကြီးမား၊ မိဖုရားသည်၊ တည်ထားပြုဖန်၊ အတိခန်ဖြင့်၊ "ဝေယန်စံလွှတ်" ကမ္ဗည်းမှတ်သား၊ မြတ်ဝိဟာမွန်၊ ဇေတဝန်ဟု၊ မိုးစွန်ထိညောင်း၊ စံရွှေကျောင်းလျှင်၊ နှမ်းပေါင်းတုံလစ်၊ ထိုသို့ဖြစ်က "မြို့သစ် အဘွင်းဝန်၊ "တိဘိတ်ဉာဏ်ဖြင့်၊ တဖန်အုဋ္ဌကျောင်း၊ တည်ဆောက် ရှောင်းခဲ့၊ နောက်နှောင်းကာလ၊ ခါသမယတွင်၊ ဒုတိယဖြစ်၊ ကမ္ဘာစစ်ကြောင့်၊ ချစ်ချစ် တောက်ပြောင်၊ မီးသင့်လောင်က၊ စွမ်းဆောင်စေတနာ၊ ထဲန္ဒီးပါဠိ၊ မဟာဗန္ဓုလ၊ ကမ္ဗည်းသသည့်၊ ဝါကိဋ္ဌဒိုင်၊ စိုးမိုးပိုင်သား "ဦးဆိုင်သညာ" ကျောင်းဒကာနှင့်၊ ကလျာဂိုဏ်းဝင်၊ "ဒေါ်စောတင်" တို့၊ အသာ်တ၊ ဆုပန်ကြလျက်၊ ဇယသာ်ျာ၊ သိန်းသပြာကို၊ အာသာမကွက်၊ စွန့်လှူရက်၍၊ တဆက်ပြုပြင်၊ ကောင်းမှုယင်သား၊ ခမ္ဗဋ္ဌရ၊ ကြောင်းချင်းတကို၊ တိဝိဋ္ဌကမိုရ်၊ ထေရ်ပုဂ္ဂိုလ်လျှင်၊ မပိုစေရ၊ သံခိပ်မျှဖြင့်၊ နှောင်းထ လူရှင်၊ သိကောင်းအင်ဟု၊ ဖြစ်စဉ်နိဒါန်း၊ ထုတ်ဖော်ညွှန်းသည်၊ မော်ကွန်းရွှေစာသံပိုင်းတည်း။

(အာဒိကမ္မိကဝင်္ဂသကာထေရ်စိကုံးရေးသားသည်)

(မြန်မာနိုင်ငံတော် သမိုင်းကော်မရှင် ဂီတသုတေသနမှူး ရွှေပြည်ဆရာကြီး ဦးဘတင် ဖတ်ကြား ချောက်ထားသည်)

### ရွှေရေးဆောင်တိုက် အလယ်အုဌ်ကျောင်းကြီး၏
### အဋ္ဌုပ္ပတ္တိအကြောင်းအရာ

# မင်္ဂလာရတုပိုဒ်စုံ

(သုံးပိုဒ်လုံး ၅၅-ပဒစီ၊ သတ်စေ့နှက်သုံးချက်ညီ)

၁။ အောင်ခွန်းဇေယျာ။ ။သောင်းတိုက်ညာတည့်၊ မဟာမုနိ၊ တို့ဘုန်းရှိလျှင်၊ သိရိမဂမိုရ်၊ ရာဇဂြိုဟ်ဟု၊ နဂိုရ်ရိပ်မွန်၊ ဝေဠုဝန်၌၊ နိဗ္ဗာန်ဆုနှင်း၊ ကျွတ်ပွဲခင်း၍၊ လင်းလင်းစက်ခြည်၊ နေစံတည်က၊ ထိုပြည်သေဋ္ဌေး၊ တောင်းပန်ရေးကြောင့်၊ ရှေးဦးစစွာ၊ ကျောင်းဝိဟာကို၊ ရွှေဗျာရင့်ကြွေး၊ ခွင့်တော်ပေးခဲ့၊ သေဋ္ဌေးရာဇဂြိုဟ်၊ ညဏ်ဝိဒိုရ်ကား၊ ထိုသည့်နှုန်း၌၊ ပန္နက်ရိုက်၍၊ အမြိုက်ဆုရှယ်၊ ကျောင်းခြောက်ဆယ်ကို၊ အံ့ဖွယ်သဒ္ဓါ၊ ဆောက်လှူပါသား၊ မဟာပုညာ၊ လက်မွန်စ၍၊ မဇ္ဈိမချက်ချာ၊ ကျွန်းလက်ာနှင့်၊ မြန်မာတိုင်းချက်၊ သာသနာဆက်မအောင်၊ ဆင်းသက်စဉ်လာ၊ ဒါယကာတို့၊ မဟာဝိဟာရ၊ မြိုဏ်ဗိဇဟု၊ ဒါနပစေတိ၊ ဆင့်ဆင့်ချီက၊ သိင်္ဂိနိက္ခ၊ ပဒ္ဒတလျှင်၊ ထိုမှဤမှ၊ ပေါ်ထွန်းပသို၊ ဘုရား သာသနာ၊ လင်းရာရာ၌၊ သဒ္ဓါလုလု၊ တကာထုလည်း၊ သူ့ထက်ငါမြောက်၊ ကျောင်း-ကျောင်းဆောက်၍၊ ဘုန်းတောက်သာသနာ၊ ပြုခြင်းရာကား၊ ပူဇာပူဇနီယ၊ ဤနှစ်ဝတို၊ ပပလင်းပွင့်၊ သရေ ဆင့်သည်။ ။နေနှင့်လနှယ်တင့်ပြီတကား။

၂။ ထောင်ဝန်းနေဝါ။ ။ရွှေသမ္ဘာဖြင့်၊ မြန်မာတို့ဘုန်း၊ မိုးနှယ်ချုန်း၍၊ ကုန်းဘောင်နတ်ဆွေ၊ ခြောက်ဆင့်နေဟု၊ စက်တေဇာဓိ၊ လက်လက်ညီသော်၊ ဒက္ခိဏာရုံ၊ တောင်ဆောင်စံသား၊ ဘုန်းကံကြီးမား၊ မိဖုရားလျှင်၊ ခြောက်များဥစ္စာ၊ ဖွန့်လှူကာဖြင့်၊ မဟာမုနိ၊ စောသာကိမှ၊ ပစ္ဆိမုတ္တရေ၊ အောင်ရပ်မြေ၌၊ ဇေတဝန်ကျောင်းကြီး၊ မိုးထိနီးကို၊ ဆောက်ပြီးလတ်သော်၊ မြတ်ဘိုးတော်ဟု၊ နတ်ကျော်ကြပ်မ၊ ရေစက်ချလျက်၊ ဩဘာသမည်၊ မဟာထေရ်အား၊ စတည်လှူဒါန်၊ ကျောင်းဗိမာန်ကို၊ “ဝေယန်စံလွတ်’,

ကမ္ဘည်းသတ်ခဲ့၊ ထေရ်မြတ်နုရိန္ဒ၊ ပရမနှင့်၊ အာစာရဝံသာ၊ မင်းဆရာတို့၊ စဉ်ကာထိန်းစောင့်၊ ရန်မနှောင့်ပဲ၊ ကုန်းဘောင်နတ်ဆွေ၊ ဆယ့်တစ်နေ၏၊ စက်တေဇာလှစ်၊ ခါတော်ခေတ်ဝယ်၊ "မြို့သစ် အတွင်းဝန်"၊ ဉာဏ်ရည်ချွန်၍၊ တဖန် အုဋ္ဌကျောင်း၊ တည်ဆောက်ရှောင်းက၊ ထေရ်ကောင်းမှိုင်းခိုင်း၊ ဉာဏ်မိမိုင်းနှင့်၊ မြန်တိုင်းလွှမ်းခြုံ၊ ကျေးဇူးပုံသား၊ စွယ်စုံ"ဦးကြည်"၊ ဆက်ခဲ့စည်၍၊ "ထေရ်ပဏ္ဍဝ"၊ လက်ထက်ကျအောင်၊ ဓမ္မရောင်စွင့်၊ မှောင်ချွေလွှင့်သည်။ ။ရွှေနှင့်မြနှယ်ဆင့်ပြီတကား။

၃။ ဆောင်သွန်းဒေဝါ။ ။နတ်ဖန်လာသို့၊ မဟာဇုဋ္ဌက၊ ဝိဟာရလည်း၊ ဒုတိယဖြစ်၊ ကမ္ဘာစစ်ကြောင့်၊ ချစ်ချစ်တောက်ပြောင်၊ မီးသင့်လောင်က၊ နက်ခေါင်သမ္မဇဉ်၊ နေ့ညဥ့်ယှဉ်လျက်၊ ဓမ္မဋ္ဌရ၊ ကြိုးလုံ့လ၍၊ တကာ့ဂုဏ်ရိပ်၊ ပုဏ္ဏရိက်ဟု၊ တံဆိပ်ခတ်နိုင်၊ ကောင်းတင်းလှိုင်သား၊ "ဦးဆိုင်"သညာ၊ ကျောင်းတကာနှင့်၊ ကလျာဂိုဏ်းဝင်၊ "ဒေါ်စောတင်"တို့၊ အသစ်တ၊ ဆုပန်ကြ၍၊ မူလအုဋ္ဌကျောင်း၊ စစ်မီးမောင်းကြောင့်၊ မကောင်းသမျှ၊ စွန့်ပယ်ချ၍၊ ပုနရပိ၊ ဇုဒါနိဝယ်၊ ပကတိပုံ၊ ကျောင်းတော်ဘုံနှင့်၊ နိတုံရောင်ဖိတ်၊ ရွှေရည်ဝိတ်မျှ၊ ဥဒ္ဒိသရုပ်ပွား၊ မြတ်ဘုရားတည့်၊ နတ်များကြည်သရာ၊ ဝန်းခကာသား၊ သိဟာသန၊ ပလ္လက်နှင့်၊ ရာဇဥကင်၊ တံကဲပျဉ်မှ၊ မြင်မြင်သူများ၊ ကုသိုလ်ပွား၍၊ အားကျလောက်လျှင်း၊ စက်ရေတွင်းက၊ အရင်းစကာ၊ သာသနာ၏၊ သချာများတောင်း၊ ဆောက်ဦပေါင်းကို၊ သိန်းသောင်းဘဏ္ဍာ၊ စွန့်လွှတ်ကာဖြင့်၊ ခိုင်မာတည်ဆောက်၊ နိဗ္ဗူရောက်အောင်၊ ကွန်းထောက်နန်းဆင့်၊ မင်္ဂလမ်းဖွင့်သည်။ ။ရေနှင့်ကြာနှယ်မြင့်ပြီတကား။

(အာဒိကမ္မိကဝင်္သကာထေရ် စီကုံးရေးသားသည်)။

(မန္တလေးတက္ကသိုလ် မြန်မာစာဌာန ဆရာကြီး ဦးဆန်းထွန်း ဖတ်ကြားလျှောက်ထားသည်)။

ဇန္နဝါသယ ၅၃၈-၁၃

၁၃၃၂-ခုနှစ်မှစ၍ သုဓမ္မာမှကျောင်း အရှင်စန္ဒိမာအား ဦးစီး မဟာနာယက ပိဋကတ်ကျောင်းဆရာတော် အရှင်ဇဝန မင်းလှ ကျောင်းဆရာတော် အရှင်ညာဏုတ္တရ တို့အား သမုတိရ အမှုဆောင် နာယကအဖြစ်, တညီတညွတ်တည်း တင်မြှောက်လျက် အထက် အစဉ်အလာအတိုင်း အုပ်ချုပ်တော်မူကြသည်။

လွတ်လပ်ရေးခေတ် တတိယကဏ္ဍ
အထူးမှတ်ချက်နောက်ဆက်တွဲ

အာဒိစ္စရံသိ ဘွဲ့ထူးချီသော ဆရာတော်ဦးကြည်၏ ငယ်ဆရာ ဓမ္မာစရိယ ဖြစ်တော်မူသော ပဏ္ဍိတဇေယျသီရိပဝရ မဟာဓမ္မ ရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်နာမံကို ခံယူတော်မူသော မှိုင်းခိုင်း ဆရာတော်ကြီးသည် ဗြိတိသျှ အင်္ဂလိပ်လူမျိုးတို့ အုပ်စိုးသောခေတ်၌ ဗုဒ္ဓ၏ မူလပင်မ ဝါဒဖြစ်သော ဂန္ထဓုရ ဝိပဿနာဓုရ နှစ်ပါး တို့ကို အနာဂတ်သာသနာတော် အရှည်တည်တံ့စေရန် ရည်သန် တောင့်တတော်မူလျက် တပည့်စာသင်သား များစွာတို့အား နေ့ ည မအား စာပေပို့ချတော်မူခြင်း အားလပ်သောအချိန်၌ မေး လျှောက်လာသော အမေးပုစ္ဆာ ပြဿနာတို့ကို တိတိကျကျ ကျမ်းတစောင် ဖြစ်ပေါ်လာအောင် ဖြေဆိုတော်မူခြင်း၊ ဒကာ ဒကာမတို့အား ဝိပဿနာ ဘာရားဓမ္မကို ဟောပြတော်မူခြင်းဖြင့် ရွှေရေးဆောင် အလည်တိုက်ကြီး၌ သီတင်းသုံးတော်မူလျက် အချိန် ကုန်စေပြီးနောက် လူ့ပြည်ငြီး၍ နတ်ထီးခိုလှုံတော်မူသည်။

မှိုင်းခိုင်းဆရာတော်လက်ထက် စာချဆရာတော်များ

၁။ မလွန်ကျောင်းကြီးဆရာတော် ဦးကြည်၊
၂။ ဘဏ္ဍာစိုးကျောင်း ဆရာတော် ဦးသုရိယ၊
၃။ ဦးသီဟကျောင်း ဆရာတော် ဦးသီဟ၊

၁၂၆၂-ခုနှစ်ကစ၍ မန္တလေးမြို့ရှိ ပရိယတ္တိ စာသင်တိုက် အသီးသီးတို့၌ နေထိုင်ကြသော သောတုဇန စာသင်သားတို့၏ နှုတ်ဖျား၌ အနောက်ပြင်စိန်တလုံး, တောင်ပြင် ကြည်တလုံး-ဟု

သမိုင်းဝင် ရေပန်းစားခဲ့သော ဆရာတော်ကြည်သည် ရွှေရေးဆောင် တိုက်ကြီး၏ အာရာမာဓိပတိ ဦးစိုးမဟာနာယ အဖြစ်နှင့် ကိုယ်တော်တိုင် အုပ်ချုပ်တော်မူလျက် အထက်အောက် မြို့ရွာဒေသတို့မှ ရွှေရေးဆောင်တိုက်ကြီးနှင့် ပတ်ဝန်းကျင်ရှိ စာသင်တိုက်ကြီးများသို့ ပရိယတ္တိသာသနာ အရှည်တည်စေရန်နှင့် စာပေကျမ်းဂန်တို့ကို ပို့ချနိုင်ရန် ရည်သန်သော နှလုံးသွင်း ဆန္ဒဖြင့် ပညာရင်နို့ကို သောက်စို့ရန် ရောက်လာကြသော သောတုဇနစာသင်သားတို့အား နေ့ဝါညဝါ ဓမ္မစာပွဲသဘင် ဆင်ယင်ကျင်းပလျက် စာသွားနည်းရအောင် ပို့ချတော်မူခြင်း, အားလပ်ချိန်တို့၌ သာသနာ့ဘော်၏ အနာဂတ်အကျိုးကို မျှော်ကိုးလျက် အထက်အဋ္ဌုပ္ပတ္တိပါ နည်းပြ ကျမ်းစာ တို့ကို ရေးသားတော် မူခြင်း, သာသနာတော်ဘက်ဆိုင်ရာ သိမသမ္မုတိကံစသော ကံကြီး ကံငယ်တို့ကို ဆရာတော်အား လွှဲအပ်ပါက ဝိနယဂရုက ဖြစ်အောင် နည်းမျိုးစုံတို့ဖြင့် ဉတ္တိဒုတိယ ဉတ္တိစတုတ္ထ ကမ္မဝါစာ စသည်တို့ကို ဘတ်ရွတ်တော်မူလျက် ကိစ္စပြီးဆုံးသည့်တိုင်အောင် နည်းပေးလမ်းပြပြုလုပ်တော်မူခြင်း, တကာ-တကာမတို့အား သန်္ဒါရဓမ္မနှင့် စပ်သော တရားဓမ္မကို ဟောပြတော်မူခြင်းဖြင့် အချိန်ကုန်စေပြီးနောက် သက်တော် ၇၀-နှစ်, သိက္ခာဝါတော် ၅၀-ဝါအရ ၁၂၉၇-ခု ဦးတန်ခူးလပြည့်ကျော် ၄-ရက် တနင်္ဂနွေနေ့ နံနက် (၇)နာရီ မိနစ်(၂၀) အချိန်တွင် မုနိန်ထွတ်ထား ရှင်တော်မြတ်ဘုရားနှင့်သုံးပါးဘုံနေ များဝေနေတို့မသွေမလှန် သွားရာမှန်သော ဓမ္မတာ သန်္ခါရ အနိစ္စသဘော ရွှေ့လျောပြောင်းကြွ နတ်နန်းသို့ စံမြန်းတော်မူရရှာ၏။

**အာဒိစ္စရံသိဘွဲ့ခံ ဆရာတော် ဦးကြည်လက်ထက်**

**စာချဆရာတော်များ**

၁။ ဦးပါစကကျောင်း ဆရာတော် ဦးပါရမီ သကျသီဟ၊

၂။ ဘဏ္ဍာစိုးကျောင်းဟောင်းဆရာတော် ဦးဝဏ္ဏ သကျသီဟ၊

၃။ ပရိယတ္တိ ဓမ္မပါလ သံကျောင်း ဆရာတော် ဦးပဏ္ဍဝ သကျသီဟ၊

ထိုဆရာတော် ဘုရားကြီး၏ ခန္ဓာနာမ်အိမ် ဇီဝိန်ချုပ်ပြတ် အန္တိမဇာတ် ရုပ်ကလာပ် ချုပ်ငြိမ်းပြီးနောက် ၁၂၉၀-ခုနှစ်မှစ၍ ရန်ကုန် တိုက်ကျောင်းကြီး ဆရာတော် ဦးအာသဝဒါး တညီ တညွတ်တည်း ဦးစီးမဟာနာယကအဖြစ် တင်မြှောက်တော်မူကြ ပြီးလျှင် အုပ်စီးမပျက် ပရိယတ္တိဘက်ဆိုင်ရာ စာပေကျမ်းဂန်တို့ကို ပို့ချတော်မူကြသော ဆရာတော်တို့ကား။

၁။ ဘဏ္ဍာစိုးကျောင်းဟောင်းဆရာတော် ဦးဝဏ္ဏ သကျသီဟ ပရိယတ္တိသာသနဟိတ မူလဓမ္မာစရိယ။

၂။ ပရိယတ္တိ ဓမ္မပါလ သံကျောင်းဆရာတော် ဦးပဏ္ဍဝ သကျသီဟ ပရိယတ္တိသာသနဟိတ မူလဓမ္မာစရိယ။

၃။ မယ်ဇယ်ပင် ကျောင်းဆရာတော် အရှင်စန္ဒိမာ မူလစာချ ဖ ဆ။

၄။ ဆရာတော်ကြီး မြောက်ကျောင်း ဆရာတော် အရှင် အာစာရ မူလစာချ, ဖ ဆ။

အထက်ပါ ဆရာတော်တို့သည် မိမိတို့၏ ဆရာစဉ် သမားစဉ် ဂဏာစရိယ ဓမ္မာစရိယ ဖြစ်တော်မူကြသော ဆရာကြီးတို့ ချပို့စဉ် အတိုင်း သဒ္ဒနယ, အတ္ထနယ, သဒ္ဒတ္ထနယ, ဝါကျတ္ထနယ တို့ကို ဂမ္ဘီရညာဏ် လျှင်မြန်ထက်မြက်တော်မူကြသော ဆရာတော်ကြီး တို့၏ ထွက် တက် စောဒနာ ဥပနာပဋ္ဌက ဆတ္တ စသည့် ထွက် နည်း တက်နည်း နိဿရည်းတို့ကို လက်ကိုင်ထားလျက် နေ့ ညဉ့် မအားပို့ချတော်မူကြစဉ် ဒုတိယ ကမ္ဘာစစ်မီးကြောင့် သံဃာတော် ၄၀၀-ကျော် ၅၀၀ သီတင်းသုံး နေထိုင်ကြသော ရွှေရေးဆောင် ကျောင်းတိုက်ကြီးရှိ ကျောင်းပေါင်း ၂၇-ကျောင်းနှင့် အလယ် တိုက်ကြီးတို့ မီးသင့်လောင်ခြင်းကို ခံလိုက်ရသည်။

ဗြိတိသျှ အင်္ဂလိပ်လူမျိုးတို့ အုပ်စိုးစဉ်က ရွှေရေးဆောင် တိုက်ကြီး၌ ကျောင်းထိုင်, ခန်းပိုင်, ဘုန်းတော်ကြီး ၃၀-ကျော် သီတင်းသုံး နေထိုင်တော်မူကြသည်။

## ထိုစဉ်အခါက ကျောင်းဆောင်များနှင့် ဘုန်းတော်ကြီးများ

| | | |
|---|---|---|
| ၁။ | ပျဉ်းမနားကျောင်း | ဦးအာစာရ |
| ၂။ | ဝါဆိုကျောင်း | ဦးအာလောက |
| ၃။ | အသင်းကျောင်း | ဦးဝိစာရ |
| ၄။ | ဦးစန္ဒကျောင်း | ဦးစန္ဒ |
| ၅။ | မဟာအောင်မြေကျောင်း | ဦးကေလာသ |
| ၆။ | ဘဏ္ဍာပင်ကျောင်း | ဦးနာဂ |
| ၇။ | ပတ္တမြားကျောင်း | ဦးပဏ္ဍိတ |
| ၈။ | မယ်ဇယ်ပင်ကျောင်း | ဦးစန္ဒိမာ |
| ၉။ | ဘဏ္ဍာစိုး ကျောင်းဟောင်း | ဦးဝဏ္ဏ |
| ၁၀။ | ဘဏ္ဍာစိုး ကျောင်းသစ် | ဦးကုသလ |
| ၁၁။ | မင်းလှကျောင်း | ဦးသုမ မ္ဗ |
| ၁၂။ | ကျွန်းကျောင်း | ဦးဝဏ္ဏ |
| ၁၃။ | ဦးပါစကကျောင်း | ဦးပါရမီ |
| ၁၄။ | ဇရပ်ကျောင်း | ဦးဝိသုဒ္ဓ |
| ၁၅။ | ဧကျောင်း | ဦးသံဝရ |
| ၁၆။ | ဝိဋ္ဋကတ်ကျောင်း | ဦးကေလာသ |
| ၁၇။ | ရန်ကုန်ကျောင်း | ဦးအာသဝ |
| ၁၈။ | ပရိယတ္တိဓမ္မပါလသံကျောင်း | ဦးပဏ္ဍဝ |
| ၁၉။ | တိုက်ကြပ်ကျောင်း | ဦးပဏ္ဍိစ္စ |
| ၂၀။ | ဂုဏ်တန်ကျောင်း | ဦးဉာဏဝံသ |
| ၂၁။ | စိတ္တသုခကျောင်း | ဦးကုသလ |
| ၂၂။ | ထနောင်းပင်ကျောင်း | ဦးရွက်ကြီး |
| ၂၃။ | ဆရာတော်ကြီးတောင်ကျောင်း | ဦးအာသဘ |
| ၂၄။ | ဆရာတော်ကြီးမြောက်ကျောင်း | ဦးအာစာရ |

### အလည်တိုက်ကြီးအခန်းများ

| | | |
|---|---|---|
| ၂၅။ | ရာဟုထောင့်အထက်ထပ် | ဦးပညာ |
| ၂၆။ | ရာဟုထောင့်အောက်ထပ် | ဦးဉာဏဝံသ |

| | | |
|---|---|---|
| ၂၇။ | စနေထောင့်ထက်အောက် | ဦးနာဂ |
| ၂၀။ | တောင်ဘက်အလည်ခန်းအောက် | ဦးဝိမလ |
| ၂၉။ | တောင်ဘက်အလည်ခန်းအထက် | ဦးအာသဝ |
| ၃၀။ | အင်္ဂါထောင့်အထက်ခန်း | ဦးစန္ဒိမာ |
| ၃၁။ | အင်္ဂါထောင့်အောက်ခန်း | ဦးစန္ဒောဘာ |
| ၃၂။ | ဘုရားခန်းအောက် | ဦးဉာဏိန္ဒ |
| ၃၃။ | တနင်္ဂနွေထောင့်အထက်ခန်း | ဦးပညာ |
| ၃၄။ | တနင်္ဂနွေထောင့်အောက်ခန်း | ဦးတိဿ |
| ၃၅။ | မြောက်ဘက်အလည်ခန်းအထက် | ဦးပညာ |
| ၃၆။ | မြောက်ဘက်အလည်ခန်းအောက် | ဦးအာသဝ |

အရှင်စန္ဒိမာ၏

# ကိုယ်ရေးအတ္ထုပ္ပတ္တိ မှတ်တမ်းတင်

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

စိရံ တိဋ္ဌတု သဒ္ဓမ္မော၊
ရတနတ္တယံ အဟံဝန္ဒာမိ။

ဘဝသန္ဓေတည်ရာမြေ။ ။အလုံမြို့ စီရင်စုကျောက်မှော်တိုက်နယ် စုံချောင်းအနောက်ရွာမ ရှေးမိလက္ခု လူမျိုးတို့၏ရိုးရာ တောင်ယာကိုင်းကျွန်းကို အမှီပြုလျက် သမ္မာအာဇီဝဖြစ်သော တောင်သူလယ်သမားအလုပ်ဖြင့် စားဝတ်နေရေး အသက်မွေးဝမ်းကျောင်းမှုကိစ္စကိုပြုလုပ်၍ သဒ္ဓါသီလ စသော သူတော်ကောင်းတို့၏ဥစ္စာ ခုနစ်ဖြာနှင့် စဉ်လာမပျက် နှစ်သက်ကြည်ဖြူစွာ နေထိုင်ကြသော အဘ ဦးရွှေကြူး-အမိ ဒေါ်ကြိုင်တို့မှ ကောဇာသက္ကရာဇ် ၁၂၆၂-ခုနှစ် တော်သလင်း လပြည့်ကျော် (၄)ရက် အင်္ဂါနေ့ နံနက် (၄)နာရီ မိနစ်(၃၀) အချိန်တွင် စတုတ္ထမြောက် သားရတနာ မောင်ဖိုးသောင်ကို ဖွားမြင်လေသည်။

ပဝတ္တိဌာနေ ရောက်ရာမြေ။ ။(၉) နှစ်သား အရွယ် ရောက်သောအခါ အစ်ကိုကြီးများနေသော ကျောင်းသို့ လိုက်သွားခြင်း, အမိအဘများ ဥပုသ်စောင့်သွားသော ကျောင်းများသို့ လိုက်ပါသွားခြင်းဖြင့် ကလေးတို့ဘာဝ ဘုန်းကြီးလုပ်ချင်သောစိတ်ဆန္ဒ ဖြစ်ပေါ်နေသောအခါတနေ့သော ဥပုသ်နေ့၌ အမိ ဒေါ်ကြိုင်သည် ရွှေတောင်ဦးတောင်၌ နေထိုင်သော မောင်တဝမ်းကွဲတော်သူ ဦးပဍ္ဍင်း ဦးနာဂနေသောကျောင်းသို့ ဥပုသ်စောင့်သွားရာ အမိနှင့် အတူလိုက်ပါသွားသောအခါ ဟဲ့မိကြိုင် ငါရန်ကုန်ကို စာသင်သွားမယ်၊ ငါ့တူအရင်း ပေါ်ဒွေးကို ခေါ်သွားမလို့ နင့်သားကို ပေါ်ဒွေးနှင့် အဖော်ရအောင် ငါနဲ့ရန်ကုန် ထည့်လိုက်မလားဟု မေးလိုက်သောအခါ သူလိုက်ရင် ထည့်လိုက်ပါမည် ဘုရားဟု လျှောက်ထားပြီး အချိန်ကုန်၍ အိမ်သို့ပြန်ခဲ့ကြပြီးနောက် တလ လောက် ကြာသောအခါ အိမ်သို့ကြွလာပြီး ငါရန်ကုန်ကိုသွားမည်

နင့်သားထည့်လိုက်ဟု ပြောသောအခါ ငါ့သားလိုက်မည်လားဟု မေးလိုက်သဖြင့် လိုက်မည်ဟုပြောရာ ငွေ ၂၅-ကျပ်နှင့် အင်္ကျီ လုံချီ အဝတ်အစားကလေးများကိုထုပ်၍ ကျောင်းသို့ ပို့လိုက်ပြီး မကြာမီ ဆရာတပည့်သုံးယောက် ရထားစီးလျက် ရန်ကုန်သို့ ရောက်ကြပြီး ပုဇွန်တောင် ကျောင်းတိုက် သူဌေးမ မယ်ဒွေး ကျောင်းဆောက်လုပ်ကိုးကွယ်သော အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးဂန္ဓမာကျောင်း၌ သုံးနှစ်လောက် နေထိုင်ကြပြီး အထက်မှ မိဘ တို့က (၁၂) နှစ်အရွယ်ရှိပြီဖြစ်၍ ရှင်ပြုရန် ဦးပဥ္စင်း ဦးနာဂအား စာပေး၍ တပည့်တို့ သားကို ရှင်ပြုလိုပါသောကြောင့် အထက်သို့ ပြန်ကြွရန် ပင့်စာရောက်သဖြင့် ဆရာတပည့်သုံးယောက် ပြန်လာ ကြရသည်။

**သာမဏေဘဝထိုကာလ။** ။ကောဇာသက္ကရာဇ် ၁၂၇၄-ခုနှစ် သီးနှံပေါ်စ တပို့တွဲလ၌ ဒေသ ထုံးတမ်းစဉ်လာအတိုင်း ရက် သတ်မှတ်၍ အလှူဝင်နေ့ အလှူကြီးနေ့တို့၌ ရပ်ဝေးရပ်နီးရှိ ဆွေမျိုး ဉာတိ မိတ်သင်္ဂဟတို့အား ဘိတ်မန္တကပြုလျက် ဆိုင်းဘိသိက်အဖွဲ့ တို့ဖြင့် ဧည့်ခံလျက် ည,နံနက် ဘောဇဉ်ခဲဖွယ် ဆေးကွမ်းလဘက် တို့ဖြင့် တည်ခင်းကျွေးမွေးခြင်း, အလှူကြီးနေ့၌ ရပ်ရွာဂိုဏ်းဂဏရှိ ဆရာတော် သံဃာတော် နှစ်ကျိပ်ကျော်တို့အား နေ့ဆွမ်း ဆက်ကပ်ခြင်း, သင်္ကန်း ထီး ဘိနပ်စသော လှူဒါန်းဘွယ် ဝတ္ထု ပစ္စည်းတို့ကို လှူဒါန်းလျက် ပရိတ်တရား နာယူကြပြီးနောက် မိဘနှစ်ပါးနှင့် ဆွေမျိုး သားချင်းတို့က မောင်ရှင်လောင်းကို ပရိက္ခရာရှစ်ပါးနှင့် ကျောင်းသို့ပို့ပြီး ဦးလေးတော် ဆရာဦးနာဂကို ဥပဇ္ဈာယ် ဆရာပြု၍ ရှင်သာမဏေ အဖြစ် မြတ်စွာ ဘုရား၏ သာသနာတော်တွင်းသို့ မိဘနှစ်ပါးတို့က သွတ်သွင်းကြသည်၊ သာမဏေ ဖြစ်ပြီးနောက် ဆရာတပည့်သုံးယောက် ရန်ကုန်သို့ ပြန်ကြွရန်ဖြစ်သော်လည်း မိဘဆွေမျိုးတို့က တားထားကြသဖြင့် မပြန်မီ ၁၅-ရက်လောက်အကြာ ဦးလေးတော် ဦးပဥ္စင်း ဦးနာဂနှင့်တူအရင်း မောင်ပေါ်ဒွေးတို့သည် ကာလဝမ်းရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်ကြရှာလေသည်။

ဤကဲ့သို့ ဖြစ်ရသောကိစ္စကြောင့် ကလေးတို့ဘာဝ ကြောက်စိတ်က များလှသဖြင့် သင်္ကန်းကိုချွတ်၍ လူဝတ်နဲ့ အိမ်ကိုပြန်ခဲ့ပြီးနောက် များမကြာမီ အဘ၏ဘလေး ဦးပြောင်သည် စုံချောင်းရွာသို့ရောက်လာရာ အဘက ငါ့သား မင်း ရှောက်ခါးရွာသို့ ဘလေးနှင့်လိုက်မလားဟုမေးရာ လိုက်မည်ဟုပြောခါ ကိုယ်မှာဝတ်ထားသော ပုဆိုး အင်္ကျီနှင့် သာမဏေဘဝက ချွတ်ထားသော သင်္ကန်းထုပ်ကလေးကိုဆွဲ၍ ရှောက်ခါးရွာသို့ ၁၃-နှစ်အရွယ် ဘကြီးပြောင်နှင့် လိုက်ပါရောက်ရှိပြီးနောက် ရွာဦးကန်ကျောင်း ဆရာတော်ကြီး ကျောင်း၌ ဆရာတော်ကြီးအား ဥပဇ္ဈာစရိယ နိသျာစရိယဆရာပြုလျက် ရှင်သာမဏေပြု၍ လိင် ဒဏ် သေခိယ စုဒ္ဒသ ခန္ဓကဝတ် ဒွေမာတိကာ သဒ္ဒါ သင်္ဂဟ ကင်္ခါ စသော သာမဏေတို့ သင်ယူရသည့် ကျမ်းစာများကို သင်ယူလေသည်။

ရဟန်းဖြစ်ချိန်ထိုကျောင်းသိမ်။ ။၁၂၈၁-ခု အသက် ၁၉-နှစ်နှင့် ၆-လရှိသောအခါ ရှောက်ခါးတောင်ရွာ ကုန်သည်ဦးကျော်-ဒေါ်တွဲတို့က မဂ်ဖိုလ်နိဗ္ဗာန်ကို ရည်မှန်းလျက် လှူဒါန်းကြသော ပရိက္ခရာရှစ်ပါးနှင့် ရဟန်းတော်သုံး ပစ္စည်းတို့ကို အလှူခံယူပြီးနောက် ကျောင်းတိုက်တွင်းရှိ ခဏ္ဍသိမ်၌ မုံရွာမြို့ ဇောင်ဂျမ်းပင်ကျောင်းတိုက် ဆရာတော်ကြီးအား ဥပဇ္ဈာယ်ပြု၍ မြို့ပေါ်ရှိ သံဃာတော်နှစ်ကျိပ်မကျော် တို့သည် ဉတ္တိစတုတ္ထ ကမ္မဝါစာကို ဗျဥ္ဇနဗုဒ္ဓိဆယ်ပါးနှင့်အညီ ရွတ်ဘတ်တော်မူကြ၍ သာမဏေရပဗ္ဗဇ္ဇအဖြစ်မှ ဥပသမ္ပဒရဟန်းမြတ်အဖြစ်သို့ရောက်အောင် ချီးမြှောက်တော်မူကြသည်။

## ကမ္မဝါစာ ဆရာတော်များ

၁။ အနောက် လေးထပ်ကျောင်း ဆရာတော် ဦးခေမာ

၂။ အနောက်ငါးဆူကျောင်း ဆရာတော် ဦးဇာဂရ

၃။ လယ်တီ တိုက်အုပ် ဆရာတော် ဦးဉာဏ

### ဒုတိယ ကမ္ဘဝါစာ ဆရာ

၁။ အရွှေလေးထပ်ကျောင်း ဆရာတော် ဦးအရိယ
၂။ ရေမိန်ကျောင်းတိုက် ဆရာတော် ဦးဇာဂရ
၃။ လယ်တီတိုက် စာချဆရာတော် ဦးသုန္ဒရ

### တတိယ ကမ္ဘဝါစာ ဆရာ

၁။ ကန်ဦးကျောင်းဆရာတော် ဦးသုန္ဒရ
၂။ ရေဝန်းကျောင်း ဆရာတော် ဦးဝိစာရ
၃။ ထန်းတောကျောင်းဆရာတော် ဦးကေသရ

ရဟန်းဖြစ်ပြီးနောက် ကန်ဦးကျောင်း ဆရာတော်ကြီးသည် တပည့်ရဟန်းသစ် အရှင် စန္ဒိမာအား မုံရွာမြို့ တဘက်ကမ်းရှိ ဆားတုံးရွာ သာသနဇောတိကာရာမ ကန်ဖျားတိုက်သစ် ဆရာတော်ထံ အပ်နှံလိုက်ရာ ထိုတိုက်၏ စည်းမျဉ်းဥပဒေအရ လက်မှတ်ထိုး စာကျက်ရသဖြင့် ဂါထာကျမ်းစာကို ၁၀-ဂါထာ, စုဏ္ဏိယကျမ်းစာကို ကြောင်းရေ ၁၇-ကြောင်း လက်မှတ် ရေးထိုး၍ စာကျက်ပြီး ဥပုသ်နေ့တိုင်း အာဂုမ်ရေးဖြေရသဖြင့် သဒ္ဒါ သင်္ဂဟ ဒွေမာတိကာ ကစ္စာယနသာရ ဝစ္စဝါစက ဆန်း အဘိဓာန်ကျမ်းစာတို့ကို အာဂုမ်ဆောင်ခြင်း၊ ဆရာတော်အထံ၌ နေ့ဝါ သဒ္ဒါ သင်္ဂြိုဟ် ဒွေမာတိကာ ဆန်းကျမ်း တို့ကိုရင်း၊ ညဝါ မာတိကာဓာတုကထာကျမ်းကိုရင်း သင်ယူခဲ့ပြီးနောက်-

သိက္ခာ ၄-ဝါ အရတွင် မန္တလေးမြို့ တောင်ပြင် ရွှေရေးဆောင်ကျောင်းတိုက် မယ်ဇယ်ပင်ကျောင်း၌ နေလျက် ဆရာတော်ကြီး ချပို့တော်မူသော စာဝါများကို အမြဲ လိုက်ခြင်း၊ ဆရာတော်ကြီး၏တပည့် ပရိယတ္တိဓမ္မပါလ သံကျောင်း ဆရာတော် ချပို့တော်မူသော သဒ္ဒါကြီး ဋီကာကျော် အဘိဓမ္မာ အဋ္ဌကထာ ဋီကာ စာဝါတို့ကို အမြဲလိုက်၍ နယဂ္ဂါဟ နယူပဒေသ ဝါကျဆေက နိပါတတ္တနယ စသော စာသွားနည်းအဖုံဖုံ နည်းမျိုးစုံတို့ကို ရယူလိုက်ခြင်း၊ ဒက္ခိဏာရာမ ဘုရားကြီးတိုက် စာချအကျော် ဆရာတော်ကြီးတို့ ချပို့တော်မူကြသော စာဝါများကို

အချိန်ရသမျှ နည်းနိသျှည်းရအောင် အားသွန်ခွန်စိုက် လိုက်ခြင်းတို့ဖြင့် အချိန်ကို ကုန်စေပြီးနောက်-

၁၂-ဝါရသောအခါ တောပြန်၍ ကျောင်းထိုင်ရ ကောင်းမည်လား မြို့မှာနေ၍ ကိုယ်သင်ထားသော စာပေများကို ပညာပါရမီလည်းဖြစ် ပရိယတ္တိသာသနာတော်ကိုလည်း ကိုယ့်စွမ်းအားရှိသလောက် ချီးမြှောက်အားပေးရ ကောင်းမည်လားဟု စိတ်ဆန္ဒနှစ်လုံးနှစ်ခွ ဒွိဟ ဖြစ်နေရာမှ ပရိယတ်ကို တတပ် တအားစွမ်းအားရှိသမျှ ချပို့မည်ဟု စိတ်ကို ဆုံးဖြတ်လိုက်ပြီး တပည့်သာမဏေငယ်တပါးနှင့် ရဟန်းငယ်နှစ်ပါးတို့အား သဒ္ဒါကြီးကို ချပို့နေစဉ် ကာရကအရောက်တွင် မန္တလေးမြို့၌ ပလိပ်ကပ်ရောဂါဖြစ်၍ တပည့်တို့အား ဇာတိရပ်ရွာများသို့ ပြန်စေပြီး မိမိကလည်း ပလိပ်ရောဂါကင်းလွတ်ရာ ချောင်းဦးမြို့ အနောက်ရွာမ သာဓံကျောင်းတိုက် ဆရာတော် ဦးသာဂရဗုဒ္ဓိကျောင်းသို့ ခေတ္တခိုအောင်းနေသောအခါ-

ချောင်းဦးမြို့အရှေ့ ရွာသစ်ကျောင်း ဆရာတော် ဦးနန္ဒသည် သက္ကဋဘာသာကျမ်းစာများကို ကောင်းစွာ သင်ပြပေးနေသည်ဟု သိရသဖြင့် ထိုဆရာတော် အထံသို့သွား၍ သက္ကဋဘာသာကို သင်ယူလိုကြောင်း လျှောက် ထားသော အခါ ဆရာတော်က စေတနာ ထက်သန်စွာဖြင့် မနက်ဖန် ပေါသည် စာအုပ်ကို ဘတ်ရမည်လာခဲ့ပါဟု အမိန့်ရှိလိုက်သဖြင့် နောက်နေ့၌သွားပြီး ဣန္ဒိယနိုင်ငံ သက္ကဋ သဒ္ဒါ ဟိန္ဒီ ဘာသာပြန် ကျောင်းသုံးစာအုပ် အံ က ၁-ကစ၍ အံ က ၂၄-အုပ်ကို ၄၉-ရက်ဘတ်ခဲ့ပြီး မန္တလေးသို့ ပြန်လာပြီးနောက် တပည့်သုံးပါးအား ချလက်စ သဒ္ဒါကြီးကိုချပို့ရင်း သက္ကဋဘာသာကို သင်လိုသောစိတ် မကုန်သေးသဖြင့် စစ်ကိုင်းတောင်ရိုး ပဘာချောင် ဆရာတော်ကြီးအား မုဒ္ဓဗောဓကို သင်လို၍ ချပို့ပေးပါရန် လျှောက်ထားသောအခါ အရွယ်ကြီးပြီဖြစ်၍ သည်းခံပါဟု အမိန့်ရှိလိုက်ရာ....

တဖန် အဘယာရာမ ရွှေကူတိုက်ဆရာတော် ဦးအဂ္ဂဓမ္မအား မုဒ္ဓဗောဓကို သင်လို၍ ချပို့ ပေးတော်မူပါရန် လျှောက်ထား

ပြန်သောအခါ ယခုနှစ်ဝါ မော်လမြိုင်က ပင့်ထား သဖြင့် မော်လမြိုင်မှာ ဝါဆိုရမည်၊ မော်လမြိုင်က ပြန်ရောက်က ချပေးမည်ဟု အမိန့်ရှိလိုက်သဖြင့် ပြန်ရောက်မည့် လ, ရက်တို့ကို ရေတွက်၍ စောင့်မျှော်နေစဉ် ဆရာတော်သည် ဝါကျွတ်၍ မော်လမြိုင်မှ ပြန်ကြွလာပြီး ခေတ္တစစ်ကိုင်းတောင်ရိုး၌ သီတင်းသုံးနေခိုက် ပလိပ်ကပ်ရောဂါနှင့် ပျံလွန်တော်မူရှာလေသည်။

ထိုအဖြစ်မျိုးနှင့် တွေ့ကြုံခဲ့ရသဖြင့် သတ္တုဋ္ဌစာပေကို တတ်လိုသောစိတ် ကုန်ခန်းပြီး ကိုယ်သင်ယူတတ်မြောက်ထားသမျှ မာဂဓကျမ်းစာတို့ကို အားလပ်ချိန်မထားဘဲ ပို့ချပေးမည်ဟု စိတ်ကိုဆုံးဖြတ်လိုက်ပြီး သဒ္ဒါကြီး၊ ရူပသိဒ္ဓိ၊ သင်္ဂြိုဟ်၊ ဋီကာကျော်၊ ကင်္ခါဝိတရဏီ အဋ္ဌကထာ ဋီကာသစ် ကျမ်းစာငယ်တို့ကို နေ့စာဝါနှစ်ဝါ၊ ညစာဝါ ပုဒ်စစ် မာတိကာဓာတုကထာ ယမိုက်ကျမ်းစာတို့ကို တဝါ တနေ့ စာသုံးဝါတို့ကို ပညာပါရမီ ဖြစ်စေရန် အဓိကထား ဆုတောင်းလျက် ပရိယတ္တိသာသနာတော်ကိုတတ်စွမ်းသမျှ အားပေးချပို့ခဲ့သော်လည်း တဘက်တလမ်းက အားပေးမည့်သူလည်းမရှိ မိမိကိုယ်တိုင်ကလည်း လုံ့လပယောဂစိုက်ထုတ်မှုပြုလုပ်လိုစိတ်မရှိသဖြင့် ဆန်ထောက်ရ စာချမဖြစ်ခဲ့ပေ။

စစ်ပြီးသည့်နောက် ဦးဘသီ ဥက္ကဋ္ဌအဖြစ် ကြီးမှူးသောမြစ်ငယ်မြို့ဆွမ်းဆန်တော် ထောက်ပံ့သောအသင်းကြီးမှ သုံးနှစ်ခန့်မျှ ဆွမ်းဆန်တော် အလှူခံရခြင်း, စာလိုက်သံဃာနှင့်ကျောင်း မမျှတသဖြင့် ကင်္ခါဝိတရဏီအဋ္ဌကထာနှင့် ဋီကာသစ်ကျမ်း ရူပသိဒ္ဓိကျမ်းတို့ကို ဘုန်းကြီးအရှင်ကုသလပိုင် ဘဏ္ဍာစိုးကျောင်းသို့ ပြောင်း၍ ပို့ချရခြင်း, ထိုအကြောင်းကို မျက်မြင်ကိုယ်တွေ့ဖြစ်သော မအူပင်ခရိုင်ရေလဲကလေးရွာ အမျိုးသမီး ဆပ်ကပ် ပိုင်ရှင် ဦးကြင်စိန်–ဒေါ်စောတင်တို့ ဆောက်လုပ်လှူဒါန်းသော မအူပင်ကျောင်းကို ၁၃၀၀–ပြည့်နှစ် အလှူခံတော်မူရခြင်း, မဲဇာဘုတာက သစ်ကုန်သည် ကျောင်းတကာကြီး ဦးကြူ ကျောင်းတကာမကြီး ဒေါ်ငုံတို့က ၁၃၀၁–ခုနှစ် မယ်ဇယ်ပင်ကျောင်း နေရာ၌ နှစ်ထပ်ကျောင်းဆောက်လုပ် လှူဒါန်းသည်ကို အလှူခံရခြင်း, စစ်ပြီးသည်နောက်

သံထီးတန်း ဦးစိန်- ဒေါ်အိုတို့က ဆောက်လုပ် လှူဒါန်းသော ခေတ္တယာယီကျောင်းကို အလှူခံရခြင်း, သီးသီးတံဆိပ် ဘိနပ် လုပ်ငန်းပိုင်ရှင် ဦးဘခင်-ဒေါ်လှတို့ ဆောက်လုပ် လှူဒါန်းသော ကျောင်းနှင့် အမရပူရမြို့ တောင်ကြီးရပ် ကျောင်း အမကြီး ဒေါ်အုံးသက် မောင်-ဦးမြတ်ထွန်းဇနီး ဒေါ်တုပ်တို့ ဆောက် လုပ်လှူဒါန်းသော သုဓွေးကျောင်း(၂)ကျောင်းအမကြီးဒေါ်ဆက် တူမ-ဒေါ်ဝင်းတို့က ဆောက်လုပ်လှူဒါန်းသော သုဓွေးကျောင်း (၁)တို့ကို အလှူခံတော်မူရခြင်းသည် ပရိယတ္တိသဒ္ဓမ္မကို ပို့ချခဲ့ ရသော အကျိုးဆက်ရလာဘ်တို့ပင် ဖြစ်ပါသည်။

သာသနာ့ဝန်ထမ်း တဦး အနေနှင့် ပရိယတ္တိစာပေကို အထူး အားပေးခဲ့ခြင်း, ကိုယ်ကျိုးမဘက် ပရဟိတသက်သက် သာသနာ ရေး ကိစ္စတို့ကို ရွက်ဆောင်ခဲ့ခြင်း, လွတ်လပ်ရေး ရပြီးခါစ နိုင်ငံရေး အစိုးရလက်ထက် ပါဠိ ပဌမပြန် စာမေးပွဲ အစဦးစွာ ပြုလုပ်သောအခါ၌ မိုးကောင်းတိုက် ညောင်ရမ်း ဆရာတော် ဥက္ကဋ္ဌ, ဘုရားကြီးတိုက် မင်းမာဆရာတော် ဦးဇောတိက အကျိုး ဆောင်အဖြစ် ဖွဲ့စည်းသော ကြည့်ကြပ်ရေးသံဃအဖွဲ့၌ အဖွဲ့ဝင် တပါးအနေဖြင့် သာသနတော်ဝန်ကို ထမ်းဆောင်ခဲ့ခြင်း, ဝိနိစ္ဆယ အက်ဥပဒေအရ တောင်ပြင်မြို့နယ် ဝိနိစ္ဆယဌာန၌ ဝိနည်းမိုရ် တပါးအနေနှင့် အာဒိကမ္မိက သာသနဝန်ကို ထမ်းဆောင်ခဲ့ခြင်း, ပြည်ထောင်စု မြန်မာနိုင်ငံတော် ကျောင်းထိုင် ဆရာတော်များ အဖွဲ့ကို အဦးအစ ဘုရားကြီးတိုက်မင်းမာဆရာတော် ဦးဇောတိက နှင့် တွဲဘက်၍ တောင်ပြင်မြို့နယ်ရှိ ကျောင်းတိုက်ကြီး အသီးသီး တို့မှ ကျောင်းစာရင်းယူပြီးနောက် ကျောင်းထိုင် ဆရာတော်တို့၏ စည်းလုံးညီညွတ်မှု လိုလားသဖြင့် တောင်ပြင်မြို့နယ် ကျောင်းထိုင် ဆရာတော်များအဖွဲ့ကြီးကို ပဌမဆုံး ဖွဲ့စည်းပြီးနောက် နိုင်ငံတော် ကျောင်းထိုင် ဆရာတော်ကြီးများအဖွဲ့ အထက်မြန်မာပြည် ဗဟို အလုပ် အမှုဆောင် အဖွဲ့ဝင် တပါး အနေဖြင့် သာသနဝန်ကို ထမ်းဆောင်ခဲ့ခြင်း, ယခုတောင်ပြင်(က)နယ် ဓမ္မာစရိယ စာမေးပွဲ ကြည့်ကြပ်ရေးသံဃအဖွဲ့၌ ဟံသာဝတီ ဆရာတော်မရှိသည့်နောက်

ဩဝါဒါစရိယအဖြစ် သာသနတာဝန်ကို ထမ်းဆောင်ခဲ့ခြင်း, မဟာမုနိ ဘုရားတော်ထိန်း ဂေါပကအဖွဲ့ကြီး၏ ဩဝါဒါစရိယ အဖြစ် လက်ခံဆောင်ရွက်ခဲ့ခြင်း, ၁၃၃၂-ခုနှစ်မှစ၍ရွှေရေးဆောင် ကျောင်းတိုက်ကြီး၏ ဦးစီးမဟာနာယကအဖြစ် လက်ခံ အုပ်ချုပ် တော်မူခြင်းဖြင့် သာသနကိစ္စအဝဝတို့ကို အသက်ရှည်နေသမျှ ကျရာတာဝန်ကို မမှိတ်မသုန် ကုန်လုံးပြည့်ဝစွာ ထမ်းဆောင်နိုင် ပါစေဟု ဆုတောင်းလိုက်ရပါသတည်း။

## နာမ်ခန္ဓာအိမ် တည်ချိန်ခဏ ဘဝဖြစ်စဉ် မှတ်တမ်းကို တင်ရခြင်းအကြောင်း

ဤ ကိုယ်ရေး ဘဝ ဖြစ်စဉ် မှတ်တမ်းကို တင်ရခြင်း အကြောင်း မှာ အားလုံးသော ရဟန်း တပည့် လူတပည့် ကြီးငယ် တို့က သက်တော် ရှယ်တော် (၇၀) ကျော်ပြီဖြစ်၍ သတိမလစ်ခင် အတိတ်က ဖြစ်စဉ်ကို ကိုယ်တော်တိုင် မှတ်တမ်းတင်ထားပါရန် လျှောက်ထား တောင်းပန်ကြသဖြင့် ဤရွှေရေးဆောင် တိုက်ကြီး ၏ ခေတ် (၃) ခေတ် စာပေ၌ ရဟန်းတပည့် လူတပည့်တို့ ကြည့်ရှုလေ့လာကြရသဖြင့် ဆရာဘုန်းတော်ကြီးအပေါ်၌ အလေး အမြတ် မေတ္တာစေတ် စိတ်ထားဖြင့် သဒ္ဓါတရား တိုးပွားကြ စေရန် ရည်သန်သော ဆန္ဒ နှလုံးသွင်း အာဘောဂဖြင့် ကိုယ်တိုင် ရေးသားရခြင်းဖြစ်ပါသည်၊ အတ္တုက္ကံသနမဘက် သက်သက်သော သဘာဝ ဖြစ်စဉ်ကိုသာ ရေးသားခြင်း ဖြစ်ပါသတည်း။

ဆရာ့ဂုဏ်လွှာ သာသနာ ဆုံးကာတည်လိမ့်မည်

အတ္တဂ်ကာ ထေရာဒိစ္စာ၊
သာသနာကာသ လက်ရာ။
အထာပေသံ ဂုဏောယာဝ၊
သာသနာ ဌဿတေ မဟာ။

သာသနာကာသလက်ရာ! တိမ်သား တိမ်လွှာ တိမ်စုကာနှင့် တိမ်ပြာ တိမ်ပန်း တိမ်မကန်းတို့ ထိန်လျှမ်းဝေလွင် မွေနဘင်ဟု

ဝေဟင်အာကာ သာသနာ၏ မင်္ဂလာပန်းနှယ် ဆန်းကြယ်လှစွာ တန်းဆာသဘွယ် ဖြစ်ကုန်သော။ ထေရာဒိစွာ၊ မြန်မာ့ထီးနန်း မြေကြွင်းနှုန်းဟု ရွှေမန်းတောင်ပြင် ဂုဏ်ရောင်လွှင်သည့် နောင်စဉ် ကျော်ကြား ရွှေရေးဆောင် တိုက်တော်ဖွား ဖြစ်ကြသည့် အာဒိစွ ဆွေစုဝင် နေလုလင် အရှင် ဆရာတော်ဘုရားကြီး တို့သည်။ အတ္တဂ်တာ၊ ပရိယတ် ပဋိပတ် အသိဓာတ်ရောင်ခြည် ထိုနှစ်လီကို ကိုယ်စီထမ်းကြလို့ ပင်ပန်းသည့်အနေ အာပန်းတော် ဖြေသကဲ့သို့ နတ်နန်းမြေ အနောက်စွယ်မှာ ပျောက်ကွယ်တော်မူကြလေကုန်ပြီ။ အထာဝိ၊ ပစ္စုပ္ပန် မှတ်ကိန်းဖြင့် ဖြစ်ရပ်နာမ် တဇာတ်သိမ်း၍ ပြတ်ငြိမ်းသွားကြပါသော်လည်း။ ဧသံ၊ ရွှေရေးဆောင့်ဂုဏ်ရောင် အစုံစုံ ပြောင်ကြတို့ အဖုံဖုံဆောင်တော်မူခဲ့ကြသော ရွှေရေးဆောင် တိုက်ဖွား ဆရာတော်ဘုရားကြီးတို့၏။ မဟာဂုဏော၊ သီလ သမာ ဓိပညာဟု သိက္ခာသုံးရပ် မျက်ဖုံးတပ်လျက် ဆုံးဖြတ်စာသိ စာညှိစာတွဲ စာခွဲစာဟပ် စာညှပ် စာသွင်း စာခင်းစာထွက် စာတက်အစုံ မြင့်မြတ်သော ကျေးဇူး ဂုဏ်တော်သည်ကား။ ယာဝသာသနာ၊ ဗုဒ္ဓဘုရား ပုတ္တသားတို့ ဆူပွားမင်္ဂိုလ် အရသိဘို့ ရည်ဆိုဟောပါ သာသနာလျှင် လူ့ရွာပျောက်သုဉ်း နောက်ဆုံး မှိန်စွ အချိန်ကျအောင်။ ဌသတေ၊ ပုံလအသွင် ဂုဏ်ပြထင်လျက် အစဉ်ကြည်စွာ တည်ပါလိမ့်သတည်း။

ပြီးပါပြီ။

# စမ္ပဒါနကုသိုလ်ရှင်များ

———

၁။ ဆရာတော် ဦးဂုဏဝန္တ ရွှေနံ့သာကျောင်းတိုက်
မဟာန်း ရန်ကုန်မြို့ ၅၈
၂။ ဆရာတော် ဦးဝေပုလ္လ ခရမ်းမြို့နယ် ရေကျော်ရွာ ၅၀
၃။ ဆရာတော် ဦးဥက္ကံသာဘိဝံသ အင်းစိန်မြို့
သဒ္ဓမ္မပါလကျောင်း ၁၀၀
၄။ ဆရာတော် ဦးသုမင်္ဂလ ဈေးကုန်းကျောင်းတိုက်
အင်းစိန်မြို့ ၂၅
၅။ ဆရာတော် ဦးသုန္ဒရ မှော်ဘီမြို့နယ်
ကိုးလုံးကွင်းကျောင်း ၅၀
၆။ ဆရာတော် ဦးဇဝန ဆူးခါးကျောင်းဗဟန်းရန်ကုန်မြို့ ၅၀
၇။ ဆရာတော် ဦးဇနက ရွှေတိဂုံကျောင်းတိုက်
တမ္ဗဝတီ မန္တလေးမြို့ ၁၀၀
၈။ ဆရာတော် ဦးသုမင်္ဂလ မြို့လယ်ကျောင်း သိန္နီမြို့
လားရှိုးခရိုင် ၂၀၀
၉။ ဦးသောဘိတ သူဌေးကျောင်း ရွှေရေးဆောင်တိုက်
မန္တလေးမြို့ ၁၀၀
၁၀။ ဦးဂန္ဓသာရ ။ ။ ၃၀
၁၁။ ဦးစန္ဒာသီရိ ။ ။ ၂၀
၁၂။ ဦးဝိစက္ခဏ ။ ။ ၂၀
၁၃။ ဦးဇဝန ။ ။ ၂၀
၁၄။ ဦးသြဘာသ ။ ။ ၂၅
၁၅။ ဦးဇနိတ ။ ။ ၂၅
၁၆။ ဦးပညိန္ဒ ။ ။ ၂၅
၁၇။ ဦးပညာဝံသ ။ ။ ၂၅
၁၈။ ဦးကဥ္စန ။ ။ ၂၅

၁၉။ ဦးသုမန ။ ။ ၂၅
၂၀။ ဦးကုမာရ ။ ။ ၂၀
၂၁။ ဦးတိလောက ။ ။ ၂၀
၂၂။ ဦးကေသဝ ။ ။ ၂၀
၂၃။ ဦးပညာလင်္ကာရ မစိုးရိမ်ကျောင်းတိုက် ၉-မိုင် ပြည်လမ်း ရန်ကုန်မြို့ ၃၀
၂၄။ ဦးပညာသာမိ ဇုန္ဒာရာမချောင် မင်းကွန်း ၁၅
၂၅။ ဦးဇုန္ဒာစရိယ လက်ပံတန်းကျောင်း သရက်တောကျောင်းတိုက် ရန်ကုန်မြို့ ၃၅
၂၆။ ဦးဝါယမ သုဓမ္မာကျောင်း ရွှေရေးဆောင်တိုက် မန္တလေးမြို့ ၂၀
ဦးစိန်ဒွေး-ဒေါ်ရီ ၆-လမ်း အမှတ် ၇၁၊ ရန်ကုန်မြို့ ၅၀
ကိုဘလှိုင် ညီမ မခင်တင့် သာကေတ အောင်သပြေ အရှေ့ ၈-လမ်း အမှတ်-၇၈၉ ၃၀
ဒေါ်စိန်ပု သားသမီးတစုအမှတ်( )ကွမ်းခြံတန်း အောက်လမ်း ကြည့်မြင်တိုင် ၃၀
မောင်အောင်ကြည်-မငွေလင်း ရွှေနံ့သာ ဗဟန်း ရန်ကုန်မြို့ ၁၅
မောင်ထွန်းကြည်-မရှုလွင် အမှတ် ၃၂-ရတနာလမ်း ဥတ္တလစ် ရန်ကုန် ၂၅
ဒေါ်ကြည် ရွှေနံ့သာ ဗဟန်း ရန်ကုန်မြို့ ၁၀
ဒေါ်စောရွှေ လက်ပံတန်းမြို့နယ် ဦးတိုရွာ ၁၀
ဦးညွန့်မောင်-ဒေါ်ဝါနု လက်ပံတန်းမြို့နယ် ဦးတိုရွာ ၁၀
ကိုစောဝင်း-မသန်းသန်း ခေတ္တ ရွှေနံ့သာကျောင်း ၁၀
ဦးသာနိုး-ဒေါ်တင်အေး ဇလွန်မြို့ ကုန်သည် ၂၀၀
ဦးမောင်လေး-ဒေါ်သီလှ ဇလွန်မြို့ ၅၀
မတင်ပု-မခင်စု ဇလွန်မြို့ ၁၀
ဦးမောင်တင်-ဒေါ်အုံးစိန် ဇလွန်မြို့ ၅
ကိုဝင်းမင်း-မရင်မြ ဇလွန်မြို့ ၁၀

မောင်မြအေး-မခင်စန်း ဇလွန်မြို့ ၁၀
ဦးဘတူ-ဒေါ်လှအု-မညိမ်း ဇလွန်မြို့ ၁၀
ဦးလှမောင်-ဒေါ်လှ ခါတော်မှီ ကားပိုင်ရှင်ဓနုဖြူမြို့ ၅၀
ဦးလှစိန်-ဒေါ်စောချစ် ခါတော်မှီကားပိုင်ရှင်ဓနုဖြူမြို့ ၅၀
ဦးခင်မြင့်-ဒေါ်လှစိန် မိသားစု ဇုံမန်နေရွာ
တောင်ဥက္ကလာ ၂၀
ဦးမြင့်ဆွေ-ဒေါ်ညွန့်တင် မိသားစု ကုန်သည်
ဗိုလ်ကုန်း အင်းစိန် ၅၀
ကျောင်းအမကြီးဒေါ်အုံးသက်၊မောင်-ဦးမြတ်ထွန်း
ဇနီး ဒေါ်တုပ် မိသားစု တောင်ကြီးရပ် အမရပူရမြို့ ၁၀၀
နိဗ္ဗာနဆွမ်း ဒါယကာ ဦးအောင်ညွန့်-ဒေါ်တင်အေး
မိသားစု ရှမ်းပွဲရပ် ကျောက်ကုန်တန်း မန္တလေးမြို့ ၅၀
ဒေါ်မမကြီး မိသားစု မင်းဇံလှေတန်း မန္တလေးမြို့ ၂၀
ဒေါ်စိန်ညွန့် မိသားစု ဇလွန်လမ်း ကြည့်မြင်တိုင်
ရန်ကုန်မြို့ ၁၀
ဒေါ်မြိုင် မိသားစု မကြီးကြီးလမ်း ကြည့်မြင်တိုင်
ရန်ကုန်မြို့ ၁၀